၇ ရက် သတင်းဂျာနယ်

# 7 DAY NEWS JOURNAL

http://www.7daynewsjournal.com

အတွဲ(၁၁)၊ အမှတ်(၁၆) | ၂၀၀၂ မတ် ၇ တွင် စတင်ထုတ်ဝေသည် | ၁၃၇၄ ခုနှစ်၊ ပထမဝါဆိုလဆန်း ၁၀ ရက် ၊ ကြာသပတေး၊ (ဇွန် ၂၈ ၊ ၂၀၁၂)



TRI
MEN'S AND LADIES' WEARS




မြန်မာဘောလုံးအသင်းများသည် နိုင်ငံတကာပြိုင်ပွဲများတွင် ယခုနောက်ပိုင်းနှစ်များ၌ အောင်ပွဲဆက်တိုက်ပျောက်ဆုံးနေသော်လည်း ရန်ကုန်မြို့တွင် ကျင်းပနေသည့် အာရှ ယူ-၂၂ ခြေစစ်ပွဲ၌ မြန်မာပရိသတ်များက တာဝန်ကျေစွာ အားကြိုးမာန်တက် အားပေးနေကြဆဲဖြစ်သည်။

ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

## လမ်းပြကြယ် ဦးအေးမြင့်နှင့် လူအင်အား ၇၀,၀၀၀ကျော် NDF ပါတီ ဝင်မည်

**ရန်မျိုးနိုင်**

**ရန်ကုန်၊ ဇွန် - ၂၄**

လမ်းပြကြယ် ဦးအေးမြင့် ဦးဆောင်သော လူအင်အား ခုနစ်သောင်းကျော်သည် အမျိုးသားဒီမိုကရေစီအင်အားစုပါတီ(NDF)ကို အင်အားဖြည့်တင်းရန် ပါတီဝင်ကြတော့မည်ဖြစ်ကြောင်း သတင်းရရှိသည်။

"ဇွန်၁၆ ရက်နေ့ ဗဟိုဦးစီးအစည်းအဝေးမှာ လမ်းပြကြယ် ဦးအေးမြင့်က သူနဲ့အတူ အင်အား ခုနစ်သောင်းကျော် ပါတီဝင်မယ်လို့ပြောတယ်"ဟု NDF ပါတီဥက္ကဋ္ဌ ဦးခင်မောင်ဆွေက ပြောသည်။

**စာ(၃၀)သို့**



ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

**ဆေးတက္ကသိုလ်ကျောင်းသူနှစ်ဦး**

## ဆေးတက္ကသိုလ် ကျောင်းသားလက်ခံမှု ထက်ဝက်လျှော့မည်

**နေလင်းထွန်း**

**ရန်ကုန်၊ ဇွန်-၁၉**

ကျောင်းသားများ၏ ပညာအရည်အသွေးကို ဦးစားပေးရန် လာမည့် ပညာသင်နှစ်(၂၀၁၂-၂၀၁၃)တွင်ဆေးတက္ကသိုလ်ဝင်ခွင့်အတွက်ကျောင်းသားလက်ခံမှုကို ထက်ဝက်ထိလျှော့ချသွားမည်ဖြစ်ကြောင်း ဆေးသိပ္ပံပညာဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောကြားသည်။

**စာ(၁၂)သို့**

## ကမ္ဘာ့ခေါင်းဆောင် တစ်ဦးအဖြစ် အသိအမှတ်ပြုခံရသော ဒေါ်အောင်ဆန်းစုကြည်၏ ဥရောပခရီး

**အေးမြကျော်**

ဗြိတိန်နိုင်ငံအပါအဝင် ဥရောပ ၅ နိုင်ငံသို့ ၁၇ ရက်ကြာ သွားရောက်နေသော ဒေါ်အောင်ဆန်းစုကြည်၏ ဥရောပခရီးသည် သူမအား ကမ္ဘာ့ခေါင်းဆောင်တစ်ဦးအဖြစ် မှတ်ကျောက်တင် အသိအမှတ်ပြုခြင်းခံရသည့် ခရီးစဉ်တစ်ခုဖြစ်ခဲ့သည်။

**အချပ်ပို(D)သို့**



## တရုတ်-မြန်မာ ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းတစ်လျှောက် မြေယာနစ်နာသူများအား ပုံစံနှစ်မျိုးဖြင့် လျော်ကြေးပေးဟုဆို

**ကိုကိုကြီး**

**ရန်ကုန်၊ ဇွန် - ၂၅**

တရုတ်-မြန်မာရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းဖြတ်သန်းသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်လေးခုတွင် မြေယာလျော်ကြေးပေးရာ၌ အမျိုးအစား နှစ်မျိုးခွဲခြားပြီး လျော်ကြေးပေးသည့်စနစ်ကို ကျင့်သုံးကြောင်း အရှေ့တောင်အာရှ ဓာတ်ငွေ့ပိုက်လိုင်းကုမ္ပဏီလီမိတက်မှ ညွှန်ကြားရေးမှူး မစ္စတာ Zhouကပြောသည်။

**စာ(၁၂)သို့**






CNC RAIN COAT
2012 - ENVIRONMENT FRIENDLY
Pocket Map
Interior view
Detachable Hood
Hidden Wire Holder
Personal Area Network
Wire Holding Loop x4
Nobulge Pocket Design
Clear Touch inner Pocket
Pen Pocket x2
Travel Documents Pocket
Eyeglass Pocket
Digital Camera Pocket
i-Pad Pocket
Extendable Key Holder
& Water bottle Loop
photo : Naing Naing (R-2) . design : nyein thu




ကူဘိုတာ လယ်ယာသုံးထွန်စက် နှင့် ကူဘိုတာ ရိတ်သိမ်းခြွေလှေ့စက်များအား
ကမ္ဘောဇဘဏ် နှင့်ချိတ်ဆက်၍အထူးအရစ်ကျစနစ်ဖြင့်
လွယ်ကူစွာဝယ်ယူရရှိနိုင်ပါသည်။
KBZ BANK
ကမ္ဘောဇဘဏ်လီမိတက်
Kubota
TRA CHANG
ကူဘိုတာ ရိတ်သိမ်းခြွေလှေ့စက် DC-60
ကူဘိုတာ ရိတ်သိမ်းခြွေလှေ့စက် DC-70G
ကူဘိုတာ လယ်ယာသုံးထွန်စက် M-Series
ကူဘိုတာ လယ်ယာသုံးထွန်စက် L-Series
ကူဘိုတာ လယ်ယာသုံးထွန်စက် B2420
၁ ကနဦး သွင်းငွေ ၃၀%
၂ ငှားရမ်းခ ၉%
၃ အရစ်ကျငွေသွင်းကာလ ၂-၃ နှစ် (၆ လ တစ်ကြိမ်)
အထိုက်တန်ဆုံး ရွေးချယ်မှု
• အရည်အသွေးပြည့်ဝခြင်း
• အကျိုးအမြတ်အမြန်းဆုံးပြန်လည်ရရှိနိုင်သောမှန်ကန်သောရွေးချယ်ခြင်း
• အပိုပစ္စည်းများလွယ်ကူလုံလောက်စွာရရှိနိုင်ခြင်း
• ကူဘိုတာမှကျွမ်းကျင်သောစက်ပြင်ဆရာကြီးများကိုယ်တိုင် အိမ်အရောက်အခမဲ့ အထူးဝန်ဆောင်မှုများပေးခြင်း
ဆက်သွယ်ရန် SIAM KUBOTA Corporation Co., Ltd. ဖုန်း ၀၉-၅၁၄-၉၀၀၇ (မြန်မာ) ၀၉-၅၀၀-၁၀၆၅ (အင်္ဂလိပ်/ထိုင်း)
GOOD BROTHERS CO., LTD. (YGN) ၀၉-၅၁၅-၇၉၄၅ / ၀၉-၈၅၅-၃၀၀၀ (MDY) ၀၉-၂၀၃-၀၈၀၄ / MYO CHIT ၀၈၁-၂၂၆၆၂ / ၀၈၁-၂၀၈၀၂၀
www.siamkubota.co.th

**နိုင်ငံရေး ဦးတည်ချက်(၄)ရပ်**

- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
- အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး၊
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင်တည်ဆောက်ရေး၊
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး၊

**စီးပွားရေး ဦးတည်ချက်(၄)ရပ်**

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
- ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ ဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊
- နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော် နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

**လူမှုရေး ဦးတည်ချက်(၄)ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုး သားရေးလက္ခဏာများ မပျောက် ပျက်အောင်ထိန်းသိမ်းစောင့်ရှောက်ရေး၊
- စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# အခွန်ထိရောက်စွာကောက်ရန် အခွန်အရာရှိများ ရာထူးတိုး

**အောင်သူရ**

**ရန်ကုန်၊ ဇွန် - ၂၀**

ပြည်သူများထံမှ ထိထိရောက်ရောက် အခွန်ကောက်ခံနိုင်ရန်အတွက် ဆောင်ရွက်လျက်ရှိရာဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနမှ အရာရှိ အချို့မှာ ရာထူးတိုးသွားကြောင်း သတင်းရရှိသည်။

"လတ်တလောလုပ်လိုက်တာကတော့ပြည်နယ်တွေ၊တိုင်းတွေမှာ ရှိတဲ့ အခွန်မှူးတွေက ဒုညွှန်တွေ၊ အခုဆိုရင် ညွှန်ကြားရေးမှူးရာထူးတိုး ပေးလိုက်ပြီ။ တချို့မြို့နယ်ကြီးတွေမှာ ဦးစီးအရာရှိရာထူးပဲရှိတဲ့ အခွန် မှူးတွေကို လက်ထောက်ညွှန်ကြားရေးမှူးရာထူး တိုးပေးလိုက်တယ်။ ဖွဲ့စည်းပုံရဲ့ ၇၅ ရာခိုင်နှုန်းလောက်နဲ့ အလုပ်လုပ်ဖို့ရှိပါတယ်" ဟု အဆိုပါ ဌာနမှ ညွှန်ကြားရေးမှူး ဦးအောင်မိုးကြည်က ပြောသည်။ ဝန်ကြီးဌာန၏ ဖွဲ့စည်းပုံကို ပြင်ဆင်ရန်ပြန်လည်ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း ၎င်းက ပြောသည်။

ထို့အပြင် အခွန်ဆိုင်ရာဆက်ဆံရေးရုံးကို ရန်ကုန်နှင့် မန္တလေးမြို့ တို့တွင် ဖွင့်လှစ်ရန်စီစဉ်နေပြီး အခွန်နှင့်ပတ်သက်၍ မေးမြန်းခြင်း၊ တိုင် ကြားခြင်းများ ပြုလုပ်နိုင်ကြောင်း ပြည်တွင်းအခွန်များဦးစီးဌာန ညွှန် ကြားရေးမှူးဦးကျော်ကျော်က ပြောကြားသည်။

"ဒီရုံးတွေမှာ လာတိုင်ရင် အရေးယူပေးမယ်။ ဘယ်သူကို ဘယ်လို အရေးယူထားတယ်ဆိုတာကိုလည်း တိုင်တဲ့လူကိုအကြောင်း ပြန်ပေး မယ်"ဟုဦးကျော်ကျော်က ဆိုသည်။ အချို့သော စားသောက်ဆိုင်များက စားသုံးသူများထံမှ ကုန်သွယ်လုပ်ငန်းခွန် ၁၀ ရာခိုင်နှုန်းကို အခွန်တံဆိပ် တုံးမပါဘဲ ကောက်ခံနေခြင်းများရှိနေကြောင်း စားသုံးသူအချို့ကပြော သည်။ "အနည်းဆုံးတော့ ဘောက်ချာမှာ အခွန်ရုံးက တံဆိပ်တုံးပါရမယ်။ ၁၀ရာခိုင်နှုန်းမဟုတ်တော့ဘူး၊ ၅ ရာခိုင်နှုန်းကို ပြေ ၁ ရက် ကစပြီး လျှော့ ထားပြီးသား။ ဒါမျိုးတွေဆိုရင် တိုင်လို့ရတယ်။ Service Tax ၁၀ ရာခိုင် နှုန်းက သက်သက်၊ ဒါကစားသုံးသူနဲ့ ဆိုင်တယ်" ဟု ဦးအောင်မိုးကြည် က ပြောကြားသည်။

# ဒေါ်အောင်ဆန်းစုကြည်၏ ဥရောပခရီး မိန့်ခွန်းများတွင် လူငယ်များ၏ ပညာရေးအကြောင်း အလေးပေးပြောကြား



**အောက်စဖို့ဒ်တက္ကသိုလ်မှချီးမြှင့်သည့် ဂုဏ်ထူးဆောင်ဒေါက်တာဘွဲ့ လက်ခံရယူအပြီး တွေ့ရသော ဒေါ်အောင်ဆန်းစုကြည်**

**အေးမြကျော်**

**ရန်ကုန်၊ဇွန်-၂၃**

ဥရောပနိုင်ငံများသို့ခရီးလှည့်လည် လျက်ရှိသော ဒေါ်အောင်ဆန်းစု ကြည်၏ ဗြိတိန်ပါလီမန်တွင် ပြော ကြားသော မိန့်ခွန်းနှင့် အောက်စ ဖို့ဒ်တက္ကသိုလ်တို့တွင် ပြောကြား သော မိန့်ခွန်းများ၌ မြန်မာနိုင်ငံ မှ လူငယ်များတွင် တက္ကသိုလ် ကျောင်းသားဘဝ ပျောက်ဆုံးနေ ခြင်းနှင့် ပညာရေးနိမ့်ကျနေခြင်း အကြောင်းကို အလေးထား ပြော ကြားခဲ့ပြီး ပညာရေးစနစ် ကောင်း မွန်သည့် ဗြိတိန်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ ပညာရေးစနစ်ပြန် လည်ကောင်းမွန်လာအောင် ကူညီ ရန်လည်း တိုက်တွန်းခဲ့သည်။

"အခုအချိန်အထိ ဗြိတိန် နိုင်ငံဟာမြန်မာနိုင်ငံကိုအများဆုံး ကူညီပေးနေခဲ့တာပါ။ အထူးသ ဖြင့် ပညာရေးပိုင်းမှာ ဗြိတိန်နိုင်ငံ က အဓိက ကူညီပေးနိုင်လိမ့်မယ် လို့ မျှော်လင့်ပါတယ်" ဟု ဒေါ် အောင်ဆန်းစုကြည်က သူမ၏ သမိုင်းဝင် မိန့်ခွန်းဖြစ်ခဲ့သော ဗြိ တိန် ပါလီမန်တွင်ပြောသော မိန့် ခွန်းတွင် ထည့်သွင်းပြောကြားခဲ့ သည်။

စာ(၃၀) သို့



7DAY NEWS JOURNAL
Vol.11, No.16 • JUNE 28 , 2012

## CRIME မှုခင်းသတင်း CORNER

### ဇနီးအား ရက်စက်စွာသတ်သော ကိုရီးယားနိုင်ငံသားကို ပုဒ်မနှစ်ခုဖြင့် အမှုဖွင့်

**အိဖြူလွင်၊မိုးညို ရန်ကုန်၊ ဇွန် - ၂၃**

ရန်ကုန်မြို့ ရွှေဂုံတိုင်ရှိ ဟိုတယ်တွင် တောင်ကိုရီးယားနိုင်ငံသား ဇနီးမောင်နှံမှာ တည်းခိုနေစဉ် ဇနီးသည်အား ဓားဖြင့် အချက်ပေါင်း များစွာထိုးသတ်ခဲ့သည့် ခင်ပွန်းဖြစ်သူကို ပုဒ်မနှစ်ခုဖြင့် အမှုဖွင့် အရေးယူထားကြောင်း သတင်း ရရှိသည်။

တောင်ကိုရီးယားနိုင်ငံသား Mr. KJM Hyeong နှင့် ဇနီးဖြစ်သူ Mrs. KJM Pun-Nan တို့နှစ်ဦးသည်ဇွန်လ ၁၆ ရက်က မြန်မာနိုင်ငံသို့ ရောက်ရှိခဲ့ပြီး ပုဂံ၊ ညောင်ဦးနှင့် အင်းလေး စသည့်နေရာများသို့ သွားရောက်လည်ပတ်ခဲ့သည်။ ဇွန် ၁၉ ရက်တွင် ရန်ကုန်မြို့သို့ပြန်လည်ရောက်ရှိကာ ဗဟန်းမြို့နယ်ရှိယုဇန ဟိုတယ် အခန်းအမှတ်-၈၀၅တွင် တည်းခိုနေထိုင်နေခဲ့သည်။

ဇွန် ၂၀ ရက် နံနက်အစောပိုင်း၌ ဟိုတယ်ခန်းအတွင်း အမျိုး သားဖြစ်သူသည် စိတ်မူမမှန်ဖြစ်ကာ ဇနီးဖြစ်သူအား အင်းလေးသို့ ရောက်ရှိစဉ်က ဝယ်ယူခဲ့သည့် အရိုးအသွား ၁၂လက်မရှိ ဓားဖြင့် အချက်ပေါင်းများစွာ ထိုးသတ်ခဲ့သည် ဟုဆိုသည်။

အသက် ၅၅နှစ်အရွယ် ဇနီးသည် ဝဲ၊ယာရင်ဘတ်တွင် ပြတ်ရှဒဏ်ရာရှစ်ချက်နှင့် ဝမ်းဗိုက်တစ်ဝိုက်တွင် အရှည် ၁၀ လက်မခန့်ပြတ်ရှပေါက်ပြဲဒဏ်ရာများရရှိပြီး အခင်းဖြစ်နေရာတွင်ပင် သေဆုံးသွားခဲ့ခြင်းဖြစ်ကြောင်း ရန်ကုန်တိုင်းရဲတပ်ဖွဲ့မှူးရုံးမှ သတင်းရရှိသည်။

အဆိုပါလူသတ်မှုကိုဗဟန်းမြို့နယ်ရဲစခန်းက(ပ)၂၉၇/ ၁၂၊ ပုဒ်မ-၃၀၂ ဖြင့် အမှုဖွင့်၍ တရားခံကို စစ်ဆေးနေပြီး ပြည်ဝင်ခွင့်ဗီဇာထုတ်ပေးစဉ် ချမှတ်ထားသောစည်းကမ်းချက်ကိုပါချိုးဖောက်ခဲ့သဖြင့်(ပ)၃၀၀/၁၂၊လ. ဝ. ကအက်-၁၃(၁)ဖြင့်လည်း အမှုဖွင့်ထားသည်။

"သေသွားတဲ့ အမျိုးသမီးက သူ့ယောကျ်ားက စိတ်မူမမှန်ဖြစ်နေတာကြာပြီလို့တော့ ပြောဖူးတယ်။ ဒါပေမဲ့ အရမ်းဆိုးဆိုးရွားရွားကြီးတော့ မဟုတ်ဘူးတဲ့။ သူတို့လျှောက်လည်လာတဲ့ နိုင်ငံတွေလည်း များနေပြီ။ အတွေ့အကြုံရှိလို့ သူကကောင်းကောင်းထိန်းနိုင်ပါတယ်လို့ ပြောဖူးတယ်"ဟု ယုဇနဟိုတယ်မှ တာဝန်ရှိသူတစ်ဦးက ကွယ်လွန်သူအမျိုးသမီးက သူမအမျိုးသမီးက သူမအမျိုးသားအကြောင်း ပြောဖူးသည်ကိုပြန်ပြောသည်။

ကိုရီးယားကောင်စစ်ဝန် Mr. Dong-bae KIM က လူသတ်မှုကိုကျူးလွန်သူဟု ယူဆသော ကိုရီးယားနိုင်ငံသား Mr. KIM Hyeong၏ အစ်ကိုဖြစ်သူထံ ဖုန်းဖြင့်ဆက်သွယ်မေးမြန်းရာတွင် ပြစ်မှုကျူးလွန်သူဟု ယူဆရသော ကိုရီးယားနိုင်ငံသားမှာ စိတ်မူမမှန်သည့်ဖြစ်စဉ်နှစ်ကြိမ်တိတိ ဖြစ်ခဲ့ဖူးကြောင်း၊ တစ်ခါတစ်ရံ တစ်ယောက်တည်း ရှိနေချိန်တွင် စူးစူးဝါးဝါးအော်၍ အနီးတွင်ရှိသော ပစ္စည်းများကို ဝါးစားတတ်ကြောင်း ပြစ်မှုကျူးလွန်သူ၏ အစ်ကိုဖြစ်သူက ပြောသည်။

## ရေဝတီဆား ဘင်္ဂလားဒေ့ရှ်သို့ တင်ပို့ရန်စီစဉ်

**ထွန်းနိုင်**

**ရန်ကုန်၊ ဇွန် - ၂၁**

ရေဝတီတိုင်းဒေသကြီးမှ ထွက်ရှိသည့်ဆားများကို ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တင်ပို့ရန် ဆွေးနွေးမှုများပြုလုပ်လျက်ရှိကြောင်း ဒေသခံ ဆားလုပ်ငန်းရှင်များကပြောသည်။

အရောင်းအဝယ်ပြုလုပ်ရန် ဈေးနှုန်းသတ်မှတ်ချက်နှင့် အခြားအချက်အလက်များကိုအသေးစိတ်ညှိနှိုင်းမှုများပြုလုပ်နေကြောင်း လုပ်ငန်းရှင်များကပြောသည်။ လူဦးရေသန်းတစ်ရာကျော်ရှိသော အဆိုပါအိမ်နီးချင်းနိုင်ငံ၏ ဈေးကွက်သို့ ပီပီပြင်ပြင် တင်ပို့မှုများ ပြုလုပ်နိုင်ပါက နာဂစ်မုန်တိုင်း တိုက်ခတ်ပြီးကတည်းက အရှုံးဖြင့်သာ ရင်ဆိုင်နေရသော ပြည်တွင်းဆားလုပ်ငန်းများအတွက် အခြေအနေကောင်းများ ပြန်လည်ရလာနိုင်ကြောင်း ဆားထုတ်လုပ်သူများကသုံးသပ်သည်။

ဘင်္ဂလားဒေ့ရှ်ဘက်မှ ဝယ်ယူသူများက စစ်တကောင်းဆိပ်ကမ်းအထိ ပို့ဆောင်ပေးရန်ဆန္ဒရှိနေပြီး မြစ်ဝကျွန်းပေါ်မှ တင်ပို့သူများဘက်ကမူ ပုသိမ်ဆိပ်ကမ်းအထိ လာရောက်သယ်ယူရန် ညှိနှိုင်းနေကြောင်း ညှိနှိုင်းမှုများတွင် ပါဝင်သည့် ဆားထုတ်လုပ်သူတစ်ဦးကပြောသည်။ အတည်မပြုရသေးသည့် ဈေးနှုန်းအရ တင်ပို့မည့် ဆားတစ်တန်လျှင် ကန်ဒေါ်လာ ၆၀ သတ်မှတ်ထားပြီး ထိုဈေးနှုန်းအရဆိုလျှင် အမြတ်အစွန်းရနိုင်ကြောင်း ရေဝတီတိုင်းဒေသကြီး သဃ်န်းကုန်းတိုက်နယ် ဆားထုတ်လုပ်သူများကြီးကြပ်ရေး ကော်မတီ အတွင်းရေးမှူး ဦးဝင်းတင်ကပြောသည်။

"ဒေါ်လာ ၆၀ ဆိုရင် တစ်ပိဿာကို ၈၂ ကျပ်လောက်သွားကျတယ်။ ကျွန်တော်တို့အတွက် ပို့ခတွေဘာတွေနဲ့၅၅၊၆၀လောက်ကျန်မယ်ဆိုရင်တော့ နည်းနည်းတော့ တော်တာပေ့ါ။ နည်းနည်းတော့မြတ်တာပေါ့"ဟုရင်းကပြောသည်။ ပြည်တွင်းဈေးကွက်တွင် ဆားဈေးနှုန်းများမှာ ထုတ်လုပ်မှုစရိတ်အောက် ကျဆင်းနေသဖြင့်ဆားလုပ်ငန်းရှင်များအရှုံးပေါ်နေပြီး ပြည်တွင်းတွင် ဆားကြမ်းတစ်ပိဿာလျှင် ၂၅ကျပ်ခန့် သာရှိသည်။ ပြည်တွင်းပေါက်ဈေးထက် သုံးဆကျော်ရရှိသည့် ပြည်ပဈေးကွက်သို့ တင်ပို့နိုင်ရန် စိတ်ဝင်စားမှုများပြားနေကြောင်း ရေဝတီတိုင်းဒေသကြီးမှ ဆားထုတ်လုပ်သူများကပြောသည်။

## အေဂျင်စီများ မလေးရှားသို့ အမျိုးသမီးလုပ်သားစေလွှတ်မှု ရပ်နားထား



**အောင်သူရ**

**ရန်ကုန်၊ဇွန်-၂၂**

မလေးရှားနိုင်ငံသို့ အမျိုးသမီးလုပ်သားများ တရားဝင်ပို့ဆောင်နေခြင်းအား ရပ်ဆိုင်းထားရကြောင်း ပြည်ပအလုပ်အကိုင်ရှာဖွေရေး အေဂျင်စီအသိုင်းအဝိုင်းမှ သတင်းရရှိသည်။

"ခေါ်စာကျပြီးသားတွေကို Labour Card (အလုပ်သမားကတ်)မထုတ်ပေးတာပါ" ဟု ကျောက်တံတားမြို့နယ်အခြေစိုက် ပြည်ပအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

အဆိုပါကိစ္စနှင့်ပတ်သက်၍ အလုပ်သမားဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးမျိုးအောင်အား ဆက်သွယ်မေးမြန်းသောအခါ

စာ(၁၂)သို့

## အမျိုးသမီးတစ်ဦးအား တရုတ်လုပ်ငန်းရှင်ထံ ယွမ် ၄၀,၀၀၀ဖြင့် ရောင်း

**ချယ်ရီမြင့်**

**ရန်ကုန်၊ ဇွန်-၁၉**

မြောက်ဥက္ကလာပမြို့နယ်၊ ၈ ရပ်ကွက်နေ (၃၅)နှစ်အရွယ် အမျိုးသမီးတစ်ဦးအား တရုတ်စီးပွားရေး လုပ်ငန်းရှင်တစ်ဦးထံ ယွမ်လေးသောင်း(ကျပ်၅၂သိန်း)ဖြင့်ရောင်းချမှုဖြစ်ပွားခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ သတင်းရရှိသည်။


အဆိုပါအမျိုးသမီးကိုတရုတ်နိုင်ငံ ရွှေလီမြို့ စတိုးဆိုင်၌ တစ်လလျှင်နှစ်သိန်းကျပ်နှင့်နေ့စဉ်ဘောက်ဆူးငွေ တစ်သောင်းကျပ်ရရှိမည်ဟု မ/၄၁၊ ဝဏ္ဏကျော်စွာလမ်း၊ ၁၄ ရပ်ကွက်၊ ရွှေပေါက်ကံမြို့သစ်၊ မြောက်ဥက္ကလာပမြို့နယ်နေသူ ဒေါ်မြတ်မြတ်လွင်က သွေးဆောင်စည်းရုံးကာ ၂၀၁၂ ဇန်နဝါရီ ၁၀ ရက်တွင်ယင်းမြို့သို့ ပို့ဆောင်ခဲ့သည်။ မေ ၁၅ ရက် လူကုန်ကူးခံရသူ၏ ဖခင်ဖြစ်သူ ဦး-- သည် သမီးဖြစ်သူနှင့် အဆက်အသွယ်ရရှိကာရောင်းချခံလိုက်ရသည်ကို သိရှိရ၍ လူကုန်ကူး(အထူး)အဖွဲ့ရုံးသို့ သွားရောက်တိုင်ကြားခဲ့သည်။

ထိုဖြစ်ရပ်နှင့်ပတ်သက်၍ ဒေါ်မြတ်မြတ်လွင် အပေါ် အရေးယူပေးရန် ရကရ လူကုန်ကူးအထူးအဖွဲ့၊ ရဲအုပ်အောင်စိုးမှ တရားလိုပြုလုပ်တိုင်တန်းမှုအား မြောက်ဥက္ကလာပရဲစခန်းက (ပ)၆၆၃/ ၁၂၊ လူကုန်ကူးပုဒ်မ-၂၄ ဖြင့် ၂၀၁၂ ဇွန် ၁၇ ရက်၊ ည ၇ နာရီ မိနစ် ၂၀ အချိန်တွင် အမှုဖွင့်ပြီး အမှုစစ်ဒုရဲအုပ်အောင်မြင်ဦးက တရားခံဖမ်းဆီးနိုင်ရန် ဆောင်ရွက်လျက်ရှိသည်။

လူကုန်ကူးခံရသော (၃၅) နှစ်အရွယ် မ--- ကိုလည်း ပြန်လည်လွတ်မြောက်အောင်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။



7 DAY NEWS JOURNAL
Vol.11, No.16 • JUNE 28 , 2012




ဇွန် ၂၃ရက်က ရန်ကုန်မြို့ မြန်မာကွန်ဗင်းရှင်းစင်တာတွင် နှစ်ပေါင်း၃၀ကျော်အတွင်း ပထမဆုံးအကြိမ် ဝတ်စားဆင်ယင်မှု ပုံစံပြောင်း၍ကျင်းပသော အမျိုးသမီးကာယကြံ့ခိုင်မှု ပြိုင်ပွဲ၌ ပြိုင်ပွဲဝင်အလှမယ်များ ယှဉ်ပြိုင်စဉ်။

ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

# စီးပွားရေး၊ လူမှုရေးအကြံပေးကောင်စီဖွဲ့စည်း

ရန်မျိုးနိုင်

ရန်ကုန်၊ ဇွန် - ၂၁

အမျိုးသားစီးပွားရေးနှင့် လူမှုရေး အကြံပေးကောင်စီကို တရားဝင် ဖွဲ့စည်းလိုက်ကြောင်း ဇွန်လ ၁၃ ရက် ရက်စွဲဖြင့် နိုင်ငံတော်သမ္မတ ရုံးက အမိန့်ကြေညာစာထုတ်ပြန် လိုက်သည်။

အဆိုပါကောင်စီကို စီးပွား ရေးပညာရှင်၊ဘဏ်လုပ်ငန်းပညာ ရှင်၊ စိုက်ပျိုးရေးပညာရှင်၊ စီမံခန့် ခွဲရေးပညာရှင်၊ နည်းပညာပိုင်း ဆိုင်ရာပညာရှင်၊ သမိုင်းပညာရှင် စသောကဏ္ဍပေါင်းစုံမှ ပညာရှင် များ၊ စီးပွားရေးလုပ်ငန်းရှင်များ ဖြင့်ဖွဲ့စည်းထားသည်။

ကောင်စီနာယကအဖြစ် စီးပွားရေးတက္ကသိုလ် ပါမောက္ခ ချုပ်ဟောင်း ဦးမော်သန်းနှင့် ဥက္ကဋ္ဌအဖြစ်မြန်မာနိုင်ငံဆန်စပါး လုပ်ငန်းရှင်များအသင်း အကြံပေး ဦးတင်ထွန်းဦးတို့က တာဝန်ယူ ထားပြီး အဖွဲ့ဝင်များအဖြစ် ဒေါက်တာအောင်ထွန်းသက်၊ ဒေါက်တာခင်စန်းရီ၊ ဒေါက်တာ ကျော်ရင်လှိုင်၊ ဒေါက်တာဇော်ဦး၊ ဦးသီဟာမျိုးညွှန့်၊ ဦးသန့်မြင့်ဦး၊ ဦးတင်မောင်သန်း၊ ဦးဝင်းအောင်၊ ဦးသောင်းတင်၊ ဒေါက်တာကိုကို ကြီး၊ ဦးသန်းလွင်၊ ဦးခင်မောင် အေး၊ ဦးလှမောင်ရွှေ၊ ဦးမိုးကျော်၊ ဒေါက်တာဒေါ်ရင်ရင်နွယ်၊ ဒေါက် တာဆက်အောင်တို့ပါဝင်သည်။

စာ(၁၂)သို့

# အချိန်ပိုင်းတည်းခိုနိုင်ကြောင်း ဟိုတယ်၊တည်းခိုခန်းကြော်ငြာများ ဖြုတ်သိမ်းခိုင်း

အောင်သူရ

ရန်ကုန်၊ဇွန် - ၂၀

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဟိုတယ်၊တည်းခိုခန်းများတွင် အချိန်ပိုင်းတည်း ခိုနိုင်သည်ဟုကပ်ထားသော ကြော်ငြာဆိုင်းဘုတ်များအား သက်ဆိုင်ရာက ဖြုတ်ခိုင်းလိုက်ကြောင်း သတင်းရရှိသည်။

ဇွန်လအတွင်း ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ရန်ကုန်ဇုန်ဟိုတယ်လုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများ ဟိုတယ်များအား လိုက်လံစစ်ဆေးပြီးနောက်ပိုင်း ဆိုင်းဘုတ်များအား ဖြုတ်ခိုင်းခြင်းဖြစ်သည်။

"Day Use (နေ့ပိုင်းအသုံးပြု) သုံးတာတွေ အရမ်းများလို့ Day Use တွေ အများကြီးမငှားကြဖို့ ပြောတာပါ။ ဟိုတယ်က တစ်နေ့ကို သုံးနာရီနဲ့ သုံးကြိမ်လောက်ငှားရတော့ တွက်ခြေကိုက်ကြတယ်" ဟု ရန်ကုန်ဇုန်ဟိုတယ်လုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ရန်ကုန်မြို့ရှိ ဟိုတယ်ကြီးများ အပါအဝင် ဟိုတယ်ငယ်လေးများတွင် အရွယ်စုံစုံတွဲများ အချိန်ပိုင်းလာရောက် တည်းခိုမှုများလာကြောင်း သတင်းရရှိသည်။

"ကျွန်တော်တို့က လမ်းမဘေးမှာဆိုတော့ အများကြီးမလာကြဘူး။ ရုံးပိတ်ရက်တို့၊ ကျောင်းပိတ်ရက်တို့ ဆိုရင်တော့များတယ်။ အနည်းဆုံး ၆၀ရာခိုင်နှုန်းရှိတယ်။ ချောင်ကျတဲ့ ဟိုတယ်တွေဆိုရင်တော့ နေ့တိုင်းရှိတယ်" ဟု ဘုရင့်နောင်လမ်းမကြီးတွင် ဖွင့်လှစ်ထားသော ဟိုတယ်မှတာဝန်ရှိသူတစ်ဦးကပြောသည်။

ထိုကဲ့သို့ ဟိုတယ်များက အချိန်ပိုင်းငှားရမ်းမှုများနေသဖြင့် နိုင်ငံခြားမှ လာရောက်သော တစ်ကိုယ်ရေလာရောက်လည်ပတ်သူ ညှော့သည်များအတွက် အခန်းရရှိရန် ခက်ခဲလာခဲ့ကြသည်။

အစိုးရသစ်တက်လာပြီးနောက် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးလာခဲ့ရာ ရန်ကုန်မြို့ရှိ ဟိုတယ်ကြီးများတွင် ဈေးနှုန်းကြီးမြင့်ခြင်းနှင့် အခန်းမလုံလောက်မှုများ ဖြစ်ပေါ်နေခဲ့သည်။





AIR KBZ
FLYING BEYOND EXPECTATIONS
come fly with me
AIR KBZ Limited
33-49, Corner of Bank Street & Maha Bandoola Garden Street,
Kyauktada Township, Yangon 11182, Myanmar
Office: (01) 372977~80, 373774~76, Reservation: (01) 373766, Facsimile: (01) 372983
Email: info@airkbz.com.mm web: www.airkbz.com : www.facebook.com/AIRKBZ




edexcel
Approved Centre No: 93081
CHINDWIN COLLEGE
SCHOOL OF BUSINESS
◆ ၂၀၀၇တွင်စတင်တည်ထောင်သော မြန်မာနိုင်ငံတွင်ပထမဆုံး Edexel UK အသိအမှတ်ပြု Higher National Diploma College ဖြစ်သည်။
◆ ချင်းတွင်းကောလိပ်တွင် HND Engineering ရရှိပြီးသူများ ၃နှစ်ဆက်တိုက် University of Sunderland, University of Wolverhampton, Coventry University တို့တွင် B.E (hons) Final Year တိုက်ရိုက်ဝင်ခွင့်ရရှိခဲ့ကြပြီးဖြစ်သည်။
◆ ချင်းတွင်းကောလိပ်မှ Business Management တန်းခွဲသစ်များကို ဇူလိုင်လတွင်စတင်မည်။
◆ တက္ကသိုလ်ဝင်တန်းအောင်ပြီးသူများ International Foundation Course တက်ရောက်နိုင်သည်။ IFC ပြီးဆုံးသူများနှင့်တက္ကသိုလ်ဒုတိယနှစ်အောင်ပြီးသူများ HND ၂နှစ် သင်တန်းတက်ရောက်နိုင်သည်။
◆ HND ရရှိပြီးလျှင် University of Sunderland, University of Wolverhampton, Coventry University တို့တွင် B.B.M Final Year တိုက်ရိုက်ဝင်ခွင့်ရရှိမည်။
ဆက်သွယ်ရန်
ချင်းတွင်းကောလိပ် (ရန်ကုန်) အမှတ်(၇၅) သိမ်ဖြူလမ်း အောက်ဘလောက် ဖုန်း၀၉-၇၃၀၆၈၃၇၆၊ ၀၁ - ၂၉၇၆၇၃
ချင်းတွင်းကောလိပ် (မန္တလေး) စံပယ်ဆောင်၊ ဂရိတ်ဝေါ တိုက်ခန်းများ၊ ၇၇ × ၇၈ကြား၊ ၃၁ × ၃၂ကြား ဖုန်း - ၀၉ - ၂၀၀၁၂၀၀၊ ၀၂ - ၇၄၁၇၉
www.facebook.com/chindwincollege
OUR PARTNERS
AUSTON
TEG INTERNATIONAL COLLEGE
Coventry University
UNIVERSITY OF WOLVERHAMPTON
SOE SAN
edexcel advancing learning, changing lives
University of Sunderland

# ကုမ္ပဏီသက်တမ်းတိုးခြင်းနှင့် ကုမ္ပဏီနှင့်သက်ဆိုင်သောလုပ်ငန်းအားလုံး ရန်ကုန်တွင်ပြုလုပ်နိုင်ပြီ

**အောင်သူရ**

**ရန်ကုန်၊ဇွန်-၂၅**

ကုမ္ပဏီသက်တမ်းတိုးခြင်းများအပါအဝင် ကုမ္ပဏီများနှင့်ဆိုင်သောလုပ်ငန်းများ လုပ်ကိုင်နိုင်ရန် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန မြန်မာကုမ္ပဏီဌာနခွဲနှင့် ရင်းနှီးမြှုပ်နှံမှုဌာနခွဲ (ရန်ကုန်)ကို ဇွန်လ ၂၅ရက်တွင် ရန်ကုန်မြို့၌ စတင်ဖွင့်လှစ်လိုက်ကြောင်း သတင်းရရှိသည်။

အဆိုပါရုံးခွဲတွင် ကုမ္ပဏီသက်တမ်းတိုးမြှင့်ခြင်းအတွက် စိစစ်ပြီး ခြောက်လသက်တမ်းရှိပါကယာ ယီသက်တမ်းတိုးကတ်ပြားထုတ်ပေးခြင်း၊ ပထမအကြိမ် ဒါရိုက်တာခန့်အပ်ခြင်းပုံစံ(၂၆)နှင့် အစုရှယ်ယာဝယ်ယူခြင်းပုံစံ(၆)အတွက် မှတ်ပုံတင်ပေးခြင်းနှင့် ရုံးခန်းလိပ်စာပြောင်းမှတ်ပုံတင်ပေးခြင်းတို့ ပြုလုပ်နိုင်သည်ဟု အဆိုပါ ရုံးတာဝန်ခံဒုတိယညွှန်ကြား ရေးမှူးဒေါ်စန်းနွဲ့ကပြောသည်။

ထို့အပြင် နိုင်ငံခြားသားကျွမ်းကျင်သူများအား ခန့်ထားခွင့်၊ နေထိုင်ခွင့်သက်တမ်းတိုးမြှင့်ခွင့်၊ တစ်ကြိမ် ပြည်ဝင်ခွင့်၊ အကြိမ်ကြိမ် ပြည်ဝင်ခွင့်နှင့် နိုင်ငံခြားသားကျွမ်းကျင်သူ၏ မှီခိုသူ မိသားစုဝင်များ နေထိုင်ခွင့်၊ သက်တမ်းတိုးမြှင့်ခွင့်တင်ပြခြင်းတို့ပါ ဆောင်ရွက်နိုင်ကြောင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်အကြံပေး ဦးကျော်ထွန်းကပြောသည်။

"အခုဖွင့်တဲ့ရုံးမှာ အလုပ်သမားဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနဲ့ အခွန်ကလူတွေ လာထိုင်မှာဆိုတော့ နိုင်ငံခြားသားတွေ သက်တမ်းတိုးတာတို့ကို တစ်နေရာထဲမှာ လုပ်လို့ရပြီး အရင်ကလို ဟိုသွားဒီသွား သွားစရာမလိုတော့ဘူး"ဟု ဒေါ်စန်းနွဲ့ကရှင်းပြသည်။

ရင်းနှီးမြှုပ်နှံမှုနှင့် ပတ်သက်၍ မူလအဆိုပြုလွှာတွင် ပါရှိသော စက်ပစ္စည်းများအား ပြည်ပမှ တင်သွင်းခွင့်ပြုပါရန် တင်ပြခြင်း၊ ရင်းနှီးမြှုပ်နှံသူ အမည်ပြောင်းလဲရန် တင်ပြခြင်း၊ ရင်းနှီးမြှုပ်နှံမှု ပမာဏပြင်ဆင်သတ်မှတ်ခြင်းနှင့် ရင်းနှီးမြှုပ်နှံခွင့်ပြုသည့် သက်တမ်းတိုး မြှင့်ခြင်းကိုပါ အဆိုပါရုံးခွဲတွင် ဆောင်ရွက်နိုင်သည်။

"နေပြည်တော်ကို လိုင်းကားနဲ့သွားရင်တောင် အနည်းဆုံးငါးသောင်းကုန်တယ်။ တစ်ရက်နဲ့မပြီးရင် ငါးသိန်းလောက်ကုန်တယ်။ ရန်ကုန်မှာ ဖွင့်လိုက်တော့ ဝန်ထုပ်ဝန်ပိုးတချို့ လျော့သွားတာပေါ့" ဟု မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် ဒုဥက္ကဋ္ဌ(၂) ဦးနှင်းဦးကပြောသည်။

ထိုရုံးခွဲအား အမှတ်(၁)သစ္စာ လမ်းမကြီး ရန်ကင်းမြို့နယ်တွင် ဖွင့်လှစ်ထားပြီး မကြာမီမန္တလေး ရုံးခွဲပါ ဖွင့်လှစ်ရန်အစီအစဉ်ရှိကြောင်း သတင်းရရှိသည်။

# ယာဉ်မှတ်ပုံတင်ရရှိရန် ကြန့်ကြာနေခြင်းကို သမ္မတထံ တင်ပြရန် စီစဉ်နေ



**ကိုကိုကြီး၊အေးမြတ်သူ**

**ရန်ကုန်၊ဇွန်-၂၅**

ကားအရောင်းစင်တာများမှတစ်ဆင့် တင်သွင်းသည့် ကားများအတွက် ကုန်းလမ်းပို့ဆောင်ရေးဦးစီးဌာနတွင် ယာဉ်မှတ်ပုံတင်စာအုပ်ရရှိရန် အချိန်ကြန့်ကြာနေခြင်းကို ဖြေရှင်းပေးနိုင်ရန် ကားတင်သွင်းသည့်သူများ စုစည်းပြီး ကားအရောင်းစင်တာများမှ တစ်ဆင့်သမ္မတထံ တိုက်ရိုက်တင်ပြသွားရန် စီစဉ်နေကြောင်း သတင်းရရှိသည်။

ကားအရောင်းစင်တာများမှာ ကားဝယ်ယူသူများအတွက် ဝန်ဆောင်မှုပေးမည်ဟု ကြေညာထားသော်လည်း ယာဉ်မှတ်ပုံတင် စာအုပ်ရရှိရန် အချိန်ကြန့်ကြာသည့်အတွက် အခက်အခဲကြုံရကြောင်း ကားအရောင်းစင်တာအချို့မှ တာဝန်ရှိသူများက ပြောသည်။

"ကာယကံရှင်တွေက ပြဿနာလုပ်တယ်။ မတတ်နိုင်ကြတော့ဘူး။ ဒီလိုဆိုရင်တော့ တိုင်ကြဆိုတော့ သူတို့ဘာသာ သူတို့စုပြီး လုပ်ကြတာ"ဟု ဆာကူရာကားအရောင်းစင်တာမှဥက္ကဋ္ဌဦးဌေးအောင်က ယခုလ ၂၄ ရက် ကားလုပ်ငန်းရှင်များ တွေ့ဆုံသည့် အစည်းအဝေးတွင်ပြောသည်။

"နှစ်လ သုံးလကြာနေတဲ့အတွက် ကား Showroom တွေ အကုန်လုံးက ဖြေရှင်းနေရတယ်။ ဒါတွေကို အစည်းအဝေးမှာလည်း ပြောပြီးပြီ။ အခုထက်ထိလည်း ပြေလည်မလာဘူး။ ထူးခြားမလာလို့ သမ္မတကြီးဆီ တင်ရတာ"ဟု ၎င်းကပြောသည်။

သမ္မတထံသို့ ကားအရောင်းစင်တာများမှတဆင့် တစ်ပတ်အတွင်း တင်သွင်းမှာယူသည့် ကားတင်သွင်းသူ၏ပါမစ်၊ ကားမှတ်ပုံတင်ကြေး သွင်းရာတွင် ရရှိထားသည့် စလစ်၊ မှတ်ပုံတင်မိတ္တူနှင့် သန်းခေါင်စာရင်းမိတ္တူတို့ကို စုစည်းတင်ပြသွားမည်ဖြစ်ကြောင်း ၎င်းကပြောသည်။

ကားအရောင်းစင်တာများက ကားမှာယူသူများ၏ မကျေနပ်မှုများနှင့် ကြုံတွေ့နေရခြင်းကြောင့် သက်ဆိုင်ရာဌာနသို့အချိန်ကာလကြာမြင့်ရခြင်းကို မေးမြန်းရာတွင် နေပြည်တော်သို့ တင်ပြထားပြီးဖြစ်ခြင်းကြောင့် စောင့်ဆိုင်းရန်သာ ပြန်လည်ဖြေကြားကြောင်း ကားအရောင်းစင်တာများကပြောသည်။

စာ(၁၂)သို့



## ၂၀၁၂ ဇွန် ၂၇မှ ဇူလိုင်၃ရက်ထိ မိုးလေဝသနှင့် ဇလဗေဒသန့်မှန်းချက်

### ဘင်္ဂလားပင်လယ်အော် မုန် တိုင်းအခြေအနေ

ယခုရက်သတ္တပတ်အတွင်း ဘင်္ဂလားပင်လယ်အော်မှာ မုန်တိုင်းငယ်တစ်ခုဖြစ်လာရန် အခြေအနေ ဆက်လက်လျော့နည်းနေနိုင်ပါတယ်။ အနောက်တောင် မုတ်သုံလေဟာ ဘင်္ဂလားပင်လယ်အော် တောင်ပိုင်း၊ အလယ်ပိုင်းနဲ့မြောက်ပိုင်းမှာ အားကောင်းနိုင်ပြီး ကျန်ဘင်္ဂလားပင်လယ်အော်မှာ အသင့်အတင့် ရှိနိုင်ပါတယ်။

### မြန်မာ့ပင်လယ်ပြင်အခြေအနေ

ရခိုင်ကမ်းရိုးတန်း၊ မြစ်ဝကျွန်းပေါ် တစ်လျှောက်နဲ့ ကမ်းလွန်ပင်လယ်ပြင်တွေမှာ မကြာခဏ မိုးသက်လေပြင်းများကျရောက်ပြီး တစ်ခါတစ်ရံမှာ လှိုင်းကြီးနိုင်ပါတယ်။ ရေပြင်မြေပြင်လေဟာ တစ်နာရီ ၂၅ မိုင်နဲ့ ၃၅ မိုင်နှုန်းတိုက်ခတ်နိုင်ပါတယ်။

### မိုးရွာသွန်းမှုအခြေအနေ

မိုးလေဝသဌာနတုမှ တိုင်းတာချက်အရ ပြီးခဲ့တဲ့ ဇွန် ၁၄ ရက်မှ ဇွန် ၂၀ရက်နေ့အထိ ရက်သတ္တတစ်ပတ်အတွင်းမှာ ကချင်ပြည်နယ်မြောက်ပိုင်း၊ ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်းနဲ့ တနင်္သာရီတိုင်းတွေမှာ မိုးရေချိန် (၂)လက်မမှ (၆)လက်မခန့် ရရှိခဲ့ပါတယ်။ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်းအရှေ့ပိုင်း၊ ရှမ်းပြည်နယ် အရှေ့ပိုင်းနဲ့ တောင်ပိုင်းတို့မှာ မိုးရွာသွန်းမှု လျော့နည်းနေပြီး တစ်ပတ်အတွင်း မိုးရေချိန် ၀ ဒသမ ၈ လက်မခန့်သာ ရရှိခဲ့ပါတယ်။ ကျန်ဒေသတွေမှာ မိုးရေချိန် (၁)လက်မမှ (၂)လက်မခန့် ရွာသွန်းခဲ့ပါတယ်။

### မိုးရွာသွန်းနိုင်မှု ခန့်မှန်းချက်

ခန့်မှန်းကာလအတွင်း ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်း၊ ပဲခူးတိုင်းတောင်ပိုင်း၊ မွန်ပြည်နယ်နဲ့ တနင်္သာရီတိုင်းတောင်ပိုင်းတို့မှာ ရွာသွန်းမြဲထက် ပိုနိုင်ပါတယ်။ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ ရှမ်းပြည်နယ်တောင်ပိုင်းနဲ့ မြောက်ပိုင်း၊ ပဲခူးတိုင်းမြောက်ပိုင်း၊ မကွေးတိုင်း အရှေ့ပိုင်း၊ မန္တလေးတိုင်းတွေမှာ ရွာသွန်းမြဲအောက်လျော့နည်းနိုင်ပါတယ်။ ကျန်ဒေသတွေမှာတော့ ရွာသွန်းမြဲခန့်ရှိနိုင်ပါတယ်။ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ဧရာဝတီတိုင်းနဲ့ ရန်ကုန်တိုင်းတို့မှာ နေရာကွက်ပြီး မိုးကြီးနိုင်ပါတယ်။

### မိုးတိမ်တောင်များ ဖြစ်ပေါ်နိုင်မှု အခြေအနေ

အများအားဖြင့် တစ်ပြည်လုံးမှာ ထစ်ချုန်းမည့်အခြေအနေများ တဖြည်းဖြည်း လျော့နည်း လာနိုင်ပါတယ်။ မကွေးတိုင်း မြောက်ပိုင်း၊ ချင်းပြည်နယ်တောင်ပိုင်း၊ ရှမ်းပြည်နယ်အနောက်မြောက်ပိုင်းတွေမှာ မိုးတိမ်တောင်များ ဖြစ်ပေါ်ဖို့ အလားလာအများဆုံးဖြစ်နိုင်ပါတယ်။

### နေ့အပူချိန်များ အခြေအနေ

ကချင်ပြည်နယ်အရှေ့ပိုင်း၊ ရှမ်းပြည်နယ်အရှေ့မြောက်ပိုင်း၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်တို့မှာ အပူရှိန်လျော့နည်းနိုင်ပါတယ်။ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်း၊ တနင်္သာရီ တိုင်းတို့မှာ အပူရှိန်မြင့်မားနိုင်ပါတယ်။ ကျန်ဒေသများမှာတော့ ပုံမှန်အပူရှိန်ခန့်သာ ရှိနိုင်ပါတယ်။

### မြစ်ရေအခြေအနေ

မြန်မာနိုင်ငံတစ်ဝန်းရှိ မြစ်တို့တွင် လက်ရှိရေအမှတ်များထက် ပိုမိုမြင့်တက်လာနိုင်ပြီး၊ ကချင်ပြည်နယ်၊ မကွေးတိုင်းအတွင်းရှိ မြစ် ချောင်းများမှာ ဒေသအလိုက် ရေလျှံမှု ကြုံတွေ့နိုင်ပါတယ်။

### တောင်တရုတ်ပင်လယ်ပြင် အခြေအနေ

တောင်တရုတ်ပင်လယ်ပြင်မှာ အခုလာမယ့် ရက်သတ္တ တစ်ပတ်အတွင်းမှာ မုန်တိုင်းများ ဆက်လက် ဖြစ်လာနိုင်ပေမယ့် မြန်မာနိုင်ငံဘက်ကိုတော့ ရောက်ရှိလာနိုင်ဖွယ်ရာ မရှိပါဘူးလို့ ခန့်မှန်းရပါတယ်။

**ဒေါက်တာထွန်းလွင်**

# ရပ်နားထားသော ပြည်ပသို့ သစ်တင်ပို့မှု ပြန်လည်လုပ်ကိုင်ကြတော့မည်

**ကိုကိုကြီး**

**ရန်ကုန်၊ ဇွန်-၂၃**

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနက သစ်တောထွက်ပစ္စည်းအမျိုးမျိုး ပြည်ပတင်ပို့မှုနှင့်စပ်လျဉ်းပြီး အခွန်ပေးဆောင်ရန် သတ်မှတ်ရာတွင်ပါဝင်သည့် အဓိပ္ပာယ်ဖွင့်ဆိုချက် အသေးစိတ်အချက်အလက်များကို ပြန်လည်သတ်မှတ်ပြဋ္ဌာန်းလိုက်ခြင်းကြောင့် သစ်ချောထည်တင်ပို့မှုလုပ်ငန်း လည်ပတ်မှု သက်ဝင်လှုပ်ရှားလာနိုင်မည်ဖြစ်ကြောင်းမြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ယခုနှစ်ဘဏ္ဍာရေးနှစ်မှ စတင်ပြီး ကျွန်းသစ်နှင့် သစ်ခွဲသားများ၊ သစ်မာသစ်လုံးနှင့် သစ်မာခွဲသားများ တင်ပို့မည်ဆိုပါက ကုန်သွယ်လုပ်ငန်းခွန် ၅၀ ရာခိုင်နှုန်းပေးဆောင်ရမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်သည်။

ယင်းဝန်ကြီးဌာန၏ မူလပြဋ္ဌာန်းချက်တွင်ပါဝင်သည့် အဓိပ္ပာယ်သတ်မှတ်ချက်သည် သစ်ကုန်ကြမ်းနှင့် သစ်ချောထည်တင်ပို့မှု အမျိုးအစားနှစ်ခုအတွက် အခွန် ၅၀ ရာခိုင်နှုန်းပေးဆောင်ရမည့် အဓိပ္ပာယ်သက်ရောက်မှုရှိခြင်းကြောင့်ယင်းအခွန်ကြေညာချက်ထုတ်ပြီးနောက်ပိုင်း သစ်ချောထည်ဈေးကွက်တင်ပို့မှုသည် ရပ်နားထားရသည့် အခြေအနေများ ဖြစ်ပေါ်ခဲ့ကြောင်း ၎င်းကပြောသည်။

သို့သော် ပြည်ပသစ်တင်ပို့ခြင်းနှင့် ပတ်သက်ပြီး ပြောင်းလဲသတ်မှတ်လိုက်သည့် အခွန်ဆိုင်ရာ အဓိပ္ပာယ်ပြဋ္ဌာန်းချက်ကြောင့် တင်ပို့သည့် သစ်ချောနှင့် သစ်ကြမ်းပေါ် မူတည်ပြီး ပေးဆောင်ရမည့် အခွန်သတ်မှတ်ချက်များသည်လည်း အပြောင်းအလဲရှိလာမည်ဖြစ်ကြောင်း ၎င်းကပြောသည်။

ပြောင်းလဲလိုက်သည့် သတ်မှတ်ချက်တွင် အကာသားပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ လက်ဆွဲလွှဖြင့်သော်လည်းကောင်း၊ သစ်စက်မှ စက်လွှဖြင့်သော်လည်းကောင်း အခြေခံအဆင့် ခွဲစိတ်ထားသော ကျွန်းသစ်ခွဲသား (Sawtimber)အရွယ်အစား အမျိုးမျိုး၊ သစ်မာခွဲသားအရွယ် အစား အမျိုးမျိုးအတွက် ကုန်သွယ်လုပ်ငန်းခွန် ၅၀ရာခိုင်နှုန်းပေးဆောင်ရန် သတ်မှတ်ထားသည်။

သို့သော် အသုံးချမှုတစ်ခုခုအတွက် အနိမ့်ဆုံးအဆင့်အနေဖြင့် အရွယ်အစားအလိုက်တစ်ပြေးညီ ခွဲစိတ်ဖြတ်တောက်ထားခြင်း၊ အခြောက်ခံခြင်း၊ဆေးသွင်းခြင်း၊ရွှေပေါ်ထိုးခြင်း၊ ကော်ပတ်စားခြင်း စသည်ဖြင့် ပြုပြင်မွမ်းမံထားသည့် သစ်ချောထည်ပစ္စည်းများ တင်ပို့မှုအတွက်ကုန်သွယ်ခွန်၅ရာခိုင်နှုန်းသာပေးဆောင်ရမည်ဖြစ်ကြောင်း အထက်ပါတာဝန်ရှိသူက ပြောသည်။

နိုင်ငံ၏ သဘာဝသယံဇာတများကို သစ်လုံး(သို့မဟုတ်)သစ်လုံးကဲ့သို့သော အကြမ်းခွဲများ တင်ပို့မှုကို အားမပေးလိုသည့် ရည်ရွယ်ချက်ကြောင့် အခွန် ၅၀ ရာခိုင်နှုန်းတိုးမြှင့် ကောက်ခံခြင်းဖြစ်ကြောင်း ၎င်းက သုံးသပ်ပြောသည်။

"အမိန့်ထွက်ခါစ အချိန်မှာ အဓိပ္ပာယ်ဖွင့်ဆိုချက် မရှိတဲ့အတွက် နည်းနည်းရောသွားတာပေါ့။ အဲဒီတော့ မလုပ်ရဲကြတော့ဘူး။ သဘောၤပို့ရမယ့် ဟာတွေကို မပို့ဘဲ ထားလိုက်တယ်။ အခုတော့ လုပ်ရဲကိုင်ရဲဖြစ်သွားတာပေါ့"ဟု ၎င်းတာဝန်ရှိသူက ပြောသည်။

"အခုတော့ Downstream သွားလို့ရတာပေါ့။ Downstream ဆိုတာက ဆိုဒ်ကြီးကနေ ဆိုဒ်သေးကို အဆင့်ဆင့်လျှော့ပြီးတော့ ဈေးကောင်းရတဲ့ပစ္စည်းကို ရွေးထုတ်သွားတဲ့စနစ်ပေါ့" ဟု ၎င်းက ဆက်လက်ပြောသည်။

မြန်မာနိုင်ငံမှသစ်ချောထည်များနှင့် အိမ်ပြင်ပအသုံးပြုသော ပရိဘောဂသုံးပစ္စည်းများကို ဥရောပနိုင်ငံများဖြစ်သည့်အီတလီ၊ ပြင်သစ်၊ ဂျာမနီနှင့် ဗြိတိန်တို့က အဓိကဝယ်ယူလျက်ရှိသည်။

## အကြံပိုင်သော ခိုးကူးခွေရောင်းသူတစ်ဦး အဖမ်းခံရ

**ချယ်ရီမြင့်**

**ရန်ကုန်၊ ဇွန်-၂၃**

ရခိုင်ပြည်နယ်အတွင်းဖြစ်ပွားခဲ့သော အကြမ်းဖက်မှုဖြစ်စဉ်များတွင် ရုပ်သံသတင်းဌာနအချို့၏ သတင်းဖော်ပြချက်များကို စုစည်းထားသော ခိုးကူးခွေရောင်းချသူအား ဗီဒီယိုအက်ပုဒ်မဖြင့် အရေးယူထားကြောင်း သတင်းရရှိသည်။

ဒုရဲအုပ်စောမြိုင်အုန်း ဒုစရိုက်နှိမ်နင်းရေးနှင့်အဖွဲ့သည် ဇွန် ၂၀ရက် နေ့လယ် ၂နာရီခွဲခန့်တွင် ဗဟန်းမြို့နယ် အနောက်ရွှေဂုံတိုင်ရပ်ကွက်၊ ဓမ္မစေတီလမ်းနှင့် ဦးဝိစာရလမ်း၊ မီးပွိုင့်အနီး ပလက်ဖောင်းပေါ်၌ ဒီဗီဘီ၊ ဗီအိုအေ အသံလွှင့်ဌာနတို့မှ ထုတ်လွှင့်သည့် ရခိုင်ပြည်နယ်တွင်းရှိ ဖြစ်စဉ်များကို စုစည်းထားသော ခိုးကူးခွေရောင်းချသူအား သွားရောက်စစ်ဆေးခဲ့သည်။

ထိုသို့ စစ်ဆေးရာတွင် ကို----(၁၉)နှစ် ရွှေပြည်သာမြို့နယ်နေသူထံမှ ဒီဗီဒီ ခိုးကူးခွေ ၂၉ ချပ်နှင့်အတူ ရောင်းရငွေ ၁၁၀၀၀ ကျပ်ကို သိမ်းဆည်းရရှိခဲ့သည်ဟုဆိုသည်။

အထက်ပါဖြစ်ရပ်နှင့် ပတ်သက်၍ ဒုရဲအုပ်စောမြိုင်အုန်းက တရားလိုပြုလုပ်တိုင်တန်းမှုကို ဗဟန်းရဲစခန်းက (ပ)၂၉၉/၁၂၊ ဗီဒီယိုအက်ပုဒ်မ-၃၂(ခ)ဖြင့် ကို---အား အမှုဖွင့်ပြီး အမှုစစ်ဒုရဲအုပ် ရန်နိုင်ထွန်းက စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

# ဆားလုပ်ငန်းများ အခက်ခဲဆုံးအချိန်ရောက်

**ထွန်းနိုင်**

**ရန်ကုန်၊ ဇွန် - ၂၁**

ပြည်တွင်း ဆားထုတ်လုပ်ငန်းများမှာ လာမည့်နှစ်အနည်းငယ်အတွင်း လုပ်ငန်းများရပ်ဆိုင်းရတော့မည့်အခြေအနေများ ကြုံတွေ့နေရကြောင်း ဆားထုတ်လုပ်သူများကပြောသည်။

ထုတ်လုပ်မှုစရိတ်အောက် ဈေးကွက်ပေါက်ဈေးသည် သုံး၊ လေးနှစ်ဆက်တိုက် ကျဆင်းနေခြင်း၊ ပြည်ပမှ ဆားများ ပြည်တွင်းဈေးကွက်ဝေစုကို တဖြည်းဖြည်း တိုးချဲ့နေရာယူလာခြင်း၊ အဆင့်မြင့် ဆားထုတ်လုပ်ရန် နည်းပညာမရှိခြင်း စသည်တို့သည် ပြည်တွင်း ဆားလုပ်ငန်းများ ဆက်လက် ရပ်တည်ရန် စိန်ခေါ်နေသည့် အခက်အခဲများဖြစ်ကြောင်း ဧရာဝတီနှင့်ရန်ကုန်တိုင်းဒေသကြီးတို့မှ ဆားထုတ်လုပ်သူများက ပြောသည်။ မသန့်စင်ရသေးသော ဆားကြမ်းထုတ်လုပ်မှုကုန်ကျစရိတ်မှာ တစ်ပိဿာလျှင် ၄၀ ကျပ်ဝန်းကျင်ရှိသော်လည်း ဈေးကွက်ပေါက်ဈေးမှာ တစ်ပိဿာလျှင် ၂၅ကျပ်ဝန်းကျင်သာရသဖြင့် ၁၅ ကျပ်ခန့် အရှုံးပေါ်နေကြောင်း ၎င်းတို့ကပြောသည်။

"လက်ရှိအနေအထားဆို အရှုံးချည်းပဲပြနေတယ်"ဟု ဧရာဝတီတိုင်းဒေသကြီး သဃ်န်းကုန်းတိုက်နယ် ဆားထုတ်လုပ်သူများ ကြီးကြပ်ရေးကော်မတီ အတွင်းရေးမှူး ဦးဝင်းတင်ကပြောသည်။

ထိုကဲ့သို့ အရှုံးပေါ်နေခြင်းမှာ ၂၀၀၈ နာဂစ်မုန်တိုင်းတိုက်ခတ်အပြီးကတည်းကဖြစ်သည်။ မုန်တိုင်းကြောင့် ဆားလုပ်ငန်းများ ပျက်စီးသွားပြီး ထုတ်လုပ်မှုရပ်တန့်သွားချိန်တွင် ထိုင်းနိုင်ငံမှ ထုတ်လုပ်သည့် အဆင့်မြင့်ဆားများ ပြည်တွင်းဈေးကွက်သို့ ဝင်ရောက်လာသည်။ ပြည်တွင်းရှိ အဆင့်မြင့်စားသောက်ကုန်ထုတ်လုပ်ငန်းများက ထိုင်းနိုင်ငံထုတ်ဆားများကိုသာ အများဆုံးသုံးကြသည်။ နည်းပညာနှင့် အရင်းအနှီးအခက်အခဲကြောင့် ထိုင်းနိုင်ငံထုတ်ဆားများနှင့် အရည်အသွေးတန်းတူ မထုတ်လုပ်နိုင်ကြကြောင်း ဆားစက်ပိုင်ရှင်တစ်ဦးကပြောသည်။



"ထိုင်းနိုင်ငံထုတ်ဆားက ဈေးကွက်တစ်ဝက်လောက်ဝင်ယူထားတယ်"ဟု စိန်ကမ္ဘာဆားစက်ပိုင်ရှင်ကဆိုသည်။

ပြည်တွင်းတွင် ဆားဝယ်ယူနိုင်မှုထက် ထုတ်လုပ်မှုက များပြားနေပြီး ပြည်ပ တင်ပို့ခြင်းကဲ့သို့သော ဈေးကွက်အသစ်များ ရှာဖွေရန်လိုအပ်နေသည်။ ထို့အပြင် ဆားလုပ်ငန်းများ ဆက်လက်ရပ်တည်ရန် အဆင့်မြင့်နည်းပညာနှင့် အရင်းအနှီးရရှိရေး အရေးတကြီးလိုအပ်နေပြီး လာမည့် ဆားထုတ်လုပ်သည့်ရာသီတွင် လုပ်ငန်းဆက်လက်လုပ်ကိုင်မည့်သူ နည်းသွားနိုင်ကြောင်း ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမှ ဆားထုတ်လုပ်သူတစ်ဦးကဆိုသည်။

"လာမယ့်နှစ် ဆားလုပ်ငန်းလုပ်ဖို့ လူတွေတော်တော်လေး အကျပ်အတည်းဖြစ်နေတယ်။ အပြင်က ပုဂ္ဂလိကတွေကလည်း ဆားသမားတွေကို ပိုက်ဆံထုတ်ပေးဖို့ ဘယ်သူမှ မထုတ်ချင်ကြတော့ဘူး"ဟု ၎င်းကပြောသည်။

Life
7 Day News Journal
Vol.11, No.16 • JUNE 28 , 2012

# မြန်မာအမျိုးသမီးများအတွက် စဉ်းစားရမယ့်အချိန်

နေလင်းထွန်း

**လူတစ်ရပ်ကျော်မြင့်သော ဆိုင်းဘုတ်ကြီးတွင် စည်းကမ်းချက် ၁၅ ချက်ကို တရုတ်-မြန်မာနှစ်ဘာသာဖြင့် ရေးသားထားသည်။ စည်းကမ်းချက်၊ နံပါတ် ၁၂ တွင် "အရပ်သားနှင့် ချစ်ရေး ကြိုက်ရေးပြုခြင်း၊ အတူနေထိုင်ခြင်း၊ လက်ထပ်ခြင်းမပြုရ"ဟူသောသတ်မှတ်ချက်ပါဝင်သည်။ ရခိုင်ပြည် နယ်၊ ကျောက်ဖြူမြို့နယ်ရှိ မြဒေးကျွန်း၌ အခြေစိုက်ဆောင်ရွက်လျက်ရှိသော ကျောက်ဖြူရေနက်ဆိပ်ကမ်းတွင်မြန်မာ-တရုတ်ရေနံနှင့်သဘာဝဓာတ်ငွေ့ ပိုက်လိုင်း စီမံကိန်း တည်ဆောက်ရေးလုပ်ငန်းခွင်မှ တရုတ်ဝန်ထမ်းများ လိုက်နာရန် ချမှတ်ထားသော စည်းကမ်းချက်ဖြစ်သည်။**



ဂီတဖျော်ဖြေပွဲတစ်ခုသို့ သွားရောက်အားပေးနေသော မြန်မာအမျိုးသမီးများ

ဓာတ်ပုံ - ဂျေမောင်မောင် (အမရပူရ)

အထူးစီးပွားရေးဇုန်များ၊ ရေနက်ဆိပ်ကမ်းများ၊ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများ ပြည်တွင်းသို့ ဝင်ရောက်လာတော့မည် အချိန်တွင် နိုင်ငံခြားသား၊ လူမျိုးခြားများလည်း အလုံးအရင်းဖြင့် ရောက်ရှိလာတော့မည်ဖြစ်သည်။ မြန်မာနိုင်ငံသားများအတွက် အလုပ်အကိုင် အခွင့်အလမ်းသစ်များ ပွင့်လန်းလာမည်ဖြစ်သလို လူမှုရေးဆိုင်ရာ ကူးလူးဆက်ဆံမှုများလည်းကြုံတွေ့လာတော့မည်ဖြစ်သည်။

အထူးသဖြင့် ဗုဒ္ဓဘာသာဝင်မြန်မာမိန်းကလေးများအနေဖြင့် နိုင်ငံခြားသား၊ လူမျိုးခြားများနှင့် လုပ်ငန်းသဘောအရသော်လည်းကောင်း၊ လူမှုရေးအရသော်လည်းကောင်း ထိတွေ့ဆက်ဆံရာမှ ချစ်ကြိုက်ခြင်း၊ အတူနေထိုင်ခြင်း၊ လက်ထပ်ထိမ်းမြားခြင်း အခြေအနေသို့ ရောက်ရှိသွားပါက ဥပဒေအကြောင်းအရ ကာကွယ်ပိုင်ခွင့်၊ ရပိုင်ခွင့်များကို လေ့လာသိရှိထားသင့်ကြောင်း ဥပဒေပညာရှင်အချို့က ဆိုသည်။

၁၉၅၄ ခုနှစ် 'ဗုဒ္ဓဘာသာဝင် မိန်းမများ အထူးထိမ်းမြားမှုနှင့် အမွေဆက်ခံမှု အက်ဥပဒေအရ' နိုင်ငံခြားသား၊ လူမျိုးခြားနှင့် လက်ထပ်မည့် မြန်မာနိုင်ငံဗုဒ္ဓဘာသာဝင်များအတွက် အခွင့်အရေးနှင့် ရပိုင်ခွင့်များကို သတ်မှတ်ပြဋ္ဌာန်းပေးထားသည်။

ထို ဥပဒေနောက်ပိုင်း ယင်းနှင့်ပတ်သက်၍ ဥပဒေထပ်မံပြဋ္ဌာန်းခြင်း၊ ပြင်ဆင်ခြင်းပြုလုပ်ခြင်းမရှိပေ။ ထိုဥပဒေတွင် "တရားဥပဒေကဲ့သို့ အာဏာရှိသော ဘာသာရေးဓလေ့ထုံးစံ တစ်ခုခုကဖြစ်စေ၊ ထိုသို့သော ဘာသာရေးဓလေ့ထုံးစံကို အကျိုးသက်ရောက်စေသည့်တရားဥပဒေတစ်ခုခုကဖြစ်စေ၊ ဗုဒ္ဓဘာသာဝင်မဟုတ်သည့် ယောကျ်ားတစ်ဦးအား ဗုဒ္ဓဘာသာဝင်မိန်းမတစ်ဦးနှင့် လင်မယားအဖြစ် ပေါင်းဖက်နေခြင်းကို ခွင့်မပြုသည့်အကြောင်းကြောင့် ထိုယောကျ်ားက ထိုမိန်းမကို ကွာရှင်းလိုလျှင် ကွာရှင်းနိုင်သည်။

ထိုအကြောင်းကြောင့် ထိုယောကျ်ားက ထိုမိန်းမကို ကွာရှင်းလျှင် သို့တည်းမဟုတ် စွန့်ခွာလျှင် သို့တည်းမဟုတ် ကိုယ်ထိလက်ရောက် ညှဉ်းပန်းနှိပ်စက်ရာရောက်သည်ဖြစ်စေ၊ မရောက်သည်ဖြစ်စေ၊ ရက်စက်သည့် အပြုအမူအားဖြင့် စိတ်ဆင်းရဲအောင်ပြုလျှင် အဆိုပါ ဓလေ့ထုံးစံကသို့တည်းမဟုတ် တရားဥပဒေကမည်သို့ပင်ဆိုစေကာမူ

စာ(၁၁)သို့

ဈေးဝယ်ထွက်မယ်

## သေတ္တာထဲမှာ ဖိနပ်လှလှလေးတွေ ရှိတယ်

အိဖြူလွင်



ဓာတ်ပုံ - ကျော်မျိုးဦး

မိုးတွေ နေ့စဉ်ရက်ဆက် ရွာနေလို့ မိုးရေထဲမှာ စီးရင် အဆင်ပြေမယ့် ဖိနပ်ရှာနေသူ အမျိုးသမီးနဲ့ ကလေးတွေအတွက် မိုးရေထဲမှာ စီးစီး၊ အဆင်ပြေစေမယ့် ဖိနပ်လှလှလေးတွေရှိတဲ့ နေရာကို ဒီတစ်ပတ်မှာ လမ်းညွှန်ပေးချင်ပါတယ်။

ဒီဆိုင်မှာက ဖိနပ်အပါးလေးတွေကို နှစ်သက်သူတွေအတွက်မိုးရေထဲ စီးလို့ရတဲ့ ကြိုးသိုင်းဖိနပ်ပုံစံဆန်းဆန်းလေးတွေကို ရနိုင်သလို၊ မိုးရေထဲစီးဖို့ သီးသန့်ရည်ရွယ်ထုတ်လုပ်ပြီး စီးရတာလည်း သက်သောင့်သက်သာ ရှိစေတဲ့ ဖိနပ်အမြင့်တွေကိုလည်း ရနိုင်ပါတယ်။

မိုးရေထဲမှာ အကြမ်းစီးဖို့မဟုတ်ဘဲ လှလှပပ ကြော့ကြော့မော့မော့ စီးချင်သူတွေအတွက်ဆိုလည်း ဖိနပ်ပုံစံအဆန်းလေးတွေကို အရွယ်စုံကြိုက်မယ့် အရောင်စုံ၊ ပုံစံစုံရှိပါတယ်။

အသက်အရွယ်ကိုယ်နေ့စဉ် သွားလာနေရတဲ့ နေရာနဲ့လိုက်ဖက်မယ့် ဖိနပ်ပုံစံစုံ အနိမ့်အမြင့် ကြိုက်နှစ်သက်ရာပုံစံစုံကိုဝယ်ယူနိုင်မယ့် နေရာမှာ နောက်ထပ်အဆင်ပြေတာက မီးမီးလေးတို့စီးဖို့ ဖိနပ်တွေကိုပါ ရနိုင်တာပါ။

ပွဲစီးဖို့အတွက် ဆိုရင်လည်း စတိုင်မိုက်မိုက်နဲ့ အမြင်ဆန်းတဲ့ ဖိနပ်အမြင့်တွေကို ပုံစံစုံအရောင်စုံကို ရနိုင်တယ်လို့ သိရပါတယ်။

ဒီဆိုင်မှာရှိတဲ့ ဖိနပ်တွေအားလုံးကို ထိုင်းနိုင်ငံက တင်သွင်းတာဖြစ်ပြီး ဈေးနှုန်းကလည်း ၉,၀၀၀ ကျပ်၊ ၁၀,၀၀၀ ကျပ်ဝန်းကျင်ခန့်ပဲ ရှိတဲ့အတွက် ဈေးနှုန်းကလည်း သင့်တော်တယ်လို့ ပြောနိုင်ပါတယ်။

ဖိနပ်ဆိုရင် ပုံစံအမျိုးမျိုးကို ပြောင်းလဲစီးရမှ နှစ်သက်သူတွေ မိန်းကလေးတွေ အတွက်တော့ ဒီဆိုင်မှာရှိတဲ့ ဖိနပ်တွေက စိတ်ကျေနပ်မှု အပြည့်အဝပေးနိုင်မှာ သေချာပါတယ်။

ဆိုင်ရဲ့တည်နေရာကတော့ ဦးချစ်မောင်လမ်း အမှတ် -၉၁ မှာရှိပြီး The shoe Box ဆိုတဲ့ အမည်နဲ့ ဆိုင်ကို ဒီတစ်ပတ်ရဲ့ ဈေးဝယ်ထွက်မယ်ကဏ္ဍကနေ လမ်းညွှန်ပေးရင်း 7Day News ပရိသတ်လည်း ကျေနပ်မယ်လို့ မျှော်လင့်ပါတယ်။



## အိုးလေး ချက်ကြရအောင်

ဒိုက်ဒိ

## သခွားသီးသုပ်



ဒီတစ်ပတ်ဝိုက်ဖီက ပရိသတ်ကြီးအတွက် သခွားသီးသုပ်ဖို့ စီစဉ်ထားပါတယ်။ သခွားသီးသုပ်အတွက် လိုအပ်တာတွေကတော့ သခွားသီးအနေတော်လေး တစ်လုံး၊ မျှင်ငါးပိ၊ သံပရာသီး၊ နှမ်း၊ ပင်စိမ်းရွက်၊ ငရုတ်သီးစိမ်း၊ ဆားအနည်းငယ်၊ ပုစွန်ခြောက်အနည်းငယ်တို့ပဲဖြစ်ပါတယ်။

ပထမဆုံး သခွားသီးကို ရေစင်အောင်ဆေး၊ ထက်ခြမ်းခွဲပြီး ဂျစ်နဲ့ခြစ်ပါမယ်။ ငရုတ်သီးစိမ်းတွေကို ဒယ်အိုးထဲထည့်ပြီး မီးအေးအေးလေးနဲ့ အနံ့လေးမွှေးလာအောင် လှော်ပြီး ထောင်းထားပါမယ်။ အချိုအတွက်ကတော့ ပုစွန်ခြောက်အနည်းငယ်ကိုလည်း ရေစိမ်ပြီး ထောင်းထားပါမယ်။ မျှင်ငါးပိအနေတော်လောက်ကို ဇွန်းပြားလေးမှာ ကပ်ပြီးမီးကင်ပါမယ်။ အပေါ်ယံလေးတွေတင်းပြီး အနံ့လေးမွှေးလာရင် ဇွန်းကနေ ခွာထားပါမယ်။ ပြီးရင်နှမ်းအနည်းငယ်ကို ဒယ်အိုးထဲထည့်ပြီး လှော်ပါမယ်။ နှမ်းလေးတွေလည်း အနံ့လေးမွှေးလာရင်ချလို့ပါပြီ။

အဲဒီလောက်ဆိုရင်တော့ သခွားသီးသုပ်ဖို့ အဆင်သင့်ဖြစ်ပါပြီ။ ခြစ်ထားတဲ့ သခွားသီးထဲကို မျှင်ငါးပိကင် အနေတော်၊ ပုစွန်ခြောက်ထောင်း၊ ငရုတ်သီးစိမ်းထောင်း၊ ပင်စိမ်းရွက်ပါးပါးလှီး၊ ဆားအနည်းငယ်နဲ့ သံပရာရည်အနေတော်ထည့်ပြီး နယ်ပါမယ်။ အရသာအဆင်ပြေပြီဆိုရင် နှမ်းလှော်လေးဖြူး၊ ပင်စိမ်းရွက်လေးထပ်အုပ်ပြီး အရသာရှိရှိလေး သုံးဆောင်နိုင်ပါပြီ။

7 DAY NEWS JOURNAL
Vol.11, No.16 • JUNE 28 , 2012

# ရခိုင်ပြည်နယ် ဒုက္ခသည်များအတွက် နှင်းဆီအငြိမ့် ရန်ပုံငွေကမည်

**အေးသူစံ**

**ရန်ကုန်၊ဇွန်-၂၀**

ရခိုင်ပြည်နယ်တွင် ဖြစ်ပေါ်နေသော အခြေအနေများကြောင့် အိုးအိမ်စွန့်ခွာခဲ့ရသော ဒေသခံပြည်သူများအတွက် လှူဒါန်းရန် ရည်ရွယ်၍ နှင်းဆီအဖွဲ့က ရန်ပုံငွေအငြိမ့်ကပွဲပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ရန်ပုံငွေပွဲတွင် ဒါရိုက်တာမောင်မျိုးမင်း (ရင်တွင်းဖြစ်)၏ ဦးဆောင်မှုဖြင့် လူရွှင်တော်များအဖြစ် နေတိုး၊ ကျော်ကျော်ဗို၊ ရဲလေး၊ မိုးမိုး၊ ထွန်းထွန်းတို့ပါဝင်မည်ဖြစ်ပြီး မိုးယုစံနှင့်ဂျင်းနီတို့ကပြမည်ဖြစ်သည်။

“ဥရောပငါးနိုင်ငံမသွားခင် ရခိုင်ဒုက္ခသည်တွေအတွက် ရန်ပုံငွေပွဲလေး ကပေးချင်လို့ ရုပ်ရှင်အစည်းအရုံးနဲ့ ပူးပေါင်းပြီး လုပ်ဖြစ်တာပါ။ မေကဗျာနဲ့ ဖူးစုံလည်း ပါမှာပါ”ဟု နှင်းဆီအဖွဲ့သားတစ်ဦးဖြစ်သူ နေတိုးကပြောသည်။

နှင်းဆီအဖွဲ့၏အငြိမ့်ခန်းကို ဇွန်လ ၃၀ ရက်တွင် အမျိုးသားကဇာတ်ရုံ၌ ကျင်းပမည်ဖြစ်ပြီး ပွဲမကျင်းပမီ တစ်ရက်အလို ဇွန်လ ၂၉ ရက်နှင့် ပွဲကျင်းပမည့် ဇွန်လ ၃၀ ရက်တို့တွင် ရန်ကုန်မြို့ရှိ ဈေးဝယ်စင်တာများဖြစ်သော တော်ဝင်စင်တာ၊ ဂျန်းရှင်းမော်တင်နှင့် ဂျန်းရှင်းစကွဲတို့၌ အခြားအနုပညာရှင်များစွာတို့က ပွဲအတွက် လက်မှတ်ရောင်းခြင်းနှင့် အလှူခံခြင်းတို့ကို ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးသည် မေလ ၁၅ ရက်နှင့် ၁၆ ရက်တို့ကလည်း ကချင်ပြည်နယ်ရှိ စစ်ဘေးသင့်ပြည်သူများထံ ပြန်လည်လှူဒါန်းရန် ရန်ပုံငွေကပွဲတစ်ရပ်ပြုလုပ်ခဲ့ပြီး ယင်းကပွဲအပါအဝင် ပြင်ပအလှူရှင်များ ပူးပေါင်းလှူဒါန်းထားမှုဖြင့် ကျပ်သိန်းတစ်ထောင်ကျော် ရရှိထားကြောင်း အဆိုပါအစည်းအရုံးမှ ထုတ်ပြန်သည့် စာရင်းဇယားများအရသိရသည်။









7 DAY NEWS JOURNAL
Vol.11, No.16 • JUNE 28 , 2012



# ကြက်ခြေနီလုပ်အားပေး ၄၀ ဦးအတွက် အသက်အာမခံပြုလုပ်ပေးထား

ဝတ်ရည်အောင်

ရန်ကုန်၊ဇွန်-၁၈

ရခိုင်ပြည်နယ်အတွင်း ရောက်ရှိနေသည့် ကြက်ခြေနီအမာခံလုပ်အားပေး၄၀ဦးအား အသက်အာမခံထားရှိပေးထားကြောင်း မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ သတင်းရရှိသည်။

“ဂျူနီဗာမှာရှိတဲ့ အာမခံကုမ္ပဏီတစ်ခုနဲ့ ချိတ်ဆက်ထားပေးတာပါ။ နာဂစ်တုန်းက ကယ်ဆယ်ရေးလုပ်ငန်းတွေ လုပ်ရင်း ဒဏ်ရာရတာတွေအပြင် အသက်ဆုံးရှုံးသွားတာတွေလည်း ရှိခဲ့တယ်။ အဲဒီကစပြီး နောက်ပိုင်းမှာ မတော်တဆမှုတွေအတွက် အာမခံထားပေးထားတယ်”ဟု မြန်မာနိုင်ငံကြက်ခြေနီအသင်းအဖွဲ့အစည်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးဌာန နမ္မဌာနမှူး ဒေါ်ခင်မျိုးမြတ်သိန်းကပြောသည်။

တိုင်းဒေသကြီးအစိုးရ၏ အစီအစဉ်ဖြင့် ဇွန်လ ၁၆ ရက်က ကြက်ခြေနီများ၊ မီးသတ်တပ်ဖွဲ့များ သွားရောက်ခဲ့ပြီး ရခိုင်ပြည်နယ်အတွင်းတွင်ပဋိပက္ခများစတင်ဖြစ်ပွားသည့်အချိန်မှစတင်ကာ ဒေသခံကြက်ခြေနီ ၅၀၀ကျော်မှာလည်း ရှေးဦးပြုစုခြင်းများ၊ အစားအသောက်နှင့် ရိက္ခာဝေခြင်းများ၊ ကျန်းမာရေးဆိုင်ရာ စောင့်ရှောက်ရေးလုပ်ငန်းများအား လုပ်ကိုင်ပေးနေကြောင်းသိရသည်။

စစ်တွေမြို့တွင်ပင် ဒုက္ခသည်ဦးရေ သုံးသောင်းကျော်ရှိပြီး တစ်နေ့တခြားလည်း လူဦးရေတိုးတက်လာကြောင်းသိရသည်။

သူနာပြုဆရာမများ၊ ဆရာဝန်များကလည်း ပါတီအချို့နှင့် ဆက်သွယ်ပြီး စေတနာ့လုပ်အားပေးအဖြစ် သွားရောက်လုပ်ကိုင်နေကြကြောင်းသိရသည်။



# ဓမ္မ

အသိတစ်လုံးအမြတ်ဆုံး
တစ်လုံးအသိအကျိုးရှိ၏

## ခန္ဓာဒုက္ခကို သိပြီးနောက်

တရားအလုပ်ကိုအားထုတ်တယ်ဆိုတာ ဒုက္ခသစ္စာကိုသိအောင်လုပ်နေကြတာဖြစ်တယ်။ ကံတွေကိုမလိုချင်အောင် မနှစ်သက်အောင် ဆင်းရဲအမှန်ဖြစ်တဲ့ ဒုက္ခသစ္စာကိုသိအောင်လုပ်ကြရပါမယ်။ ဒုက္ခခန္ဓာဆိုတာ လူတိုင်းနဲ့ အရင်းနှီးဆုံးဖြစ်တယ်။ လက်ရှိခန္ဓာဟာ ကိုယ်မွေး ကတည်းက ရထားတဲ့ခန္ဓာပါ။ မွေးလာကတည်းက အမြဲတမ်း ကိုယ်နဲ့ အတူရှိနေတဲ့ခန္ဓာပါ။ ကိုယ်နဲ့ ထပ်ချပ်မကွာ လိုက်ပါနေတဲ့ခန္ဓာပါ။ နှစ်ပေါင်းများစွာ တရင်းတနှီး ပေါင်းသင်းလာတဲ့ခန္ဓာရဲ့ ကောင်းမကောင်း၊ ဆိုးမဆိုးကိုသိဖို့အရေးကြီးဆုံးဖြစ်တယ်။ ခန္ဓာဒုက္ခကို သိတော့မှ ဘဝဒုက္ခကိုသိလာမယ်။ ဘဝဒုက္ခကိုသိမှ သံသရာဒုက္ခကိုသိပါလိမ့်မယ်။ ဒီဒုက္ခတွေကို ကောင်းကောင်းမြင်တော့မှ နိဗ္ဗာန်ကိုလိုချင်စိတ် တကယ်ပေါ်လာမှာဖြစ်တယ်။

ဆင်းရဲဒုက္ခကို မသိဘဲနဲ့ နိဗ္ဗာန်ကို လိုချင်တယ်ဆိုတာ အမှန်ပြောတာမဟုတ်သေးပါဘူး။ နိဗ္ဗာန်ဆိုတာကောင်းတယ်လို့ သူများကပြောလို့၊ နိဗ္ဗာန်ဆိုတာ အေးချမ်းတယ်လို့ သူများကပြောလို့သာ လိုချင်တဲ့သဘော လောက်ရှိသေးတာပါ။ ကောင်းကောင်းသဘောမပေါက်နိုင်သေးဘူး။ တကယ်လိုချင်လားဆိုရင် တကယ်မဟုတ်သေးဘူး။ ဘယ်အချိန်ကျမှ နိဗ္ဗာန်ကို တန်ဖိုးထားသလဲ၊ နိဗ္ဗာန်ကိုမြတ်နိုးသလဲဆိုရင် ဆင်းရဲဒုက္ခ အမှန်ကို သိလာတဲ့အချိန်ကျမှ တန်ဖိုးထားမြတ်နိုးတတ်လာမယ်။ ဒုက္ခ သစ္စာကို သိမြင်တဲ့သူဟာ ဒုက္ခဖြစ်ကြောင်းကံတွေကို မလိုချင်တော့ဘူး။ ကံကို ပြုလိုက်တာနဲ့ တစ်ပြိုင်နက် ကံကြောင့်ဖြစ်ပေါ်လာတဲ့ ဇာတိ၊ ဇရာ၊ မရဏပေါ်လာလိမ့်မယ်။ ကံရှိရင် ဇာတိခန္ဓာ၊ ဒုက္ခခန္ဓာရလာပါလိမ့်မယ်။ ခန္ဓာက ပြနေတဲ့ ဒုက္ခသစ္စာ၊ ခန္ဓာကပြောနေတဲ့ ဒုက္ခသစ္စာကို သိအောင် တရားဓမ္မကျင့်ကြံကြရတာပဲဖြစ်တယ်။



ရည်ညွှန်း- ဓမ္မဒူတဒေါက်တာအရှင်ပညိဿရ၏ ‘ဓမ္မလမ်းပေါ်မှာ’

## စာ-၉၊ မြန်မာအမျိုးသမီးများအတွက် စဉ်းစားရမယ့်အချိန် မှ

(က)ထိုယောကျ်ားသည် နှစ်ဦးပိုင်ပစ္စည်းများမှ မိမိရထိုက်သော အစုကို စွန့်လွှတ်ရမည့်အပြင် ဗုဒ္ဓဘာသာဝင်မိန်းမအား လျော်ကြေးပေးရမည်။ (ခ)ဗုဒ္ဓဘာသာဝင် မိန်းမသည် သားသမီးအားလုံး ထိန်းသိမ်းခွင့်ကို ရရှိရမည်။ (ဂ)ထို့ပြင် ထိုသူသည် အရွယ်မရောက်သေးသည့်သားသမီးများအတွက်ကလေးစရိတ်ပေးရမည်”ဟု ပြဋ္ဌာန်းထားသည်။

“မြန်မာနိုင်ငံမှာ ဒီနေ့ဖြစ်နေတာက ၁၉၅၄ ခုနှစ်၊ ဗုဒ္ဓဘာသာဝင် မိန်းမများ ထိမ်းမြားမှု ဥပဒေအရ နိုင်ငံခြားသားနဲ့ လက်ထပ်ရင် မနစ်နာအောင်လို့ ဥပဒေပြဋ္ဌာန်းပြီးပြီ။ စီရင်ထုံးတွေလည်း ထွက်ထားပြီ။ ဒါပေမဲ့ နောက်ပိုင်းမှာကျတော့ သက်ဆိုင်ရာလူကြီးတွေက ဒီဥပဒေထုတ်ပြန်ထားတာရှိရဲ့သားနဲ့ ဒီဥပဒေကို မဖျက်သိမ်း၊ မပယ်ဖျက်ဘဲနဲ့ ညွှန်ကြားချက်တွေနဲ့ လက်မထပ်ရဘူးလို့ တားမြစ်ထားတယ်။ ဥပဒေအရ လက်ထပ်လို့ရတယ်။ လက်ထပ်ရင် ဒါတွေဆောင်ရွက်ဖို့ ပြဋ္ဌာန်းထားတယ်။ နောက်တစ်ခါ ညွှန်ကြားချက်က ဥပဒေကို လွှမ်းမိုးနေတယ်။ ဒါတော့ မဖြစ်သင့်ဘူး။ ညွှန်ကြားချက်ကြီးကို ဖျက်သိမ်းသင့်ပါပြီ။ ဥပဒေအထက်မှာ ဘယ်သူမှ မရှိဘူးဆိုပြီး ဒါကြီးက ရှိနေတယ်။ မြန်မာမိန်းကလေးတွေအတွက် နစ်နာနေတယ်။ လက်ထပ်လို့ မရတဲ့အတွက် အလွယ်လိုက်သွားကြတယ်။ ကိုယ့်ဘာသာကိုစွန့်လွှတ်သွားကြတယ်။ တခြားဘာသာကို ကူးပြောင်းသွားကြတယ်။ နိုင်ငံခြားသားနဲ့လက်မထပ်ရဘူးဆိုတဲ့ ညွှန်ကြားချက်ကြောင့် ခိုးကြောင် ခိုးဝှက်နဲ့ ဖြစ်သွားကြတယ်။ မိန်းကလေးတွေရဲ့ အခွင့်အလမ်းဆုံးရှုံးသလိုလူမျိုးရေးပါနစ်နာနေတယ်”ဟု စာရေးဆရာရှေ့နေဦးခင်ဇော်(မရမ်းကုန်း)က ပြောသည်။

၁၉၅၄ ခုနှစ် ဗုဒ္ဓဘာသာဝင် မိန်းမများ အထူးထိမ်းမြားမှုနှင့် အမွေဆက်ခံမှု အက်ဥပဒေအရ မြန်မာနိုင်ငံသားအမျိုးသမီးများကို နိုင်ငံခြားသားနှင့် ထိမ်းမြားလက်ထပ်သည့်ဥပဒေပြဋ္ဌာန်းထားသော်လည်း မြန်မာနိုင်ငံတော်တရားရုံးချုပ်၏ ၁၉၉၈ ခုနှစ် ဇူလိုင် ၁ ရက် နေ့စွဲပါ ညွှန်ကြားချက်အမှတ် ၂/၉၈ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ရှေ့နေချုပ်ရုံး ၁၉၉၈ ခုနှစ် ဇူလိုင် ၂ ရက် နေ့စွဲပါ စီမံခန့်ခွဲရေးဆိုင်ရာ ညွှန်ကြားလွှာအမှတ် ၁/၉၈ တို့ဖြင့် မြန်မာနိုင်ငံသား အမျိုးသမီးများကို မည်သည့်နိုင်ငံခြားသားနှင့်မျှ ထိမ်းမြားလက်ထပ်ပေးခြင်း မပြုလုပ်ရန်ဥပဒေအရာရှိအဆင့်ဆင့်တို့ကိုညွှန်ကြားချက်များထုတ်ပြန်ထားခြင်းဖြစ်သည်။

“ဒီညွှန်ကြားချက်တွေ ဖျက်သိမ်းသင့်တယ်။ ညွှန်ကြားချက်ကို တည်စေချင်ရင် ဥပဒေကို ဖျက်သိမ်းပြီး အသစ်ပြဋ္ဌာန်းပါ။ မြန်မာမိန်းကလေးတွေ မထိခိုက်၊ မနစ်နာ မဆုံးရှုံးရအောင် ကာကွယ်စောင့်ရှောက်တဲ့ဥပဒေတွေပြဋ္ဌာန်းသင့်တယ်” ဟု ဦးခင်ဇော်က ဆိုသည်။

ညွှန်ကြားချက်အရ မြန်မာမိန်းကလေးများသည် နိုင်ငံခြားသား၊ လူမျိုးခြားနှင့် တရားဝင်ထိမ်းမြားလက်ထပ်ခွင့် မရှိသောကြောင့် အိမ်ထောင်ဖက် အမျိုးသမီးတစ်ဦးအနေဖြင့် ရပိုင်ခွင့်၊ ခံစားပိုင်ခွင့်များ ဆုံးရှုံးနေမှုများရှိနေသည်။ နိုင်ငံခြားသား၊ လူမျိုးခြားနှင့် လက်ထပ်ထိမ်းမြား အတူနေထိုင်ပြီးနောက် လူမှုရေးပြဿနာတစ်စုံတစ်ရာ ပေါ်ပေါက်၍ အိမ်ထောင်ဖက်အဖြစ်မှ စွန့်ခွာရန် စီစဉ်လာချိန်တွင် မြန်မာမိန်းကလေးများ ထိခိုက်နစ်နာသော အခြေအနေများ ဖြစ်ပေါ်နေခြင်းဖြစ်သည်။

ထို့ကြောင့် ငွေကြေးအထောက်အပံ့ရရှိလိုသော ရည်ရွယ်ချက်ဖြင့် သော်လည်းကောင်း၊ ချစ်ကြိုက်စုံမက်၍ သော်လည်းကောင်း၊ နိုင်ငံခြားသား၊ လူမျိုးခြားနှင့် ထိမ်းမြားလက်ထပ်ရန် ရည်မှန်းထားသော မိန်းကလေးများအနေဖြင့် မိမိအခွင့်အရေး ဆုံးရှုံးမှုများကို သတိပြုသင့်ကြောင်း ကချင်ပြည်နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဒွဲဘူကဆိုသည်။

“သူတို့နိုင်ငံသားတွေက ဒီမှာခဏတဖြုတ် အလုပ်လာလုပ်တာလေ။ တချို့လည်းပါသွားတာတွေ ရှိတာပေါ့။ အခုလည်း တရားရုံးတွေမှာ နိုင်ငံခြားသားနဲ့လက်ထပ်ဖို့ ကန့်သတ်ထားတယ်ပေါ့နော်။ ရင်းနှီးမြှုပ်နှံမှု ဥပဒေကလည်း ဒီကိစ္စတွေကို လွှမ်းမိုးမှာမဟုတ်ဘူး။ မြန်မာအမျိုးသမီးတွေ နိုင်ငံခြားသားနဲ့လက်ထပ်ပြီး ဒုက္ခရောက်သွားကြတာတွေ ရှိတယ်။ အဲ့ဒါကြောင့် ကာကွယ်ဖို့လုပ်ထားတာပါ။ အမျိုးသမီးတွေအနေနဲ့ ငွေကြောင့်သော်လည်းကောင်း၊ ချစ်ကြိုက်လို့သော်လည်းကောင်း၊ ယူမိရင်လည်း တရားဝင်မှာမဟုတ်ဘူး။ အဲ့ဒီလိုတရားမဝင်ဘဲနဲ့သွားပြီးပတ်သက်တယ်ဆိုရင် သူတို့ရဲ့ အခွင့်အရေးတွေ အကုန်ဆုံးရှုံးမှာပဲ။ ဘာပဲပြောပြော အမျိုးသမီးတွေဘက်က သတိထားရှောင်ရှားသင့်တယ်” ဟု ၎င်းကပြောသည်။

ဗုဒ္ဓဘာသာဝင်မြန်မာအမျိုးသားများအနေဖြင့်နိုင်ငံခြားသူနှင့် တရားဝင်လက်ထပ်ထိမ်းမြားခွင့်ရှိပြီး သီးခြားဥပဒေနှင့် ညွှန်ကြားချက်များ ထုတ်ပြန်ထားခြင်း မရှိပါ။

လက်ရှိချိန်တွင်ကြုံတွေ့နေရသော အခြေအနေမှာ နိုင်ငံခြားသား၊ လူမျိုးခြားအချို့သည်မြန်မာမိန်းကလေးများကိုထိမ်းမြားလက်ထပ်၍ ပြည်တွင်းရှိစီးပွားရေးရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများတွင် အမည်ခံလုပ်ငန်းလုပ်ကိုင်စေခြင်းများရှိနေခြင်းဖြစ်သည်။ မြန်မာမိန်းကလေးများကို ငွေကြေးနှင့် အခြားထောက်ပံ့မှုများပေးကာ အယုံသွင်း၍ နာမည်ခံစီးပွားရေးများ လုပ်ကိုင်စေပြီး ၎င်းတို့က နောက်ကွယ်မှ ကြိုးကိုင်လှုပ်ရှားနေခြင်းဖြစ်သည်။

အတူ နေထိုင်ပေါင်းသင်းကာ စီးပွားရေးလုပ်ငန်းများကို နာမည်ခံလုပ်ကိုင်စေပြီးနောက် ၎င်းတို့လိုအပ်မှုမရှိတော့ချိန်တွင် မြန်မာမိန်းကလေးများကို နစ်နာကြေးပေး၍ စွန့်ခွာမှုများကို နိုင်ငံခြားသားများက ပြုလုပ်လေ့ရှိကြောင်း လူမှုရေးပြဿနာများကို တိုင်ပင်ဆွေးနွေးနေသော ဒေါက်တာယုတြာဒေဝီကဆိုသည်။

“အစ်မဆီကို လာတဲ့တစ်ယောက်ဆိုရင် ကုမ္ပဏီတစ်ခုမှာ စကားပြန်အနေနဲ့လုပ်ရင်း သူဌေးနဲ့ပတ်သက်လိုက်တယ်။ သူ့ကို FMI မှာ အိမ်ငှားထားတယ်။ ဒါပေမဲ့ သူကငှားထားတာကို မသိဘူး။ ဝယ်ပေးထားတယ်ထင်နေတယ်။ စီးပွားရေးလာလုပ်တာပြန်ရင် အကုန်လုံးပေးထားခဲ့မှာပေ့ါ။ နောက်ပြန်သွားပြီး မဆက်သွယ်တော့ဘူး။ ဟိုမှာကလည်း မယားကြီးရှိနေတယ်။ နောက်တော့ သူက မလာဘဲ သူ့ညီကနေတစ်ဆင့် ကွာရှင်း စာချုပ်ရယ်၊ နစ်နာကြေးကျပ်သိန်း ၇၀ ပေးတယ်။ လက်ထပ်စာချုပ် ချုပ်ထားပြီး အမည်ခံလုပ်ငန်းတွေ အများကြီးလုပ်ထားတာကိုး။ ကွာရှင်းစာချုပ်မှာ လက်မှတ်ထိုးပြီး ပစ္စည်းတွေနဲ့ ဘာမှမဆိုင်ဘူးဆိုတာ လက်မှတ်ထိုးရင် သိန်း ၇၀ ပေးမယ်ပေ့ါ။ သူကိုယ်တိုင်မလာဘူးနော်။ သူ့ညီနဲ့ ရှေ့နေကို လွှတ်လိုက်တာ။ အစ်မဆီကို ရောက်လာတဲ့အချိန်မှာ သူက ဘာပြောလဲဆိုတော့ ကျွန်မလက်မှတ်ထိုးပေးလိုက်ရတယ်တဲ့။ သူပြန်သွားပြီး ခြောက်လကြာတဲ့အချိန်မှာ တစ်ပြားတစ်ချပ်မှ မပေးတဲ့အတွက် အိမ်ငှားကလည်း ဆင်းရတော့မယ်။ အိမ်ထပ်ငှားဖို့လည်း ပိုက်ဆံမရှိဘူး။ အကျပ်ရိုက်အောင် လုပ်ထားတာပေ့ါ။ အချိန်တန် သူတို့ပြန်တဲ့အခါ ထားသွားကြတာပဲ။ သူတို့နဲ့ မပတ်သက်တော့တဲ့ အချိန်ကျရင်တော့ ဘာမှတာဝန်မယူတော့ဘူး” ဟု ၎င်းကပြောသည်။ ထိုသို့ထားခဲ့သော လုပ်ငန်းရှင်မှာ တရုတ်နိုင်ငံသားဖြစ်သည်။

နိုင်ငံရပ်ခြားနှင့် သွားလာဆက်ဆံရမှုမြင့်တက်လာခြင်းနှင့် အတူ ယဉ်ကျေးမှုများ ကူးလူးဆက်နွယ်မှု ကြီးထွားလာခြင်းတို့သည် ဗုဒ္ဓဘာသာဝင် မြန်မာမိန်းကလေးများ၏ အိမ်ထောင်ဖက်ရွေးချယ်မှုကို သက်ရောက်မှုများ ဖြစ်ပေါ်နေသည်။ နိုင်ငံခြားသား၊ လူမျိုးခြားနှင့် လက်ထပ်မည့် မိန်းကလေးများအနေဖြင့် ခေတ်စနစ်ဖြစ်ပေါ်နေမှု၊ ဥပဒေကြောင်းဖြစ်တည်မှုတို့ကို သိရှိနေရမည်ဖြစ်သလို ယင်းမိန်းကလေးများအတွက် နိုင်ငံတော်မှ ဥပဒေကြောင်းအရ ကာကွယ်ပေးထားခြင်း၊ မိဘအုပ်ထိန်းသူများ၏ ထိန်းသိမ်းစောင့်ရှောက်မှုနှင့် လူမှုအသိုင်းအဝိုင်း၏ ဂရုပြုစောင့်ကြည့်မှုများလည်း လိုအပ်နေသည်။

“နိုင်ငံခြားသားနဲ့ လက်ထပ်ပေါင်းသင်းခြင်းအကြောင်းကို ပြောကြမယ်ဆိုရင် နိုင်ငံခြားသားဆိုတဲ့အနက် အဓိပ္ပာယ်ကို ဖွင့်ရမယ်။ ပြီးရင် လက်ထပ်ပေါင်းသင်းခြင်းကို ဖြစ်စေတဲ့ နောက်ကွယ်က အကြောင်းရင်းကို ခွဲခြမ်းစိတ်ဖြာရပါမယ်။ နိုင်ငံခြားသားဆိုရင် အများက မျက်နှာဖြူနဲ့ ခေါင်းရှည်ကိုပဲ မြင်ပါလိမ့်မယ်။ တကယ်တော့ နိုင်ငံခြားသားဆိုတာ ကိုယ့်မြန်မာနိုင်ငံသား မဟုတ်သူအားလုံးက နိုင်ငံခြားသားဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ ဘယ်လိုနိုင်ငံခြားသားက ပိုများပြီး ထပ်လာဖို့ရှိတဲ့သူတွေထဲမှာလည်း ဘယ်လိုနိုင်ငံခြားသားက ပိုများနိုင်တယ်ဆိုတာ လူတိုင်းခန့်မှန်းနိုင်ပါတယ်။ အိမ်ထောင်တစ်ခုကို တည်ဆောက်တဲ့အခါမှာ Motive (အကြောင်းရင်း) နှစ်မျိုးတော့ အနည်းဆုံးရှိမှာပေ့ါ။ တစ်မျိုးက ချစ်ခင်စုံမက်လို့ ဘဝချင်းပေါင်းစပ်ဖို့ ရည်ရွယ်ချက်နဲ့၊ နောက်တစ်မျိုးက စီးပွားရေးကြောင့် အားကိုးရှာတဲ့အနေနဲ့ ကိုယ့်ကို ထောက်ပံ့နိုင်တဲ့သူကို လက်ထပ်တာရှိနိုင်ပါတယ်။ အန်တီ့အနေနဲ့ကတော့ မြန်မာအမျိုးသမီးတွေ နိုင်ငံခြားသားနဲ့ လက်ထပ်ထိမ်းမြားမယ်ဆိုရင် မေတ္တာနဲ့ အရင်းခံတာလား၊ တစ်ဘဝလုံးအတွက် ပျော်ရွှင်မှုပေးနိုင်မလားဆိုတာကို ထည့်သွင်းစဉ်းစားပြီးမှ ဆုံးဖြတ်ပါလို့ အကြံပေးချင်ပါတယ်” ဟု အငြိမ်းစားပါမောက္ခတစ်ဦးဖြစ်သော ဒေါ်ရှယ်လီနန်းဟွမ်လိတ်ကဆိုသည်။

7 DAY NEWS JOURNAL
Vol.11, No.16 • JUNE 28 , 2012

## မျက်နှာဖုံး-တရုတ်-မြန်မာရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းတစ်လျှောက် မြေယာနစ်နာသူများအား ပုံစံနှစ်မျိုးဖြင့်လျော်ကြေးပေးဟုဆို မှ

အရှေ့တောင်အာရှ ဓာတ်ငွေ့ပိုက်လိုင်းကုမ္ပဏီလီမိတက် (South-East Asia Gas Pipeline Company Limited, SEAGP) ကို မြန်မာ၊ တရုတ်၊ အိန္ဒိယနှင့် တောင်ကိုရီးယားနိုင်ငံတို့မှ ကုမ္ပဏီ ခြောက်ခု ပူးတွဲတည်ထောင်ထားခြင်းဖြစ်သည်။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း က ၇ ဒသမ ၃၆၅ ရာခိုင်နှုန်း၊ SEAP(South –East Asia Pipeline) က ၅၀ ဒသမ ၉ ရာခိုင်နှုန်း၊ ONGC Caspian E@P B.V က ၈ ဒသမ ၃၄၇ ရာခိုင်နှုန်း၊ GAIL India Corporation နှင့် ကိုရီးယားဓာတ်ငွေ့ကော်ပိုရေးရှင်းက ၄ ဒသမ ၁၇၃၅ ရာခိုင်နှုန်းပိုင်ဆိုင်ကြောင်း ၎င်းကပြောသည်။

ပိုက်လိုင်းစီမံကိန်းသည် ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်းနှင့် ရှမ်းပြည်နယ်တို့ကိုဖြတ်သန်းသွားမည်ဖြစ်သည်။

ပိုက်လိုင်းစီမံကိန်းအတွက် မြေယာသိမ်းယူရာတွင် မြေယာအမြဲသိမ်းယူခြင်းနှင့် ယာယီသိမ်းယူခြင်း နှစ်မျိုးခွဲခြား သတ်မှတ်ထားကြောင်း အထက်ပါညွှန်ကြားရေးမှူးကပြောသည်။

မြေယာသိမ်းယူရေးနှင့် လျော်ကြေးပေးရေးကိစ္စရပ်များကိုဆောင်ရွက်ရာတွင်မြန်မာနိုင်ငံ၌ ပြဋ္ဌာန်းထားသည့် လုပ်ထုံးလုပ်နည်းအတိုင်း လုပ်ကိုင်ကြောင်း ၎င်းကပြောသည်။ မြေယာသိမ်းယူရေးအတွက် မြေယာသိမ်းယူရေးအဖွဲ့ကို ဖွဲ့စည်းရာတွင် မြန်မာ့စွမ်းအင်လုပ်ငန်း၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ဖက်စပ်ကုမ္ပဏီများနှင့် သက်ဆိုင်ရာ ဒေသခံ အစိုးရအဖွဲ့အစည်းများ ပါဝင်ကြောင်း၊ မြေယာသိမ်းယူရာတွင် ဒေသခံများ၏ စိုက်ကေနှင့် လယ်မြေများကို သိမ်းယူမှုနည်းနိုင်သမျှလျော့နည်းအောင် စီစဉ်လုပ်ကိုင်လျက်ရှိကြောင်း ၎င်းကပြောသည်။

ပိုက်လိုင်း ဖောက်လုပ်ဖြတ်သန်းရာလမ်းကြောင်းတွင် ဘုန်းကြီးကျောင်း၊ စေတီပုထိုး၊ စာသင်ကျောင်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဇုန်၊ ရှေးဟောင်းအမွေအနှစ် နေရာများနှင့် သုသာန်တို့တည်ရှိနေပါက ယင်းဧရိယာတို့ကိုစီမံကိန်းလုပ်ငန်းနှင့် လွတ်ကင်းအောင် ဆောင်ရွက်ရသည်ဟုဆိုသည်။

စီမံကိန်းလုပ်ငန်း မစတင်မီတွင် မည်သည့်မြေဧရိယာကို အမြဲတမ်းသိမ်းယူပြီး မည်သည့်မြေဧရိယာကိုယာယီသိမ်းယူမလဲ ဆိုသည့် အဆိုပြုချက်ကို မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းသို့ တင်ပြရမည်ဖြစ်ကြောင်း ၎င်းကပြောသည်။ ထို့နောက် ပိုက်လိုင်း ဖြတ်သန်းသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်လေးခုတွင် မြေယာသိမ်းယူရေးနှင့် လျော်ကြေးပေးရေး လုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်ရန် ယင်းလုပ်ငန်းနှင့် သက်ဆိုင်သည့် အဖွဲ့များ ဖွဲ့စည်းထားရှိကြောင်း ၎င်းကပြောသည်။

ပိုက်လိုင်း ဖြတ်သန်းရာဒေသတွင် သက်ဆိုင်ရာ ဒေသခံများ၏ မြေဧရိယာများ သိမ်းယူရာ၌ ပိုင်ရှင်ကိုယ်တိုင် သဘောတူညီချက်ရရှိပြီးပါက လျော်ကြေးပေးရေး စံချိန်စံညွှန်းနှင့် အညီ မြေပိုင်ရှင်နှင့်သက်ဆိုင်ရာကုမ္ပဏီတို့ လျော်ကြေးပေးရေးစာချုပ်ကို လက်မှတ်ရေးထိုးရမည်ဖြစ်ကြောင်းသိရသည်။

သဘောတူညီချက်ရရှိထားသည့်စာရွက်စာတမ်းများကိုသက်ဆိုင်ရာ တိုင်းဒေသနှင့် ပြည်နယ်အစိုးရထံသို့ ပထမဆုံးခွင့်ပြုချက်တောင်းရမည်ဖြစ်ပြီး မြန်မာ့ရေနံနှင့် သဘာဝလုပ်ငန်းမှတစ်ဆင့် စွမ်းအင်ဝန်ကြီးဌာနကို တင်ပြရမည်ဖြစ်ကြောင်း ၎င်းကပြောသည်။

အထက်ပါ လုပ်ငန်းအဆင့်ဆင့် ဆောင်ရွက်ပြီးစီးသွားပါက မြေယာသိမ်းယူရေးနှင့် လျော်ကြေးပေးရေးအဖွဲ့သည်သက်ဆိုင်ရာဒေသခံများအား တိုက်ရိုက်လျော်ကြေးပေးသည့် လုပ်ငန်းကို စီစဉ်ဆောင်ရွက်မည်ဖြစ်ကြောင်း ၎င်းကပြောသည်။

မြေယာ အမြဲသိမ်းယူရာတွင် မြေယာသိမ်းယူရေးနှင့် လျော်ကြေးပေးရေးအဖွဲ့နှင့် လယ်မြေပိုင် ဒေသခံတို့သည် မြေယာအသုံးပြုခွင့် (သို့မဟုတ်) မြေပေါ်ရှိ ကောက်ပဲသီးနှံ လွှဲပြောင်းရယူရန်အတွက် ကတိဝန်ခံချက်စာချုပ်ကို လက်မှတ်ရေးထိုးရမည်ဖြစ်ကြောင်း၊ ထိုသို့ လက်မှတ်ရေးထိုးပြီးပါက ယင်းမြေဧရိယာတွင် သက်ဆိုင်ရာ ဖက်စပ်ကုမ္ပဏီများကို လွှဲပြောင်းပေးသည့် အဓိပ္ပာယ်သက်ရောက်ကြောင်း ၎င်းကပြောသည်။

မြေယာများကို ယာယီသိမ်းယူရာတွင်မူ အထက်ပါကဲ့သို့ စာချုပ်ချုပ်ဆိုသည့်လုပ်ငန်းကိုထည့်သွင်းဆောင်ရွက်ရန် မလိုအပ်သော်လည်း မူလ မြေပိုင်ရှင်ထံသို့ ပြန်လည် လွှဲပြောင်းပေးချိန်တွင် မူလ မြေအနေအထားအတိုင်း လွှဲပြောင်းပေးရမည်ဖြစ်ကြောင်း၊ မြေဧရိယာများကို ယာယီသိမ်းယူသည့် အချိန်ကာလကို တစ်ပြေးညီ သတ်မှတ်ထားခြင်းမရှိဘဲ လုပ်ငန်းအခြေအနေအလိုက် ၁ နှစ် (သို့မဟုတ်) ၂ နှစ် ကြာမြင့်မှုရှိကြောင်းသိရသည်။

အမြဲတမ်းနှင့် ယာယီ မြေယာသိမ်းယူရာတွင် မြေယာနှင့် သီးနှံစိုက်ကေများအတွက် သတ်မှတ်ထားသည့် စံချိန်စံညွှန်းကိစ္စရပ်များသည် တူညီမှုရှိကြောင်း သိရသည်။

မြေယာနှင့် သီးနှံလျော်ကြေးပေးရာတွင် ဒေသ၌ နောက်ဆုံးဖြစ်ပေါ်သည့် ဈေးကွက်ပေါက်ဈေး၊ မြေပိုင်ရှင်များ တောင်းဆိုသည့် ဈေးနှုန်းနှင့် ဒေသအာဏာပိုင်များ အကြံပြုသည့် ဈေးနှုန်းများပေါ်မူတည်ပြီး လယ်မြေပိုင်ရှင်များ၊ ဖက်စပ်ကုမ္ပဏီများနှင့် အစိုးရအဖွဲ့ဝင်တို့သည် ဈေးနှုန်းများညှိနှိုင်းပြီး လျော်ကြေးငွေများကိုပေးအပ်ရကြောင်းသိရသည်။

မြေယာသိမ်းယူရေးနှင့် လျော်ကြေးပေးရေးလုပ်ငန်းစဉ် အဆင့်ဆင့်သည် ခြောက်လမှ ရှစ်လထိ ကြာမြင့်မှုရှိခြင်းကြောင့် မြေယာလျော်ကြေး ၅၀ ရာခိုင်နှုန်းကြိုတင် ပေးသည့်ပုံစံကို ကျင့်သုံးကြောင်း၊ ထိုသို့ မြေယာလျော်ကြေး ရာခိုင်နှုန်း ၅၀ ကြိုတင် လျော်ကြေးပေးရာတွင် ကီလိုမီတာ ၇၁၁ ထိ ပေးအပ်ပြီးဖြစ်ကြောင်း၊ စွမ်းအင်ဝန်ကြီးဌာနက ခွင့်ပြုချက်ရရှိမှသာ ကျန် ၅၀ ရာခိုင်နှုန်းကို လျော်ကြေးပေးနိုင်မည်ဖြစ်ကြောင်းပြောသည်။ လက်ရှိအချိန်ထိ ရာနှုန်းပြည့်လျော်ကြေးပေးပြီးဖြစ်သည့်ပိုက်လိုင်းအရှည်သည် ကီလိုမီတာ ၅၅၀ ရှိကြောင်း သိရသည်။

ပိုက်လိုင်းစီမံကိန်း လုပ်ကိုင်သည့် ဒေသတစ်လျှောက်တွင် အမြဲတမ်းသိမ်းယူထားသည့် မြေဧရိယာအတွက် လျော်ကြေးငွေ ကျပ်ငွေ ၂၃ ဒသမ ၅ ဘီလီယံနှင့် ယာယီသိမ်းယူသည့် မြေဧရိယာအတွက် လျော်ကြေးငွေ ကျပ်ငွေ သန်းပေါင်း ၁,၂၀၀ ထိပေးလျော်ပြီးဖြစ်ကြောင်း သိရသည်။



## စာ-၇၊ ယာဉ်မှတ်ပုံတင်ရရှိရန် ကြန့်ကြာနေခြင်းကို သမ္မတထံ တိုက်ရိုက်တင်ပြရန်စီစဉ်နေ မှ

ယင်းနှင့်ပတ်သက်၍ ကညနမှတာဝန်ရှိသူတစ်ဦးကိုဆက်သွယ်မေးမြန်းရာအောက်ပါအတိုင်းဖြေကြားခဲ့သည်။

"အနည်းဆုံး တစ်ရက်ကို အစီးရေ ၃၀၀ လောက်ရှိတယ်။ ဘာပဲပြောပြော စစ်ဆေးတဲ့အတွက် ကာလတစ်ခုအတွက် ရှိတာပဲ။ တစ်စီးတည်းဆိုရင် ကိစ္စမရှိဘူး။ နေ့တဓူဝ ဒီလိုပဲ ရာနဲ့ချီပြီး သွားနေရကြတာ။ အဲဒီပေါ်မှာ ငွေသွင်းပြီးတော့မှ ရတာ။ ငွေမသွင်းရင် မရဘူးပေါ့။ အစီးတိုင်းကြာနေတာမဟုတ်ဘူး။ မှတ်ပုံတင်ခသွင်းပြီးသွားရင်တော့ လနဲ့ချီပြီး ကြာတယ်။ အခုဆိုရင်တော့ နှစ်ပတ်လောက်ထိ သွားနေတယ်။ ဒါကိုသက်ဆိုင်ရာလူကြီးတွေက ကွန်ပျူတာတွေနဲ့ ဝန်ထမ်းအင်အားထပ်ဖြည့်ပြီးတော့တိုးလုပ်နေကြတယ်။ သဘော်သားပါမစ်ဆိုရင်တော့ ဘာမှကိစ္စမရှိဘူး။ ငွေထုတ်ပြီးသွားရင် စာအုပ်ထုတ်တဲ့အခါ တစ်ပတ်ကနေ နှစ်ပတ်လောက်ထိကြာတယ်။ ဒီ ဘက်တစ်ဖက်တည်း မဟုတ်ဘူး။ ဟိုဘက် (Car Showroom)ကလည်း လုပ်စရာရှိတာကို ကြိုးစားလုပ်ရမယ်။ ပုံမှန်သွားရင်တော့ ကားတစ်စီးက တနင်္လာနေ့အပ်ရင် တစ်ပတ်လောက်ပဲကြာတယ်။ တစ်ခါတလေ အခန့်မသင့်ရင် နှစ်ပတ်လောက်ကြာတတ်တယ်။ ဒီလောက်ပါပဲ။ အခုပြောနေ တဲ့ နှစ်လ၊သုံးလက ယာဉ်စစ်တဲ့ရက်က စပြီးပြောနေကြတာ။ အခုဆိုရင် လုပ်စရာရှိတဲ့ အစီးရေ ၂,၀၀၀လောက်ရှိတယ်"

## မျက်နှာဖုံး-ဆေးတက္ကသိုလ် ကျောင်းသားလက်ခံမှု ထက်ဝက်လျှော့မည် မှ

ယခင်နှစ် ၂၀၁၁-၁၂ ပညာသင်နှစ်က ဆေးတက္ကသိုလ်ဝင်ခွင့်အတွက် ကျောင်းသားဦးရေ ၂,၄၀၀ ထိလက်ခံခဲ့ရာမှ ယခုနှစ်ဆေးတက္ကသိုလ်တွင် ပညာသင်ကြားရန် ကျောင်းသားဦးရေ ၁,၂၀၀ ကိုသာ လက်ခံတော့မည်ဖြစ်သည်။

"ဆေးတက္ကသိုလ်ဝင်ခွင့်အတွက် ထက်ဝက်ထိ လျှော့ချသွားမှာပါ။ ဘာလို့လဲဆိုတော့ ဆရာမတို့က အရေအတွက်ထက် အရည်အသွေးကိုကြည့်ပြီးတော့ပါ။ တက္ကသိုလ်ဝင်တန်းလမ်းညွှန်မှာလည်း ဖော်ပြထားပါပြီ"ဟု အ ထက်ပါတာဝန်ရှိသူကပြောသည်။ တက္ကသိုလ်ဝင်တန်းစာမေး ပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့ကြပြီးဆေးပညာသင်ယူလိုသော ကျောင်းသားများကို ရန်ကုန်ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်ဆေး တက္ကသိုလ်(၂)၊ မန္တလေးဆေး တက္ကသိုလ်နှင့် မကွေးဆေးတက္ကသိုလ်တို့တွင် ကျောင်းဝင်ခွင့်အတွက် အမျိုးသမီးဦးရေ ၄၀ ရာ ခိုင်နှုန်းသတ်မှတ်၍ လက်ခံထားသည်။

ဆေးတက္ကသိုလ်ဝင်ခွင့်အ တွက် ကျောင်းသားလက်ခံမှု လျှော့ချလိုက်ခြင်းကြောင့် ဆေးကျောင်းတက်လိုသော ကျောင်းသားများအတွက် ကျောင်းဝင်ခွင့် ပိုမိုခက်ခဲသွားမည်ဖြစ်ပြီး တက္ကသိုလ်ဝင်တန်း ရမှတ်လိုအပ်ချက်လည်း မြင့်တက်သွားမည်ဖြစ်သည်။

## စာ-၅၊ စီးပွားရေး၊ လူမှုရေးအကြံပေးကောင်စီဖွဲ့စည်း မှ

"ဆရာတို့ သတိထားမိတာက သမ္မတကြီးက နားထောင်တယ်၊ အရေးတကြီး မှတ်သားတယ်။ မရှင်းတာတွေ့ရင်မေးတယ်။ ဒီဟာတွေက ဆရာတို့မျှော်လင့်တဲ့အခြေအနေမျိုးပါ"ဟု အဆိုပါကောင်စီအဖွဲ့ဝင် စီမံခန့်ခွဲမှုပညာရှင် ဒေါက်တာအောင်ထွန်းသက်ကပြောသည်။

အဆိုပါကောင်စီ၏ လုပ်ငန်းတာဝန်များတွင် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်ပရောက် မြန်မာနိုင်ငံသားများ ဖွံ့ဖြိုးတိုးတက်မှုအတွက် ပူးပေါင်းပါဝင်နိုင်ရန်ကူညီဆောင်ရွက်ရန်၊ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက် လိုအပ်သော စီးပွားရေးနှင့် လူမှုရေး ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုအကြံဉာဏ်များကို အကြံပြုရန်အပါအဝင် အခြားသောလုပ်ငန်းစဉ်ငါးရပ်ကိုလည်းလုပ်ဆောင်ရမည်ဖြစ်သည်။

ပြုပြင်ပြောင်းလဲရေးမဟာဗျူဟာ (Reform Strategy)ကို ရေးဆွဲနိုင်ရေးအတွက် အဆိုပါကောင်စီအဖွဲ့ဝင် စီးပွားရေးပညာရှင်များနှင့် ဌာနဆိုင်ရာများ ညှိနှိုင်းပူးပေါင်းဆောင်ရွက်ခဲ့သောကြောင့် အတိုင်းအတာတစ်ခုအထိ ပြုပြင်ပြောင်းလဲမည့် အစီအစဉ်တစ်ခုကို ရောက်ရှိခဲ့ပြီးဖြစ်ကြောင်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြုပြင်ပြောင်းလဲ ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတက ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင် ပုဂ္ဂိုလ်များ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရဝန်ကြီးချုပ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသ ဥက္ကဋ္ဌများ၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများအား မိန့်ခွန်းပြောကြားရာ၌ ထည့်သွင်းပြောကြားခဲ့သည်။

## စာ-၄၊ အေဂျင်စီများ အမျိုးသမီးလုပ်သား မလေးရှားသို့စေလွှတ်မှု ရပ်နားထား မှ

"ရပ်ထားတာတော့မဟုတ်ပါဘူး။ စိစစ်နေတာပါ။ Demand Letter မှန်ကန်မှုရှိမရှိကို သံရုံးနဲ့ စိစစ်နေတာပါ။ မှန်ကန်တယ်၊ ပြည့်စုံတယ်ဆိုရင် ခွင့်ပြုပေးပါတယ်"ဟု ပြန်လည်ဖြေကြားခဲ့သည်။

သို့ရာတွင် မလေးရှားနိုင်ငံသို့ အမျိုးသမီးလုပ်သားများ စေလွှတ်၍ မရသည်မှာ တစ်လနီးပါးကြာမြင့်နေပြီး ခေါ် စာကျပြီးသား အမျိုးသမီးလေးရာခန့် မသွားရောက်နိုင်ဘဲ စောင့်ဆိုင်းနေရကြောင်း အေဂျင်စီအသိုင်းအဝိုင်းကဆိုသည်။

အစိုးရက စတင်ခွင့်ပြုပေးခဲ့ပြီးနောက်ပိုင်း အမျိုးသမီးလုပ်သားအချို့ကို မလေးရှားနိုင်ငံသို့ စေလွှတ်ခဲ့ကြောင်း သတင်းရရှိသည်။

"ခွင့်ပြုတဲ့အချိန်ကနေ နိုင်ငံကူးလက်မှတ်လုပ် ဗီဇာလျှောက်ပြီး လွှတ်ရတော့မယ့်အချိန်ကျမှ ပေးမသွားသလိုဖြစ်နေတယ်"ဟု မလေးရှားသို့ အလုပ်သမားပို့ဆောင်နေသော အေဂျင်စီမှ တာဝန်ရှိသူတစ်ဦးကပြောသည်။ မြန်မာအစိုးရက ဒီဇင်ဘာလ ၁၉ ရက်မှစ၍ စင်ကာပူ၊ ထိုင်းနှင့် မလေးရှားနိုင်ငံတို့အား အမျိုးသမီး လုပ်သားများအား တရားဝင်စေလွှတ်ရန် ခွင့်ပြုခဲ့သည်။

ထိုကဲ့သို့ခွင့်ပြုရာတွင် အိမ်အကူ၊ သန့်ရှင်းရေးလုပ်ငန်းနှင့် ဖျော်ဖြေရေးလုပ်ငန်းများကို ခွင့်မပြုဘဲ အလုပ်သမားငါးဦးအထက် ရှိသော စက်ရုံအလုပ်ရုံများတွင် လုပ်ကိုင်ရန် ခွင့်ပြုပေးခဲ့သည်။

ဗီယက်နမ်နိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံများ ဖွံ့ဖြိုးလာပြီးနောက် ထိုနိုင်ငံမှ အမျိုးသမီးလုပ်သားများမှာ မိခင်နိုင်ငံသို့ပြန်သွားသဖြင့် ထိုနေရာတွင် မြန်မာနိုင်ငံမှ အမျိုးသမီးလုပ်သားများဖြင့် အစားထိုးရန် ခေါ်ယူလာကြခြင်းဖြစ်သည်။

**TRADEMARK CAUTION**
CHARMANT INC, a Company incorporated in Japan at 6-1, Kawasari-cho, Sabae-shi, Fukui, Japan is the Owner and Sole Proprietor of the following Trademark:-
HORITECH
Reg: 4/4993/2012
In respect of : " Medical apparatus and instruments."
Fraudulent imitation or unauthorized use of the said Trademarks shall be dealt with according to law.
U Myint Lwin, Advocate, LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myint.advocate@mptmail.net.mm
www.mipadvocate.com
Ph : 371990 28.June.2012

Health
7 Day News Journal
Vol.11, No.16 • JUNE 28 , 2012

# ရခိုင်ပြည်နယ်မှ အေ့ဒ်စ်ဝေဒနာသည်များ အေအာရ်တီဆေးပြတ်လပ်မည်ကို စိုးရိမ်

**သီဟ**

**ရန်ကုန်၊ ဇွန်-၁၇**

နယ်စည်းမထား ဆရာဝန်များအဖွဲ့ MEDECINS SANS FRONTIERES-HOLLAND (AZG) မှ ရခိုင်ပြည်နယ်အတွင်းမှ ART ဆေးပေးလက်စ လူနာများအား လက်ရှိဖြစ်ပေါ်လျက်ရှိသည့် အရေးအခင်းများကြောင့် ဆေးဆက်လက်မပေးနိုင်ဘဲ ကုထုံးပြတ်သွားမည်ကို စိုးရိမ်လျက်ရှိကြောင်း AZG မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

AZG မှ ရခိုင်ပြည်နယ်အတွင်းတွင် လူ ၇၀၀ ခန့်အား ART ဆေးပေး၍ ကုသထားပေးထားသည်။

ထို့ကြောင့် အဆိုပါ လူနာများအတွက် ပုံမှန်လမ်းကြောင်းမှ ဆေးပေး၍ မရသည့်အတွက် အခြားလမ်းကြောင်း တစ်ခုခုမှ ဆေးပေးသွားရန် ကြိုးပမ်းလျက်ရှိသည်ဟု အထက်ပါပုဂ္ဂိုလ်က ဆက်ပြောသည်။

AZG အနေဖြင့်လည်း လက်ရှိတွင် ရခိုင်ပြည်နယ်တွင် ကျန်ရှိခဲ့သည့် ဝန်ထမ်းများ၏ အကူအညီဖြင့် အခြေခံကျန်းမာရေး စောင့်ရှောက်မှုဆိုင်ရာ လုပ်ငန်းများ၊ ဆေးဝါးများ ထောက်ပံ့ခြင်းအပြင် အခြေခံလူသုံးကုန်ပစ္စည်းများ ထောက်ပံ့ပေးခြင်းများလည်း ပြုလုပ်သွားနိုင်ရန် စီစဉ်လျက်ရှိကြောင်း ၎င်းက ဆိုသည်။

ရခိုင်ပြည်နယ်တွင် AZG မှ ဝန်ထမ်း ၃၅၀ ခန့် အလုပ်လုပ်လျက်ရှိပြီး လက်ရှိဖြစ်ပေါ်နေသည့် အရေးအခင်းများကြောင့် ဝန်ထမ်းအမျိုးစုအား ပြောင်းရွှေ့ပေးပြီးဖြစ်သော်လည်း ဝန်ထမ်းအချို့မှာ ကျန်ရှိနေသေးကြောင်း သတင်းရရှိသည်။

# စားသုံးရန်မသင့်သော ဆီနှင့်ပတ်သက်၍ ကျန်းမာရေးဝန်ကြီးဌာန ကြေညာချက်ထုတ်ပြန်

**ပြည်သိမ်း၊ အောင်သူရ**

**ရန်ကုန်၊ ဇွန်-၂၁**

စားသုံးရန် မသင့်သည့်ဆီများတွင် ပဲဆီ၊ နှမ်းဆီကဲ့သို့ လူအများနှစ်သက်သည့် အနံ့ရှိသော အရည်တစ်မျိုး ရောစပ်ရောင်းချမှုများရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက သတိပေးချက်ထုတ်ပြန်လိုက်သည်။

အဆိုပါ အနံ့ထွက်စေသည့် ဓာတုပစ္စည်းနှင့် ရောနှောမှုကို ပြည်တွင်း၌သာ လုပ်ကိုင်နေခြင်းဖြစ်ကြောင်းကိုလည်း စုံစမ်းသိရသည်။ တရုတ်နှင့် ထိုင်းနိုင်ငံတို့မှ စားသုံးရန် မသင့်သည့်ဆီများကို အရောင်နှင့် အနံ့ကိုချွတ်၍ ဆီ မခဲအောင်ပြုလုပ်ပြီး နယ်စပ်မှ တရားမဝင်နည်းဖြင့် တင်သွင်းခြင်းဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များထံမှ စုံစမ်းသိရသည်။

"ဒီမြောင်းဆီတွေက ဝင်နေတာ တစ်နှစ်ကျော်ပြီ။ အခုမှ ကျယ်ကျယ်ပြန့်ပြန့်လူသိလာတာ" ဟု မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်အသင်းဥက္ကဋ္ဌဦးကိုကြီးကဆိုသည်။

ပဲဆီ၊ နှမ်းဆီအနံ့ထွက်စေသည့် ဓာတုပစ္စည်းများနှင့် ရောနှောထားသည့် ဆီများသည် သာမန်ဆီနှင့် ခွဲခြားရန်ခက်ခဲသည်။ သို့သော် ၎င်းဆီများမှာ သာမန်ဆီထက် အနံ့ပိုစူးရှပြင်းထန်သည်။

ယင်းဆီများကို စားသုံးပါက ကာလတစ်ခုအတွင်း အနေးနှင့် အမြန် ကျန်းမာရေးထိခိုက်နိုင်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက သတိပေးထုတ်ပြန်ထားသည်။ သို့သော် ယင်းဆီများကို သာမန် စားသုံးသူများက ဈေးကွက်တွင် ခွဲခြားဝယ်ယူရန် ခက်ခဲကြောင်း မန္တလေးမှ ဆီကုန်သည်တစ်ဦးကရှင်းပြသည်။

ကျန်းမာရေးဦးစီးဌာန အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဌာန၊ မြန်မာနိုင်ငံ စိုက်ပျိုးရေးအခြေခံစားသောက်ကုန်များအသင်း၊ မြန်မာ့လယ်ယာထွက် ကုန်ပစ္စည်းရောင်းဝယ်ရေး၊ ရိတ်သိမ်းချိန်လွန် နည်းပညာ အသုံးချဌာနတို့ရှိ ဓာတ်ခွဲခန်းများတွင် ဓာတ်ခွဲစမ်းသပ်ရာမည်သည့်စားသုံးဆီမျိုးနှင့်မှ ကိုက်ညီမှုမရှိကြောင်းနှင့် အသုံးပြုပြီး ဆီရောများကိုပြန်ပြုပြင်ထားသော ဆီများဖြစ်ခြင်းကို စစ်ဆေးတွေ့ရှိရကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဇွန်လ ၂၁ ရက်ထုတ် နိုင်ငံပိုင်သတင်းစာတွင် ဖော်ပြထားသည်။



# အရည်အသွေးနိမ့်ဆီများ နောက်ကွယ်က အန္တရာယ်

**တရုတ်နိုင်ငံတွင် စားသုံးရန်မသင့်သော စွန့်ပစ်ဆီများကို ပြန်လည်အသုံးပြုရန် ပြင်ဆင်ချက်လုပ်နေသည်ကို တွေ့ရစဉ်။ ဓာတ်ပုံ**–chinasmack.com

**ဝတ်ရည်အောင်**

ဈေးကွက်အတွင်း တရုတ်နိုင်ငံမှ ဝင်ရောက်လာသည့် ဘေးထွက်ဆီများနှင့် ကြော်ပြီးဆီများကို အအေးခံပြီး ပဲဆီအနံ့ထည့်ကာ ပြန်လည်သန့်စင်ထားသည့် ဆီများ ရောင်းချနေပြီး အန္တရာယ်ဖြစ်စေသည့်အတွက် မစားသုံးကြရန် နိုင်ငံပိုင်သတင်းစာများမှတစ်ဆင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည်။

မြန်မာလူမျိုးများမှာ အစားအစာများ ပြင်ဆင်ချက်ပြုတ်ရာတွင် ဆီသည် မဖြစ်မနေပါဝင်သည့်အရာဖြစ်ပြီး အသုံးလည်းများကြသည်။ ဆီအသုံးပြုသည့်အခါတွင်လည်း တတ်နိုင်သူများမှ ဈေးပိုပေးရသည့် ကျန်းမာရေးနှင့် ပိုမိုသင့်လျော်သည် ထင်ရသည့် ဆီအမျိုးအစားများအား သုံးစွဲနိုင်သော်လည်း အများစုမှာ ဈေးသက်သာသော ပြင်ပမှတင်သွင်းသည့် စားအုန်းဆီများကိုစားသုံးနေရသည်။ တရုတ်နိုင်ငံမှ ဝင်ရောက်လာသည့် အဆိုပါဆီများမှာ ပြည်တွင်းစားသုံးနေသည့် စားအုန်းဆီများထက်ပင် ဈေးသက်သာမှုရှိနေသဖြင့် တန်ချိန်ပေါင်းများစွာ ဈေးကွက်အတွင်းသို့ ရောက်ရှိလာကြောင်း ဆီလုပ်ငန်းရှင်များထံမှသိရသည်။

တရုတ်နိုင်ငံတွင် မြောင်းအတွင်း စွန့်ပစ်ထားသည့် စွန့်ပစ်ပစ္စည်းနှင့် စားသောက်ဆိုင်များမှ အကြွင်းအကျန်များအား စုစည်း၍ ကန်ကြီးတစ်ခုထဲတွင် ထည့်သိုလှောင်ထားပြီး ဆယ်ယူကာ ပြန်လည်သန့်စင်ထားခြင်းဖြစ်သည်။

**စာ(၁၄)သို့**



7DAY NEWS JOURNAL
Vol.11, No.16 • JUNE 28 , 2012

# အထီးကျန်ခြင်းသည် သက်ကြီးရွယ်အိုများအတွက် အန္တရာယ်ရှိ



**ဆန်ဖရန်စစ္စကို၊ ဇွန် - ၂၀**

အထီးကျန်ခြင်းသည် သက်ကြီးရွယ်အိုများအတွက် ကျန်းမာရေးပြဿနာဖြစ်ပေါ်လာရန် အန္တရာယ်ရှိပြီး အသက်သေဆုံးသည်အထိပင်ဖြစ်နိုင်ကြောင်း အမေရိကန်သုတေသီများက ပြောကြားသည်။

ယခုအချက်အလက်များကို ၂၀၀၂ ခုနှစ်မှ ၂၀၀၈ ခုနှစ်ကာလအတွင်း ပျမ်းမျှအသက် ၇၁ နှစ်ရှိသူသက်ကြီးရွယ်အိုပေါင်း ၁၆၀၄ ဦးအား အမျိုးသားသက်ကြီးရွယ်အိုလေ့လာရေးအင်စတီကျူဒ်မှ ပြုလုပ်ခဲ့သည့် စစ်တမ်းမှ အချက်အလက်များကို အခြေခံခဲ့ကြောင်း ကယ်လီဖိုးနီးယားတက္ကသိုလ်မှ လက်ထောက်ပါမောက္ခ ဒေါက်တာကာလာပါရီစီနိုတိုက ပြောကြားသည်။

သို့သော် အံ့သြစရာ တွေ့ရှိချက်မှာ အထီးကျန်ခြင်းမှာ တစ်ယောက်တည်းနေထိုင်ခြင်းနှင့် ဆက်နွယ်မနေဟု ဒေါက်တာပါရီစီနိုတိုက ဆိုပါသည်

သက်ကြီးရွယ်အို ၁၈ ရာခိုင်နှုန်းသာ တစ်ယောက်တည်းနေထိုင်ကြသော်လည်း အထီးကျန်နေသည်ဟု ခံစားရသူ ၄၃ ရာခိုင်နှုန်းရှိကြောင်း သုတေသီများက တွေ့ရှိခဲ့သည်။

ကိန်းဂဏန်းအချက်အလက်များအရ အထီးကျန်နေသည်ဟု ပြောကြားသူ သက်ကြီးရွယ်အိုများသည် သာမန်လူများထက်ကျန်းမာရေး ယိုယွင်းပျက်စီးရန် ၅၉ ရာခိုင်နှုန်း ပို၍အန္တရာယ်များပြီးအသက်ဆုံးရှုံးနိုင်ခြေ ၄၅ ရာခိုင်နှုန်းပိုများကြောင်း သုတေသနက တွေ့ရှိခဲ့ပြီး သုတေသီများက၎င်းတို့၏ တွေ့ရှိချက်များကို Archives of Internal Medicine စာစောင်တွင် ဖော်ပြခဲ့သည်။

—Ref: UPI

## စာ-၁၃၊ အရည်အသွေးနိမ့်ဆီများနောက်ကွယ်က အန္တရာယ် မှ

ထိုပြန်လည်ချက်လုပ်ထားသည့်ဆီများတွင် ဓာတုပစ္စည်းများပါဝင်မှုများခြင်း၊ အရောင်ကြည်စေရန်သုံးသည့် ချွတ်ဆေးများပါဝင်နေသည့်အပြင်မခဲစေရန်ထည့်သွင်းထားသည့် ပါဝင်မှုများပြားသည့်နိုက်ထရိုဂျင်ကဲ့သို့ဓာတုပစ္စည်းများလည်းများပြားစွာပါဝင်နေကြောင်းသိရသည်။

"ခဲမှတ်အရမ်းနိမ့်အောင်လုပ်ထားတဲ့အတွက် တော်ရုံတန်ရုံမခဲတော့တာ။ ခဲမှတ်အရမ်းနိမ့်အောင် လုပ်ဖို့အတွက် နိုက်ထရိုဂျင်ရာခိုင်နှုန်းကိုပိုများအောင်လုပ်ထားတာ"ဟု ရေဝတီမြေပဲဆီစက်လုပ်ငန်းရှင် ဦးခင်စိုးကပြောသည်။

ထိုဆီများသည် နယ်စပ်ဒေသများမှတစ်ဆင့် မှတ်ပုံတင်ခြင်း၊ စစ်ဆေးခြင်းမရှိဘဲဝင်ရောက်လာခြင်းဖြစ်ပြီး လွန်ခဲ့သည့်သုံးလခန့်မှစတင်ဝင်ရောက်လာခြင်းဖြစ်ကာ ဈေးနှုန်းသက်သာသည့်အတွက် ဈေးကွက်အတွင်း ရောင်းအားကောင်းခဲ့သည်။

"ဘယ်လောက်ထိ ရောင်းအားကောင်းလဲဆိုရင် ဆီဈေးကွက်ပျက်သွားတဲ့အထိဖြစ်သွားတာ။ ပြည်တွင်းစားသုံးတဲ့ စားအုန်းဆီဈေးကွက်တောင် လိုက်မမီအောင် အရောင်းထိုင်းသွားပြီး ဆီစက်တွေလည်း လုပ်ငန်းရပ်တန့်သွားတဲ့အထိဖြစ်သွားတယ်"ဟု ဦးခင်စိုးက ဆက်လက်ပြောသည်။

ဆီပုံးများပေါ်တွင် တရုတ်စာလုံးများ ပါရှိခြင်းကြောင့် အလွယ်တကူ ခွဲခြားနိုင်သော်လည်း ဆီပုံးများ လဲလှယ်လိုက်သည့်အချိန်တွင်ပြည်တွင်း၌အသုံးပြုနေသည့်ဆီများနှင့် ခွဲခြားရန်မလွယ်ကူတော့ကြောင်း သိရသည်။ ကြော်လိုက်သည့်အချိန်မှသာ အောက်သိုးသိုးကဲ့သို့ အနံ့တစ်မျိုးထွက်ကြောင်းသိရသည်။

ပြည်ပမှ မှာယူတင်သွင်းပြီး ပြည်တွင်းတွင် စားသုံးနေသည့် စားအုန်းဆီများသည် ကျန်းမာရေးအား ရေရှည်တွင် ဆိုးကျိုးများဖြစ်ပွားလာစေနိုင်သည့်အတွက်သတိပြုစားသုံးရန် နှိုးဆော်မှုများဆောင်ရွက်နေသည့်အချိန်တွင် ထိုကဲ့သို့ စွန့်ပစ်ပစ္စည်းများ စားကြွင်းစားကျန်များအား ပြန်လည်ချက်လုပ်ထားသည့် ဆီများက ဈေးကွက်အတွင်း အတားအဆီးမရှိဝင်ရောက်လာခဲ့သည်။

"တရုတ်နိုင်ငံက ဆီတင်ပို့နိုင်တဲ့နိုင်ငံမဟုတ်ပါဘူး။ ဈေးကွက်လိုအပ်ချက်အရ သူကတောင် အိမ်နီးချင်းနိုင်ငံတွေကမှာယူသွင်းနေရသေးတယ်။ အဲဒီလိုနိုင်ငံမျိုးက ဆီပြန်သွင်းလာတယ်ဆိုကတည်းက မဖြစ်နိုင်တော့တဲ့ကိစ္စပဲလေ"ဟု ဦးခင်စိုးက ဆက်လက်ပြောသည်။

ထိုနယ်စပ်ဒေသမှဝင်ရောက်လာသည့်ဆီများနှင့်ပတ်သက်၍ စားသုံးသူများမှ မှန်ကန်သောစားအုန်းဆီများအား ရွေးချယ်စားသုံးတတ်ရန် ဆီနှင့်ပတ်သက်သော ကျန်းမာရေးအသိပညာပေးစာအုပ်များအား ဖြန့်ဝေသွားရန်လည်းစီစဉ်နေကြောင်းသိရသည်။

"နှိုးဆော်နေတာပဲလေ။ ထပ်တလဲလဲ သုံးစွဲထားတဲ့ဆီတွေ၊ အနံ့တွေ ရောထားတဲ့ဆီတွေက မကောင်းပါဘူး။ မစားကြပါနဲ့လို့။ ဒါပေမဲ့ အဲဒါကို သတင်းစာတွေထဲကပဲ ပြောနေလို့မရဘူးထင်တယ်။ ဈေးကွက်ထဲမှာလည်း ရှိနေတယ်။ ဈေးလည်း သက်သာနေတယ်ဆိုရင်တော့ စားကြမှာပါလေ။ အဲဒီလို အန္တရာယ်ဖြစ်စေတယ်ဆိုတဲ့ပစ္စည်းတွေ မဝင်လာနိုင်အောင် မစားဖြစ်အောင် သက်ဆိုင်တဲ့သူတွေက တင်းတင်းကျပ်ကျပ်လုပ်ဖို့လိုတာပေါ့။ မဟုတ်ရင် ဒီနိုင်ငံကတော့ ဘယ်လိုကုန်ပစ္စည်းမျိုးပဲဖြစ်ဖြစ် သွားရောင်းရင်ရပါတယ်လို့ထင်ကုန်တာပေါ့။ အရင်တုန်းကလည်း အကြော်တွေကြွပ်အောင် ပလတ်စတစ်တွေ ထည့်ကြော်တယ်ပြောခဲ့တာပဲ။ ဒါပေမဲ့ စစ်ဆေးမှုတွေလည်းမရှိ၊ ဘာမှလည်း မလုပ်တဲ့အခါကျတော့ ဟုတ်သလိုလို မဟုတ်သလိုလိုနဲ့စားကြရတာပဲလေ"ဟု တာမွေမြို့နယ်တွင် နေထိုင်သည့် တက္ကသိုလ်ကျောင်းဆရာတစ်ဦးကပြောသည်။

ပြည်တွင်းတွင် စားသုံးနေသည့်ဆီများအား ပြည်ပမှ မှာယူတင်သွင်းနေခြင်းဖြစ်ပြီး တစ်လလျှင် ဆီတန်ချိန်သုံးသောင်းမှ ငါးသောင်းအထိ မှာယူတင်သွင်းနေသည်။ ထိုစားအုန်းဆီများအား နမူနာဓာတ်ခွဲစမ်းသပ်စစ်ဆေးပြီး ပြည်သူလူထုစားသုံးရန်သင့်လျော်ကြောင်း ကျန်းမာရေးဦးစီးဌာန၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဌာန၏ ထောက်ခံချက်ရရှိမှသာပြည်တွင်းသို့ဖြန့်ဖြူးရောင်းချခွင့်ပြုထားခြင်းဖြစ်ကြောင်း နိုင်ငံပိုင်သတင်းစာများတွင်ဖော်ပြထား သည်။

ထိုကဲ့သို့ထောက်ခံချက်များဖြင့် တင်သွင်းသည့် စားအုန်းဆီများသည်ပင်ရေရှည်တွင်အသည်းအဆီဖုံးရောဂါ၊ နှလုံးသွေးကြောကျဉ်းရောဂါ၊ သွေးတိုးရောဂါ၊ အဝလွန်ရောဂါစသည့်ရောဂါမျိုးစုံဖြစ်ပွားစေနိုင်သည့်အပြင် ထပ်ခါထပ်ခါ ကြော်ထားသည့် အဆိုပါဆီများက ထပ်ခါထပ်ခါ ကြော်ထားခြင်းကြောင့် ဆီထဲတွင် ပိုမိုများပြားလာသည့် ကာဗွန်များက ခန္ဓာကိုယ်အား အဆိပ်အတောက်များလည်း ဖြစ်ပွားစေကြောင်း အထွေထွေရောဂါကုဆရာဝန် ဒေါက်တာလှိုင်စိုးဝယ်က ပြောသည်။

"ခန္ဓာကိုယ်ထဲမှာထွက်တဲ့ ဓာတုပစ္စည်းတစ်မျိုးက ဆဲလ်တွေကိုပျက်စီးစေပြီး လူကိုဥပဒ်ဖြစ်စေတယ်"ဟု အဆိုပါဆရာဝန်က ဆက်လက်ပြောသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရွှေလီမြို့မှ မူဆယ်လမ်းမှတစ်ဆင့်ဝင်ရောက်လာသည့် အဆိုပါဆီများသည် ရှမ်းပြည်နယ်မြောက်ပိုင်း၊ တောင်ပိုင်း၊ ရန်ကုန်၊ မန္တလေး စသည့်မြို့ကြီးများအပြင် နေပြည်တော်၊ တောင်ငူ စသည့်မြို့ကြီးများကိုပါ ပျံ့နှံ့သွားခြင်းဖြစ်သည်။ ထို့အပြင် ထိုဆီများ တင်သွင်းလာသည့် သူများမှာလည်း မြန်မာနိုင်ငံရှိ မြေပဲဆန်များ ပြန်လည်ဝယ်ယူသွားသည့်အတွက် ဈေးကွက်အတွင်း မြေပဲဆန် ကုန်ကြမ်းများ ပြတ်လပ်သွားပြီး ဆီစက်အများစုလည်း ရပ်ဆိုင်းထားရကြောင်း ရေဝတီမြေပဲဆီစက်လုပ်ငန်းရှင်ဦးခင်စိုးက ဆက်လက်ပြောသည်။

FDI မှလည်း ထိုကဲ့သို့ နယ်စပ်နေရာများမှ တရားမဝင် ဝင်ရောက်လာသည့် အန္တရာယ်ရှိသည့် အစားအစာများအား စစ်ဆေးရန် ဓာတ်ခွဲခန်းများ ထားရှိရန်လည်း စီစဉ်နေကြောင်း သတင်းရရှိထားပြီး စားသုံးသူကာကွယ်ပေးရေးဥပဒေ မရှိသည့်အချိန်နှင့် နယ်စပ်ဂိတ်များတွင် စိစစ်ကြပ်မတ်မှု အားနည်းနေသည့်အချိန်တွင် ထိုကဲ့သို့ အန္တရာယ်ဖြစ်စေသည့် အစားအသောက်များမှ ဆိုးကျိုးများမဖြစ်စေရန် စားသုံးသူများ သတိပြုစားသုံးရန်နှင့် သက်ဆိုင်ရာမှလည်း စုံစမ်းဖော်ထုတ်ပြီး အရေးယူသွားရန် လိုအပ်ကြောင်း လုပ်ငန်းရှင်များက ပြောကြားသည်။

# ယောက်ျားအများစု ဆေးစစ်မှု မခံယူကြ

**အီလီနွိုက်၊ ဇွန် - ၁၈**

အရွယ်ရောက်ပြီးသော ယောက်ျားများမှာ သွေးတိုးရောဂါ၊ နှလုံး ရောဂါ၊ ကိုလက်စထရောဓာတ်နှင့် သွားများကို နှစ်စဉ်စစ်ဆေးသင့်သော်လည်း ယောက်ျားအများစုမှာ ဆေးစစ်မှုမခံယူကြကြောင်း အမေရိကန်မိသားစု ဆရာဝန်တစ်ဦးက ပြောကြားသည်။

"လူတော်တော်များများက ဆရာဝန် ဘာရောဂါများတွေ့သွားမလဲဆိုတာကို စိုးရိမ်ကြတယ်" ဟုအီလီနွိုက်ပြည်နယ် လိုယိုလာတက္ကသိုလ်မှ မိသားစုဆရာဝန်တစ်ဦးဖြစ်သူ ဒေါက်တာအာရွှန်မိုက်ကယ်ဖယ်လ်ဒါက ပြောကြားသည်။ လက်တွေ့တွင်မူဆီးချို သွေးတိုးနှင့်ကိုလက်စထရောဓာတ်မြင့်မားခြင်းနှင့် ကင်ဆာအစရှိသော ရောဂါများကို စောစောစီးစီးရှာဖွေတွေ့ရှိပါက ကုသပျောက်ကင်းနိုင်ကြောင်း ဒေါက်တာအာရွှန်ကပြောသည်။

ဒေါက်တာအာရွှန်က ၎င်း၏ လူနာများအား အနည်းဆုံးတစ်နှစ်တစ်ကြိမ် ၎င်းနှင့် လာရောက်တွေ့ဆုံရန်အားပေးကြောင်း၊ ထို့အပြင် အရပ်အမောင်းနှင့် ကိုယ်အလေးချိန် စစ်ဆေးခြင်း၊ နှလုံးကျန်းမာရေးနှင့် သွေးတိုးရောဂါများကို တစ်နှစ်တစ်ခါ စစ်ဆေးရန် တိုက်တွန်းကြောင်း သိရသည်။

ထို့အပြင် သွားကျန်းမာရေးကိုလည်း နှစ်စဉ် စစ်ဆေးသင့်ပြီး အသက် ၃၅ နှစ်ကျော်လွန်လာပါက ပုံမှန်အားဖြင့် ငါးနှစ်လျှင်တစ်ကြိမ် ကိုလက်စထရောဓာတ်ကို စစ်ဆေးသင့်ကြောင်း၊ ဆီးချိုရောဂါအတွက် သွေးထဲမှ သကြားဓာတ်ကို စစ်ဆေးခြင်း၊ အသက် ၅၀ ကျော်လာပါက အူမကြီးကင်ဆာရောဂါများကို စစ်ဆေးခြင်းများပြုလုပ်သင့်ကြောင်း ဒေါက်တာအာရွှန်က အကြံပေးပြောကြားသည်။ —Ref: UPI

**မွန်မြတ်ဆေးခန်း** မိသားစုဘဝ၊ ကျန်းမာသုခ၊ မွန်မြတ်ဆေးခန်း၊ အမှန်ယုံကြည်ရ

**ဆေးခန်းသုံး တိုင်းရင်းဆေးများသာ**

**ရန်ကုန်/မော်လမြိုင်**

**လိပ်ခေါင်းရောဂါကုသခြင်း**
- ဆေးကုသချိန်(၁၅)မိနစ်သာကြာပြီး နာကျင်မှုမရှိပါ။
- ဆေးရုံတက်ရန်နှင့် ခွဲစိတ်ရန်မလိုသည့် နောက်ဆုံးပေါ်ဆေးကို အသုံးပြုကုသမှုဖြစ်ပါသည်။

**သွေးတိုးနှင့်ဆက်နွယ်သောနလုံးရောဂါ၊ သွေးထဲအဆီများသူများ ကုသခြင်း**
- (၁)ရက်တစ်ကြိမ်သောက်သုံးခြင်းဖြင့် သွေးဖိအားကို (၂၄)နာရီတည်ငြိမ်အောင် ထိန်းထားပေးနိုင်သည်။
- (၇)ရက်သောက်သုံးပါက ခေါင်းမူး၊ ခေါင်းကိုက်ခြင်း၊ နားအူခြင်း၊ နားလေထွက်ခြင်း၊ မူးမော်ခြင်း၊ စိတ်ဆိုးလွယ်ခြင်း စသည့်ရောဂါလက္ခဏာများကို ဖယ်ရှားပေးသည်။
- (၆)လသောက်သုံးပါက နှလုံးနှင့်ဦးနှောက်သွေးကြောရောဂါ ပြဿနာများကို ဖြေရှင်းတားဆီးကာကွယ်ပေးပါသည်။

**ဆီးချို၊ သွေးချိုရောဂါကုသခြင်း**
- တစ်ကြိမ်လျှင် (တစ်လုံးမှ သုံးလုံး) တစ်နေ့တစ်ကြိမ်မှ နှစ်ကြိမ်သာသောက်သုံးရန်လိုအပ်ပြီး၊ အစားအသောက်အထူးရှောင်ရန်မလို၊ ပုံမှန်စားသောက်နိုင်ပါသည်။
- ဝေဒနာရှင်များသည် အခြေခံအားဖြင့် ဆေးကို (၆)လခန့်သောက်ပြီး လိုအပ်လျှင်အနိမ့်ဆုံးပမာဏကိုသာသောက်၍ ဆီးချို၊ သွေးချိုနှင့် နောက်ဆက်တွဲရောဂါများကိုကာကွယ်နိုင်ပါသည်။

လိပ်စာ-အမှတ်(၅၅)၊ ဘုန်းကြီးလမ်း(အလယ်)၊လမ်းမတော်မြို့နယ် ၊ ရန်ကုန်မြို့၊ ဖုန်း-၀၁ ၂၂၅၃၃၂၊ ၀၉ ၇၃၁ ၇၁၀၃၃
အမှတ်-၁၈၇(A)၊ အောက်လမ်းမကြီး၊ ရွှေတောင်ရပ်၊ မော်လမြိုင်။ ဖုန်း-၀၉ ၄၀၁ ၅၈၅၉၄၅

# Regional

7 DAY NEWS JOURNAL

Vol.11, No.16 • JUNE 28 , 2012


## ဘူးသီးတောင်-မောင်တော ခရီးသည်ယာဉ်များ ပြန်လည်ပြေးဆွဲ

**မောင်ကံ**

**မောင်တော၊ ဇွန်-၂၂**

ဇွန်လ ၈ ရက်က စတင်ဖြစ်ပွားခဲ့သည့် အကြမ်းဖက်မှုများကြောင့် ဘူးသီးတောင်-မောင်တောခရီးသည်ယာဉ်များ ပြေးဆွဲမှုကို ရပ်ဆိုင်းထားခဲ့ရာမှ ဇွန် ၁၉ ရက်တွင် ပြန်လည်ပြေးဆွဲနေပြီဖြစ်ကြောင်း သိရသည်။

ခရီးသည်တင်ယာဉ်များ ပြေးဆွဲရာတွင် လုံခြုံရေးများ ပါဝင်မှုမရှိဘဲ ယခင်ပြေးဆွဲနေကျအတိုင်း ပြေးဆွဲပေးနေခြင်းဖြစ်ပြီး ယာဉ်အစီးရေမှာလည်း နည်းပါးနေသေးကြောင်း သိရသည်။

"အရုဏ်တော့ မထွက်ကြသေးပါဘူး။ နေ့လယ်ဘက်မှာ ဆွဲနေတာဖြစ်ပါတယ်။ လုံခြုံရေးတွေက ကားလမ်းမှာချထားတော့သီးသန့်တင်သွားစရာမလိုပါဘူး" ဟု ယာဉ်မောင်းတစ်ဦးက ပြောသည်။

အရုဏ်နှင့် ညအချိန်ပြေးဆွဲခြင်းမရှိသေးသည့်အတွက် စစ်တွေမှဘူးသီးတောင်သို့ သင်္ဘောဖြင့်လိုက်ပါလာသည့် ခရီးသည်များမှာ သင်္ဘောဆိုက်ချိန်နောက်ကျပါက ဘူးသီးတောင်မြို့တွင် ညအိပ်နားကြပြီး နောက်နေ့ နံနက်ထွက်သည့် ယာဉ်များဖြင့် လိုက်ပါလာကြကာ မောင်တောမှ စစ်တွေသို့သွားမည့် ခရီးသည်များမှာလည်း ဘူးသီးတောင်တွင် တစ်ညအိပ်ပြီးမှ သွားလာနေရကြောင်း သိရသည်။

## နိုင်ငံတကာဘောလုံးကွင်းအနီးဝန်းကျင် မြို့ပြဖွံ့ဖြိုးရေးဇုန်တစ်ခု တည်ဆောက်မည်

**စိုင်းသာအောင်**

**မန္တလေး၊ ဇွန်-၂၁**

မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် နိုင်ငံတကာအဆင့်မီ ဘောလုံးကွင်း တည်ဆောက်မှုစီမံကိန်းနယ်မြေဝန်းကျင် ၇၃ လမ်း၊ သဇင်လမ်းနှင့် ငုရွှေဝါလမ်းကြားရှိ မြေဧက ၄၀ ခန့်တွင် စိတ်ကြိုက်ဒီဇိုင်းရေးဆွဲ၍ မြို့ပြဖွံ့စည်းပုံဒီဇိုင်းများ ရေးဆွဲတင်ပြရန် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီက လိုင်စင်ရဆောက်လုပ်ရေး ကန်ထရိုက်တာများကို ဇွန်လပထမပတ်အတွင်းက ဖိတ်ကြား၍ ဆွေးနွေးခဲ့သည်။

ယင်းမြို့ပြဖွံ့ဖြိုးရေးစီမံကိန်းဆောင်ရွက်မှုနှင့် ပတ်သက်၍ အစည်းအဝေးသို့ ကိုယ်တိုင်တက်ရောက်ခဲ့သူဗိသုကာပညာရှင်တစ်ဦးကို 7 Day News က ဆက်သွယ်မေးမြန်းရာ "ဇွန် ၅ ရက်က မန္တလေးမြို့မှာရှိတဲ့ ဆောက်လုပ်ရေးလုပ်ငန်းရှင် အင်ဂျင်နီယာ ၃၄ ဦးကို ဖိတ်ကြားတာ ၁၈ ဦးတက်ပါတယ်။ အစည်းအဝေးတက်ရောက်တဲ့ ၁၈ ဦးထဲမှာ ၁၄ ဦးက စိတ်ဝင်စားပြီး ပါဝင်ဆောင်ရွက်ကြပါမယ်။ အဲဒီမြို့ပြဖွံ့ဖြိုးရေးဇုန်မှာ ကားပါကင်၊ အဆင့်မြင့်ဟိုတယ်၊ စူပါမားကက်၊ အဆင့်မြင့်လူနေတိုက်ခန်း၊ ဈေး၊ ဆိုင်ခန်း၊ ရေကူးကန်၊ ပန်းခြံ၊ အပန်းဖြေနေရာများ ပါဝင်ပြီး မိမိစိတ်ကြိုက်လုပ်ချင်တဲ့ဒီဇိုင်းတွေကို ဒီလ ၂၅ ရက်မှာတင်ရမှာပါ" ဟု ၎င်းက ဖြေကြားသည်။

အဆိုပါ စီမံကိန်းကို ၂၀၁၃ ဆီးဂိမ်း အားကစားပြိုင်ပွဲ အမီ တည်ဆောက်ရမည်ဟု ညွှန်ကြားထားပြီး ဇွန်လ ၂၃ ရက်တွင် အစည်းအဝေးထပ်မံဖိတ်ကြားထားကြောင်းသိရသည်။ မန္တလေးမြို့ ဆောက်လုပ်ရေး လုပ်ငန်းရှင်အင်ဂျင်နီယာတစ်ဦးက "ဒီနေရာမှာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က နိုင်ငံတကာအဆင့်မီ ဘောလုံးကွင်းကြီးလည်း တည်ဆောက်နေတယ်။ မန္တလေးမြို့သစ်နဲ့ မန္တလေးမြို့ဟောင်းတို့ရဲ့အကြား အလယ်ဗဟိုမှာရှိတော့ နေရာကတော့ တကယ်ကောင်းတဲ့နေရာပါ။ မန္တလေးမြို့သိပ္ပံလမ်းမကြီးနဲ့ မနော်ဟရီလမ်းမကြီးကြား၊ မန္တလေး-ရန်ကုန်လမ်းမကြီးနဲ့လည်းနီးတော့ ဒီနေရာဟာ မန္တလေးမြို့ဖွံ့ဖြိုးမှုဇုန်အဖြစ် အဆောက်အအုံတွေ တည်ဆောက်ပြီးတာနဲ့ စည်ကားလာမှာပါ။ အဲဒီနားက မြေကွက်တွေကလည်း နိုင်ငံတကာအဆင့်မီဘောလုံးကွင်းကြီး တည်ဆောက်တာကို အကြောင်းပြုပြီး အရင်က ပေ ၄၀× ပေ ၆၀ မြေတစ်ကွက် ကျပ်သိန်း ၂၀၀ မှ ကျပ်သိန်း ၄၀၀ ခန့်ရှိရာက အခုမြေတစ်ကွက်အနည်းဆုံး ကျပ်သိန်း ၅၀၀ မှ ကျပ်သိန်း ၃,၀၀၀ အထိ ရှိလာပါတယ်"ဟု ပြောသည်။

## အဆောက်အအုံဆောက်ရန် မြေကျင်းတူးရာမှ စစ်ကျန်လေယာဉ်ချပုံးတစ်လုံးတွေ့ရှိ

**မျိုးမင်းဦး**

**မုံရွာ၊ ဇွန်-၂၀**



မုံရွာမြို့ ဘုန်းစိုးရပ်ကွက် နယ်မြေ(၃) လမ်းသွယ်(၄)မှ အိမ်ပိုင်ရှင် ဦးကျော်ဆန်း၏ နေအိမ်ခြံဝင်းအတွင်း အဆောက်အအုံ ဆောက်လုပ်ရန်မြေကျင်းတူးဖော်ရာမှဒုတိယကမ္ဘာစစ်အတွင်း အသုံးပြုခဲ့သည်ဟုယူဆရသောစစ်ကျန်လေယာဉ်ချ ပုံးတစ်လုံးကို ဇွန်လ ၂၀ ရက်တွင် တူးဖော်တွေ့ရှိခဲ့ကြောင်း သတင်းရရှိသည်။

"မြေကျင်းအနက်တစ်ပေခွဲမှာ လေယာဉ်ချပုံးရဲ့ နောက်ပိုင်းဒလက်သုံးလက်ကို စတွေ့တယ်။ ပုံးရဲ့ ထိပ်ဖူးက မြေအောက်ကို စိုက်မြုပ်နေပြီး နောက်မြီးပိုင်းက ထောင်နေတဲ့ အနေအထားနဲ့ တူးဖော်ရရှိတာပါ။ စစ်ကျန်ပုံးကြီးကို ဒေသဆိုင်ရာ တာဝန်ရှိသူတွေနဲ့ တပ်မတော်အရာရှိကြီးတွေကိုယ်တိုင်ကြီးကြပ်တူးဖော်ပြီး ဘေးကင်းရာကို သယ်ယူသွားပါတယ်" ဟု ဘုန်းစိုးရပ်ကွက် လမ်းသွယ်(၄)နေ စစ်ကျန်ပုံးတူးဖော်ရာတွင် မျက်မြင်ကြုံတွေ့ခဲ့သူတစ်ဦးက ပြောကြားသည်။

"စစ်ကျန်ပုံးလို့ ယူဆရပါတယ်။ လေယာဉ်ချပုံးအမျိုးအစားဖြစ်ပြီး ပုံးအလျား (၄၁) လက်မ၊ လုံးပတ် (၂၅) လက်မ၊ အလေးချိန် ပေါင်(၂၀၀)နီးပါးရှိပါတယ်" ဟု မုံရွာမြို့ဒေသခံ စစ်ဘက်ဆိုင်ရာ တာဝန်ရှိသူတစ်ဦးက ပြောသည်။ ယခုတွေ့ရှိခြင်းသည် မုံရွာမြို့တွင် တတိယအကြိမ်မြောက် စစ်ကျန်ပုံး တူးဖော်တွေ့ရှိခြင်းဖြစ်ကြောင်း မုံရွာဒေသခံများ၏ ပြောကြားချက်အရ သိရှိရသည်။

## မကွေးတွင် ကိုယ်ပိုင်မြေကွက်မဟုတ်သော ဝိုင်းမြေများ လက်ညှိုးထိုးရောင်းချမှုများ အဖြစ်များနေဟုဆို

**စောရန်နိုင်**

**မကွေး၊ဇွန်-၂၀**

မကွေးမြို့ပေါ်တွင် တစ်နေ့တခြား ဝိုင်းမြေများ ဈေးအဆမတန်တက်လာသည့်အတွက် လိမ်လည်ရောင်းချမှုများလာကာ မြေဝိုင်းမြေနေရာများကို ဝိုင်းခတ်မထားခြင်း၊ ဂရုန်မလုပ်ခြင်းများကြောင့် မြို့ပေါ်၌ လိမ်လည်၊ လက်ညှိုးထိုးရောင်းချမှုများ တစ်နေ့တခြား များပြားလာကာ လက်ရှိတွင် အမှုရင်ဆိုင်နေမှုများပါ ရှိလာကြောင်း စုံစမ်းသိရသည်။

မကွေးမြို့ ချမ်းမြေ့သာယာ(၁)ရပ်ကွက်၊(၃)လမ်း၊ဝိုင်းအမှတ်(၃၃/၃၄/၃၅)နေထိုင်သူ ဒေါ်ကြည်လှိုင် (ထန်းကုလားထိုင်ရောင်း)မှာ ယခုလ ၈ ရက် ညနေ ၅ နာရီအချိန်က အမှတ်(၃၃)နေအိမ်၌ရှိနေစဉ် မြေကွက်အမှတ်(၃၄)နှင့်ပတ်သက်၍ ပိုင်ဆိုင်မှုအချင်းများဖူးသူ တစ်လမ်းတည်းနေသူ ဝင်းမြင့်(မြေကွက်အရောင်းအဝယ်ပြုလုပ်သူ)နှင့် ၎င်း၏မိခင် ဒေါ်သိန်းမြင့်မှာ ခြံစည်းရိုးခတ်ထားသည့် ဝါးကတ်နှစ်ကတ်အားဖျက်၍ မြေကွက်အမှတ်(၃၄)နေရာသို့ဝင်ပြီး ခြံစည်းရိုးခတ်ခြင်း ပြုလုပ်ခဲ့သည်။ လက်ရှိမြေကွက်အမှတ် (၃၄)နေရာသည် ယခင်က မကွေးမြို့ ခလရ(၃၀၁)တွင် တာဝန်ထမ်းဆောင်သော တပ်ကြပ်အေးမင်းပိုင် မြေကွက်ဖြစ်ကြောင်း လွန်ခဲ့သော ၂၀၀၁ ဖေဖော်ဝါရီနှင့် မတ်လပိုင်းက တပ်ပြောင်းသွားသဖြင့် မြေကွက်အား စောင့်ရှောက်ပေးရန်အတွက်


စာ(၁၈) သို့





7 DAY NEWS JOURNAL
Vol.11, No.16 • JUNE 28 , 2012

# မီးလောင်ကျွမ်းခဲ့သော နာဂစ်ဈေးမှ ဆိုင် ၃၀ ကျော် မီးအာမခံလျော်ကြေးရမည်

**နိုင်ချို**

**ရန်ကုန်၊ ဇွန်-၂၃**

စစ်တွေမြို့တွင် ဇွန် ၂၆ ရက်က အကြမ်းဖက်မှုများကြောင့် မီး လောင်ကျွမ်းခဲ့သော စက်ရုံစုဈေး (နာဂစ်ဈေး)ရှိ ပျက်စီးဆုံးရှုံးသွားသော ဆိုင်ခန်းများထဲမှ မီးအာမခံထားသည့် ဆိုင် ၃၀ ကျော်အား မီးအာမခံလျော်ကြေးပေးအပ်သွားမည်ဖြစ်ကြောင်း မြန်မာ့အာမခံလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"လျော်ကြေးပမာဏကို လောလောဆယ် မပြောနိုင်သေး ပါဘူး။ ဘာကြောင့်လဲဆိုတော့ ဆိုင်ခန်းတွေက အားလုံးနီးပါးမဆုံးရှုံးတဲ့အတွက် ဆုံးရှုံးသွားတဲ့ ဆိုင်ခန်းတွေကိုစိစစ်ပြီးပေးသွားမှာပါ" ဟု မြန်မာ့အာမခံလုပ်ငန်းမှ ဒုတိယအထွေထွေ မန်နေဂျာဦးစိန်မင်းက ပြောသည်။

မီးလောင်ဆုံးရှုံးမှုကြောင့် ထိုဈေးရှိ ဆိုင်ခန်းများစွာ ပျက်စီးခဲ့ပြီး မီးအာမခံထားသော ဆိုင်ခန်း ၃၀ ကျော်ပါဝင်ခဲ့သည်။ ထိုဆိုင်ခန်းများ၏ စုစုပေါင်း ကာလတန်ဖိုးမှာ ၂၃ ဒသမ ၇၂၅ သန်းရှိကြောင်း မြန်မာ့အာမခံလုပ်ငန်းမှ ထုတ်ပြန်သောစာရင်းဇယားများတွင် ဖော်ပြပါရှိသည်။

ထို့အပြင် စစ်တွေမြို့ပေါ်တွင် ဇွန်လအတွင်းက ဖြစ်ပွားခဲ့သော အကြမ်းဖက်မှုများကြောင့် မြို့ပေါ်ရှိဈေး၊ စာသင်ကျောင်း၊ အစိုးရအဆောက်အအုံ၊ လူနေအိမ်ပေါင်းမြောက်မြားစွာမှာ မီးရှို့ဖျက်ဆီးခြင်း ခံခဲ့ရသည်။ ထို့ကြောင့် မီးလောင်ကျွမ်းမှုခံရသည့် အဆောက်အအုံများထဲမှ စက်ရုံစုဈေးအပြင် အခြားသော အဆောက်အအုံများမှာလည်း အာမခံထားရှိခြင်းရှိ၊ မရှိကို ဆက်လက်၍ စိစစ်ဆောင်ရွက်လျက်ရှိကြောင်း ဦးစိန်မင်းကပြောသည်။



အကြမ်းဖက်သူအချို့ကြောင့် ပြာကျသွားသော နာဂစ်ဈေး




## ရန်ကုန်-မန္တလေး အဝေးပြေးယာဉ်များကို စစ်ဆေးမည်ဟုဆို

**ညီညီဇော်**

**မန္တလေး၊ ဇွန်-၂၃**

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးပေါ်တွင် မောင်းနှင်နေကြသော အဝေးပြေးအဲကွန်းယာဉ်များအား သတ်မှတ်စည်းယာဉ်တိုင်း လိုက်နာမှုရှိ၊ မရှိကို ဌာနစုံပူးပေါင်းအဖွဲ့က စစ်ဆေးအရေးယူသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးပေါ်တွင် မောင်းနှင်နေကြသော ဘတ်စ်ကားကြီးများ၌ ယာဉ်မောင်းသူများသည် ယာဉ်မောင်းလိုင်စင် ရှိရမည်ဖြစ်ပြီး အရည်အချင်းတူ ယာဉ်မောင်းနှစ်ဦးနှင့် ယာဉ်နောက်လိုက်တစ်ဦး ရှိရမည်ဟု ဆိုသည်။ ထို့အပြင် ခရီးသွား၏ တစ်ပိုင်တစ်နိုင် သယ်ယူသည့် ပစ္စည်းမှလွဲ၍ အခြားလေးလံသော ကုန်ပစ္စည်းများ မတင်ဆောင်ရဘဲ ကားအရှိန်ကို ကီလိုမီတာ ၁၀၀ အထက်ကျော်ပြီး မမောင်းနှင်ရန်၊ အရက်သေစာသောက်စားမှုမရှိရန် စသည့်စည်းကမ်းချက်များကို လိုက်နာရမည်ဟု မန္တလေးတိုင်းဒေသကြီး ယကက ယာဉ်လုပ်ငန်းကြီးကြပ်မှုကော်မတီမှ မန္တလေးမြို့ထုတ် နိုင်ငံပိုင်သတင်းစာမှ တစ်ဆင့် သတင်းထုတ်ပြန်ခဲ့သည်။

အမြန်လမ်းမကြီးပေါ်တွင် ခိုးဝင် မောင်းနှင်လာကြသည့် တရားမဝင်ယာဉ်များ၊ ခရီးသွားယာဉ်များအား အမျိုးမျိုး နှောင့်ယှက်သူများ သတ်မှတ်မိုင်နှုန်းထက်ကျော်လွန် မောင်းနှင်နေသော ယာဉ်များအား အဝေးဖမ်းစီစီတီဗီကင်မရာ တပ်ဆင်၍ မှတ်သားထားခြင်း၊ အရက်သေစာသောက်စားခြင်း ရှိ၊ မရှိကို တိုင်းတာရေးကိရိယာဖြင့် စစ်ဆေးဖော်ထုတ်ခြင်းစသည်တို့ကို စစ်ဆေးအရေးယူသွားမည်ဟု ယင်းကြေညာချက်တွင် ဖော်ပြပါရှိသည်။

"ခုဟာကတော့ အမြန်လမ်းပေါ်မှာ စစ်တာပေါ့။ မြို့ထဲမှာလည်း ယကက (ယာဉ်လုပ်ငန်းကြီးကြပ်မှုကော်မတီ)၊ ယာဉ်ထိန်းရဲရယ်၊ မြို့နယ်နဲ့ ခရိုင်က ဒေသအာဏာပိုင်တွေရယ်၊ ပစန(ပို့ဆောင်ရေး စီမံကိန်းဦးစီးဌာန)က တာဝန်ရှိသူတွေရယ် ပူးပေါင်းပြီး ယာဉ်တွေကို စစ်ဆေးနေကြပါတယ်။ သတ်မှတ်လိုင်စင်နဲ့ မောင်း မမောင်း၊ ကိုယ့်လိုင်စင်နဲ့ ကိုယ်မောင်း မမောင်း၊ လိုင်စင်သက်တမ်းပျက်နေပြီးလား။ နောက်ပြီး ယာဉ်သက်သေခံ လက်မှတ်တွေပါ မပါ အကုန်လုံးကို စစ်ဆေးနေပါတယ်" ဟု ဌာနစုံပူးပေါင်းအဖွဲ့တွင် ပါဝင်သည့် ကညန မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အမြန်လမ်းပေါ်တွင် စစ်ဆေးမည့်ဌာနစုံပူးပေါင်းအဖွဲ့တွင် ဆောက်လုပ်ရေး အင်ဂျင်နီယာအဖွဲ့များ၊ အမြန်လမ်းရဲတပ်ဖွဲ့ဝင်များ၊ ကညနမှ တာဝန်ရှိသူများ၊ တိုင်း ယကက (အဝေးပြေး)မှ တာဝန်ရှိသူများပါဝင်သည်ဟုသတင်းရရှိသည်။

7 DAY NEWS JOURNAL
Vol.11, No.16 • JUNE 28 , 2012

# စကိုင်းဝေါ ဈေးဝယ်စင်တာ ပြန်ဖွင့်မည်

**ညီညီဇော်**

**မန္တလေး၊ ဇွန် - ၂၃**

မီးသင့်ရတနာပုံဈေးနေရာတွင် ပြန်လည်တည်ဆောက်ထားသော ရတနာပုံစူပါစင်တာ ပထမထပ်တွင် စကိုင်းဝေါဈေးဝယ်စင်တာကို ပြန်လည်ဖွင့်လှစ်နိုင်ရန် စီစဉ်နေကြောင်း သတင်းရရှိသည်။

အထက်မြန်မာပြည်၏ ပထမဆုံး ဈေးဝယ်စင်တာဖြစ်ခဲ့သည့် စကိုင်းဝေါ ဈေးဝယ်စင်တာကို ရတနာပုံစူပါစင်တာ ပထမထပ်တွင်ဖွင့်လှစ်ရန်မြို့တော်စည်ပင်မှ နေရာပေးထားပြီးဖြစ်ပြီး ပြန်လည်ဖွင့်လှစ်နိုင်ရန် ဆိုင်ခန်းရှင်များ အစီအစဉ် ရေးဆွဲ၍ အကောင်အထည်ဖော်နေကြကြောင်း သိရသည်။

သို့သော် စကိုင်းဝေါကို ပြန်လည်ပေးသည့်အကျယ်အဝန်းမှာ ယခင်အနေအထားထက် ၆၃ ရာခိုင်နှုန်းခန့်သာ ပေးထားမှုကြောင့် ဆိုင်ခန်းရှင်များအတွက် အခက်ကြုံနေကြောင်း ဆိုင်ခန်းရှင်များက ပြောသည်။

"အရင်က စကိုင်းဝေါရဲ့ ဧရိယာကစတုရန်းပေပေါင်း၁၀၈,၀၀၀လောက်ရှိတယ်။ အခုကျတော့ စတုရန်း ပေ ၆၇,၅၁၆ ပဲ ပြန်ပေးတယ်။ ဆိုင်ခန်းအားလုံး အချိုးကျလျှော့ခံရမှာဆိုတော့ ဥပမာ-၁၀ ပေ× ၁၅ ပေရှိတဲ့ အခန်းက အလျှော့ခံရင် ဘာမှ လုပ်စားလို့မရတော့ဘူးလေ။ ဆိုင်ခန်းတွေ အကုန်လုံးကျဉ်းကျဉ်းလေးတွေ ဖြစ်ကုန်ပြီ။ ရှော့ပင်းမောလ်ကလည်း အရင်လို မခမ်းနားနိုင်တော့ဘူး" ဟု ယင်းရှော့ပင်းမောလ်မှ ဆိုင်ခန်းရှင်တစ်ဦးကပြောသည်။



ဓာတ်ပုံ - ညီညီဇော်

၂၀၀၈ ခုနှစ် မီးလောင်ပြီး နှစ်ပတ်ခန့်အကြာတွင် ဌာနဆိုင်ရာမှ ဈေးသူဈေးသားများကို ခေါ်ယူပြီး အစည်းအဝေး ပြုလုပ်ကာ ဆိုင်ခန်းများအားလုံးကို ယခင်အတိုင်း ပြန်လည်နေရာချထားပေးမည်ဟုပြောခဲ့ကြောင်း၊ သို့သော် မီးလောင်ပြီး လေးနှစ်ကျော်အကြာ ယခု ပြန်လည်နေရာချထားပေးရာတွင် ယခင်စတုရန်းပေအတိုင်း ချထားမပေးဘဲ မီးမလောင်မီ ဧရိယာထက် ၃၇ ဒသမ ၅ ရာခိုင်နှုန်း အလျှော့ခံခဲ့ရကြောင်း၊ ထို့ကြောင့် ဆိုင်ခန်းများ ပြန်လည်နေရာချထားရန် အခက်အခဲရှိကြောင်း ဆိုင်ခန်းရှင်များကပြောသည်။

ထို့ကြောင့် လိုအပ်နေသောနေရာကို ယခု ဝယ်ယူထားသော တစ်စတုရန်းပေ ကျပ်လေးသောင်းနှုန်းဖြင့် ရောင်းပေးစေလိုကြောင်း ၎င်းတို့ကပြောသည်။

ရတနာပုံဈေးကြီးမှာ ၂၀၀၈ ခုနှစ် ဖေဖော်ဝါရီ ၂၅ ရက်က မီးစတင်လောင်ကျွမ်းပျက်စီးခဲ့ပြီး ယင်းနေရာတွင် ရတနာပုံ စူပါစင်တာနှင့် ဒိုင်းမွန်းပလာဇာကိုတည်ဆောက်ခဲ့သည်။

ယခု မီးလောင်ပြီး လေးနှစ်ကျော်အကြာတွင် ဒိုင်းမွန်းပလာဇာမှာ အထပ်တိုင်းနီးပါး ဖွင့်လှစ်နိုင်ပြီဖြစ်ပြီး ရတနာပုံစူပါစင်တာမှာမူ မြေအောက်ထပ် ကုန်စိမ်းကုန်ခြောက်၊ သားငါးတန်းနှင့် မြေညီထပ် လူသုံးကုန်ပစ္စည်း တန်းများသာ ဖွင့်လှစ်နိုင်သေးသည်ဟု သတင်းရရှိသည်။

# မုံရွာပြည်သူ့ဆေးရုံတွင် အိန္ဒိယနိုင်ငံမှ ဆရာဝန်ကြီးများနှင့် ဒေသခံဆရာဝန်များ ပူးပေါင်း၍ အခမဲ့ကုသပေး

**မျိုးမင်းဦး**

**မုံရွာ၊ဇွန်-၂၀**

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် အိန္ဒိယနိုင်ငံကောင်စစ်ဝန်ချုပ်ရုံး(မန္တလေး)တို့ပူးပေါင်း၍ မုံရွာ ပြည်သူ့ဆေးရုံကြီးတွင် ဒေသခံအထူးကုဆရာဝန်ကြီးများနှင့် အိန္ဒိယနိုင်ငံ အထူးကုပါရဂူဆရာဝန်ကြီးများက ဒေသခံပြည်သူများအား နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ၊ ကျောက်ကပ်ရောဂါ၊ ဦးနှောက်နှင့် အာရုံကြောရောဂါ၊ အစာအိမ်အူလမ်းကြောင်းရောဂါ၊ အရိုးရောဂါ များ အခမဲ့စမ်းသပ်ကုသပေးခြင်း ကို ဇွန်လ ၁၆ ရက် နံနက်ပိုင်းက ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါအိန္ဒိယအထူးကုဆရာဝန်များအဖွဲ့သည်ဇွန်လ ၂၈၊ ၂၉နှင့် ၃၀ရက်များတွင် ရန်ကုန်၊ မန္တလေးနှင့် တောင်ကြီးမြို့များ၌ အိန္ဒိယနိုင်ငံမှ ကျောက်ကပ် အစားထိုးခွဲစိတ်ဆရာဝန်ကြီးက အခမဲ့စမ်းသပ်စစ်ဆေးပေးမည်ဖြစ်ကြောင်း သိရှိရသည်။ လာမည့်ဇူလိုင်လအတွင်း မန္တလေးမြို့ ပြည်သူ့ဆေးရုံကြီးတွင် အိန္ဒိယနိုင်ငံမှနှလုံးရောဂါအထူးကုဆရာဝန်ကြီးက အခမဲ့စမ်းသပ်ကုသပေးမည်ဖြစ်သောကြောင့်ဆေးဝါးကုသမှုခံယူလိုသူများအနေဖြင့် မန္တလေးမြို့ အိန္ဒိယနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံးသို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရသည်။

# မဇ္ဈူသကနတ်ပန်း တစ်ပိဿာ ကျပ်သုံးသောင်းဈေးဖြင့် တရုတ်မှဝယ်ယူ

**မိုးဇော်**

**မတူပီ၊ဇွန်-၁၉**

ဆေးဘက်ဝင်အလေ့ကျပေါက်ပင်တစ်မျိုးဖြစ်သည့် မဇ္ဈူသကနတ်ပန်းပင်များကိုယခုအခါ တစ်ပိဿာလျှင် ၃၀,၀၀၀ ကျပ်ဖြင့် ဈေးကောင်းပေးဝယ်ယူနေကြောင်း ဈေးကွက်မှစုံစမ်းသိရသည်။

လွန်ခဲ့သည့်ငါးနှစ်က ၃၀,၀၀၀ ကျပ်ဈေးဖြစ်ခဲ့ပြီး တစ်စထက်တစ်စ ဈေးနှုန်းကျဆင်းခဲ့ရာမှ ယမန်နှစ်က ၁၅,၀၀၀ ကျပ်သာဖြစ်ခဲ့ကြောင်း မတူပီမြို့နယ်မှ မဇ္ဈူသကပန်းဈေးကွက်မှသိရသည်။ ယခုအခါပြည်တွင်းမှ ပရဆေးကုန်ကြမ်းအဖြစ် ထုတ်လုပ်ကြပြီး အမှာများခြင်းကြောင့်လည်းတန်ဖိုးမြင့်လာခြင်းဖြစ်သည်။ တရုတ်နိုင်ငံက မဇ္ဈူသကနတ်ပန်းကို မန္တလေးမှ တစ်ဆင့်မှာယူပြီး အရည်အသွေးအဓိကထားကာ ဝယ်ယူကြသည်။ "မြန်မာနိုင်ငံအနယ်နယ်အရပ်ရပ်မှာမဇ္ဈူသကနတ်ပန်းအတွေ့ရနည်းပါတယ်။ ချင်းပြည်နယ် မတူပီမှာတော့ တွေ့ရတယ်။ နှလုံးရောဂါကိုပျောက်ကင်းစေပြီး အမျိုးသားများ ခွန်အားတိုးစေဖို့မှီဝဲလေ့ရှိပါတယ်" ဟု အဆိုပါဒေသတွင် တာဝန်ထမ်းဆောင်ခဲ့သူတစ်ဦးကပြောသည်။

# ရင်းနှီးမြှုပ်နှံသူများကြောင့် ယင်းမာပင်မြို့နယ် အောင်ဇေယျအိမ်ရာစီမံကိန်းအိမ်ဈေးတက်

**မျိုးမင်းဦး**

**မုံရွာ၊ဇွန်-၂၀**

မုံရွာမြို့ပေါ်ရပ်ကွက်များတွင်အိမ်ခြံမြေဈေးကွက် တစ်နှစ်ထက်တစ်နှစ် မြင့်တက်လာသည့်နောက်ပိုင်း မုံရွာမြို့နှင့် ချင်းတွင်းမြစ်ခြားသောယင်းမာပင်မြို့နယ်၊ ကံချောင်းကျေးရွာအုပ်စု၊ အောင်မိုးကျေးရွာ၊ အောင်ဇေယျအိမ်ရာစီမံကိန်းမှာ မုံရွာမှအိမ်ခြံမြေ ရင်းနှီးမြှုပ်နှံသူများကြောင့် အိမ်ခြံမြေဈေးထက်ဝက်နီးပါး မြင့်တက်လာကြောင်း ဒေသခံအိမ်ခြံမြေရောင်းဝယ်သူများကပြောသည်။

"မုံရွာ-ပုသိမ် လမ်းမကြီးဘေးနဲ့ မုံရွာ-ယာကြီးလမ်းမကြီးဘေးမှာရှိတဲ့ အိမ်ခြံမြေဈေးကပြီးခဲ့တဲ့နှစ်ကထက် ဈေးနှစ်ဆလောက် ခုန်တက်သွားတယ်။ အိမ်ခြံမြေဈေးတွေက ခုန်တက်သွားတယ်ဆိုပေမယ့်ရောင်းသူနည်းပြီး ဝယ်သူများနေတာလည်းပါတယ်။ ဒီနှစ်အိမ်ခြံမြေဝယ်သူတွေက ဒေသခံတောင်သူတွေနည်းတယ်။ မုံရွာမြို့ပေါ်က စီးပွားရေးလုပ်ငန်းရှင်တွေ၊ အိမ်ခြံမြေရောင်းဝယ်သူတွေနဲ့ ချင်းတွင်းမြစ်အထက်ပိုင်းက ရွှေလုပ်ငန်းရှင်တွေနဲ့ ကျောက်မျက်ရတနာကုန်သည်တွေ အဝယ်များတယ်။ အိမ်ခြံမြေဝယ်သူများလေ မြေဈေးတွေ ခုန်တက်လေဖြစ်နေသလို အိမ်ခြံမြေဈေးခေါ်တာလည်းလက်ရှိပေါက်ဈေးထက် ပိုခေါ်ကြတယ်"ဟု မုံရွာ-ယာကြီးလမ်း အောင်ဇေယျအိမ်ရာစီမံကိန်း အိမ်ခြံမြေအကျိုးဆောင်တစ်ဦးကပြောသည်။

"မုံရွာ - ယာကြီး လမ်းရဲ့တောင်ဘက်နဲ့ မြောက်ဘက်မှာ အောင်ဇေယျအိမ်ရာစီမံကိန်း မြေကွက်(၁,၀၀၀)ကျော် ဖော်ထုတ်ခဲ့တာ။ ကျောက်ကုန်းမြေတွေပါသလို လယ်ယာစိုက်လို့ရတဲ့ မြေတွေလည်းပါတယ်။ အရင်တုန်းက မြေဈေးက သိပ်မတန်ဘူး။ အခုအိမ်ခြံမြေ ဖော်ထုတ်ပြီးတဲ့အချိန်မှာ လူနေအိမ်တွေနဲ့ စည်နေပြီ" ဟု မုံရွာမြို့မှ ဝါရင့်အိမ်ခြံမြေအကျိုးဆောင်တစ်ဦးကပြောသည်။ အဆိုပါ အိမ်ရာစီမံကိန်းတွင် ယခင်က ကျပ်ငါးသိန်းတန် ပေ(၆၀)ပတ်လည် မြေကွက်တစ်ကွက်ကို ယခုအခါ အနည်းဆုံးကျပ်ဆယ့်ခုနစ်သိန်းမှ သိန်းသုံးဆယ်ဝန်းကျင်အထိ ဈေးပေါက်လျက်ရှိကြောင်း ယင်းအိမ်ခြံမြေအကျိုးဆောင်ကပြောသည်။ ယခင်ကျပ်ရှစ်သိန်းဈေးပေါက်သော ပေ (၆၀) ပတ်လည် မြေကွက်တစ်ကွက်ကို အနည်းဆုံးကျပ်နှစ်ဆယ့်ငါးသိန်းမှ သိန်းခုနစ်ဆယ်အထိ ဈေးပေးဝယ်နေကြောင်း သိရသည်။ "အခုနောက်ပိုင်းအောင်မိုးကျေးရွာ ဘောလုံးကွင်းကို အိမ်ခြံမြေဖော်ထုတ်ပြီး ဗီအိုင်ပီအိမ်ရာ မြေကွက်ဆိုပြီး ဖော်ထုတ်တာ လမ်းဘေးအိမ်ခြံမြေလျှောက်ထားလျှင် တစ်ကွက်ကိုသိန်းလေးဆယ်နဲ့ လျှောက်ထားရတဲ့ ပေ(၈၀)ပတ်လည်မြေကွက်တစ်ကွက်ကို အခုသိန်းသုံးရာကနေ သိန်းသုံးရာ့ငါးဆယ်အထိဈေးခုန်တက်သွားတယ်။ မုံရွာ-ပုသိမ်လမ်းဘေးမှာ ဗီအိုင်ပီမြေကွက်ဆိုတဲ့ ပေ(၈၀)ပတ်လည်မြေကွက်(၁၀၀)နီးပါးကိုဖော်ထုတ်ထားတဲ့နေရာတွေမှာ ဝင်းခြံတွေနဲ့ စည်ကားနေပြီ"ဟု မုံရွာမြို့ဒေသခံ ဝါရင့် အိမ်ခြံမြေအကျိုးဆောင်တစ်ဦးကပြောသည်။ စာ(၁၈) သို့

HAPPY PEST KILLER
ဟက်ပီး ပိုးမွှားနှိမ်ဆေးသည် . . .
❖ ဆေးဂန္ဓမာ (Pyrethrum) ဖြစ်၍ အန္တရာယ်မဖြစ်နိုင်ပါ။
❖ ဓာတ်ပြိုကွဲမှုမြန်ဆန်၍ ပတ်ဝန်းကျင်ညစ်ညမ်းမှု မဖြစ်စေပါ။
❖ ကြမ်းခင်း၊ နံရံ နှင့် ပရိဘောဂများကို အရောင်လွင့်ခြင်းမဖြစ်စေပါ။
❖ ဂျပိုး၊ ခြ၊ ပုရွက်ဆိတ်၊ ပိုးဟပ်၊ မှား၊ သန်း- အိမ်မွေးတိရိစ္ဆာန်တွင် စွဲကပ်သောပိုးမွှားများ- အပင်ရှိပိုးမွှားများ ကိုထိရောက်စွာ နှိမ်နင်းနိုင်ပါသည်။
❖ အနံ့အသက်၊ အရောင် စွန်းပေခြင်း မရှိပါ။
Super Market စတိုးဆိုင်
ကုန်မာဆိုင် များတွင်ရရှိနိုင်ပါသည်။


အမှတ်(၄၃)၊ သမ္မာဒိဋ္ဌိလမ်း၊ တာမွေ၊ ရန်ကုန်။
ဖုန်း - ၀၁-၅၅၄၈၂၈၊ ၂၀၉၂၉၀၊ ၀၉-၇၃၀၂၇၇၃၃၊
၀၉-၅၁၅၄၃၀၀၊ ၀၉-၅၁၅၄၆၀၀

T.T.O Trading Co., Ltd.
အမှတ် ၁၀၀၇-၁၀၀၈၊ ၁၀လွှာ၊ ယုဇနတာဝါ၊ ရွှေဂုံတိုင်၊
ဗဟန်းမြို့နယ်၊ ဖုန်း-၅၅၉၅၁၈၊ ၅၅၂၇၂၀
Germany နိုင်ငံ Denk Pharma Co., Ltd. နှင့် Czech နိုင်ငံ Walmark Co., Ltd. မှ ဆေးများကို တစ်ဦးတည်းကိုယ်စားလှယ်အဖြစ်တင်သွင်းဖြန့်ချီနေသော T.T.O Trading Co.,Ltd. တွင် အောက်ပါရာထူးများအတွက်ဝန်ထမ်းများလိုအပ်လျက်ရှိပါသည်။ စိတ်ပါဝင်စားသူများဖော်ပြထားသောလိပ်စာအတိုင်း ၆ လအတွင်းရိုက်ထားသော ဓါတ်ပုံ(၁)ပုံနှင့် ရုံးချိန်အတွင်းလာရောက်လျှောက်ထားနိုင်ပါသည်။
(၁) အလုပ်သင် Medical Representative (မ) (၅)ဦး
- ဘွဲ့ရပြီးဖြစ်ရမည်။
- အသက် ၂၅ နှစ်အောက်
- သွက်လက်ဖျတ်လတ်ပြီး ဆက်ဆံရေးပြေပြစ်ရမည်။
- နယ်ခရီးသွားနိုင်ရမည်။
(အတွေ့အကြုံရှိရန် မလိုပါ။)



Thai Airways နှင့် ဘမ်ရွှမ်ဂရက်ဆေးရုံတို့ ပူးပေါင်းစီစဉ်သော
ကျန်းမာရေးစစ်ဆေးမှု အထူးလျှော့ဈေးနှုန်းများ
နှလုံးသွေးသန့် စစ်ဆေးမှု from US$ 572
အသည်းသွေးသန့် စစ်ဆေးမှု from US$ 555
အစာအိမ်နှင့်အူလမ်းကြောင်းစစ်ဆေးမှု from US$ 1375

၂၀၁၂ ဇွန်လ (၂၅) ရက်နေ့မှစ၍ ဩဂုတ်လ (၃၁) ရက်နေ့အထိ ဝယ်ယူနိုင်ပါပြီ။
အသေးစိတ်သိရှိလိုပါက
Air Ticketing Agent များတွင် စုံစမ်းဝယ်ယူနိုင်ပါသည်။

7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.11, No.16 · JUNE 28 , 2012

# ပြည်ခိုင်ဖြိုးပါတီက မြစ်သားမြို့ရှိ တစ်ကေကျော် မြေကွက်ကို မြေပေးမိန့်လျှောက်ထားမှုအပေါ် ဒေသခံအချို့ကန့်ကွက်

**ညီညီဇော်**

**မန္တလေး၊ ဇွန် - ၁၆**

မြစ်သားမြို့တွင် ၁ ဒသမ ၃၃၅ ကေ ရှိသောမြေကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီက မြေပေးမိန့်လျှောက်ထားသည့်အပေါ် မြို့ခံအချို့က ကန့်ကွက်ခဲ့ကြောင်း သတင်းရရှိသည်။

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ် ရွှေသူဌေးရပ်ကွက်ရှိ မြေကို ယင်းမြို့ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၏ ဗဟိုဌာနချုပ်ပိုင်မြေအဖြစ် မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လျှောက်ထားမှုကို မြို့ခံခုနစ်ဦးက ကန့်ကွက်စာတင်ခဲ့ကြခြင်းဖြစ်သည်။ မြို့ခံခုနစ်ဦးနှင့်အတူ နိုင်ငံရေးပါတီတစ်ခုနှင့် ဌာနဆိုင်ရာတစ်ခုမှလည်း ကန့်ကွက်မည်ဟု မြို့ခံတစ်ဦးက ပြောသည်။

အဆိုပါမြေပေါ်တွင်မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်က မြို့နယ်ပါတီယူနစ်ရုံးအဖြစ် အသုံးပြုခဲ့သည့်ပင်မနှစ်ထပ်အဆောက်အအုံကြီးတစ်ခု၊ ထိုခေတ်ကပင် မြစ်သားမြို့ရှိ အခြေခံအလုပ်သမားများနှင့် မြို့သူမြို့သားများ ငွေအား၊ လူအားများဖြင့် တည်ဆောက်ခဲ့သည်ဟုဆိုသည့် လုပ်အားကြေးမုံခန်းမ၊ အလုပ်သမားအစည်းအရုံး အဆောက်အအုံ၊ လမ်းစဉ်လူငယ်အစည်းအရုံး အဆောက်အအုံ၊ မြို့နယ် တောင်သူလယ်သမားအစည်းအရုံး အဆောက်အအုံ အစရှိသည့် အဆောက်အအုံများ တည်ရှိနေသည်ဟု မြို့ခံများကပြောသည်။ အဆိုပါ အဆောက်အအုံများကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီသည် ၂၀၀၈ ခုနှစ်ကတည်းက မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ကျပ်နှစ်သိန်းတိတိဖြင့် လွှဲပြောင်းရောင်းချမှုကိုရရှိခဲ့ပြီးပြီဟု ကန့်ကွက်သူများက ပြောသည်။

မြစ်သားမြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ အတွင်းရေးမှူး ဦးအောင်ကြည်က "ကျွန်တော်တို့က ၂၀၀၉ ခုနှစ် အသင်းဘဝကတည်းက လျှောက်ထားတာပါ။ သူတို့ကလည်း ကန့်ကွက်သင့်တယ်ထင်လို့ ကန့်ကွက်တယ်။ ကျွန်တော်တို့ကလည်း ပိုင်ဆိုင်သင့်တယ်ထင်လို့ လျှောက်တယ်။ အထက်အဖွဲ့အစည်းအဆင့်ဆင့်က ဥပဒေအတိုင်း ဆုံးဖြတ်တာကို နာခံရမှာပါ"ဟုပြောသည်။

အဆိုပါကန့်ကွက်မှုတွင် ပါဝင်ခဲ့သည့် မြစ်သားဒေသခံ ဦးသာအောင်က "အသင်းဆိုရင် ကန့်ကွက်စရာအကြောင်းမရှိဘူး။ ခုဟာက ပါတီဖြစ်သွားလို့ ကန့်ကွက်တာ။ သူ့ပါတီမှ မဟုတ်ဘူး။ တခြားပါတီဆိုလည်း ကန့်ကွက်မှာပဲ"ဟုပြောသည်။

"နယ်သူနယ်သားတွေရဲ့ ချွေးတွေရော ငွေတွေပါ ရင်းထားရလို့ပါ"ဟု ကန့်ကွက်မှုတွင် ပါဝင်လက်မှတ်ထိုးခဲ့သည့် အငြိမ်းစား ပညာရေးဝန်ထမ်းတစ်ဦးက ဆိုသည်။ ၁၉၉၀ပြည့်နှစ်က မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီသည် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီအဖြစ် ဖွဲ့စည်းခဲ့ပြီး ရုံးအဖြစ် အသုံးပြုရန် ၎င်းတို့ဦးစီးဆောက်လုပ်ခဲ့သော ခန်းမကြီးနှင့် အဆောက်အအုံများကို တောင်းခံခဲ့ရာနိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့အစိုးရမှ နိုင်ငံတော်ပိုင်မြေပေါ်တွင်ရှိပြီး လူထုလုပ်အားဖြင့် ဆောက်လုပ်ထားခြင်းဖြစ်သောကြောင့်နိုင်ငံရေးပါတီတစ်ခုအနေဖြင့်ပိုင်ဆိုင်ခွင့်မပြုနိုင်ကြောင်း ဆုံးဖြတ်ခဲ့သည်ဟု ယင်းကိစ္စကို သိမီလိုက်သည့်မြို့ခံများက ပြောသည်။

## စာ(၁၈) မကွေးတွင် ကိုယ်ပိုင်မြေကွက်မဟုတ်သော ဝိုင်းမြေများ လက်ညှိုးထိုးရောင်းချမှုများ အဖြစ်များနေဟုဆို မှ

ရပ်ကွက်ဥက္ကဋ္ဌ ဦးချစ်ဝင်း၏ရှေ့၌ ထောက်ခံချက်ဖြင့် ဒေါ်ကြည်လှိုင်ထံ အပ်နှံထားသော မြေကွက်ဖြစ်သည်ဟုဆိုသည်။

အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ ဦးဝင်းမြင့်နှင့် ဒေါ်သိန်းမြင့်တို့ကတပ်ကြပ်အေးမင်းထံမှ ဝယ်ထားသည့် ၎င်းပိုင်မြေကွက်ဖြစ်ကြောင်းပြောဆိုပြီး ခွင့်ပြုချက်မရရှိဘဲ ဒေါ်ကြည်လှိုင်ခတ်ထားသည့် ခြံဝင်းအား ဖျက်ဆီးပြီး ခြံအတွင်းဝင်ရောက်၍ မြေကွက်အမှတ်(၃၄) အား ခြံခတ်မှုပြုလုပ်ခဲ့သဖြင့် အဆိုပါနှစ်ဦးအား မကွေးအမှတ်(၁) ရဲစခန်းက (ပ) ၁၅၈/၁၂၊ ပုဒ်မ၄၄၇/၄၂၇/၁၁၄ဖြင့် အမှုဖွင့်ထားကြောင်း သိရသည်။

## စာ(၁၇) ရင်းနှီးမြှုပ်နှံသူများကြောင့် ယင်းမာပင်မြို့နယ် အောင်ဇေယျ အိမ်ရာစီမံကိန်းအိမ်ဈေးတက် မှ

"လွန်ခဲ့တဲ့ ၁၉၇၅ ခုနှစ်အထိ ရာသီဥတုကောင်းတဲ့အတွက် အခုအိမ်ရာစီမံကိန်းလုပ်တဲ့ မြေတွေအားလုံး နှမ်း၊ ပြောင်း၊ ပဲစဉ်းငုံ စိုက်ပျိုးမြေတွေပါ။ ၁၉၇၈ ခုနှစ်အထိတော့ စိုက်ခင်းတွေ စိုက်ခဲ့ပေမယ့် ရာသီဥတုဖောက်ပြန်တဲ့အတွက် သီးနှံစိုက်လို့မရတဲ့ ကျောက်ကုန်းမြေတွေဖြစ်လာတယ်။ နောက်ပိုင်း သီးနှံမစိုက်ပေမယ့် ထင်းစိုက်ခင်းတွေအဖြစ် စိုက်ခဲ့ကြသေးတယ်။ ကျောက်ကုန်းမြေတွေက စိုက်လို့ပျိုးလို့မရတော့ မြေဈေးက သိပ်မတန်ဘူး။ အနောက်ပိုင်းကမြေညိုတွေကတော့ ဒီနေ့အထိ သီးနှံစိုက်တုန်းပျိုးတုန်းမြေတွေလည်းပါတယ်။ အခုအိမ်ရာစီမံကိန်း ဖော်ထုတ်တော့ အရင်လေးငါးဆယ်သိန်းတန်တဲ့ မြေကွက်တွေသိန်းရာနဲ့ချီနေပြီ"ဟု အောင်မိုးကျေးရွာဒေသခံတောင်သူကြီးတစ်ဦးက ပြောသည်။

# မန်းတွင် ဆိုင်ကယ်နှင့်ထိခိုက်၍ သူတစ်ပါးထိခိုက်မှု အာမခံလျော်ကြေး အများဆုံးပေးနေရ



**ညီညီဇော်**

**မန္တလေး၊ ဇွန်- ၂၃**

မန္တလေးမြို့ရှိ မြန်မာ့အာမခံလုပ်ငန်းသို့ သူတစ်ပါးထိခိုက်မှု အာမခံကြောင့် အာမခံကြေးလာထုတ်ရာတွင် ဆိုင်ကယ်နှင့်ထိခိုက်မှုကြောင့် အာမခံကြေးလာရောက်ထုတ်ယူသူပိုမိုများပြားလာကြောင်း သတင်းရရှိသည်။

"ဆိုင်ကယ်ကြောင့် ထိခိုက်လို့ အာမခံကြေး လာထုတ်တာက ကားထက်များလာတယ်" ဟု မြန်မာ့အာမခံလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။ မန္တလေးမြို့တွင် ယခုလက်ရှိ ကညနမှ မှတ်ပုံတင်ထားသော စာရင်းအရ မြို့ပေါ်တွင်ပင် ဆိုင်ကယ်အစီးရေသုံးသိန်းခြောက်သောင်းကျော်ခန့် ရှိပြီး လက်ရှိ လိုင်စင်ပြုလုပ်ပေးနေသည့် ဆိုင်ကယ်များ ပါဝင်လာပါက မန္တလေးမြို့ပေါ်၌ ဆိုင်ကယ်အစီးရေ လေးသိန်းကျော်လာမည်ဖြစ်ကြောင်း ကညနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မည်သည့် စက်တပ်ယာဉ်ကြောင့်မဆို ထိခိုက်မှုဖြစ်ပွား၍ သေဆုံးခြင်းသော်လည်းကောင်း၊ ထိခိုက်ဒဏ်ရာ ရရှိခြင်းသော်လည်းကောင်း၊ ဖြစ်ပွားပါက နီးစပ်ရာ မြန်မာ့အာမခံရုံးခွဲများ၌ နစ်နာကြေးလျှောက်ထားနိုင်ကြောင်း မြန်မာ့အာမခံလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ဆိုင်ကယ်လိုင်စင်ပြုလုပ်ရာတွင် ပရီမီယံကြေး(အာမခံကြေး) အတွက် တစ်နှစ်လျှင် ၈၀၀ ကျပ်နှုန်းဖြင့် ဆိုင်ကယ်လိုင်စင်သက်တမ်း ၂ နှစ်စာ ၁,၆၀၀ ကျပ်ပေးသွင်းရသည်။ "ဆိုင်ကယ်ကြောင့်ပဲဖြစ်ဖြစ် မော်တော်ယာဉ်တစ်ခုခုကြောင့် ထိခိုက်မိရင် သေဆုံးရင် ငါးသိန်းပေးပါတယ်။ ဒဏ်ရာရရှိမှုအတွက်ကတော့ ရရှိတဲ့ဒဏ်ရာပေါ်မှာမူတည်ပြီး ဆရာဝန်ဆေးထောက်ခံချက်အရ သတ်မှတ်ထားတဲ့ အချိုးအစားအတိုင်း အနိမ့်ဆုံး နှစ်သောင်းကျပ်ကနေ အမြင့်ဆုံးလေးသိန်းထိ ခံစားခွင့်ရရှိပါတယ်" ဟု ယင်းတာဝန်ရှိသူက ပြောသည်။

မော်တော်ယာဉ်ဖြင့် ထိခိုက်မှုဖြင့် အာမခံကြေးထုတ်ယူမည်ဆိုပါက ကာယကံရှင်လျှောက်လွှာပုံစံ၊ ရဲစခန်းထောက်ခံချက်ပုံစံ၊ ပြည်သူ့ဆေးရုံထောက်ခံစာပုံစံတို့ကို မြန်မာ့အာမခံလုပ်ငန်းမှ အခမဲ့ထုတ်ပေးမည်ဖြစ်ပြီး အဆိုပါ ပုံစံများ ဖြည့်စွက်ပြီးပါက မှတ်ပုံတင်မိတ္တူ၊ အိမ်ထောင်စုဇယားမိတ္တူတို့ဖြင့် တွဲပြီးတင်ရမည်ဟု မြန်မာ့အာမခံလုပ်ငန်းမှ တာဝန်ရှိသူက ရှင်းပြသည်။




သို့ /

ဘကြီး

ရန်ကုန်ဆေးခန်းလာပြရင် ကျွန်တော်
ဘွဲ့ယူမယ့်နေ့အမီ စောပြီး ဆင်းခဲ့ပါလား…
ဘွဲ့ယူပြီး ဘွဲ့နှင်းသဘင်နဲ့နီးတဲ့ ခိုင်ခိုင်ကျော်ဆိုင်ခွဲမှာ
ထမင်းစားဖို့စီစဉ်ထားတယ်… ပြီးခဲ့တဲ့အခေါက်ဘကြီးနဲ့
ကျွန်တော်စားတဲ့ တက္ကသိုလ်ရိပ်သာလမ်းကဆိုင် အခုဒီကို
ပြောင်းပြီးဖွင့်တာ၊ ကားပါကင်ကလည်းကျယ် ၊ အဲယားကွန်း
အခန်း တွေလည်းရှိတော့ ဘကြီး သဘောကျမှာ၊ နောက်ပြီး
ဘကြီး ပြနေတဲ့ သုခကမ္ဘာ ဆေးရုံနဲ့လည်း တစ်လမ်းထဲဘဲ၊
ဘကြီး ကတော့ အတော်ဘဲ!…ဆေးရုံပြ…ပြပြီးရင်
ခိုင်ခိုင်ကျော်မှာ ထမင်းဝင်စား… ပြီးရင် ကားဈေးကျလို့
ကားဝယ်သွားမယ် ဆိုရင်လည်း လမ်းထိပ်က ကမ္ဘောဇဘဏ်မှာ
ငွေထုတ်… အားလုံး "အိုကေ" ဘဲ။

ပါရမီဆိုင်ခွဲ - အမှတ်(၄၂/က)၊ ပါရမီလမ်းနှင့်ဝေဇယန္တာလမ်းထောင့်၊ ပါရမီဂုံးကျော်တံတားကြီးအနီး။
ပြည်လမ်းဆိုင်ခွဲ - အမှတ်(၆၁၇/အေ)၊ ၅-မိုင်ခွဲ၊ ကမ္ဘောဇဘဏ်ဘေး၊ သုခကမ္ဘာဆေးရုံအဝင်းလမ်း၊ ပြည်လမ်း၊ ရန်ကုန်။
ဖုန်း ၀၉-၇၃၀၀၆၄၂၂ ၊ ၀၉-၄၃၁၃၆၆၆၉ ၊ ၀၉-၅၁၅၉၀၈၄ ၊ ၀၉-၇၃၀၀၀၇၀၇ ၊ ၀၉-၄၂၀၀၆၀၅၅ ၊ ၀၁-၅၂၄၂၀၈
ဂန္ဓမာဆိုင်ခွဲ - Gandamar Wholesale ၊ (တောင်ဥက္ကလာဂေါက်ကွင်းအနီး)။



## ဝန်ထမ်းအလိုရှိသည်

အပတ်စဉ်ထုတ်ဂျာနယ် နှင့် လစဉ်ထုတ်မဂ္ဂဇင်းများ အိမ်တိုင်ရာရောက် ပို့ဆောင်ဖြန့်ဝေနိုင်ရန်အတွက် အောက်ဖော်ပြပါ ဝန်ထမ်းများ အမြန်အလိုရှိသည်။

အခြေခံလစာ နှင့်အတူ ထိုက်တန်သော ကော်မရှင်ပါပေးမည်။

- ဖြန့်ချိရေးဝန်ထမ်း ကျား (၁၅) ဦး

➤ ရန်ကုန်မြို့တွင်းနှင့် ဆင်ခြေဖုံးမြို့နယ်များသို့ ကျွမ်းကျင်စွာသွားလာနိုင်ရမည်။
➤ ပညာအရည်အချင်း အနိမ့်ဆုံး အခြေခံပညာ အထက်တန်းအဆင့် ရှိရမည်။
➤ အသက် (၁၈) နှစ်မှ (၃၅) နှစ်အတွင်း ရှိရမည်။
➤ အင်္ဂလိပ်စာ အခြေခံ အနည်းငယ် ရေးတတ်၊ ဖတ်တတ်ရမည်။
➤ လူမှုဆက်ဆံရေးပြေပြစ်၍ အပြောအဆို ချိုသာရမည်။
➤ ကျန်းမာရေး ကောင်းမွန်၍ သွက်လက်၊ ဖျတ်လတ်စွာ သွားလာဆောင်ရွက်နိုင်ရမည်။
➤ အရောင်းမြှင့်တင်ရေး တာဝန်များကိုလည်း လုပ်ဆောင်နိုင်ရမည်။
➤ ကိုယ်ပိုင်စက်ဘီးရှိသူများကို ဦးစားပေးမည်။
➤ စက်ဘီးမရှိသူများလည်း လျှောက်ထားနိုင်သည်။

လျှောက်ထားလိုသူများ ကိုယ်ရေးရာဇဝင်နှင့် ဓာတ်ပုံ(၁)ပုံ၊ မှတ်ပုံတင်မိတ္တူ၊ အလုပ်သမား မှတ်ပုံတင်မိတ္တူ၊ ရဲစခန်းထောက်ခံစာမိတ္တူ၊ ပညာအရည်အချင်း အထောက်အထား မိတ္တူ၊ တို့နှင့်အတူ (၂၅.၇.၁၂) နေ့နောက်ဆုံးထား၍ အောက်ပါလိပ်စာသို့ ကိုယ်တိုင်လာရောက် လျှောက်ထားနိုင်ပါသည်။

အခန်းအမှတ် (G-12)၊ မြေညီထပ်၊ တိုက် (B)၊ Diamond Centre၊ အမှတ် (၄၉၇)၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၅၁၃ ၅၁၅~၅၁၉

# ဆန္ဒပြမခံရသော စက်ရုံအချို့လည်း လုပ်ခလစာတိုးပေး

**သန်းဌေး၊ အေးမြတ်သူ**
**ရန်ကုန်၊ ဇွန်-၂၃**

အလုပ်ရှင်နှင့် အလုပ်သမားအကြား အငြင်းပွားမှု မရှိဘဲ လုပ်သားများ ဆန္ဒပြမှု မကြုံခဲ့သော စက်ရုံများထဲမှ အချို့စက်ရုံများမှာ လုပ်ခလစာများ တိုးပေးခဲ့ကြောင်း သတင်း ရရှိသည်။

လုပ်ခလစာတိုးပေးခဲ့သည့် စက်ရုံများအနေဖြင့် အလုပ်သမားတစ်ဦးလျှင် ထောက်ပံ့ကြေးအဖြစ် ကျပ်နှစ်သောင်းဝန်းကျင်ခန့် တိုးပေးပြီး လုပ်ခလစာတိုးပေးခြင်း မရှိသည့် စက်ရုံများအနေဖြင့် စက်ရုံ၏ လုပ်ငန်းလည်ပတ်မှုပေါ် မူတည်၍သော်လည်း လုပ်ငန်းကျွမ်းကျင်မှုပေါ် မူတည်၍သော်လည်းကောင်း မိသားစုပုံစံဖြင့်အလုပ်ရှင်နှင့်အလုပ်သမားအကြား ညှိနှိုင်းဆွေးနွေးမှုများထားရှိကြောင်း ၎င်းတို့က ပြောသည်။

"သူတို့ကို အရင်က ထမင်းစရိတ်အနေနဲ့ တစ်သောင်းခွဲပေးတယ်။ အခု သုံးသောင်းတိုးပေးလိုက်တယ်။ အလုပ်သမားတွေဘက်လည်း လာပြီးဆွေးနွေးတယ်။ တခြားစက်ရုံတွေမှာ ပြဿနာဖြစ်နေတော့ ကိုယ့်စက်ရုံမှာ ပြဿနာမဖြစ်ချင်တော့ မဖြစ်ခင်ကတည်းက တိုးပေးလိုက်တာ"ဟု လှိုင်သာယာစက်မှုဇုန်-၁ တွင်းရှိ လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

ရွှေပြည်သာ စက်မှုဇုန် ၁ တွင်းရှိအထည်ချုပ်စက်ရုံတစ်ရုံမှ တာဝန်ခံတစ်ဦးက "ဒီလကို အရင်တုန်းက လုပ်ခလစာထက် တစ်သောင်းကျော်ကျော် နှစ်သောင်းလောက် တိုးပေးထားတယ်။ ထပ်ဆောင်းငွေ အဖြစ်ပေါ့။ တခြားစက်ရုံတွေ ဆန္ဒပြလို့ တိုးပေးတာ မဟုတ်ပါဘူး။ ဒီအတိုင်းတိုးပေးလိုက်တာပါ"ဟု ဆိုသည်။

"ကျွန်တော်ရှေ့က စက်ရုံ ဆန္ဒပြတယ်။ ကျွန်တော့်ဘေးက စက်ရုံဆန္ဒပြတယ်။ ဒါပေမဲ့ ကျွန်တော့်စက်ရုံ ဘာမှမဖြစ်ဘူး။ မဖြစ်ဘူးဆိုတာ ခုနပြောသလို ကျွန်တော်တို့က ဗမာလူမျိုးဆိုတော့ တစ်ယောက်နဲ့တစ်ယောက် မေတ္တာတရားနဲ့ တစ်ယောက်နဲ့တစ်ယောက် ပွင့်ပွင့်လင်းလင်းနဲ့ နွေးနွေးထွေးထွေးနဲ့ ဖြစ်ပျက်တဲ့ အနေအထားကို ဆွေးနွေးကြတယ်။ စက်ရုံပိုင်ရှင်တွေကလည်း တကယ့်တကယ် အကျပ်အတည်းဖြစ်ကြတယ်။ ဒါတွေကို သူတို့ (အလုပ်သမားတွေ) သိကြလို့ ဘာမှ မပြောရဘူး။ မပြောလို့ မပေးဘူးဆိုရင်လည်း ကိုယ့်ဘက်က မကောင်းဘူးပေါ့။ ဒါကြောင့် ကျွန်တော်တို့က အသားထဲက လှီးလှီးပြီး ပေးနေရတာ အခုဆို ရှစ်နှစ်တောင်ရှိပြီ"ဟု လှိုင်သာယာမြို့နယ်ရှိ ရွှေယမုံအအေးခန်းစက် ရုံပိုင်ရှင် ဦးထွန်းအေးက ပြော သည်။



ထို့ကြောင့် စက်ရုံစတည်ထောင်ခဲ့သော ၁၀ နှစ်တာ ကာလအတွင်း လစာတိုးပေးချင်သော်လည်း ထုတ်လုပ်မှုစရိတ်တက်ပြီး ကုန်ကြမ်းအပြိုင် ဝယ်ယူမှုတွင် အများနည်းတူ ဈေးပြိုင်ပေး မဝယ်နိုင်ဘဲ စက်ရုံပိတ်ပစ်ရပါက အလုပ်သမားများ အလုပ်လက်မဲ့ဖြစ်မည် စိုးရိမ်သောကြောင့်ယခုအခါနှစ်စဉ်အမြတ်ရရှိငွေ၏ တစ်ဆယ်ရာခိုင်နှုန်းကို အလုပ်သမားများ အပိုဆုကြေး (Bonus)အဖြစ် အချိုးကျ ပြန်လည်ခွဲဝေပေးကြောင်း ၎င်းကပြောသည်။

ထို့အပြင် အလုပ်ရှင်နှင့်အလုပ်သမားကြား ပြဿနာမဖြစ်၍ ဆန္ဒပြမှု မကြုံရသော စက်ရုံအများစုမှာ ဆန္ဒပြသော စက်ရုံများထက် လစာပိုများပြီး စက်ရုံမှ တာဝန်ရှိသူများနှင့် အလုပ်သမားများ နားလည်မှု ပိုရှိရန် အုပ်ချုပ်ပုံ ပိုကောင်းသည်။

"ဒီမှာက မိသားစုစက်ရုံလိုဆိုတော့ မိသားစုလိုပဲ သဘောထားတယ်။ သူဌေးကလည်း တိုက်ရိုက်အုပ်ချုပ်တယ်ဆိုတော့ နောက်ပြီး အခုဒီမှာက အလုပ်နည်းနည်း ပါးချိန်ဆိုတော့ သူတို့လည်း နားလည်ပြီးသားဆိုတော့ ထွေထွေထူးထူးပြောစရာတော့ မရှိပါဘူး။ လစာပိုင်းကတော့ ပြောင်းလဲတာ မရှိပါဘူး။ အရင်ပုံစံပဲ အထည်ချုပ်နိုင်ရင် ချုပ်နိုင်သလောက်ရမယ်"ဟု လှိုင်သာယာစက်မှုဇုန်-၅ တွင်းရှိ အထည်ချုပ်စက်ရုံမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ရွှေပေါက်ကံစက်မှုဇုန်တွင်းရှိ အထည်ချုပ်စက်ရုံမှ တာဝန်ရှိသူတစ်ဦးကလည်း "အစ်မတို့စက်ရုံတွေမှာ အလုပ်သမားက ကိုယ်လုပ်နိုင်ရန် လုပ်သလောက်ကို ရတာကိုး။ အစ်မတို့ကလည်း အစကတည်းက လုပ်ပိုင်ခွင့်တွေ ခံစားခွင့်တွေ ပေးပြီးသား။ လစာတွေဘာတွေတော့ တိုးပေးတာ မရှိပါဘူး။ အစ်မတို့ဆီမှာ အနိမ့်လစာကငါးသောင်းကျော်လောက် နေစပေးတာ"ဟု ပြောသည်။

"နှစ်ချုပ်နဲ့ပဲ လစာကို အပြောင်းအလဲလုပ်တယ်။ တခြားစက်ရုံတွေ ဖြစ်နေအချိန် ကိုယ့်စက်ရုံက လူတွေက စိတ်လည်း မဝင်စားဘူး။ အဲဒီအကြောင်းလည်း မပြောဘူး။ မိသားစုလိုပဲ အုပ်ချုပ်တယ်။ သူတို့မှာ လိုအပ်ချက်ရှိရင် ဖြည့်ဆည်းပေးလိုက်တယ်။ ဒီကိစ္စတွေနဲ့ပတ်သက်ပြီး လစာအပြောင်းအလဲ တိုးပေးတာ မရှိပါဘူး"ဟု ကြာဆံစက်ရုံမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

---

## Free Classified — ဝန်ထမ်းအလိုရှိသည် — အခမဲ့ကြော်ငြာကဏ္ဍ

**အလိုရှိသည်**
ယာဉ်မောင်း - ကျား ၁ ဦး
အသက် ၄၀နှစ်အောက်၊ အတွေ့အကြုံ(၅)နှစ်အထက်ရှိသူ။
ရန်ကင်းမြို့တွင်းနေထိုင်သူဦးစားပေးမည်။ အခြေခံလစာနှင့်အခြားခံစားခွင့်များပေးမည်။
(G-12)၊ မြေညီထပ်၊ တိုက်(B)၊ ဒိုင်းမွန်းကွန်ဒို၊ အမှတ်(၄၉၇)၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်။

---

**ဝန်ထမ်းအလိုရှိသည်**
အင်္ဂလိပ်စာကျွမ်းကျင် ဆရာမ ၂ ဦး၊ သင်ကြားရေးကျွမ်းကျင်/စိတ်ဝင်စားသူ ၂ဦး။
(၁-၇-၂၀၁၂နောက်ဆုံးထားပေးပို့နိုင်သည်။)
မိတ်ကပ်၊ ဆံပင် ကျွမ်းကျင်- ၂ဦး၊ ရှမ်ပူ - ၂ ဦး၊ လက်သည်းပန်းချီ- ၂ဦး။
အမှတ်(၅၄/၇)၊ နဝဒေးဥယျာဉ်အိမ်ရာ၊ လှိုင်သာယာမြို့နယ်။
**ဖုန်း-၀၉-၄၃၀၃၀၄၂၂**

---

**အလိုရှိသည်**
ယာဉ်မောင်း - ကျား ၁ ဦး
အိမ်ကားမောင်းရန်၊ အတွေ့အကြုံ ၃ နှစ်၊ အသက်(၂၅-၄၀)နှစ်။
English Teacher - 3 F
(MA English Degree Holder or ELD)
**ဖုန်း-၀၉-၅၁၈၁၃၁၆၊**
**၀၉-၇၃၁၂၇၀၇၄**

---

**ဝန်ထမ်းအလိုရှိသည်**
ခရီးသွားလုပ်ငန်း Website အတွက် Web Developer (Part Time) တစ်ဦးအမြန်အလိုရှိသည်။
**E-mail - info@peacehousetravel.com**
လိပ်စာ-၂၇/A၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

---

**ဝန်ထမ်းအလိုရှိသည်**
အလှကုန်ဖြန့်ဖြူးရောင်းချရန် အရောင်းဝန်ထမ်း - မ ၂ဦး
အသက် (၁၈-၂၅)နှစ်
အထက်တန်းအောင်မြင်သူ။
LEO Photo Sticker
A-5၊ တတိယထပ်၊ ယုဇနပလာဇာ၊ ဗညားဒလလမ်း၊ တာမွေ။
**ဖုန်း-၃၈၅၁၁၃**

---

**ဝန်ထမ်းအလိုရှိသည်**
ဆံပင်၊ မိတ်ကပ် ကျွမ်းကျင် - မ (၃) ဦး၊
လက်သည်း၊ ခြေသည်း၊ Spa - မ(၃) ဦး၊
ခေါင်းလျှော် - မ(၃) ဦး
**ဖုန်း-၀၁-၉၆၉၉၂၁၃**
**၀၉-၄၃၀၄၁၄၁၃**

---

**ဟိုတယ်ဝန်ထမ်းအလိုရှိသည်**
Supervisor - ကျား၊ မ ၂ဦး၊
House Keeping Supervisor - ကျား၊ မ ၂ဦး၊
စားဖိုမှူး - ကျား၊ မ ၁ ဦး၊
Reception - ကျား၊ မ ၂ဦး၊
Driver - ကျား၊ မ ၂ဦး၊
အမှတ်(၁၄)၊ ဘုန်းကြီးလမ်းနှင့် ကမ်းနားလမ်းထောင့်၊ လမ်းမတော်မြို့နယ်။

---

**ဝန်ထမ်းအလိုရှိသည်**
သင်တန်းဆရာ/ဆရာမအမြန်အလိုရှိသည်။
Business Management, Human Resource Management, Marketing Management သင်ကြားပေးနိုင်သူ ဆရာ/ဆရာမအမြန်အလိုရှိသည်။
**ဖုန်း-၃၈၆၆၉၃**

---

**ဝန်ထမ်းအလိုရှိသည်**
Promotion Girl - မ ၂၀ ဦး
အသက် ၂၅နှစ်အောက်၊ အခြေခံပညာအထက်တန်းအဆင့်။
လိပ်စာ-စက်မှု(၂)လမ်း၊ ရွှေပြည်သာစက်မှုဇုန်(၁)။

---

**ဝန်ထမ်းအလိုရှိသည်**
Marketing - မ ၃၀ ဦး၊
သတင်းထောက်(အလုပ်သင်) - ကျား၊ မ ၂၀ ဦး၊
DTP - မ ၁၀ ဦး၊
Designer (Photoshop) - မ(၁၀) ဦး၊
အမှတ်(၂၉)၊ ပုညဝမုနလမ်း၊ နတ်ချောင်းရပ်ကွက်၊ တာမွေမြို့နယ်။

---

**ဝန်ထမ်းအလိုရှိသည်**
၁။ တရုတ်စာ/စကား တတ်ကျွမ်း စာရင်းကိုင် - မ ၁ ဦး၊ ၂။ တရုတ်စကားပြန် - ကျား/မ ၂ ဦး၊ ၃။ Marketing - ကျား/မ ၂ ဦး (အဆင့်-၃ အတွက် ဘွဲ့ရ၊ လုပ်ငန်းအတွေ့အကြုံရှိသူ)
Well Mart House Ware Co., Ltd.
**ဖုန်း-၀၉-၇၃၁၂၃၈၈၃၊**
**၀၉-၇၃၁၂၃၉၉၃**

---

**ဝန်ထမ်းအလိုရှိသည်**
Merchandising Manager - ကျား/မ ၁ ဦး(ဘွဲ့ရ၊ အထည်ချုပ်လုပ်ငန်းအတွေ့အကြုံရှိသူ)
အမှတ်(၁၅၆)၊ ကျန်စစ်သားလမ်း၊ စက်မှုဇုန်(၄)၊ လှိုင်သာယာ။
**ဖုန်း-၆၈၅၁၄၈၊ ၆၈၅၁၅၃**

---

**ဝန်ထမ်းအလိုရှိသည်**
ကွန်ပျူတာကျွမ်းကျင် - မ ၁ ဦး (ဘွဲ့ရ၊ E-mail၊ Internet၊ Word၊ Excel ကျွမ်းကျင်)
MYANMAR SHALOM COM., LTD
No. 68, 31st (Lower Bl), Kyauk Ta Da Tsp, Yangon
**ဖုန်း-၂၅၂၈၁၄၊**
**၃၇၇၈၄၆**

---

**ဝန်ထမ်းအလိုရှိသည်**
၁။ Account Staff - မ ၁ ဦး၊ ၂။ Marketing Staff - ကျား/မ ၃ ဦး၊ ၃။ Store ဝန်ထမ်း - မ ၁ ဦး၊ ၄။ Sales Promotors - မ ၅ ဦး။
THAR KI NWE CO., LTD
အမှတ်-၄၇/၅၁(A)၊ သုမင်္ဂလာလမ်း၊ Junction Zawana နှင့် ကမ္ဘောဇဘဏ်အနီး သဃ်န်းကျွန်းမြို့နယ်။
**ဖုန်း-၈၅၅၀၁၆၈၊**
**၀၉-၇၃၀၉၆၉၅၆**

---

**ဝန်ထမ်းအလိုရှိသည်**
Security Guard - ကျား ၂၅ ဦး
အသက်(၂၀-၅၀)နှစ်အတွင်း၊ အခြေခံပညာအလယ်တန်းအဆင့်။
MANS SECURITY AGENCY
အမှတ်(၇၃)၊ ၄ လွှာ၊ ၁၆၆ လမ်းတို၊ တာမွေမြို့နယ်။
**ဖုန်း-၀၉-၇၃၀၆၄၂၉၈၊**
**၀၉-၄၂၀၀၀၄၅၀၆**

---

**ဝန်ထမ်းအလိုရှိသည်**
၁။ စာရင်းကိုင် - ကျား ၁ ဦး (လုပ်သက် ၃ နှစ်အထက်)
၂။ တည်းခိုခန်း သန့်ရှင်းရေးလုပ်သား - ၂ဦး (နေထိုင်စရိတ်ငြိမ်း)
**ဖုန်း-၀၉-၄၉၃၀၄၁၈၁၊**
**၀၉-၇၃၂၃၆၂၈၈**

---

**ဝန်ထမ်းအလိုရှိသည်**
Receptionist - မ ၁ ဦး (B.A English ဘွဲ့ရ၊ English - 4 Skills ကျွမ်းကျင်)
Admin Assistant (လက်ထောက်စီမံဝန်ထမ်း) - မ ၃ ဦး (ဘွဲ့ရ၊ LCCI Level (II, III) အောင်မြင် ပြီးသူ၊ English - 4 Skills ကျွမ်း ကျင်)
**ဖုန်း-၆၆၃၉၀၁၊ ၇၀၆၃၇၅**

---

**ဝန်ထမ်းအလိုရှိသည်**
ရုံးဝန်ထမ်း - ကျား ၂ ဦး
(Word၊ Excel ကျွမ်းကျင်၊ ဘွဲ့ရ)
အထွေထွေဝန်ထမ်း - ကျား ၄ဦး
**ဖုန်း-၀၉-၇၃၀၂၇၇၃၃**

---

**ဝန်ထမ်းအလိုရှိသည်**
Account (စာရင်းကိုင်)
(B.Com, B.Act (သို့) LCCI (III) ရရှိထားသူ၊ English - 4 Skills အထူးကျွမ်းကျင်)
**ဖုန်း-၀၁-၆၅၇၇၉၇**

---

အသစ်ဖွင့်လှစ်လိုက်သည့် အခမဲ့အလုပ်ခေါ် ကြော်ငြာကဏ္ဍတွင် ထည့်သွင်းလိုပါက 7Day News ဂျာနယ်တိုက်သို့ ကွန်ပျူတာစာရိုက်ပြီး (1.5"x 2") ထက်မကြီးသောအရွယ်အစားဖြင့်လာရောက်ပေးပို့နိုင်ပါသည်။
အမှန်တကယ်ဝန်ထမ်းခေါ် ယူလိုသူများသာ ယခုကဏ္ဍကိုအသုံးပြုရန် မေတ္တာရပ်ခံအပ်ပါသည်။



Panasonic
ideas for life
SMART VIERA
Step into the Exciting World
of New Discoveries
Media Player
USB
social networking TV
Facebook
Featured Videos
MORE
BACK
Market
AccuWeather.com
New York, NY
52°F
Cloudy
Web Browser
TH-P65VT50
TH-L47DT50
Smart Lifestyle, Smart VIERA
သင်၏ TV သည် သင့်ဘဝ၏ အလုံးစုံပြီးပြည့်စုံသောအစိတ်အပိုင်းတစ်ခုဖြစ်ခဲ့ပါပြီ။ Smart VIERA T V က သင့်ကို ကမ္ဘာတစ်ဝန်းအရေးကြီး သတင်းအချက်အလက်များ၊ ရုပ်ရှင်များ၊ သူငယ်ချင်းမိတ်ဆွေများ၊ Games များ၊ သင့်စိတ်ကြိုက် Website များကို ဆောင်ကြဉ်းပေးစွမ်းနိုင်ပြီး သင့်ရဲ့ Apple, Android Smart Phone နှင့် Tablet များကို Remote Control သဖွယ် အသုံးပြုပြီး သင့် TV နှင့် ချိတ်ဆက် အသုံးပြုနိုင်ပါပြီ။ သင်၏ Mobile Phone ကို Smart Viera နှင့် Swipe လုပ်ရုံမျှဖြင့် သင့်စိတ်ကြိုက် ရုပ်ပုံ၊ ဗီဒီယို၊ သီချင်းနှင့် Website များကို ကြည့်ရှုခံစားနိုင်ပြီး Dual Core Processor ကလည်း သင်အလိုရှိရာ Internet Website များအားလုံးကို နှောင့်နှေးကြန့်ကြာမှု မရှိစေဘဲ မြန်ဆန်စွာ Download ပြုလုပ်နိုင်ပါသည်။ အံ့မခန်းဖွယ်ရာ လုပ်ဆောင်ချက်များအဖြစ် သင် ကြည့်ရှုချိန်အတွင်းမှာပင် Skype 'Live' ကို အသုံးပြုနိုင်ပြီး အမျိုးမျိုးသော စာမျက်နှာများကို Screen ပေါ်မှာ ပြောင်းလဲကြည့်ရှုနိုင်ပါသေးသည်။ ရှင်းလင်းလွယ်ကူလှသည့် ဆက်သွယ်ရေးစနစ်အဆင်ပြေ ကောင်းမွန်လှသည့် Networking အတွေ့အကြုံ၊ ရင်သပ်ရှုမောဖွယ် ပုံထွက်ကောင်းမွန်မှုတို့ကြောင့် Smart VIERA TV သည် သင့်အနာဂတ်အတွက် အရေးပါပြီးပြည့်စုံသော အရာတစ်ခုပင် ဖြစ်နေပါတော့သည်...
IPS LED
neo plasma black 2500
Progressive 3D FULL HD
VIERA Connect
Web Browser
2500Hz ffd Focused Field Drive
INFINITE BLACK ultra
အရောင်းပြခန်း - Advanced Vision Co., Ltd.
ရန်ကုန် - အမှတ်(၂၆၃)၊ မဟာဗန္ဓုလလမ်း နှင့် သိမ်ဖြူလမ်းထောင့်၊ YMCA Building၊ ဗိုလ်တထောင်မြို့နယ်။ ဖုန်း - (၀၁) ၂၉၆ ၅၇၈ ၊ ၂၉၂ ၆၆၄ ၊ ၇၃၀-၂၆၈၇၅ ဖက်စ် (၀၁) ၂၉၆ ၅၇၈
မန္တလေး - ဘီ (၃)၊ ၇၈လမ်း၊ ၂၇လမ်းနှင့် ၂၈လမ်းကြား၊ မန်းမြန်မာတိုက်ခန်း၊ ချမ်းအေးသာဇံမြို့နယ်။ ဖက်စ်(၀၂)- ၇၂၅ ၆၇ Email: tw25@myanmar.com.mm
● ပန်နာဆိုးနစ်၏ တရားဝင် အာမခံကတ်ပြားဖြင့် ဝယ်ယူရရှိနိုင်ပါသည်။ "၃နှစ်အာမခံ – ပနှစ် – ပစ္စည်း + လက်ခအာမခံ (ကျန်နှစ်များ လက်ခအာမခံ)"



# “ရွာတွေ(တိုင်းရင်းသားကျေးရွာတွေ)ကို ရောက်လာတဲ့ ဆရာမတွေက ဒေသခံကလေးတွေရဲ့ စကားကိုမတတ်ဘူး”

## တိုင်းရင်းသားကျေးရွာ ၂၁ ရွာတွင် သုတေသနပြုလုပ်ထားသော ငြိမ်းဖောင်ဒေးရှင်းမှ တာဝန်ရှိသူနှင့်တွေ့ဆုံခြင်း

**နေလင်းထွန်း**

ပြည်တွင်း အင်န်ဂျီအိုတစ်ခု ဖြစ်သောငြိမ်းဖောင်ဒေးရှင်းသည် ပြည်နယ်ခြောက်ခုရှိ တိုင်းရင်းသားကျေးရွာ ၂၁ ရွာတွင် သုတေသနလေ့လာမှုများပြုလုပ်၍ မူလတန်းအဆင့် ပညာသင်ကြားရေးတွင် အသုံးပြုသင့်သော ဘာသာစကားနှင့်ပတ်သက်သည့် ပညာရေးမူဝါဒစာတမ်းကို ထုတ်ဝေထားသည်။ စာတမ်း၏ မူဝါဒမှာ မူလတန်းအဆင့် အားလုံးတွင် တိုင်းရင်းသားဘာသာစကားကို လိုအပ်သလိုအသုံးပြုခွင့်ပြုရန်နှင့် မူလတန်း သင်ရိုးညွှန်းတမ်းများတွင် သက်ဆိုင်ရာဒေသများနှင့် ကိုက်ညီသော၊ ပြောင်းလွယ်ပြင်လွယ်သော သင်ရိုးညွှန်းတမ်းတစ်ခု ရေးဆွဲပြုစုသင်ကြားသွားရန်ဖြစ်သည်။ ယင်းပညာရေးမူဝါဒစာတမ်းနှင့် ကျောင်းချိန်ပြင်ပတွင် တိုင်းရင်းဘာသာသင်ကြားမှုစတင်တော့မည်ဟုသတင်းများထွက်ပေါ်နေချိန် ငြိမ်းဖောင်ဒေးရှင်းမှ ပရိုဂရမ်မန်နေဂျာ ဒေါ်နန်ရော်နှင့် တွေ့ဆုံမေးမြန်းထားသည်မှ ကောက်နုတ်ဖော်ပြလိုက်သည်။

**တိုင်းရင်းသား ကလေးတွေနဲ့ ပတ်သက်ပြီး ပညာရေးမူဝါဒစစ်တမ်းကို ဘယ်တုန်းက လုပ်ခဲ့တာပါလဲ။ အခု ဘယ်အဆင့်တွေကို တင်ပြထားပါသလဲ။**

၂၀၁၁ ခုနှစ်၊ ကျောင်းပိတ်ချိန်ပြေီ၊ မေလ လောက်ကစပြီးတော့ အောက်တိုဘာ၊ စက်တင်ဘာလလောက်ထိကိုလေ့လာစမ်းစစ်သုံးသပ်ချက်တွေ လုပ်ရပါတယ်။ အာဆီယံနိုင်ငံတွေမှာ ဆောင်ရွက်နေတာတွေကိုလည်းလေ့လာပြုစုပြီးတော့ မူဝါဒအဆင့်ဆင့်ကိုလည်း ရေးသားပြုစုတယ်။ ပြီးတော့မှ ဒါက အဖြစ်နိုင်ဆုံးနဲ့ အဖြစ်သင့်ဆုံးစလုပ်သင့်တဲ့အရာတစ်ခုဆိုပြီး မူဝါဒသစ်အနေနဲ့ ပညာရေးဝန်ကြီးဌာနနဲ့ပညာရေးသုတေသနဦးစီးဌာနကိုတင်ပြထားတယ်။ အမျိုးသားလွှတ်တော်မှာရော၊ ပြည်သူ့လွှတ်တော်မှာရောလွှတ်တော်အမတ်တွေကတင်ပြထားပြီးတော့ အဆိုကိုလည်း ဆွေးနွေးဖို့ လက်ခံထားပြီးဖြစ်တယ်။

**သက်ဆိုင်ရာဌာနက ဘယ်လိုတုံ့ပြန်မှုရှိပါသလဲ။**

တုံ့ပြန်တာမျိုးတော့ မရှိပါဘူး။ တင်ပြထားရုံပါပဲ။

**ဘယ်လိုအချက်တွေ တင်ပြထားပါသလဲ။**

ကျွန်မတို့ ပြောချင်တာက တိုင်းရင်းသားဘာသာစကားကို လိုအပ်သလို အသုံးပြုခွင့် တရားဝင်လိုချင်တာပေ့ါ။ ဥပဒေဖြစ်ဖြစ်၊ မူဝါဒဖြစ်ဖြစ်၊ အခုက ဘာမှမရှိဘူးဖြစ်နေတယ်။ ကျွန်မတို့က ဘာသာရပ်ကိုပြောတာ မဟုတ်ဘူး။ ဘာသာစကားအသုံးပြုခွင့်ကိုပြောတာ။ မူလတန်း စတက်တဲ့ကလေးတွေက မြန်မာဘာသာစကားကို နားမလည်တဲ့အတွက် သူတို့ နားလည်တဲ့စကားနဲ့ဆိုပိုကောင်းတာပေ့ါ။ အဓိကမြန်မာဖတ်စာသင်တဲ့အခါ ကလေးကသူ မသိတဲ့ ဘာသာစကားကိုလည်း သင်ရတယ်။ သူ လုံးဝမကျွမ်းဝင်တဲ့အကြောင်းအရာကိုလည်းသင်ရတယ်။ ဝန်ထုပ်ဝန်ပိုးနှစ်ခုဖြစ်နေတယ်။ ကျွန်မတို့ အကြံပြုတာက တစ်နိုင်ငံလုံးနဲ့ဆိုင်တဲ့ အကြောင်းအရာတွေလည်း ခြောက်ဆယ်ရာခိုင်နှုန်းဖြစ်ဖြစ်၊ ငါးဆယ်ရာခိုင်နှုန်းဖြစ်ဖြစ်ပါပါစေ။

**စာ(၂၂)သို့**

စာ(၂၂)သို့

## ပညာရေးသတင်းတိုများ

### စီမံခန့်ခွဲမှုဆိုင်ရာ အလုပ်ရှိဆွေးနွေးပွဲကျင်းပမည်

**ရန်ကုန်၊ ဇွန် - ၂၂**

MHR သင်တန်းကျောင်းအုပ်ဖြစ်သောဦးအေးကျော်၏ စီမံခန့်ခွဲမှုဆိုင်ရာ အလုပ်အကိုင်ရွေးချယ်မှုဟောပြောပွဲကို ဇွန်လ ၃၀ ရက်၊နံနက်၁၀နာရီမှ၁၂နာရီထိဆန်းမစ်ပေါ့ခ်ဗျူးဟိုတယ်၌ကျင်းပပြုလုပ်မည်ဖြစ်သည်။ စီမံခန့်ခွဲမှုဆိုင်ရာ အလုပ်အကိုင်ကို အသက်မွေးဝမ်းကျောင်းအဖြစ် ရွေးချယ်လိုသည့် လူငယ်များအတွက် အနာဂတ်အခွင့်အလမ်းများနှင့်ပြင်ဆင်ရမည့်အချက်အလက်များကို ဆွေးနွေးပြောကြားမည်ဖြစ်ပြီး စိတ်ဝင်စားသူများ တက်ရောက်လေ့လာနိုင်ကြောင်းသိရသည်။

### ပညာရေးအစီအစဉ်သစ်အတွက် ဩစတြေးလျ ထောက်ပံ့မည်

**ရန်ကုန်၊ ဇွန် - ၂၂**

မြန်မာကျောင်းဆရာ၊ဆရာမများကိုသင်တန်းများပို့ချရန်၊ကျောင်းသားများ အတန်းပျက်ကွက်မှုလျှော့ချရန်နှင့် မူလတန်းကျောင်းများတွင် အစာအာဟာရများထောက်ပံ့ခြင်းတို့ကိုပညာရေးအစီအစဉ်အသစ်အနေဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဩစတြေးလျနိုင်ငံမှ သတင်းထုတ်ပြန်ထားသည်။ ထို့အပြင် ဩစတြေးလျအစိုးရမှ ပေးအပ်နေသော ပညာသင်ဆု အစီအစဉ်အတွက် မြန်မာကျောင်းသား ၂၀ဦး ရွေးချယ်နေရာမှ ၅၀ ဦးထိ တိုးမြှင့်ခေါ်ယူသွားမည်ဖြစ်ကြောင်း ကြေညာထားသည်။

### ပညာရေးပြပွဲနှင့် ဟောပြောပွဲ ကျင်းပမည်

**ရန်ကုန်၊ ဇွန် - ၂၂**

နိုင်ငံရပ်ခြားတွင် အိုင်တီ၊ အင်ဂျင်နီယာ၊ စီးပွားရေးစီမံခန့်ခွဲမှုနှင့် ဆေးပညာဘာသာရပ်များသွားရောက်လေ့လာလိုသောကျောင်းသားများအတွက် ပညာရေးပြပွဲနှင့် ဟောပြောပွဲကို ဇွန်လ ၃၀ ရက်တွင်ကျင်းပမည်ဖြစ်သည်။ အိုင်တီနှင့်အင်ဂျင်နီယာဘာသာရပ်အတွက် နံနက် ၁၀ နာရီမှ ၁၂နာရီထိ၊ စီးပွားရေးစီမံခန့်ခွဲမှုဘာသာရပ်အတွက် နေ့လယ် ၁၁နာရီမှ ၁၂နာရီထိ၊ ဆေးပညာဘာသာရပ်အတွက် နေ့လယ် ၁၂နာရီမှ ၁နာရီထိ ဆန်းမစ်ပေါ့ခ်ဗျူးဟိုတယ်၌ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း Crown ပညာရေးဝန်ဆောင်မှုမှသိရသည်။

# ကိုယ်ပိုင်ကျောင်းများတွင် ဆရာ၊ ဆရာမများ လိုအပ်နေ

**ရန်ကုန်၊ ဇွန် - ၂၂**

ကိုယ်ပိုင်ကျောင်းများတွင် တာဝန်ထမ်းဆောင်ရန်အတွက်ကိုယ်ပိုင်ကျောင်းဆရာ၊ ဆရာမ လိုအပ်ချက်ရှိနေကြောင်း ကိုယ်ပိုင်ကျောင်း မှတ်ပုံတင်လျှောက်ထားထားသော ဘော်ဒါဆောင်ပိုင်ရှင်များကဆိုသည်။

ကိုယ်ပိုင်ကျောင်း ဖွင့်လှစ်ရန်နှင့် ကိုယ်ပိုင်ကျောင်းဆရာအနေဖြင့် လုပ်ကိုင်ရန် ပညာရေးဝန်ကြီးဌာနမှ လျှောက်လွှာများလက်ခံစိစစ်လျက်ရှိရာ မကြာမီတွင် ကိုယ်ပိုင်ကျောင်းများနှင့် ကိုယ်ပိုင် ကျောင်းဆရာများအနေဖြင့် တရားဝင်မှတ်ပုံတင်၍ ပညာသင်ကြားခွင့်ရှိတော့မည်ဖြစ်သည်။ ကိုယ်ပိုင်ကျောင်းများတည်ထောင် ဖွင့်လှစ်လာမှုနှင့်အတူ ကျောင်းသားများ အရည်အချင်းပြည့်ဝသော ပညာရေးရရှိရန် သင်ကြားပို့ချပေးမည့် ကိုယ်ပိုင်ကျောင်းဆရာ လိုအပ်မှုမြင့်တက်လာခြင်းဖြစ်သည်။

“အခုချိန်ထိ လိုချင်တဲ့ဆရာ မရသေးဘူး။ အထူးသဖြင့် သမိုင်းနဲ့ ပထဝီဆရာတွေ ရှာမရဖြစ်နေတယ်။ ဆရာ၊ဆရာမတစ်ယောက်ကို (ကျပ်)သုံးသိန်းလောက် ပေးထားပါတယ်။ နောက်လည်း ထပ်ခေါ်ဖို့ရှိပါတယ်”ဟု ကိုယ်ပိုင်ကျောင်းအတွက် မှတ်ပုံတင်ထားသူတစ်ဦးကဆိုသည်။

စျေးကွက်တောင်းဆိုမှုအနေအထား မြင့်တက်လာဖွယ်ရှိခြင်းကြောင့် ဘော်ဒါဆောင်တည်ထောင်သူများသည် စာသင်ခန်းနှင့် လူနေဆောင်များ တိုးချဲ့ဆောက်လုပ်ခြင်း၊ ဆရာ၊ ဆရာမများ တိုးမြှင့်ခန့်ထားခြင်းများအတွက် ပြင်ဆင်ဆောင်ရွက်လာကြခြင်းဖြစ်သည်။

“ကျောင်းသားက အစောကတည်းကကပြည့်သွားပါပြီ။ ကျောင်းသားထပ်လက်ခံဖို့ဆိုရင်တော့ အဆောက်အအုံတွေလိုမယ်။ ဆရာ၊ ဆရာမတွေလည်း လိုလာပါမယ်။ ကိုယ်ပိုင်ကျောင်းသတင်းကြောင့် ကျောင်းသားတွေ စိတ်ဝင်စားမှုမြင့်တက်နေပါတယ်”ဟု ကျောင်းသားရာဂဏန်းကို ဦးစီးနေသော ဘော်ဒါကျောင်းပိုင်ရှင်တစ်ဦးက ပြောသည်။

ကိုယ်ပိုင်ကျောင်းများ တည်ထောင်ခွင့် ပြုလိုက်ခြင်းသည် ပညာရေးဌာနများမှ အငြိမ်းစားဆရာ၊ ဆရာမကြီးများနှင့် သင်ကြားပို့ချရေးကို စိတ်ဝင်စားသော လူငယ်များအတွက် အခွင့်အလမ်းသစ်များ တိုးလာခြင်းဖြစ်သည်။




ASSUMPTION UNIVERSITY {THAILAND}

- Thai နိုင်ငံ Bangkok မြို့တော်၏ပထမဆုံးနိုင်ငံတကာတက္ကသိုလ်
- English Language ကိုအသုံးပြုသင်ကြားသောစနစ်
- ကျောင်းပြီးလျှင် အလုပ်အကိုင် အခွင့်အလမ်းအကောင်းဆုံး
- သင့်တင့်သော ကျောင်းလခနှင့် နေထိုင်စားသောက်မှုစရိတ်
- လက်ရှိမြန်မာဆရာ ၅၀ ကျော်နှင့်မြန်မာကျောင်းသား ၃၀၀ ကျော်ရှိခြင်း
- မြန်မာနိုင်ငံနှင့်မကွာခြားသော ရေမြေရာသီဥတုနှင့် နေထိုင်စားသောက်မှုစနစ်

**Free Seminar** > 30 June 2012 | 10:00AM - 12:00noon | Myaynigone KMD(Function Hall)

**Register Now: KMD (OSCS)** 174-182, Pansodan Road(Middle Block),Kyauktada Tsp., Yangon.Tel: 381035, 381776, 391286.

**KMD** အထူးဈေးရောင်းပွဲ

ဇွန်လ (၃၀)ရက် ၂၀၁၂(စနေနေ့) ၉နာရီမှ ၅နာရီ Strand Hotel

**acer** 4749Z
- Pentium B960(2.2GHz)
- 2GB RAM · 320GB HDD

**345,000/-**

Mobile + Tablet
(အထူးလျှော့ဈေး)
Apple, HTC
Samsung, Lenovo

ဖုန်း- ၃၈၅၁၇၇၊ ၂၄၅၁၈၀၊ ၃၈၅၈၇၇၊ ၅၀၃၅၁၁၊ ၅၀၃၅၂၂

**SPECIAL!**
- Canon 2770 Printer **37,000/-**
- Prolink 18.5" Monitor **76,000/-**

ခုဝယ်ခုရမယ့်ဗလာမပါ
ငွေသား နှင့် ကံစမ်းမဲ အစီအစဉ်

7 DAY NEWS JOURNAL
Vol.11, No.16 • JUNE 28 , 2012

## ၈ – ၂၁၊ တိုင်းရင်းသားကျေးရွာ ၂၁ ရွာတွင် သုတေသနပြုလုပ်ထားသော ငြိမ်းဖောင်ဒေးရှင်းမှ တာဝန်ရှိသူနှင့်တွေ့ဆုံခြင်း မှ

ကလေးက သိပြီးသားဒေသ အကြောင်းအရာ လေးဆယ်ရာခိုင်နှုန်း၊ ငါးဆယ်ရာခိုင်နှုန်းပါလို့ရှိရင် စသင်ရတဲ့အခက်အခဲလျော့သွားမယ်ပေ့ါ။ သင်္ချာတို့၊ သိပ္ပံတို့သင်တဲ့အခါမှာလည်း ကလေးတွေ နားလည်တဲ့ ဘာသာစကားနဲ့ ရှင်းပြပေ့ါ။

**သုတေသနပြုချက်အရ တိုင်းရင်းသားကလေးငယ်တွေ အဓိက ကြုံတွေ့ရတဲ့ အခက်အခဲကို ပြောပြပေးပါ။**

အဓိကအချက်က ရွာတွေကို ရောက်လာတဲ့ ဆရာမတွေက ဒေသခံ ကလေးတွေရဲ့ စကားကို မတတ်ဘူး။ အဲ့ဒါဆိုရင် ကလေးတွေကပိုဒုက္ခရောက်တယ်။ ဆရာမနဲ့ကလေးက စကားမပေါက်ဖြစ်နေတာပေ့ါ။ တချို့ဒေသကကလေးတွေကမြန်မာစကားကိုအတော်အသင့်တတ်ပေမယ့် ဆရာမတွေရဲ့ လေယူလေသိမ်းကို နားမလည်ဘူး။ မူလတန်းအောက်အဆင့်မှာ ကလေးတွေအတွက်ပိုခက်တယ်။ အိမ်နဲ့ ပတ်ဝန်းကျင်မှာက ကိုယ့်ဘာသာစကားနဲ့ပြောပြီး ကျောင်းရောက်တဲ့အချိန်မှာ ရှော့ခ်ရတာပေ့ါ။ အချို့ ဝေးလံခေါင်သီတဲ့ အရပ်တွေမှာ မိဘတွေက မြန်မာစကားမတတ်ဘူး။ ကျောင်းမှာ ကလေးက စာမလိုက်နိုင်တာကို မိဘက ဘယ်လိုမှ မပံ့ပိုးပေးနိုင်ဘူး။ တချို့မိဘတွေက စာကို မတတ်ဘူး။ အဲ့လိုကလေးတွေက ကျောင်းစာသင်ခန်းမှာ သင်မှပဲ အတန်းစာကို ကောင်းကောင်း တတ်တော့မယ်။

**စစ်တမ်းမှာ ထူးခြားတဲ့တွေ့ရှိချက်မျိုးရှိရင် သိချင်ပါတယ်။**

ထူးခြားချက်က ကျွန်မတို့ မရည်ရွယ်ဘဲနဲ့ကရင်ပြည်နယ်မှာ ဒေသခံ ဘာသာစကားတတ်တဲ့ ဆရာမတွေရှိတဲ့ ကျောင်းတစ်ကျောင်း သုတေသနလုပ်တဲ့ထဲ ပါလာတယ်။ အဲ့ဒီကျောင်းရဲ့ ရလဒ်တွေ့ရှိချက်က ကလေးတွေရဲ့ စာတတ်မြောက်တဲ့စွမ်းရည်က တခြားကျောင်းသားတွေနဲ့ တကယ်ကို ကွာနေတာတွေ့ရတယ်။ ဒေသခံဆရာက ဘာသာစကားနှစ်မျိုးနဲ့ ကရင်လိုလည်း ရှင်းပြတယ်၊ မြန်မာလိုလည်း သင်တယ်။ မူလတန်းကျောင်းဖြစ်တဲ့အတွက် ဒီသင်ရိုးပဲ။ ဒါပေမဲ့ စာသင်တဲ့အခါမှာ ကရင်စကားသုံးပြီး သင်လိုက်တယ်။ ကျွန်မတို့ သုတေသနထဲမှာကို အဖြေထွက်နေသလိုဖြစ်သွားတာပေ့ါ။

**ဒေသခံဘာသာစကားနဲ့ သင်ကြားမယ်ဆိုရင် ဆရာလိုအပ်ချက်အတွက် ဘယ်လိုဖြေရှင်းနိုင်မယ်ထင်ပါလဲ။**

မူလတန်းအောက်ဆင့်မှာ ကလေးတွေဟာ ဒေသခံဘာသာစကားကို သင်ကြားရေးကြားခံအနေနဲ့ သုံးသင့်တယ်လို့ ပြောတာနဲ့ ဆရာကိစ္စ လိုက်လာပြီ။ အခု ကျောင်းတွေမှာက ဒေသခံဆရာနည်းတယ်။ အခု ဆရာအတတ်သင်ကောလိပ်တွေက ပြည်နယ်တိုင်းမှာရှိတယ်။ ဒါပေမဲ့ ဒီကောလိပ်တွေ တက်ဖို့ ဒေသခံတွေ အမှတ်မမီကြဘူး။ ဒေသခံတွေက နဂိုတည်းက တက္ကသိုလ်ဝင်တန်း အမှတ်နည်းတယ်။ များတဲ့သူတွေကလည်း တခြားပိုကောင်းတဲ့ လိုင်းကိုသွားကြတယ်။ နောက်တစ်ခုက ဆယ်တန်းအောင်တဲ့ ကလေးတွေက ဆရာ၊ ဆရာမ အလုပ်ဝင်လုပ်ဖို့ အရမ်းဝန်လေးကြတယ်။ လခလည်း ကောင်းကောင်းမရဘူး။ ဆရာ၊ ဆရာမ ဆိုတဲ့ဂုဏ်ကိုလည်း မမက်မောတဲ့ ခေတ်ကို ရောက်လာတာပေ့ါ။ အဲ့ဒီတော့ အမှတ်မမီတာရယ်၊ မလျှောက်ကြတော့တာရယ်ကြောင့် ကျောင်းတွေမှာ တခြားဒေသက ကျောင်းသားတွေကို ဖြည့်ထည့်ထားတာပေ့ါ။ အဲ့ဒါက ပြည်နယ်တိုင်းမှာ ကျွန်မတို့ ကြားရတယ်။ အစိုးရပိုင်းအနေနဲ့ ခုနက အမှတ်တွေကိုစဉ်းစားတဲ့အခါမှာ ဒီနှစ်ကျောင်းသားတစ်ရာလက်ခံမယ်ဆိုရင် ဘယ်နှရာခိုင်နှုန်းကတော့ ဒေသခံကလေးတွေကို ဦးစားပေးဖို့လိုတယ်ပေ့ါ။ အဲ့ဒါဆို ဒေသခံ ကလေးတွေအတွက် အမှတ်သတ်မှတ်ချက်လျော့နည်းသွားနိုင်ပြီး အခွင့်အလမ်းတွေ ကောင်းလာနိုင်ပါတယ်။

**ဒီပညာရေး မူဝါဒစစ်တမ်းအပေါ် တခြားတိုင်းရင်းသား ခေါင်းဆောင်တွေရဲ့ အမြင်က ဘယ်လိုရှိနေပါလဲ။**

သူတို့ကတော့ နိုင်ငံရေးအတွေးနဲ့ ဘာသာရပ် သင်တာကို ကြိုက်တယ်ပေ့ါနော်။ ဒါပေမဲ့ ကျွန်မတို့က ဒီစာတမ်းထုတ်တယ်ဆိုတာက နိုင်ငံရေးသမားအမြင်နဲ့ မဟုတ်ဘူး၊ ကလေးရဲ့ ပညာရေးဖွံ့ဖြိုးတိုးတက်မှုရှုထောင့်ကနေ လုပ်တာဖြစ်ပါတယ်။ ဘာသာရပ်တစ်ခုအနေနဲ့သင်မယ်ဆိုရင်မူလတန်းကလေးတွေဖြစ်တဲ့အတွက် ကစားလည်း ကစားရဦးမယ်။ ကျောင်းချိန်တွင်းမှာ သင်ခန်းစာတွေကိုလည်း သင်ပြီးပြီ၊ တိုင်းရင်းသားဘာသာရပ်ကို ထပ်သင်ဦးမယ်ဆိုရင် ကလေးကို ဝန်ထုပ်ဝန်ပိုးဖြစ်စေတယ်။ ဘာသာစကားကို ဘာသာရပ်အနေနဲ့ မြန်မာနဲ့ အင်္ဂလိပ်စာကို ကျောင်းမှာ သင်နေပြီးသားဖြစ်တဲ့အတွက် ဘာသာရပ်တစ်ခုကို ထပ်သင်မယ်ဆိုရင် အကောင်းဆုံးအဖြေမဟုတ်ဘူးလို့ ပညာရေးရှုထောင့်အရမြင်ပါတယ်။ ဒါပေမဲ့ ခုနက အကယ်ဒမစ်ဘာသာရပ်တွေကိုနားလည်အောင် ဘာသာစကားကို အသုံးပြုသင့်တယ်။ ကျွန်မတို့ စာတမ်းကတော့ ပညာရေးရှုထောင့်နဲ့ ကလေးရဲ့ ဖွံ့ဖြိုးမှုရှုထောင့်ကနေ ရေးတယ်။ တိုင်းရင်းသားခေါင်းဆောင်တွေကတော့ ဒီရှုထောင့်တွေကို ပညာရှင်တွေလောက် နားမလည်ဘူး။ ဒါက ကလေးတွေဟာ သူတို့ရဲ့ဘာသာစာပေကို တတ်ရမယ်၊ နားလည်ရမယ်ဆိုတဲ့ ရှုထောင့်ကနေ လာတာကို။ ကျွန်မတို့ ပညာရေးမူဝါဒစာတမ်းကို လက်မခံတာ မဟုတ်ပါဘူး။ ဒါနဲ့ မလုံလောက်ဘူးလို့ ထင်တာပါ။ သုတေသနရဲ့ ရလဒ်တွေကို မတွေ့ခင်တုန်းက ဒါကိုမလိုဘူးလို့ ထင်နေတာ။ ဒါပေမဲ့ သုတေသနရဲ့ ကိန်းဂဏန်းတွေကို တွေ့လိုက်တဲ့အခါမှာ၊ ကလေးတွေ ဘာသာစကား အခက်အခဲကြောင့် ဘယ်လောက် ရုန်းကန်နေရတယ်ဆိုတာ မြင်တွေ့လိုက်တဲ့အခါမှာ ဒီပညာရေးမူဝါဒကိုလည်း လက်ခံတယ်၊ ဘာသာရပ်အနေနဲ့လည်း သင်ဖို့လိုတယ်ပေ့ါ။

**ကျောင်းချိန်ပြင်ပမှာ တိုင်းရင်းဘာသာသင်ကြားမယ့် အစီအစဉ်အပေါ် ဘယ်လိုမြင်ပါလဲ။**

ပညာရေးဝန်ကြီး ပြောသွားတာနဲ့ ကျွန်မတို့နဲ့ ဘာမှမဆိုင်ဘူးဖြစ်နေတယ်။ ကျွန်မတို့ မူဝါဒက ဘာသာရပ်တစ်ခုအနေနဲ့ သင်ဖို့လည်း မဟုတ်ဘူး။ အခုလောလောဆယ် Medium of Instruction (သင်ကြားရေးကြားခံဘာသာစကား)ကိုပဲ ပြောတာပါ။ ဘာသာရပ်တိုးဖို့ ပြောတာလည်းမဟုတ်ဘူး။ မူလတန်းအောက်အဆင့်မှာ တိုင်းရင်းသား၊ ဒေသခံ ဘာသာစကားကို Medium of Instruction အနေနဲ့ လိုသလို သုံးသင့်တယ်ဆိုတဲ့မူဝါဒပါပဲ။ ပညာရေးဝန်ကြီးဌာနကလုပ်တဲ့ အစည်းအဝေးနဲ့ ကျွန်မတို့ သုတေသနနဲ့ ဆက်စပ်မှုမရှိဘူးလို့ဘဲ ပြောချင်ပါတယ်။ တစ်ခု စိတ်မကောင်းတာက ဆုံးဖြတ်ချက်နဲ့ လုပ်ပြီဆိုရင်လည်း တိုင်းရင်းသားအားလုံး ပါသင့်တယ်ပေ့ါနော်။ တိုင်းရင်းသား ၁၃၅ မျိုးဆို အကုန်လုံး ပါသင့်တာပေ့ါ။ ဒါပေမဲ့ တချို့ကျတော့လည်း စာမရှိတာတို့၊ မထွင်ရသေးတာတို့ဆိုရင် စာရှိပြီးသားသူတွေတော့ အားလုံးပါသင့်တာပေ့ါ။ တိုင်းရင်းသားတိုင်းပါဝင်ခွင့်ပေ့ါ။ အကောင်းဘက်ကို လုပ်ရင်းကနေ အဆိုးဖြစ်ဖြစ်လာတာက အရင်တည်းက ရှိခဲ့တာကို ပြန်မြင်နေရတာပေ့ါ။

**အရင်က တိုင်းရင်းသားဘာသာစကားသင်ကြားမှုနဲ့ ပတ်သက်ပြီး လှုပ်ရှားမှု လုံးဝမရှိခဲ့တော့ အခုလိုအစီအစဉ် ပေါ်လာတာက အပြုသဘောတစ်ခုအနေနဲ့ ပြောလို့ရပါသလား။**

တိုင်းရင်းသား ဘာသာစကားကို ဘာသာရပ်တစ်ခုအနေနဲ့ သင်မယ်ဆိုတဲ့ဟာက ဒီတစ်ခုတည်းကိုကြည့်ရင် ကောင်းတယ်ပေ့ါ။ ဘာတွေတော့ ပါမယ်၊ ဘယ်ဟာတော့ မပါဘူးဆိုတဲ့အခါမှာ ကျန်ခဲ့တဲ့ အဖွဲ့တွေက ငါတို့က တိုင်းရင်းသား မဟုတ်ဘူးလားလို့ မေးရမယ့် မေးခွန်း ပေါ်လာတာပေ့ါ။ ကရင်မှာဆို ပိုးကရင်၊ စကောကရင် ထည့်ထားတယ်။ ရှမ်းမှာဆိုရင် တောင်ကြီးရှမ်း၊ ဂုံရှမ်းတို့ ဘာတို့ ထည့်ထားတယ်။ ဒါပေမဲ့ တကယ်တမ်း ရှမ်းတွေကို မေးကြည့်လိုက်ရင် ရှမ်းစာက တစ်ခုတည်းဖြစ်နေပြီ။ ရှမ်းတွေက ရှမ်းစာကို တစ်ခုတည်း လုပ်ထားပြီးပြီ။ ဒါတွေကို မသိဘူးဆိုတာ ပေါ်နေတယ်။

**-အချိန်ပေးဖြေကြားတာ ကျေးဇူးတင်ပါတယ်။**

## အဆင့်မြင့် ကွန်ပျူတာဒီပလိုမာဘာသာရပ်တစ်ခု ပြည်တွင်း၌ သင်ယူနိုင်

**သီဟ**

**ရန်ကုန်၊ ဇွန်-၂၀**

ယခင်က အင်္ဂလန်တွင် သွားရောက်သင်ယူရသည့် HND Diploma in Computing ဘာသာရပ်အား ပြည်တွင်း၌ပင် သင်ကြားနိုင်ပြီဖြစ်ကြောင်း သတင်းရရှိသည်။

အဆိုပါ ဒီပလိုမာသင်တန်းအား တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး အသက်(၁၆)နှစ်ပြည့်ပြီး သူများ တက်ရောက်နိုင်ပြီး အခြေခံအတန်း ၅ လနှင့် ဒီပလိုမာအတန်းလပေါင်း ၂၀ တက်ရောက်ရမည်ဖြစ်သည်။

အသက်(၁၈)နှစ် ပြည့်ပြီး တက္ကသိုလ် ဒုတိယနှစ်နှင့်အထက် တက်ရောက်ပြီးသူများဖြစ်ပါက လ ၂၀ဒီပလိုမာအတန်းသို့ တိုက်ရိုက်တက်ရောက်နိုင်သည်ဟု အဆိုပါဘာသာရပ်အတန်းများဖွင့်လှစ်နေသူ Gusto Higher Education Institute မှကျောင်းအုပ်ဦးဝင်းထိန်ဝင်းက ပြောသည်။ အဆိုပါ ဒီပလိုမာတန်း ပြီးပါက အင်္ဂလန်၊ အမေရိကန်၊ ဩစတြေးလျနှင့် နယူးဇီလန်နိုင်ငံများရှိ တက္ကသိုလ်များတွင် နောက်ဆုံးနှစ်သို့ တိုက်ရိုက်တက်ရောက်နိုင်ကြောင်း သိရသည်။

ပြည်တွင်းတွင် တက်ရောက်ရမည့် သင်တန်းများအတွက် သင်တန်းကြေးမှာ တစ်လလျှင် ကျပ်သုံးသိန်းဖြစ်ပြီး တစ်ကြိမ်သွင်းလျှင် ငါးလစာသွင်းရမည်ဖြစ်ကြောင်း သိရသည်။

CROWN EDUCATION

လူငယ်များကို ပြည်တွင်းပြည်ပ ပညာရေးအခွင့်အလမ်းများနှင့်မိတ်ဆက်ပေးမည့်

" နိုင်ငံတကာပညာရေးပြပွဲ - ဟောပြောပွဲ "

30-Jun 2012(Saturday) 10:00 am to 2:00 pm Summit Parkview Hotel(Ballroom)


MHR MANAGEMENT INSTITUTE

Gusto Higher Education Institute

ပြည်တွင်းပြည်ပ နိုင်ငံတကာ
ပညာရေး
သတင်းအချက်အလက်များ

- ဘယ်နိုင်ငံမှာပညာသင်ရင်ပိုအဆင်ပြေမလဲ
- ဘယ်ဘာသာရပ်ကိုဘယ်ကျောင်းမှာတက်ရင်ပိုကောင်းမလဲ
- ပြည်တွင်းမှာ ဘာတွေလေ့လာသင်ထားရင်သင့်တော်မလဲ
- ဘယ်ဘာသာရပ်ကဘယ်လိုအလုပ်အကိုင်အခွင့်အလမ်းတွေရှိလဲ

| IT & Engineering | Business Management | Medical & Life Science |
|---|---|---|
| 10 am - 11 am | 11 am - 12 noon | 12 noon - 1 pm |



Singapore UK Malaysia USA Australia Canada

# 228-229, Summit Parkview Hotel, No.350, Ahlone Road, Dagon Tsp, Yangon. Call us: 09 732 73277, 09 5085 185

Technology
7 DAY NEWS JOURNAL
Vol.11, No.16 • JUNE 28 , 2012

# ပုဂ္ဂလိကဘဏ် ၁၁ ခု ဆွစ်ကုတ်ရပြီ

**ယုဇနကိုကို၊ ပြည့်သိမ်း**
**ရန်ကုန်၊**
**ဇွန်-၂၁**

မြန်မာနိုင်ငံတော် ဗဟိုဘဏ်၏ ခွင့်ပြုချက်ဖြင့် နိုင်ငံခြားငွေရောင်းဝယ်ဖောက်ကားမှု လိုင်စင် (AD-Authorized Dealer)ရရှိခဲ့သည့် ပြည်တွင်းပုဂ္ဂလိကဘဏ် ၁၁ ခုသည် Swift Code ရရှိသွားပြီဖြစ်ကြောင်း သတင်းရရှိသည်။

ယခုကဲ့သို့ပြည်တွင်းဖွင့်လှစ်ထားသည့် ဘဏ်များ Swift Code ကို ရရှိသွားခြင်းဖြင့် နိုင်ငံတကာ ငွေလဲလှယ်မှုနှင့် ငွေကြေးလွှဲပြောင်းမှုများကို ပြည်ပနိုင်ငံများနှင့် အလွယ်တကူချိတ်ဆက်ဆောင်ရွက်နိုင်ပြီဖြစ်ကြောင်း ဗဟိုဘဏ်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် ပြည်တွင်းဘဏ်လုပ်ငန်းများကို နိုင်ငံတကာဘဏ်လုပ်ငန်းများနှင့် ငွေကြေးကိစ္စလွှဲပြောင်းခြင်း လုပ်ငန်းများကို အပြန်အလှန် ချိတ်ဆက်ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတကာ ငွေကြေးလွှဲပြောင်းမှု အဖွဲ့အစည်းတစ်ခုဖြစ်သော Swift Network သို့ ဝင်ရောက်နိုင်ရန် ယင်းဘဏ်များနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းဟု သိရသည်။

နိုင်ငံတကာ ငွေကြေးလွှဲပြောင်းမှုအဖွဲ့အစည်းဖြစ်သော Swift Network အနေဖြင့် ၎င်းတို့နှင့် ယခုချိတ်ဆက်လိုက်ပြီဖြစ်သော ပုဂ္ဂလိကဘဏ် ၁၁ ခုကို အဖွဲ့ဝင်အဖြစ် လက်ခံလိုက်ပြီဖြစ်သဖြင့် အထက်ပါအပြည်ပြည်ဆိုင်ရာ ငွေကြေးလွှဲပြောင်းမှုလုပ်ငန်းများကို ပြည်တွင်းဘဏ်လုပ်ငန်းကဏ္ဍတွင်မကြာမီတိုးချဲ့ဆောင်ရွက်နိုင်တော့မည်ဟု အထက်ပါဘဏ်အချို့၏ ပြောရေးဆိုခွင့်ရှိသူများထံမှ သတင်းရရှိသည်။

"ဆွစ်ကုတ်ရတဲ့အတွက် ဇူလိုင်လကစပြီး စမ်းသပ်သုံးကြည့်မယ်။ လောလောဆယ်တော့ ဝန်ထမ်းတွေကို လေ့ကျင့်ရေးပေးနေပါတယ်။ ဒီစနစ်က ဟိုဘက်နိုင်ငံက ဘဏ်တွေနဲ့ ငွေလွှဲတဲ့အခါမှာ ပိုမိုလုံခြုံစိတ်ချရတဲ့ စနစ်တစ်ခုဖြစ်တယ်။ လောလောဆယ် မလေးရှားက ဘဏ်တွေနဲ့ အဆင်ပြေနေပြီ။ ထိုင်းနဲ့စင်ကာပူတို့နဲ့တော့မချိတ်ရသေးဘူး"ဟု စီဘီဘဏ် မန်နေဂျင်းဒါရိုက်တာဦးဖေမြင့်ကပြောသည်။

ယခုကဲ့သို့ ပြည်တွင်းပုဂ္ဂလိကဘဏ်များ နိုင်ငံတကာနှင့် တရားဝင်ငွေကြေး လွှဲပြောင်းခွင့်လုပ်ငန်းကို ရရှိသွားခြင်းနှင့်ပတ်သက်၍ အာရှစိမ်းလန်းဖွံ့ဖြိုးရေးဘဏ်မှ တာဝန်ရှိသူတစ်ဦးက "အဓိကက ဘဏ်လုပ်ငန်းတွေ နိုင်ငံတကာနဲ့ ချိတ်ဆက်တဲ့အခါ အရမ်းအဆင်ပြေသွားပြီ။ ပိုပြီးလုံခြုံစိတ်ချရသွားပြီ။ အကျိုးဆက်အနေနဲ့ဘဏ်ဝန်ဆောင်မှုကိုသုံးစွဲသူတွေအတွက်လည်း ပိုပြီးအဆင်ပြေတဲ့ ဝန်ဆောင်မှုတွေကို ရလာမှာပါ" ဟု ပြောသည်။

နိုင်ငံတကာ ငွေကြေးလွှဲပြောင်းမှု အဖွဲ့အစည်းတစ်ခု ဖြစ်သော Swift Network နှင့် ချိတ်ဆက်လိုက်ပြီဖြစ်သော ပြည်တွင်းပုဂ္ဂလိကဘဏ် ၁၁ ခုမှာ အာရှစိမ်းလန်းဖွံ့ဖြိုးရေးဘဏ်၊ မြဝတီဘဏ်၊ ထွန်းဖောင်းဒေးရှင်းဘဏ်၊ အင်းဝဘဏ်၊ မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးရေးဘဏ်၊ ကမ္ဘောဇဘဏ်၊ မြန်မာ့ရှေ့ဆောင်ဘဏ်၊ ရောဝတီဘဏ်၊ မြန်မာအရှေ့တိုင်းဘဏ်၊ သမဝါယမဘဏ်နှင့် ယူနိုက်တက်အမရာဘဏ်တို့ဖြစ်သည်။



ဆွစ်ကုတ်ရသွားသောဘဏ်များထဲမှ ယူနိုက်တက်အမရာဘဏ်ခွဲတစ်ခု ဖွင့်စဉ်က

# Panasonic ၏ ပထမဦးဆုံး Android OS သုံး အကြမ်းခံသင်ပုန်းကွန်ပျူတာ ပြသ

**စင်ကာပူ၊ ဇွန် - ၁၉**

ဂျပန်နည်းပညာကုမ္ပဏီ Panasonic သည် စစ်မြေပြင်ကဲ့သို့သော ခက်ခဲကြမ်းတမ်းသောနေရာများတွင်အသုံးပြုနိုင်သည့် ကုမ္ပဏီ၏ ပထမဆုံးသော Android OS အသုံးပြုသင်ပုန်းကွန်ပျူတာ Toughpad A1 ကို ထုတ်ဖော်ပြသခဲ့သည်။ စင်ကာပူတွင် ပြုလုပ်သည့် အာရှဆက်သွယ်ရေးကုန်စည်ပြပွဲ Communic Asia Telecom Trade Expo တွင်ပြသခဲ့သည့် ယင်းသင်ပုန်းကွန်ပျူတာသည် အခြားကွန်ပျူတာများကဲ့သို့မဟုတ်ဘဲ ရေစိုဒဏ်၊ ဖုန်ဒဏ်နှင့် လွတ်ကျဆောင့်မိသည့် ဒဏ်များအားလုံးခံနိုင်ရည်ရှိသည်ဟုဆိုသည်။ အလွန်အကြမ်းခံသောယခုသင်ပုန်းကွန်ပျူတာကို အမေရိကန်ပြည်ထောင်စုတွင် မကြာသေးမီက ပြသခဲ့ပြီး ယခုနှစ်ကုန်တွင် ဈေးကွက်သို့ ဖြန့်ချိမည်ဟု သိရသည်။

ယခုကွန်ပျူတာသည် Panasonic ၏ သင်ပုန်းကွန်ပျူတာများတွင် Android OS အသုံးပြု ပထမဆုံးမော်ဒယ်ဖြစ်သည်။ ယခင် Toughpad မော်ဒယ်များမှာမူ Windows OS များအသုံးပြုခဲ့သည်။ Toughpad A1 သည် အလေးချိန် ၀ ဒသမ ၉၇ ကီလိုဂရမ်ရှိကာ ၁၀ ဒသမ ၁ လက်မ ပြင်ညီမျက်နှာပြင်ပါဝင်ပြီး နေရောင်အောက်၌ပင် စာဖတ်နိုင်အောင် ဖန်တီးထားသည်။ ယင်းကွန်ပျူတာသည် အမြင့်လေးပေခန့်မှပြုတ်ကျသည့်ဒဏ်ခံနိုင်ကာ ဘက်ထရီသက်တမ်း ကိုးနာရီရှိသည်ဟုဆိုသည်။


Photo: AFP

—*Ref: AFP*

# ကောလ်စင်တာတွင် အသင်းဝင်ပါက နေ့စဉ်ငွေလဲနှုန်း အခမဲ့ ပို့ပေး

**သိမ့်သိမ့်စိုး**
**ရန်ကုန်၊**
**ဇွန်-၁၇**

အထွေထွေ စုံစမ်းမေးမြန်းမှုများကို ဝန်ဆောင်မှုပေးနေသော ရတနာပုံကောလ်စင်တာတွင် Member အဖြစ် ဝင်ထားပါက နေ့စဉ်နိုင်ငံခြားငွေလဲလှယ်နှုန်း များကို မိမိဖုန်းသို့ အခမဲ့ Message ပို့ပေးနေကြောင်း သတင်းရရှိသည်။

ကောလ်စင်တာတွင်အဖွဲ့ဝင်အဖြစ်ဝင်ပါက ငွေကြေးတစ်စုံတစ်ရာ ပေးရန်မလိုဘဲ ကောလ်စင်တာသို့ ဖုန်းခေါ်ပြီး အဖွဲ့ဝင်အဖြစ်ဝင်လိုကြောင်းပြောပြ၍ ကိုယ်ရေးအကျဉ်းကိုသာ ပြောပြရမည်ဖြစ်သည်။

ကိုယ်ရေးအကျဉ်းဆိုသည်မှာ မိမိနာမည်၊ မှတ်ပုံတင်နံပါတ်၊ မွေးသက္ကရာဇ်၊ အလုပ်အကိုင်ဝါသနာစသည်တို့ကို ပြောပြရုံသာဖြစ်သည်။ ထို့ပြင် ကောလ်စင်တာမှ ဝန်ဆောင်မှုပေးသော နိုင်ငံခြားငွေလဲလှယ်နှုန်းများကို လက်ခံယူနိုင်ရန် မိမိကိုင်ဆောင်သည့် ဖုန်းနံပါတ်နှင့်ဖုန်းအမျိုးအစားတို့ကိုလည်း ပြောပြရန် လိုအပ်မည်ဖြစ်သည်။

မိမိဖုန်းတွင် မြန်မာဘာသာစနစ်ထည့်သွင်းထားပါကလည်း နိုင်ငံခြားငွေလဲလှယ်နှုန်းများကို မြန်မာလိုလက်ခံနိုင်မည်ဖြစ်သည်။

ငွေလဲလှယ်နှုန်းများသည် ဘဏ်များ၏ ငွေလဲသည့် ရေးကောင်တာများမှ ဈေးနှုန်းများကို ပို့ပေးခြင်းဖြစ်၍ USD,FEC, SGD နှင့် EUD ဈေးနှုန်းများကို သိရှိနိုင်မည်ဖြစ်သည်။ ထို့ပြင် ကောလ်စင်တာ နှင့်ပတ်သက်သော ဝန်ဆောင်မှု တစ်စုံတစ်ရာ ပြောင်းလဲမှုရှိပါကလည်း Message ပို့၍ အကြောင်းကြားပေးမည်ဖြစ်ကြောင်း သိရသည်။

ရတနာပုံကောလ်စင်တာကို ရတနာပုံတယ်လီပို့ကုမ္ပဏီ၊ Blue Ocean ကုမ္ပဏီတို့ အကျိုးတူပူးပေါင်းတည်ထောင်ထားခြင်း ဖြစ်သည်။




circle tech
Connecting Tomorrow
Special Promotion
Buy - P-410 (or) M-800
Get -
5% OFF
+
UV Umbrella
(20.6.2012 to 20.7.2012)
P-410
Android Phone
Network : GSM / WCDMA
Display : 4.1"
Resolution : 800 x 480(WVGA)
Capacitive touch
Memory : 512MB NAND + 512MB
Camera : F/R - 0.3M / 8.0M AF
Battery : Li-Ion 2000mAh
Wi-Fi
M-800
Network : GSM
Display : 2.6"
Resolution : 240 x 320 Pixels
Memory : 128MB NAND + 64MB
Camera : 3.0 M Pixels
Battery : 1280mAh
Java
The world is calling ...
• ထိုင်ဝမ်နိုင်ငံမှ ထုတ်လုပ်သည့် နိုင်ငံတကာအဆင့်မီ အရည်အသွေးမြင့် ဖုန်းဖြစ်သည်။
• Hardware & Software ပိုင်းဆိုင်ရာ တစ်နှစ်အာမခံ *
• (၄၈)နာရီအတွင်း ပြင်ဆင်လဲလှယ်ပေးသည့် After Sale Service*
• ဖုန်းနှင့်ပတ်သက်၍ မေးမြန်းဆွေးနွေးရန် Hotline
* ဤအချက်အလက်များနှင့်ပတ်သက်၍ အသေးစိတ်ကို Customer Care Counter တွင် မေးမြန်းဆွေးနွေးနိုင်ပါသည်။
Customer Care Counter - Junction Squaqre : C 121/122, 1st Floor. Ph : 01 527242, (Ext: 2072)
ဝယ်ယူရရှိနိုင်သောဆိုင်များ - Elite Tech, လူကြီးမင်း, Mr. FONE Telecom Centre, Do Co Mo, Orbit
HOTLINE: 09421015168
Comes from TAIWAN

7DAY NEWS JOURNAL
Vol.11, No.16 • JUNE 28 , 2012

# ပညာရေးနှင့် မဝေးစေချင်

မင်းသန်းထိုက်(ဒေးဒရဲ)

**ကျောင်း** တွေဖွင့်ခဲ့ပြီ။ သည်စာသင်နှစ်က မြန်မာ့ပညာရေးသမိုင်းမှာ မော်ကွန်းသစ်ထိုးမည့်နှစ်ဖြစ်သည်။ အကြောင်းမှာ အရင်နှစ်များလို အစိုးရကျောင်းတွေချည်းမဟုတ်ဘဲ ပညာရေးပြိုင်ကွင်းအတွင်းသို့ ပုဂ္ဂလိကကျောင်းများလည်း ဝင်ရောက်လာခဲ့ပြီ။ ယခုဆိုလျှင် ကိုယ်ပိုင်ကျောင်းမှတ်ပုံတင် နည်းဥပဒေလည်း ထွက်ရှိလာခဲ့ပြီဖြစ်ရာ အစိုးရကျောင်းများနှင့် ပုဂ္ဂလိကကျောင်းများ အားပြိုင်ကြရပေတော့မည်။ ငွေကြေးတတ်နိုင်သူတို့က မိမိတို့သားသမီးများအတွက် အနာဂတ်ရည်မှန်းချက်တွေကိုယ်စီနဲ့ ကြေးကြီးကြီးပေးရသည့် ပုဂ္ဂလိက ကျောင်းများဆီပို့ကြသည်။ ငွေကြေးမတတ်နိုင်သူတို့ကလည်း ကိုယ့်အထွာနှင့်ကိုယ် သင့်နိုးရာရာ အစိုးရကျောင်းများဆီပို့ကြသည်။ သြော် . . . ပညာခေတ်ကိုး။ ပညာလူ့အဖွဲ့အစည်းကိုး။

မြို့ပြတွေရဲ့ အခြေခံပညာကျောင်းတွေမှာ စာဖတ်စာအံ၊ စာကျက်သံတွေနဲ့ ဘဝင်ညံနေပါပြီ။ တစ်နွေလုံးခြောက်သွေ့တိတ်ဆိတ်ခဲ့တဲ့ စာသင်ခန်းတွေဟာ ဇွန်လရဲ့ မိုးရေစက်များနှင့်အတူ လန်းဆန်းနုပျိုအရောင်အသွေးတွေ စိုခဲ့ပါပြီ။

သို့သော် မြို့ပြတွေကခွာပြီး စိမ်းစိမ်းစိုစို လယ်ကွင်းများရှိရာ ကျေးလက်ဒေသတွေကိုလှည့်ပြောင်းငဲ့စောင်းကြည့်လိုက်ရင်တော့ အချို့ကျေးလက်မြင်ကွင်းတွေက ပညာခေတ်ကိုသရော်လှောင်ပြောင်နေကြသလိုပါ။

ပြီးခဲ့တဲ့ဇွန် ၁ ရက် ကျောင်းတွေစဖွင့်တဲ့နေ့က တိုးမြစ်နဲ့ သံဒိမြစ်အကြားကျွန်းပေါ်က ရွာကလေးတစ်ရွာဆီ ကိစ္စတစ်ခုနှင့် ကျွန်တော်ရောက်ခဲ့သည်။ မြစ်ဝကျွန်းပေါ်ဒေသဆိုသည့်အတိုင်း ပေါလိုက်တဲ့ချောင်းတွေ မြောင်းတွေကလည်း ဟိုနေရာကဘွားခနဲ သည်နေရာကဘွားခနဲ ကောက်ကောက်ကွေ့ကွေ့တွေရော၊ ဖြောင့်ဖြောင့်စင်းစင်းတွေရော။ အချို့က သဘာဝချောင်းများဖြစ်သလို အချို့က နွေစပါးအတွက် ရေသွင်းရန် လူတို့တူးဖောက်ထားသော မြောင်းများဖြစ်၏။ မည်သို့ဆိုစေ ထိုချောင်းတွေ မြောင်းတွေသည် မိုးအခါမှာတော့ မိုးရေတက်ရေတွေနှင့် တဖွေးဖွေးဖြစ်နေတတ်သဖြင့် ကလေးတွေကို မဆိုထားနှင့် လူကြီးများအတွက်တောင် သွားရလာရခက်ခဲစေပါသည်။

ကျွန်တော်ရောက်ခဲ့တဲ့ ရွာကလေးအမည်က “ကွန်ဒိုင်း”ဟု ခေါ်သည်။ အိမ်ခြေ ၄၀ လောက်ရှိလိမ့်မည်။ အတိအကျမဟုတ်သော်လည်း ရွာသားတစ်ဦး၏ ပြောပြချက်အရ အိမ်ထောင်စု (၅၀) ကျော်ရှိသည်ဟုသိရသည်။ လယ်သမားနည်းနည်း၊ လယ်သူရင်းငှားများများ၊ ဘောက်သမားနည်းနည်း၊ တံငါတချို့တစ်ဝက်ရှိသည်။ ကျောင်းဖွင့်ရက်ဖြစ်သော်လည်း သူတို့ရွာ စာသင်ကျောင်းကလေးက တိတ်ဆိတ်ငြိမ်သက်နေသည်။ ညံညံစီစီစာအံကြမည့်ကလေးတွေမရှိ။ တဟော့ဟော့နှင့် ခြောက်ကာငေါက်ကာ စာသင်ကြားပေးမည့် ဆရာမရှိ။ ဆီးထုပ်၊ သကြားလုံး၊ ရေခဲချောင်း ရောင်းမည့်ဈေးသည်မရှိ။ ပကတိအိပ်မောကျနေ၏။ အဘယ်ကြောင့်နည်း။

“ကျွန်တော်တို့ရွာက တရားဝင်ဆက်ရှင်(Sanction)မကျသေးဘူး။ ဒီကျောင်းလေးက နာဂစ်ပြီးတဲ့နှစ်က ရန်ကုန်က အလှူရှင်တစ်ယောက်လာဆောက်ပေးသွားတာ။ ဆရာတစ်ယောက်လည်း ငှားပေးသွားတယ်။ နောက်နှစ်ကျတော့ မလာတော့ဘူး။ ရွာကလည်း ဆင်းရဲတော့ ဆရာငှားပြီး မသင်နိုင်ဘူးလေ”

“ဒါဖြင့် ဒီရွာက ကလေးတွေ ဘယ်သွားတက်ကြလဲ”


“တချို့လည်း အစဲကျောင်းသွားတက်ကြတယ်”

“တော်တော်ဝေးလား”

“နွေဘက်တောင် လူကြီးခြေလှမ်းနဲ့ နာရီဝက်လောက်သွားရတယ်။ မိုးတွင်းဘက်ဆိုတော့ ရိုးတွေမြောင်းတွေ ကူးရတာနဲ့ တစ်နာရီနီးနီးသွားရမှာပေ့ါ။ ကလေးတွေဆိုတော့ ဒီလောက်အဝေးကြီး မလျှောက်နိုင်ဘူးလေ။ စက်လှေစုငှားပြီး မြစ်ရိုးအတိုင်းသွားကြတာပဲ။ မိုးလေထန်တဲ့ရက်တွေဆို အိမ်ကလူကြီးတွေ ရင်မနေရတာ။ တချို့မိဘတွေက စိတ်မချတော့ ကျောင်းမထားတော့ဘူးလေ။ ဒီရွာမှာ မူလတန်းမပြီးတဲ့ ကလေးတွေ အများကြီးရှိတယ်”

“ဒါဖြင့်ဒီကလေးတွေ ဘယ့်နှယ်လုပ် စာတတ်မလဲ”

“မတတ်နိုင်ဘူးလေ။ ကိုယ်စီမံလို့ ဖြစ်တဲ့ကိစ္စမှ မဟုတ်ဘဲ။ ကျောင်းလျှောက်တော့လည်း ကျောင်းသားဦးရေမပြည့်လို့ မရနိုင်ဘူးတဲ့လေ”



ကွန်ဒိုင်းရွာသားတစ်ယောက်နှင့် စကားပြောခဲ့ရပုံဖြစ်ပါတယ်။ သည်ကျွန်းတွေပေါ်မှာ အိမ်ခြေလေးငါးဆယ်သာရှိသည့် ရွာသိမ်ရွာငယ်ကလေးတွေက အများကြီးရှိသည်။ စာသင်ကျောင်းမရှိတဲ့ ရွာကလေးတွေက အပုံအပင်။ တချို့ရွာတွေက အုပ်စုရွာကြီးတွေနဲ့ သိပ်မဝေးလို့ကလေးတွေအတွက် ကျောင်းတက်ဖို့ အခက်အခဲသိပ်မရှိပေမယ့် ကွန်ဒိုင်းလို ဟိုမနီးသည်မနီးရွာတွေက ကလေးတွေကျတော့ အခက်သား။ ပြီးတော့ ချောင်းတွေ မြောင်းတွေကလည်း ပေါပါဘိသနဲ့။ ဆိုတော့ မိဘတွေအဖို့လည်း စိတ်မချချင်စရာ။ သည်တော့ မြို့ကြီးပြကြီးတွေက ကလေးငယ်လေးတွေ ကျောင်းကောင်းကောင်းတွေမှာ စတိုင်ကျကျပညာသင်နေရချိန်မှာ အချို့ရွာတွေက ကလေးတွေ ပညာရေးနှင့် ဝေးနေကြရသည်။

သည်အထဲ မိဘများက ဆင်းရဲတော့ ရွာတွေမှာ အတည်တကျမနေနိုင်။ အလုပ်အကိုင်ရှိရာ ပြောင်းရွှေ့နေထိုင်ကြရသည်။ ကိုယ့်ပြည်တွင်းမှာပဲ ရွှေ့ပြောင်းအလုပ်သမားဘဝ ရောက်နေကြရသည်။ သည်နှစ် သည်ကွင်းထဲ ပြောင်းနေလိုက်၊ နောက်နှစ် နောက်တစ်ကွင်း ပြောင်းနေလိုက်နှင့် ကလေးတွေခမျာ မိဘတွေ ပြောင်းရာနောက်လိုက်ပြောင်းရင်း ဘယ်ကျောင်းမှ ဟုတ်တိပတ်တိ မတက်လိုက်ရဘဲ ကိုးနှစ် ဆယ်နှစ်အရွယ်ဖြစ်သွားသည့် ကလေးတွေကလည်း အများကြီးရှိနေသည်။

ကွန်ဒိုင်းရွာကလေးက ပြန်အလာ ကျွန်တော့်ခေါင်းထဲမှာ တွေးစရာတွေ ပါလာခဲ့သည်။ ကျေးလက်ကကလေးငယ်များ၏ ပညာရေးဘဝဖြစ်စဉ်များ။ ကွန်ဒိုင်းလိုဘာကျောင်းမှ မရှိသည့်ရွာတွေက ကလေးတွေက ပညာရေးနှင့်ဝေးကြရသလို မူလတန်းကျောင်းသာရှိသည့်အတွက် ရွာတွေကကလေးတွေကရော။ သူတို့ရွာကျောင်းတွေက မူလတန်းပြီးတာနဲ့ တချို့ကလေးငယ်များ၏ ပညာရေးဘဝ ကန့်လန့်ကာချလိုက်ကြရသည်။ ငွေကြေးတတ်နိုင်သည့် မိဘများ၏ သားသမီးအနည်းအကျဉ်းသာ မြို့တက်ပြီး ဒါမှမဟုတ် ကိုယ့်ရွာနဲ့ လေးငါးမိုင်ဝေးတဲ့ ရွာကြီးတွေက အလယ်တန်းကျောင်းတွေဆီ နေ့ချင်းပြန်တက်ခိုင်းပြီး အလယ်တန်း ပညာရေးခရီးဆက်ကြရသည်။ ဒါလည်း သွားရတဲ့ခရီးက ရေလမ်းခရီးများတော့ လှေ၊ စက်လှေများကို လပေးစီး၍ ကျောင်းတက်ရသည်။ မိုးကြီးလေကြီး ကျတဲ့ရက်တွေဆို သူတို့တွေ ကျောင်းမတက်ကြရတော့။ တစ်ခါတလေ တစ်ပတ်လုံးလုံး ကြာချင်ကြာသွားတတ်သည်။

တချို့ရွာတွေကျတော့ မူလွန်အထိရှိသည်။ သို့သော် ဆရာအင်အားက မလုံလောက်။ ကျောင်းသားမိဘတွေကစုပြီး အပြင်ဆရာငှားသင်ရသည်။ ထိုကလေးငယ်များ၏ ပညာရေးဘဝသည်လည်း မူလွန်ကနေ (၇)တန်းအောင်တာနဲ့ ကျောင်းပြီးသွားတော့၏။ အနည်းအကျဉ်းလောက်သာ ပညာရေးခရီးဆက်နိုင်ကြလေသည်။

အလယ်တန်းကျောင်းရှိသည့် ရွာတွေက ကလေးများ၏ အခက်အခဲကလည်း တစ်မျိုးဖြစ်သည်။ အတန်းကလေးနည်းနည်းရလာတော့ မိဘတွေကလည်း သားသမီးများ၏ ပညာရေးကိုသည်လောက်နှင့် ရပ်ပစ်လိုက်ရမှာ နှမြောသည်။ မြို့တက်ထားဖို့ကျတော့လည်း ငွေကြေးက မတတ်နိုင်။ ရွာမှာ ဆရာငှားသင်ပြန်တော့လည်း တရားဝင်အထက်တန်းတွဲဘက်ကျောင်းဖွင့်ခွင့်အမိန့်ရမထားလျှင် သင်ခွင့်မရှိ။ တက္ကသိုလ်ဝင်တန်း နှစ်တက်ကျောင်းသားတွေဆိုတော့ ပြင်ပဖြေလည်း ဖြေခွင့်မရ။ သည်တော့ အထက်တန်းတွဲကျောင်း၊ ခွဲကျောင်းရှိတဲ့ ရွာတွေကို ပဲ့ထောင်နဲ့တစ်မျိုး၊ လှေနဲ့ တစ်မျိုး သွားတက်ကြရသည်။ ကျေးလက်ဒေသ၏ ပညာရေးခရီးက သက်စွန့်ဆံဖျားနိုင်လှသည်။

“ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီး တည်ဆောက်အံ့”ဟု ကြွေးကြော်လျက် ပညာရေးခရီးရှည်ကြီးကို ချီတက်နေသော ယခုလိုကာလဝယ် ကျေးလက်က ကလေးငယ်များ၏ ပညာရေးဘဝက နိမ့်ကျလျက်သာ ရှိနေသေးသည်။ မူလတန်းပညာရေးပြီးတာတောင် စာတတ်သည်ဟု မဆိုနိုင်တော့သည့် ယခုခေတ်တွင် ကျောင်းလုံးဝမနေရသည့် ကလေးငယ်တွေက ကျေးလက်ဒေသတွေမှာ အများအပြားရှိနေဆဲပါ။

၁၉၇၁ ခုနှစ် စက်တင်ဘာလ ၈ ရက်က ပြင်သစ်နိုင်ငံ၊ ပါရီမြို့မှာရှိသည့်ကမ္ဘာ့ကုလသမဂ္ဂသိပ္ပံနှင့် ယဉ်ကျေးမှုဆိုင်ရာအဖွဲ့ (ယူနက်စကို)ဌာနချုပ်၌ နိုင်ငံတကာစာတတ်မြောက်ရေး လှုပ်ရှားမှုထူးချွန်ဆု (မိုဟာမက်ရီဇာပါလာဗီဆု)ချီးမြှင့်တော့ သည်ဆုကို မြန်မာနိုင်ငံက ရရှိခဲ့သည်။ ထိုစဉ်က မြန်မာနိုင်ငံ စာတတ်မြောက်ရေးဗဟိုကော်မတီအတွင်းရေးမှူး ဦးသန်းဦးနှင့် ပြင်သစ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးဦးအောင်ရွှေတို့တက်ရောက်၍ ထိုဆုကို လက်ခံယူခဲ့ကြောင်း ထိုစဉ်က ထုတ်ဝေခဲ့သည့်မဂ္ဂဇင်းတစ်စောင်မှာ ဓာတ်ပုံများနှင့် ဝေဝေဆာဆာဖော်ပြခဲ့တာကို မှတ်မိနေသည်။

ခုနေအခါ မြန်မာနိုင်ငံအနှံ့အပြား စစ်တမ်းကောက်ယူကြည့်လျှင် စာမတတ်သည့်ကလေးတွေ အများအပြားရှိနေသည်ကို တွေ့ရလိမ့်မည်။ စာမတတ်သူများလာခြင်းသည် နိုင်ငံအတွက် အနုတ်လက္ခဏာပင်ဖြစ်သည်။ ဆင်းရဲနွမ်းပါးမှု ပပျောက်စေလိုလျှင် လူတိုင်းပညာသင်ခွင့်ရအောင် ဖန်တီးပေးဖို့လိုသည်။ ဝေးလံခေါင်သီ၍ သွားရေးလာရေးခက်ခဲသောရွာခွဲကလေးတွေမှာ ကျောင်းသားဦးရေမပြည့်၍ ပညာရေးဌာနက တရားဝင်ကျောင်းချမပေးသည့်တိုင် သက်ဆိုင်ရာပြည်နယ်တိုင်းဒေသကြီးအစိုးရများ၊ မြို့နယ်အုပ်ချုပ်ရေးဌာနများ၏ အစီအမံဖြင့် ပြင်ပဆရာငှားရမ်းပေး၍ပဲဖြစ်ဖြစ် သူတို့လေးတွေ ပညာသင်ခွင့်ရအောင် ဖန်တီးပေးစေချင်သည်။

သူတို့လေးတွေကိုယ့်ရွာကိုယ့်ဒေသက ကိုယ့်အိမ်နဲ့မဝေးတဲ့ စာသင်ကျောင်းတွေမှာ ရွှင်လန်းတက်ကြွတဲ့ ဟန်ပန်အမူအရာတွေနဲ့ ကျောင်းတက်နေကြတာကို မြင်ချင်သည်။ သူတို့လေးတွေကိုလည်း မြို့ပြက ကလေးငယ်တွေနည်းတူ အနာဂတ်အိပ်မက်ကလေးတွေ မက်ခွင့်ရစေချင်သည်။ ဘာပဲဖြစ်ဖြစ်ကျွန်တော်ကတော့ ကျေးလက်က ကလေးငယ်လေးတွေကိုလည်း ပညာရေးနှင့် မဝေးစေချင်ပါလေ။

7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.11, No.16 • JUNE 28 , 2012





*တပ်မတော်၏ အမြင့်မားဆုံးစစ်သေနာပတိချုပ်ဖြစ်ပေမယ့် ဝင့်ကြွားမှုမရှိသော ဗိုလ်ချုပ်အောင်ဆန်းနှင့် ၎င်း၏မိသားစုကို နတ်မောက်မြို့နေအိမ်၌ မိခင်ကြီးဒေါ်စုနှင့်အတူ တွေ့ရစဉ်*

# ဗိုလ်ချုပ်အောင်ဆန်း၏ ဇာတိနှင့် အစဉ်အလာ

ချမ်းငြိမ်း

**ယခုဆောင်းပါးသည် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ မျိုးရိုးဇာတိနှင့် အစဉ်အလာကို ဖော်ကျူးတင်ပြထားသော ဆောင်းပါးဖြစ်ပါသည်။ အောင်ဆန်းတည်းဟူသော လူပုဂ္ဂိုလ်တစ်ဦးသည် မည်သို့သော မျိုးရိုးကဆင်းသက်ခဲ့၍ မည်သို့သော အမျိုးဂုဏ်၊ ဇာတိဂုဏ် ရှိခဲ့သည်ကို ဖော်ပြလိုရင်းဖြစ်ပါသည်။**

## ■ မျိုးရိုးဇာတိနှင့်အစဉ်အလာ

"ကျွန်တော်ကား ကြွားရမည် ဆိုလျှင် ဆွေကြီးမျိုးကြီးမှ ပေါက်ဖွားလာသူဖြစ်သည်။ ကျွန်တော်တို့ ရှေးအဆက်အနွယ်တို့မှာ ပုဂံပြည် တရုတ်ပြေးမင်းလက်ထက် ဂျင်ဂျစ်ခန်အမှုးရှိသော တရုတ်တို့ဝင်ရောက်နှောင့်ယှက်သောအခါတွင် နိုင်ငံခြားသားတို့၏ လက်အောက်တွင် မနေလို၍လွတ်ရာကျွတ်ရာ ယခု ကျွန်တော့် မွေးဖွားရာဒေသသို့ စုန်ဆင်းခဲ့လေသည်" ဟူ၍ ဗိုလ်ချုပ်အောင်ဆန်းသည် ၎င်းတို့မျိုးရိုးစဉ်ဆက်မည်သို့ဆင်းသက်လာပုံကိုကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိ၌ အထက်ပါအတိုင်း ဖော်ပြခဲ့လေသည်။

ဗိုလ်ချုပ်အောင်ဆန်းကိုမြန်မာသက္ကရာဇ် ၁၂၇၆ ခု၊ တပေါင်းလဆန်း ၁ ရက်၊ ၁၉၁၅ ခု၊ ဖေဖော်ဝါရီ ၁၃ ရက်၊ စနေနေ့နံနက် ၃ နာရီအချိန်တွင် မကွေးခရိုင်၊ နတ်မောက်မြို့နေ ရှေ့နေဦးဖာနှင့် ဒေါ်စုတို့မှ မွေးချင်းခြောက်ဦးအနက် အထွေးဆုံးသားအဖြစ် မွေးဖွားခဲ့သည်။ ဇာတာအရ ငယ်နာမည်မှာ မောင်ထိန်လင်းဖြစ်သော်လည်း ၎င်း၏အထက်မှ အစ်ကိုဖြစ်သူ မောင်အောင်သန်းနှင့် အမည်လိုက်ဖက်အောင်မောင်အောင်ဆန်းဟု ခေါ်တွင်ရာမှ ထိုအမည်နှင့်ပင်ထင်ရှားခဲ့သည်။

ဗိုလ်ချုပ်၏ ဆိုခဲ့ပါစကားအတိုင်း ဗိုလ်ချုပ်အောင်ဆန်း၏ ဆွေစဉ်မျိုးဆက်တို့သည် ပုဂံပြည်မင်းသမီးနှစ်ပါးက ဆင်းသက်လာခြင်းဖြစ်သည်။ ၎င်းမျိုးဆက်သည်ကုန်းဘောင်ခေတ်တည် အလောင်းဘုရားလက်ထက်တွင် ပင်းမြို့သူကြီး ဦးမြတ်မှာ ထင်ရှားသူဖြစ်ခဲ့သည်။ ယင်းနောက် ပင်းမြို့သူကြီးဦးမြတ်၏ သားနှစ်ဦးအနက် ဝန်စာရေး ဦးမင်းပျို့မှာ မိတ္ထီလာကန်တွင် မည်သို့သောအကြောင်းကြောင့်မသိ စတေးခံရသည်ဟု သိရသည်။ ထို့ကြောင့် ပင်းမြို့သူကြီးဦးမြတ်၏ သားနှစ်ဦးအနက် တစ်ဦးမှာကား မျိုးဆက်ပြတ်လေ၏။ ကျန် သားတစ်ဦးဖြစ်သော ဦးမင်းအောင်သည်လည်း ပုဂံမင်းလက်ထက်တွင် မင်း၏ အငြိုငြင်ခံရ၍ မဲဇာအရပ်သို့ ပို့ခြင်းခံရလေသည်။ ဦးမင်းအောင်၏ မျိုးဆက်ဖြစ်သော သားနှစ်ဦးတွင် ဦးချင်းဆိုသူမှာ ပင်းမြို့သူကြီးအရိုက်အရာအား ဆက်ခံခွင့်ရပြီး ၎င်းမှ နတ်မောက်သူကြီး ဖြစ်ခဲ့သော ဦးရွှေနီနှင့် ဦးပွားဆိုသူအားထွန်းကားရရှိခဲ့သည်။ နတ်မောက်သူကြီးဦးရွှေနီမှာ ဒေါ်စိုးဆိုသည့် အမျိုးသမီးနှင့် အိမ်ထောင်ကျလေသည်။ ဒေါ်စိုး၏ မွေးချင်းတစ်ဦးဖြစ်သော ဦးမှုး၏ သားတစ်ဦးမှာ နောင်အခါ ဗြိတိသျှတို့အား လက်နက်စွဲကိုင် တော်လှန်ခဲ့သော မျိုးချစ်တော်လှန်ရေး ခေါင်းဆောင် ဗိုလ်မင်းရောင်ပင်ဖြစ်လေသည်။ ဗိုလ်မင်းရောင်သည်ဗိုလ်လရောင်အမည်ခံ၍ လက်နက်အင်အား၊ လူအင်အားစုစည်းကာ နယ်ချဲ့ဗြိတိသျှတို့အား အတိအလင်းပင် ပုန်ကန်တိုက်ခိုက်ခဲ့သူ ဖြစ်ပါသည်။ နောက်ဆုံးတွင် အဖမ်းခံရသည့်တိုင် ရပ်ရွာအပေါ် သြဇာရှိသော ပုဂ္ဂိုလ်ဖြစ်၍ ဗြိတိသျှတို့က မြို့ဝန်ရာထူးခန့်အပ်ခဲ့သော်လည်း "လူမျိုးခြားသစ္စာငါမခံ" ဟုတင်းမာစွာငြင်းပယ်ခဲ့၍လည်း ဗြိတိသျှတို့၏ ရက်စက်စွာခေါင်းဖြတ်သတ်ဖြတ်ခြင်းကို ခံရလေသည်။ ဗိုလ်မင်းရောင်သည်ကား ဗိုလ်ချုပ်အောင်ဆန်း၏ အဘွား (ဒေါ်စု၏မိခင်) ဒေါ်သူဇာ၏မောင် ဖြစ်ပါသည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့်ဆိုလျှင် အဘိုးလေးတော်စပ်၏။ ဗိုလ်မင်းရောင်(ဗိုလ်လရောင်) သည်ကား မြန်မာ့သမိုင်းတွင်ကျန်ရစ်ခဲ့သော လျှမ်းလျှမ်းတောက်မျိုးချစ်တော်လှန်ရေးသမားကြီးဖြစ်ခဲ့သည်။ ထို့အပြင်နတ်မောက်သူကြီး ဦးရွှေနီနှင့် ညီအစ်ကိုတော်စပ်သူ ဦးပွားမှာ မြင်ကွန်းမင်းသားနှင့် အတူ ဗြိတိသျှတို့အား လက်နက်စွဲကိုင်တော်လှန်သူ ဖြစ်ခဲ့ရုံမျှမက အခြားသော ညီအစ်ကို ဝမ်းကွဲများဖြစ်ကြသော ဦးဘိုမြနှင့် ဦးရေအေးတို့သည်မြန်မာနိုင်ငံ သူ့ကျွန်ဘဝသို့ ကျရောက်ပြီးသည့်အခါ လက်နက်စွဲကိုင် တော်လှန်ခဲ့ကြသော မျိုးချစ်တပ်ဖွဲ့ဝင်များဖြစ်ကြပြီးပဲခူးနယ်ကိုအခြေပြု၍ တော်လှန်တိုက်ခိုက်ခဲ့သူများဖြစ်ပါသည်။ ယင်းတို့မှာ ဗိုလ်ချုပ်အောင်ဆန်း၏မိခင် ဒေါ်စုဘက်မှ မျိုးရိုးစဉ်ဆက်ဖြစ်ပေသည်။ ၎င်းအစဉ်အဆက်ထဲ၌ အခြားထင်ရှားသူများမှာ မင်းတုန်းမင်းလက်ထက် သက်တော်ရှည် ခမ်းပတ်မင်းကြီး၊ ဘုရင့်သမားတော် ဦးကျော်ဇံနှင့် ရှင်အဂ္ဂသမာဓိတို့ဖြစ်သည်။

ထို့ကြောင့် ဗိုလ်ချုပ်အောင်ဆန်း၏ ဘိုး၊ ဘေး၊ ဘီ၊ ဘင်အဆက်ဆက်တို့သည် ဇာတိသွေး၊ ဇာတိမာန်ထက်မြက်တက်ကြွပြီး မဟုတ်မခံစိတ်ရှိသူများဖြစ်ခဲ့သည်။ ထို့ကြောင့်လည်း ဗိုလ်ချုပ်အောင်ဆန်းသည် နယ်ချဲ့ဗြိတိသျှနှင့် ဖက်ဆစ်ဂျပန်တို့အား မြန်မာ့ မြေပေါ်မှ မောင်းထုတ်ခဲ့ရာ၌ ဦးစီးဦးဆောင်တိုက်ထုတ်နိုင်ခဲ့သည်မှာ စေ့စေ့တွေးကြည့်ပါက ရေးရေးပေါ်ဆိုသလို မဆန်းကြယ်သော ဖြစ်ရပ်ဖြစ်စဉ်များသာဖြစ်ပါ၏။ ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင်ကပင် ၎င်း၏ မှတ်တမ်းတစ်ခုထဲ၌ နာမည်ကျော်နက္ခတ်ဗေဒင်ဆရာကြီးကိုင်ရို၏ ဟောပြောချက်အရ ဆိုလျှင် ဖေဖော်ဝါရီ ၁၃ ရက်နေ့တွင်တိုင်းပြည်တစ်ပြည်၏ အစိုးရထီးနန်းတို့ကို ဖြိုဖျက်နိုင်စွမ်းရှိသူများ မွေးဖွားတတ်သည်ဟုရေးသားထားပါသည်။

## ■ ဦးဖာ၊ ဒေါ်စုမိသားစု

ဗိုလ်ချုပ်အောင်ဆန်း၏မိဘမောင်ဖွားများကို ဆန်းစစ်ကြည့်ပါက မိခင်ဒေါ်စုသည် ရိုးရိုးကျင့်၊ မြင့်မြင့်ကြံ၊ မှန်မှန်ပြော၊ စောစောထ ဆိုရိုးအတိုင်း နေထိုင်ခဲ့သူ ဖြစ်ကြောင်းသိရသည်။ ဒေါ်စုသည် ငယ်စဉ်က တည်ကြည်သောမျက်နှာထား၊ ခန့်ညားသော အဝတ်၊ ရိုးသားသောအစား၊ သစ္စာရှိသောစိတ်ထား၊ ကြံ့ခိုင်သောဖွဲ့၊ ဘွင်းဘွင်းနှင့်ရှင်းရှင်းပြောတတ်သောနှုတ်၊ ကြီးမားသော ဝီရိယတို့နှင့် ပြည့်စုံသူဟု သိရသည်။ မျိုးရိုးဇာတိ ကောင်းသလောက် စိတ်ဓာတ်ကြံ့ခိုင်သူဖြစ်ပါသည်။ဇာတိကြောင့်၊ ဥစ္စာကြောင့်၊ သားသမီးကြောင့် ဂုဏ်တက်ခြင်းတို့၌ မနှစ်သက်ဖွယ်ရာ မာနမျိုးမရှိပေ။ ယင်းအလေ့အထကိုဗိုလ်ချုပ်အောင်ဆန်း၌ တွေ့ရှိရသည်ဟုသိရသည်။

ဗိုလ်ချုပ်အောင်ဆန်း၏ဖခင် ဦးဖာသည်ကား ရိုးရိုးတောင်သူမျိုးရိုးမှ ဆင်းသက်လာသူဖြစ်၏။ ဒေါ်စုနှင့် အကြောင်းပါပြီးမှ ရှေ့နေစာမေးပွဲဝင်ရောက်ဖြေဆိုရာမှ ရှေ့နေဖြစ်လာသည်။ အေးအေးနေလေ့ရှိသူဖြစ်သည်။ ရှေ့နေဦးဖာနှင့် ဒေါ်စုတို့မှ မခင်ညွန့်၊ မဝက်၊ မောင်ဘဝင်း(ဦးဘဝင်း)နှင့် သမီးသုံးဦး မွေးဖွားခဲ့သော်လည်း သုံးဦးစလုံးမှာ အဖတ်မတင်ခဲ့ပေ။ ယင်းနောက် မောင်နေအောင်၊ မောင်အောင်သန်းနှင့် မောင်အောင်ဆန်းတို့အား အစဉ်အတိုင်း ဖွားမြင်ခဲ့လေသည်။ ထို့ကြောင့် ဗိုလ်ချုပ်အောင်ဆန်း၌ မွေးချင်းကိုးဦးရှိသော်လည်း ခြောက်ဦးသာ အဖတ်တင်ကျန်ရစ်ခဲ့သည်။ ယင်းတို့အနက် သမီးကြီးမခင်ညွန့်မှာ ဗိုလ်ချုပ်မိခင်နှင့်အတူ နေထိုင်ခဲ့ပြီး ၄၅ နှစ်အရွယ်တွင်မှ အင်စပက်တော်ဦးသာရင်ဆိုသူနှင့်မိဘများက လက်ထပ်ထိမ်းမြားပေးခဲ့ပါသည်။

ဒုတိယသမီး မဝက်မှာကား အပျိုကြီးဘဝဖြင့် မိခင်နှင့် တစ်သက်လုံး နေထိုင်သွားကာ ဒေါ်စုမှာ သူမ၏ လက်ထဲ၌ပင် ကွယ်လွန်ခဲ့ကြောင်းသိရသည်။

သားကြီး ဦးဘဝင်းသည် ၁၉၂၉ ခုတွင် B.Sc သင်္ချာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့ပြီး ၁၉၄၇ ခုတွင်ထောက်ပံ့ရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးအဖြစ်ထမ်းဆောင်ခဲ့သည်။ ၁၉၄၇ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်ခဲ့ပြီး ဗိုလ်ချုပ်နှင့်အတူ လုပ်ကြံခံခဲ့ရရှာသည်။

ဗိုလ်ချုပ်၏ အစ်ကိုတစ်ဦးဖြစ်သူ ဦးနေအောင်သည်ကား ဖခင်ခြေရာလိုက်၍ ရှေ့နေအလုပ်ဖြင့် အသက်မွေးဝမ်းကျောင်းပြုခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်း၏ အထက် အစ်ကိုဖြစ်သူ ဦးအောင်သန်းသည် ဝိဇ္ဇာဘွဲ့ရသည်အထိ ပညာသင်ကြားခဲ့ပြီး နောင်တွင် တိုင်းပြုပြည်ပြုလွှတ်တော်အမတ်အဖြစ်တာဝန်ထမ်းဆောင်ခဲ့ကာ ပ. မ. ည. တ ခေါင်းဆောင်တစ်ဦးလည်းဖြစ်ပါသည်။

ဖော်ပြပါအတိုင်း ဗိုလ်ချုပ်အောင်ဆန်း၏ မျိုးရိုးအစဉ်အဆက်ကို ခြုံငုံသုံးသပ်ကြည့်ပါက အမှန်တရားကိုမြတ်နိုးခြင်း၊ ရဲစွမ်းသတ္တိရှိခြင်း၊ မဟုတ်မခံတော်လှန်တတ်ခြင်း၊ ကိုယ်ကျိုးစွန့် အနစ်နာခံတတ်ခြင်းနှင့် ရိုးသားခြင်းတို့ဖြင့် အစဉ်အဆက်ဆက်တည်ဆောက်ထားသည်ကို သိမြင်နိုင်ပါသည်။ ယင်းအစဉ်အဆက်ကိုလည်းလက်ရှိ အချိန်တွင် သမီးဖြစ်သူ ဒေါ်အောင်ဆန်းစုကြည်က ဆက်လက်ထိန်းသိမ်းထားပေသည်။

နိုင်ငံတစ်နိုင်ငံတွင် လူသန်းပေါင်းများစွာသည် ပြဌာန်းခံများအဖြစ်သာ ရှင်သန်ရရှာသည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့် ၎င်း၏သမီးဖြစ်သူ ဒေါ်အောင်ဆန်းစုကြည်ကမူ ထိုပြဌာန်းခံ လူသန်းပေါင်းများစွာထဲ မပါဝင်ခဲ့။ ခေတ်နှင့်စနစ်ကို အတင်းပြောင်းလဲအောင် ကိုယ်ကျိုးမဖက် ကြိုးစားခဲ့သည့် စံပြပုဂ္ဂိုလ်များသာဖြစ်ပါသည်။

**ရည်ညွှန်း (၁)**

ဗိုလ်ချုပ်အောင်ဆန်းအတ္ထုပ္ပတ္တိ
(ဗိုလ်ချုပ်အောင်ဆန်း)
(၂) ဗိုလ်ချုပ်ကိုယ်တိုင်ရေးခဲ့သော အတ္ထုပ္ပတ္တိနှင့်ဓာတ်ပုံများ
(မြဝတီ ၁၉၅၃ ဇူလိုင်လ)
(၃) ဗိုလ်ချုပ်မိခင်
(တက္ကသိုလ်ဆုမြိုင်)
(၄) မြန်မာ့စွယ်စုံကျမ်း အတွဲ-၁၄

7DAY NEWS JOURNAL

# Current Affairs

Vol.11, No.16 • JUNE 28 , 2012

# တိုင်းရင်းသားပါတီများ တွဲမှာလား ခွဲမှာလား

မြတ်စုမွန်

**တိုင်းနှင့်ပြည်နယ်အသီးသီးရှိမိမိတို့၏ ကိုယ်စားပြုဒေသတစ်ခုချင်းစီတွင် တိုင်းရင်းသားပါတီ အမျိုးမျိုးကွဲ ပြားစွာ ရှိနေမည့်အစား ပါတီတစ်ခုတည်ရှိနေခြင်းက ရွေးကောက်ပွဲယှဉ်ပြိုင် အနိုင်ရရေးနှင့် ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့် ရရှိရေးအတွက် များစွာအထောက်အကူဖြစ်နိုင်ကြောင်း တိုင်းရင်းသားပါတီ ခေါင်းဆောင်များက တညီတညွတ်တည်းပြောကြသည်။**



ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

**သမိုင်းဝင်ရွေးကောက်ပွဲဖြစ်သော ဧပြီ ကြားဖြတ်ရွေးကောက်ပွဲတွင် မဲပေးရန်တန်းစီနေသော ကရင်တိုင်းရင်းသားအချို့**

ထို့အတူ ဒေသခံတိုင်းရင်းသားများကလည်း ၎င်းတို့အား ကိုယ်စားပြုသော တိုင်းရင်းသားပါတီများသာလျှင် ပြောင်းလဲမှုကို ပိုမိုလုပ်ဆောင်နိုင်မည်ဟု ယူဆကြောင်း ထုတ်ဖော်ပြောဆိုကြသည်။

မွန်စာပေနှင့် ယဉ်ကျေးမှုအဖွဲ့ ဒု-ဥက္ကဋ္ဌ ဒေါက်တာမင်းကြည်ဝင်းက“တစ်ပါတီတည်းဖြစ်ရေးက ကျွန်တော်တို့တိုင်းရင်းသား၊ ရဟန်းရှင်လူတွေအားလုံးရဲ့ လိုလားချက်ပဲ။ မပူးပေါင်းဘူးဆိုရင် ညီညွတ်မှုမရှိဘူး။ ပူးပေါင်းမယ်ဆိုရင် ညီညွတ်ဖို့လိုတယ်။ ဒီမိုကရေစီတိုက်ပွဲဆိုတာညီညွတ်မှုနဲ့ပဲ တိုက်ရမှာ” ဟု ပြောသည်။

ထို့ပြင် တိုင်းရင်းသားဒေသများတွင် အနိုင်ရရေးနှင့် တိုင်းရင်းသားများကို အမှန်တကယ်ကိုယ်စားပြုသည့် ပါတီအစိုးရဖြစ်ရေးကလည်း အရေးကြီးသောကိစ္စတစ်ခုဖြစ်ကြောင်း မြောက်ဦးမြို့မှ ရခိုင်အမျိုးသားဦးရွှေတင်က ပြောသည်။

၁၉၉၀ နှင့် ၂၀၁၀ ရွေးကောက်ပွဲများတွင် အနိုင်ရထားသည့် တိုင်းရင်းသားတူ ပါတီနှစ်ခုစီ ပူးပေါင်းရေးအတွက်လည်း ညှိနှိုင်းမှုများ ပြုလုပ်လျက်ရှိသည်ကို တွေ့ရသည်။

မွန်ပြည်နယ်တွင် ၂၀၁၀ အနိုင်ရ မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီနှင့် ၁၉၉၀ အနိုင်ရ မွန်ဒီမိုကရေစီပါတီတို့ ပါတီတစ်ခုတည်းဖြစ်ရေးအတွက် ဆွေးနွေးမှုများ ရှိသည်။ ရခိုင်ပြည်နယ်တွင်လည်း ၂၀၁၀ အနိုင်ရ ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီနှင့် ၁၉၉၀ အနိုင်ရ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်တို့ ပူးပေါင်းရန် ညှိနှိုင်းမှုများ ရှိနေပြန်သည်။ သို့သော် ပါတီတစ်ခုတည်း ပေါ်ပေါက်လာရေးအတွက်မူ အလှမ်းကွာနေဆဲဖြစ်သည်ကိုလည်း တွေ့ရသည်။

၂၀၁၀ တွင် အနိုင်ရရှိထားသည့် မွန်ပါတီက ၁၉၉၀ အနိုင်ရပါတီနှင့် ပူးပေါင်းရေးထက် ၎င်းတို့ပါတီသို့ တစ်ဦးတစ်ယောက်ချင်း ပြန်လည် ပါတီဝင်စေလိုသော မူလသဘောထားရှိခဲ့သည်။

သို့သော်မွန်တစ်ပါတီတည်းရှိရေးအတွက် မွန်ရဟန်းရှင်လူများ၏ ဝိုင်းဝန်းမေတ္တာရပ်ခံမှုဖြင့် နှစ်ပါတီတွေ့ဆုံဆွေးနွေးမှုများမှာ အောင်မြင်မှု မရှိသေးပေ။

“ဂုဏ်ပုဒ်တွေကို ဖက်တွယ်မထားသင့်ဘူး။ တန်းတူရေးနဲ့ ပူးပေါင်းသင့်တယ်။ နာမည်သစ်နဲ့ မွေးဖွားရမယ်လို့ သံဃာနဲ့ပြည်သူတွေက ဆုံးဖြတ်ချက်ချပေးထားတယ်” ဟုလည်း ၁၉၉၀ အနိုင်ရ မွန်ဒီမိုကရေစီပါတီ၏ အမှုဆောင်နိုင်စိုးမြင့်ကပြောသည်။

ထို့အတူ ၂၀၁၀ နှင့် ၁၉၉၀ ရွေးကောက်ပွဲများတွင် အသီးသီးအနိုင်ရရှိထားသည့်ရခိုင်တိုင်းရင်းသားပါတီများအကြားတွင်လည်း ပူးပေါင်းမည်၊ သို့တည်းမဟုတ် ခွဲခြားမည် စသည့်ပြတ်သားသောဆုံးဖြတ်ချက် တစ်စုံတစ်ရာ မရှိကြသေးပေ။

၂၀၁၄ ခုနှစ်တွင် နောက်ဆုံးထားပူးပေါင်းကြရန်နှင့်လစဉ်တွေ့ဆုံစည်းဝေးရန် နှစ်ဖက်သဘောတူသော အမည်သစ်တစ်ခု မွေးဖွားရန် မွန်နှစ်ပါတီသဘောတူညီချက်များထားရှိသော်လည်း တစ်ဖက်ပါတီက ပျက်ကွက်မှုများ ရှိနေကြောင်း မွန်ဒီမိုကရေစီပါတီက ပြောသည်။

၎င်းတို့အနေဖြင့် ပူးပေါင်းရန် ကြိုးစားခဲ့သည်မှာ ခြောက်လခန့်ရှိခဲ့ပြီဖြစ်ပြီး ၁၉၉၀ မွန်ပါတီက ဆက်လက်ဆွေးနွေးရေးကို ကိုင်စွဲထားဆဲဖြစ်ကြောင်း ဦးနိုင်စိုးမြင့်က ပြောသည်။

“ခုထိအဆင်မပြေသေးတာ စိတ်မကောင်းဖြစ်မိတယ်” ဟု သူကပြောသည်။

နှစ်ပါတီပူးပေါင်းမည်ဆိုပါက မည်သည့်အမည်ကို ဆက်လက်ကိုင်စွဲသွားမည်ဆိုသည့်အချက်ကလည်း ပါတီဟောင်းနှင့် ပါတီသစ်များကြားတွင်ကျေလည်အောင်ညှိနှိုင်းရန် လိုအပ်နေဆဲဖြစ်ပုံရသည်။

မွန်နှစ်ပါတီ ပူးပေါင်းရေးအတွက် ဆွေးနွေးပြီးနောက်ပိုင်းတွင် ၁၉၉၀ အနိုင်ရမွန်အမျိုးသားဒီမိုကရေစီအဖွဲ့သည် မွန်ဒီမိုကရေစီပါတီဟု အမည်ပြောင်းလဲ မှတ်ပုံတင်ခဲ့သည်ကို တွေ့ရသည်။

၁၉၉၀ အနိုင်ရပါတီဟောင်းများက နိုင်ငံရေးအနစ်နာခံမှုများ၊ စွဲကိုင်ထားသောစံများနှင့် ၎င်းတို့၏ နိုင်ငံရေးအစဉ်အလာ ကြီးမားခဲ့ခြင်းများကို ငဲ့ကွက်နေသကဲ့သို့၊ ၂၀၁၀ အနိုင်ရ ပါတီသစ်များကလည်း ၎င်းတို့ရရှိထားသည့် လွှတ်တော်ကိုယ်စားလှယ်နှင့် ဝန်ကြီးနေရာများကို ထည့်သွင်းစဉ်းစားနေခြင်းများက နှစ်ပါတီပူးပေါင်းရေးကိစ္စများကို နှောင့်နှေးစေသည့် အချက်တစ်ခုဖြစ်ကြောင်း ပါတီဦးဆောင်သူများက သုံးသပ်ကြသည်။

“ပါတီကြီးတွေနဲ့ယှဉ်ပြိုင်တဲ့အခါမှာ ညီညွတ်ရေးဟာ အရမ်းအဓိကကျပါတယ်။ ၁၉၉၀ ပါတီနဲ့ ၂၀၁၀ မှာ အနိုင်ရတဲ့ပါတီတွေဟာ ကိုယ်ပိုင်မာန်မာနတွေကို လျှော့ချပြီး အမျိုးသားညီညွတ်ရေးကို တည်ဆောက်နိုင်ဖို့ လိုပါတယ်”ဟု ၁၉၉၀ အနိုင်ရ မွန်ဒီမိုကရေစီပါတီမှ အမှုဆောင်နိုင်စိုးမြင့်ကပြောသည်။

၁၉၉၀ အနိုင်ရ မွန်အမျိုးသားဒီမိုကရေစီအဖွဲ့(ယခု မွန်ဒီမိုကရေစီပါတီ)သည် ကိုယ်စားလှယ် ၅ ဦး အရွေးချယ်ခံခဲ့ရပြီး ၂၀၁၀ အနိုင်ရ မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီက ၁၆ ဦး ရွေးချယ်ခံခဲ့ရသည်။

၁၉၉၀ အနိုင်ရ ရခိုင်ဒီမိုကရေစီ အဖွဲ့ချုပ် ပြန်လည်မှတ်ပုံတင်မည်ဆိုပါက နှစ်ပါတီပူးပေါင်းရေးအတွက်ဆိုလျှင် မိမိတို့၏ပါတီကို အမည်ပြောင်းပေးရန် အဆင်သင့် ရှိကြောင်း ၂၀၁၀ အနိုင်ရ ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီ ဥက္ကဋ္ဌဒေါက်တာအေးမောင်က ကျောက်ဖြူလူထုအစည်းအဝေးတွင် ပြောကြားခဲ့သည်။

၂၀၁၀ ရွေးကောက်ပွဲ အနိုင်ရ ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီမှ အထွေထွေအတွင်းရေးမှူး ဦးဦးလှစောက “၁၉၉၀ မှာ ညီညွတ်မှု မတည်ဆောက်နိုင်ခဲ့တဲ့အတွက် မျိုးနွယ်မတူတဲ့ပါတီတစ်ခုအနိုင်ရခဲ့တယ်ဆိုတဲ့ကြီးမားတဲ့သင်ခန်းစာတစ်ခုရှိခဲ့တယ်။ ရခိုင်လူထုအတွက်တော့ အထင်ကရ သမိုင်းသင်ခန်းစာတစ်ခုပါ” ဟု ပြောသည်။

၂၀၁၀ရွေးကောက်ပွဲတွင် မှတ်ပုံတင်ခြင်းမရှိဘဲ ကြားဖြတ်ရွေးကောက်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် ပြန်လည်မှတ်ပုံတင်ခဲ့သည့် NLD ပါတီက တိုင်းရင်းသားဒေသများတွင်ဝင်ရောက်ပြိုင်ဆိုင်မည့် အနာဂတ်အတွက် တိုင်းရင်းသားပါတီများက စိုးရိမ်ပူပန်မှုရှိနေကြသည်ကို တွေ့ရသည်။

ယင်းကဆက်လက်၍“အင်န်အယ်လ်ဒီက တိုင်းရင်းသားဒေသတွေမှာ ဝင်ပြိုင်လာမယ်ဆိုရင် တိုင်းရင်းသားတွေအတွက် နိုင်ငံရေးမဟာဗျူဟာအရ စိန်ခေါ်မှုတစ်ရပ်ဖြစ်လာမယ်။ ၂၀၁၅ မှာ မြန်မာပြည် နိုင်ငံရေးဟာ အနေအထားပြောင်းလာမယ်လို့ ထင်တယ်” ဟု ပြောသည်။

ရခိုင်တိုင်းရင်းသားများ၏ အမျိုးသားအကျိုးစီးပွားအတွက် ၂၀၁၀ ရခိုင်ပါတီနှင့် ပူးပေါင်းဆောင်ရွက်သွားရန် ဆန္ဒရှိကြောင်း၊ နှစ်ပါတီပူးပေါင်းလျှင်လည်း မိမိတို့၏ မူလအမည်သာ ဆက်လက်သုံးစွဲလိုကြောင်း ၁၉၉၀ အနိုင်ရရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်မှ အထွေထွေအတွင်းရေးမှူး ဦးအေးသာအောင်ကပြောသည်။

ရခိုင် ဒီမိုကရေစီအဖွဲ့ချုပ်သည် ၁၉၉၀ ရွေးကောက်ပွဲတွင် လွှတ်တော်ကိုယ်စားလှယ်နေရာ ၁၁ နေရာ အနိုင်ရရှိခဲ့ပြီး ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီက ၂၀၁၀ ရွေးကောက်ပွဲတွင် ၃၅ နေရာအသီးသီး အနိုင်ရရှိခဲ့သည်။

ဒီမိုကရေစီစနစ်သည် ကွဲပြားခြားနားမှု ရှိနိုင်သော်လည်း တိုင်းပြည်အကျိုးစီးပွားအတွက် ရည်မှန်းချက်ချင်းတူပါက ပူးပေါင်းလုပ်ဆောင်နိုင်လျှင် ကောင်းမွန်ကြောင်း နိုင်ငံတော်သမ္မတ၏ နိုင်ငံရေးအကြံပေး ဦးကိုကိုလှိုင်က ပြောသည်။

“အရေးကြီးဆုံးက ပူးပေါင်းရင် ပိုအားရှိပါတယ်။ ဒါပေမဲ့ နှစ်ဖက်အပြန်အလှန် နားလည်မှုရှိရှိနဲ့ စိတ်ရင်းနဲ့ပူးပေါင်းဖို့လိုအပ်တယ်။ မဟုတ်ဘူးဆိုရင် သဘောထားကွဲလွဲမှုတွေ ရှိလာနိုင်တယ်” ဟု သူကပြောသည်။

၎င်းလေ့လာခဲ့သည့် အင်ဒိုနီးရှားနိုင်ငံ အာချေးတွင် အစိုးရကိုဆန့်ကျင်သည့် လက်နက်ကိုင်အဖွဲ့တစ်ဖွဲ့ရှိခဲ့ပြီး နောက်ပိုင်း၌ ယင်းအဖွဲ့သည် အာဏာရပါတီဖြစ်လာသည့် သာဓကကို သင်ခန်းစာယူသင့်ကြောင်း ၎င်းက ပြောသည်။

“အင်ဒိုနီးရှားအစိုးရကို ဆန့်ကျင်တဲ့ လက်နက်ကိုင်အဖွဲ့ဟာ ငြိမ်းချမ်းရေးရသွားတော့ နိုင်ငံရေးပါတီဖြစ်လာတယ်။ အခက်အခဲအမျိုးမျိုးကြုံရပေမယ့် သည်းခံပြီး လုပ်ခဲ့တာ။ နောက်ဆုံး အာဏာရပါတီဖြစ်လာတယ်”ဟုဦးကိုကိုလှိုင်ကပြောသည်။

ထို့ပြင် ၂၀၁၀ အနိုင်ရ ချင်းတိုင်းရင်းသားပါတီများဖြစ်သည့် ချင်းတိုးတက်ရေးပါတီ၊ ချင်းအမျိုးသားပါတီနှင့် တိုင်းရင်းသား လူမျိုးစုများ ဖွံ့ဖြိုးရေးပါတီတို့သည် ချင်းပြည်နယ်တစ်ခုလုံးကို ကိုယ်စားပြုသည့် တိုင်းရင်းသားပါတီတစ်ခုအဖြစ် ပေါ်ထွက်လာစေရန် ရည်ရွယ်၍ ပူးပေါင်းရန်စီစဉ်လျက်ရှိသည်။

“ချင်းပါတီတွေ ပူးပေါင်းလိုက်ရင် ချင်းတွေအတွက် ဝေဝါးစရာမလိုဘဲ မဲပေးစရာ တစ်ပါတီတည်းဖြစ်မယ်။ ပြည်မက ပါတီတွေနဲ့ ဆက်ဆံတဲ့နေရာမှာလည်း ချင်းပြည်နယ်အတွက် တစ်သံတည်းထွက်မယ်”ဟု ချင်းတိုးတက်ရေးပါတီဥက္ကဋ္ဌ ဦးနိုးထန်ကပ်က ပြောသည်။

လက်ရှိအခြေအနေတွင် တိုင်းရင်းသားဒေသ အသီးသီးရှိ ပါတီများ ပူးပေါင်းမည်ဆိုပါက မည်သို့အားသာချက်ရှိပြီး မပူးပေါင်းပါက မည်သို့အားနည်းချက်ရှိမည်ကို တိုင်းရင်းသားအားလုံးအတွက် စဉ်းစားဖွယ်အချက်တစ်ခုဖြစ်လာသည်။

မကြာသေးမီကမှ ပါတီတည်ထောင်ခွင့်ပြန်လည်ရရှိခဲ့သည့် ၁၉၉၀ အနိုင်ရ ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီမှ ဦးစိုင်းလိတ်က “ရှမ်းဒေသဖွံ့ဖြိုးဖို့အတွက်ဆိုရင် အခြားပါတီကြီးတစ်ခုက လွှမ်းမိုးတာမျိုး မခံရအောင် တိုင်းရင်းသားပါတီအချင်းချင်း အပေးအယူမျှဖို့လိုတယ်။ စည်းလုံးညီညွတ်ဖို့ လိုတယ်။ မပူးပေါင်းဘူးဆိုရင် မဲတွေပြန့်ကုန်မယ်။ ကိုယ့်ဒေသအကျိုးကို ကိုယ့်ကြမ္မာကိုယ်မဖန်တီးနိုင်ဘဲ ဖြစ်မယ်” ဟု သုံးသပ်သည်။

ထို့အတူ ပါတီတည်ထောင်ခွင့်ပြန်လည်လျှောက်ထားဆဲဖြစ်သည့် ဇိုမီးအမျိုးသားကွန်ဂရက် ဥက္ကဋ္ဌ ဦးပုကျင့်ရှင်းထန်ကလည်း မြန်မာပြည်တွင် တိုင်းရင်းသားများအားလုံးကို ကိုယ်စားပြုသည့် ပါတီ နှစ်ခု(သို့မဟုတ်) သုံးခုသာရှိလျှင် ပိုမိုကောင်းမွန်မည်ဟု ယူဆကြောင်း ပြောဆိုသည်။

“အရင်တုန်းကလို ကွန်မြူနစ်၊ ဆိုရှယ်လစ်လမ်းစဉ်တွေကို သွားနေတာ မဟုတ်တော့ဘူး။ ဒီမိုကရေစီတစ်ခုတည်းဆီကို သွားနေတာဆိုတော့ ပါတီတွေ များများ မရှိဘဲ နည်းနည်းပဲ ရှိသင့်ပါတယ်။ အရင်ကလည်း ပါတီတွေ အများကြီးရှိခဲ့ပြီး အကျိုးမရှိခဲ့တာတွေ တွေ့ရတယ်” ဟု ဦးပုကျင့်ရှင်းထန်က ပြောသည်။

တိုင်းရင်းသားဒေသများတွင် နှစ်ခု၊ သုံးခု ဖြစ်နေသော တိုင်းရင်းသားပါတီများ ပူးပေါင်းခြင်း၊ မပူးပေါင်းခြင်းဖြင့် ရရှိလာမည့် အားသာချက်၊ အားနည်းချက်များကို အဆုံးအဖြတ်ပေးရန် လာမည့် ၂၀၁၅ ရွေးကောက်ပွဲက စောင့်ကြိုနေပြီဖြစ်ရာ အချိန်က အဆုံးအဖြတ်မပေးမီ ကာယကံရှင်ပါတီများက မည်သို့ဆုံးဖြတ်ကြမည်ဆိုသည်က စိတ်ဝင်စားဖွယ် ဖြစ်ပေသည်။

7 DAY NEWS JOURNAL
Vol.11, No.16 • JUNE 28 , 2012






# တော်ဝင်နှင်းဆီနှင့် သူမဧ၏ဝတ်စုံများ

ဒေါ်အောင်ဆန်းစုကြည်၏
ဒီဇိုင်နာသည်
ဒေါ်အောင်ဆန်းစုကြည်ပင်
ဖြစ်သည်

အေးမြကျော်

**အဖြူရောင်ပန်းကနုတ်များ ထိုးထားသော ခရမ်းရင့်ရောင် ရင်ဖုံးအင်္ကျီနှင့်လိုက်ဖက်စွာတွဲစပ်ထားသည့်အဖြူခံခရမ်းချိတ်ဝတ်စုံ၊ နို့နှစ်ရောင်ပဝါဖြူနှင့် တွဲဖက်ဝတ်ဆင်ခဲ့သည့် ဝါညိုရောင်ဒူးနားချိတ်များနှင့် မရမ်းစေ့ရောင်ဝတ်စုံတို့သည် လွန်ခဲ့သော ရက်သတ္တပတ်ကသမိုင်းဝင် ဖြစ်ရပ်နှစ်ခုနှင့်အတူ ကမ္ဘာတစ်ဝန်းမှလူများ သတိထားမိခဲ့သည့် မြန်မာအမျိုးသမီးဝတ်စုံနှစ်စုံပင်ဖြစ်သည်။**

ဥရောပသို့ နှစ်ပေါင်း ၂၄ နှစ်ကြာမှ ပထမဆုံးအနေနှင့် သွားရောက်သော မြန်မာနိုင်ငံ၏ မီးရှူးတန်ဆောင်ဟု ကမ္ဘာ့မီဒီယာများ တင်စားနေကြသော ဒေါ်အောင်ဆန်းစုကြည်သည် ထိုဝတ်စုံနှစ်စုံထဲမှ ခရမ်းရောင်ဝတ်စုံကို လွန်ခဲ့သော ၂၁နှစ်က ကိုယ်တိုင် လက်ခံရယူနိုင်ခဲ့ခြင်းမရှိသည့် ငြိမ်းချမ်းရေးနိုဘယ်ဆုပြန်လည်လက်ခံရယူသည့်အခမ်းအနားတွင်ဝတ်ဆင်ခဲ့သည်။ မရမ်းစေ့ရောင် ဝတ်စုံကိုတော့ သမိုင်းဝင်နေ့ရက်အဖြစ် မှတ်ကျောက်အတင်ခံရသော ဗြိတိန်ပါလီမန်တွင် မိန့်ခွန်းပြောကြားသည့်နေ့တွင် နို့နှစ်ရောင်ပဝါခပ်ကြီးကြီးနှင့်တွဲဖက်ဝတ်ဆင်ခဲ့ပြီး နှစ်သက်တမ်းရာချီသည့် ဝက်မင်စတာခန်းမအတွင်းရှိ ကိန်းကြီးခန်းကြီးနိုင်သည့် မင်းပရိသတ် ၁၄၀၀ ၏အာရုံကို ဖမ်းစားထားနိုင်ခဲ့သူမှာ ဒေါ်အောင်ဆန်းစုကြည်ပင် ဖြစ်သည်။ အိန္ဒိယခေါင်းဆောင်နေရူးပေးသည့် ဗြိတိသျှစစ်ကုတ်အင်္ကျီနှင့်ဒေါင်းနင်းလမ်းသို့လွန်ခဲ့သော နှစ်ပေါင်း ၆၀ကျော်က ဗိုလ်ချုပ်အောင်ဆန်း ရောက်ရှိခဲ့သလို သမီးဖြစ်သူကလည်း ထိုမရမ်းစေ့ရောင်မြန်မာဝတ်စုံဖြင့်ဒေါင်းနင်းလမ်းသို့ သွားရောက်လည်ပတ်ခဲ့သည်။

ဒေါ်အောင်ဆန်းစုကြည်၏ ဥရောပခရီးစဉ်သည် နှစ်ပေါင်းများစွာ ပျောက်ကွယ်နေသော မြန်မာနိုင်ငံ၏ ဂုဏ်ရောင်ဂုဏ်ဝါကို ပြန်လည်တောက်ပအောင် စွမ်းဆောင်ပေးနိုင်ခဲ့သလို ကျက်သရေရှိတင့်တယ်သော မြန်မာ့ရိုးရာအမျိုးသမီးဝတ်စုံများကိုလည်း ကမ္ဘာ့ပရိသတ်နှင့် မိတ်ဆက်ပေးခဲ့သည်။

"ဥရောပက တချို့နိုင်ငံတွေက မြန်မာဝတ်စုံကို သိပ်မသိကြဘူးလေ။ အခုတော့အန်တီ့ကြောင့် ကျက်သရေရှိလှတဲ့ မြန်မာ့ရိုးရာဝတ်စုံကို တစ်ကမ္ဘာလုံးက သတိထားမိသွားတာကိုဂုဏ်ယူမိတယ်" ဟု နာမည်ရဖက်ရှင်ဒီဇိုင်နာ တစ်ဦးဖြစ်သော မလတ်လတ်ကပြောသည်။

သူမ၏ ခရီးစဉ်တွင် ပထမဆုံးတက်ရောက် မိန့်ခွန်းပြောခဲ့ရသောကမ္ဘာ့အလုပ်သမားအဖွဲ့ချုပ်အစည်းအဝေးတွင် အစိမ်းရောင်ဇာပဝါနှင့်လိုက်ဖက်သော အစိမ်းရောင်ပွင့်ခက်များ ထိုးထားသည့် အင်္ကျီဖြူနှင့် ပန်းပွင့်အရောင်စုံများ ထိုးထားသောအနက်ရောင်လုံချည်နှင့်ဝတ်စုံ၊ ကမ္ဘာကျော်ရော့ခ်အဆိုတော် ဘိုနိုနှင့်အော်စလိုငြိမ်းချမ်းရေးဖိုရမ်တွင် အနီရောင်လုံချည်နှင့် လူငယ်အနည်းငယ်ဆန်သော အနီရောင်ပွင့်စိပ်အင်္ကျီနှင့် ကုတ်အင်္ကျီအတွဲ အစပ်ဝတ်စုံ၊ ဆွစ်ဇာလန်နိုင်ငံခြားရေးဝန်ကြီးနှင့် သွားရောက်တွေ့ဆုံစဉ်က အနက်ခံရွှေအိုရောင်လုံချည်နှင့် ရွှေအိုရောင်ပဝါ တွဲဖက်ဝတ်စုံ၊ တော်ဝင်အိမ်ရှေ့မင်းသား ချားလ်တို့စုံတွဲနှင့် တွေ့ဆုံစဉ်က ချယ်ရီရောင်ဝတ်စုံတို့မှာ ဒေါ်အောင်ဆန်းစုကြည်၏ ဂုဏ်အရှိန်အဝါနှင့်အတူနိုင်ငံတကာသတင်းစာမျက်နှာများထက်တွင် လူအများ၏အာရုံကို ဖမ်းစားနေရာယူနိုင်ခဲ့သည်။

"အန်တီအောက်စဖို့ဒ်မှာ ကျောင်းတက်ကတည်းက မြန်မာဝတ်စုံလေးတွေပဲ ဝတ်တယ်ဆိုတာ ဓာတ်ပုံတွေကနေ သိခဲ့ပါတယ်။ အခုလို တစ်ကမ္ဘာလုံးက အလေးထား ဂုဏ်ပြုခံရတဲ့ ခေါင်းဆောင်တစ်ယောက်ဖြစ်တဲ့ ဒေါ်အောင်ဆန်းစုကြည်နဲ့အတူ မြန်မာဝတ်စုံတွေကို တစ်ကမ္ဘာလုံးက သိလာကြတာကို အရမ်းဂုဏ်ယူမိတယ်။ ကိုယ်တိုင်လည်း အရင်က ရံဖန်ရံခါမှသာ ဝတ်တတ်တဲ့ မြန်မာဝတ်စုံကို အန်တီ့ကြောင့် အမြတ်တနိုးနဲ့ အမြဲလိုဝတ်ဖြစ်နေပြီ"ဟု ဒေါ်အောင်ဆန်းစုကြည်ကို အစဉ်အမြဲအားပေးထောက်ခံလျက်ရှိသောအဆိုတော် သံသာဝင်းက ပြောကြားသည်။

မြန်မာနိုင်ငံတွင် လူသုံးအများဆုံး လူမှုကွန်ရက်စာမျက်နှာ ဖေ့စ်ဘွတ်တွင် သုံးစွဲသူမိန်းကလေးအများစုမှာဒေါ်အောင်ဆန်းစုကြည်၏ ဥရောပခရီးစဉ်တွင် ဝတ်ဆင်သော ဝတ်ဆင်သည့် ဝတ်စုံများအကြောင်း တခုတ်တရ ပြောဆိုမှုများရှိပြီး ပုံမှန်သုံးစွဲသူအသက် ၂၆ နှစ်အရွယ် အမျိုးသမီးငယ်တစ်ဦး၏ ဖေ့စ်ဘွတ်ခ်စာမျက်နှာတွင် "နောက်တစ်ခါနိုင်ငံခြားသွားရင် မြန်မာဝတ်စုံပဲ ဝတ်တော့မယ်"ဟု ရေးသားထားသည်ကို ဒေါ်အောင်ဆန်းစုကြည် ဗြိတိသျှပါလီမန်တွင်မိန့်ခွန်းပြောအပြီး မိနစ်ပိုင်းအကြာတွင်တွေ့ခဲ့ရသည်။

စာ(၂၉)သို့



7 DAY NEWS JOURNAL
Vol.11, No.16 • JUNE 28 , 2012

စာ(၂၈)မှအဆက်

ပေါင်တစ်ရာစွန်းစွန်းသာရှိသော ခန္ဓာကိုယ် ပိန်ပါးပါးပေါ်တွင်အသက်၆၇နှစ်အရွယ်နှင့်လိုက်ဖက်သောအရောင်များကိုတွဲဖက်ဝတ်ဆင်ကာ အမြဲကြော့ရှင်းစွာမြင်တွေ့ရသဖြင့်သူမတွင်ကိုယ်ပိုင်ဒီဇိုင်နာရှိရမည်ဟု ခန့်မှန်းပြောဆိုမှုများရှိသလို ဒေါ်အောင်ဆန်းစုကြည်၏ဝတ်စုံများကိုမည်သူကတာဝန်ယူချုပ်လုပ်ပေးနေသလဲဟူသည်မှာလည်း မြန်မာပြည်သူများအကြား စိတ်ဝင်စားနေသည့်အကြောင်းအရာ ဖြစ်နေသည်။

"သူ့ရဲ့ပင်တိုင် ဒီဇိုင်နာက ဒေါ်အောင်ဆန်းစုကြည် ကိုယ်တိုင်ပါပဲ။ အစ်မက သူဝတ်ချင်တဲ့ ဒီဇိုင်းလေးတွေကို ကိုယ်တိုင်စဉ်းစားတယ်။ ပြီးရင်ချုပ်တဲ့သူကိုပြောတယ်။ ဒီဇိုင်နာကတော့ သူကိုယ်တိုင်ပါပဲ"ဟု ဒေါ်အောင်ဆန်းစုကြည်နှင့် နီးစပ်သူတစ်ဦးကပြောသည်။

အမေရိကန်သမ္မတကတော်မီရှဲအိုဘားမား၏ ပင်တိုင်ဖက်ရှင်အကြံပေးမှာ နယူးယောက်မှ နာမည်ကျော် ဒီဇိုင်နာအိုင်ကရမ်ဂိုးဒ်ဖြစ်ပြီး ဗြိတိန်တော်ဝင်မင်းသမီးဒိုင်ယာနာ၏ ဒီဇိုင်နာမှာ နာမည်ကြီးဒီဇိုင်နာကက်သရင်းဝေါလ်ကာဖြစ်သည်။ ဒေါ်အောင်ဆန်းစုကြည်၏ ဝတ်စုံဖန်တီးသူမှာ ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင်ဖြစ်သည်။

ဒေါ်အောင်ဆန်းစုကြည်နေအိမ်အကျယ်ချုပ်မှ လွတ်မြောက်အပြီး ၁၁ လခန့်ကြာမြင့်ချိန် တွင် သီးသန့်တွေ့ဆုံစဉ်က သူမ၏ ဝတ်စုံများနှင့် ပတ်သက်ပြီး မေးမြန်းခဲ့ဖူးရာ သူမအတွက် ပင်တိုင်ချုပ်ပေးသူ သုံးယောက်ခန့်ရှိကြောင်း ဖြေကြားခဲ့ဖူးသည်။

ဒေါ်အောင်ဆန်းစုကြည်ဝတ်ဆင်လေ့ရှိသော မြန်မာဆန်ဆန်ရင်ဖုံးအင်္ကျီများတွင် ထိုးထားလေ့ရှိသောပန်းကနုတ်များကိုအများစုသတိထားမိကြမည် ထင်ပါသည်။ ထိုပန်းကနုတ် အများစုမှာ သူမ၏ကိုယ်ပိုင်စိတ်ကူးများဖြစ်သည်။ စည်းစနစ်ကြီးသူ၊တိကျသေသပ်သူ ပီပီ သူမဝတ်ဆင်သော ဝတ်စုံအများစုကို သူမခန္ဓာကိုယ်နှင့် ချပ်ရပ်နေမှသာ သဘောကျစိတ်တိုင်းကျသူတစ်ယောက်ဖြစ်ကြောင်းလည်း သူမနှင့်နီးစပ်သူများထံမှ သိရသည်။

ဥရောပခရီးစဉ်တွင် ဝတ်ဆင်သော ဒေါ်အောင်ဆန်းစုကြည်၏ ဝတ်စုံများကို ဂရုတစိုက်စောင့်ကြည့်ဖြစ်သည့်အပြင် ထူးခြားမှုတစ်ခုကို သတိထားမိသူမှာ အမျိုးသမီးရုပ်ရှင်ဒါရိုက်တာ ကြည်ဖြူသျှင်ပင်ဖြစ်သည်။

"အန်တီ ဘယ်နိုင်ငံ သွားသွား မြန်မာဝတ်စုံပဲ ဝတ်လိမ့်မယ်ဆိုတာ ကြိုမှန်းဆပြီးသားပါ။ ဒါပေမဲ့ ဒီဥရောပခရီးမှာ ဒီမှာလိုပဲ အန်တီ့ရဲ့ အမှတ်သညာဖြစ်တဲ့ နှင်းဆီပန်းလေးတွေကို အစဉ်အလာမပြတ်ပန်ဖြစ်တာသတိထားမိတယ်။ အရမ်းလည်း သဘောကျမိတယ်"ဟု သူမကိုယ်တိုင် ပြည်ပနိုင်ငံများသွားလျှင် မြန်မာဝတ်စုံကိုသာ အများဆုံးဝတ်ဆင်လေ့ရှိသူ ဒါရိုက်တာကြည်ဖြူသျှင်က ပြောသည်။

ဥရောပခရီးစဉ်သို့ သွားလာရာတွင် ဝတ်ဆင်ထားသော ဝတ်စုံအရောင်နှင့် လိုက်ဖက်သော နှင်းဆီပန်းရောင်စုံကို ပန်ဆင်လေ့ရှိပြီး ဒေါ်အောင်ဆန်းစုကြည်၏ စုစည်းထားသော ဆံစုဘေးတွင် အမြဲလိုလို မြင်တွေ့ရသည်မှာ အဝါနုရောင်နှင်းဆီပွင့်များဖြစ်သည်။ ထို့အပြင် ယဉ်ကျေးသော လူ့အဖွဲ့အစည်းကို တန်ဖိုးထားသော နိုင်ငံများသို့ သွားသည်နှင့်အညီ အမြဲတမ်းစီးနေကျ ခြေညှပ်ဖိနပ်များအစား ခြေချောင်းများကို မမြင်ရသည့် အဖြူနှင့်အနက် လေဒီရှူးများ၊ တစ်ခါတစ်ရံ ဒေါက်မြင့်ရှူးများကို ဝတ်ဆင်ခဲ့သည်မှာလည်း သူမအားတွေ့ဖူးနေကျပုံစံနှင့် အနည်းငယ်ခြားနားနေသည်။

နေအိမ်အကျယ်ချုပ်မှလွတ်မြောက်လာပြီး စကတည်းက သူမဝတ်ဆင်သော ဝတ်စုံများကို လူအများ ဂရုပြုမိလာကြပြီး မြန်မာမိန်းကလေးများ ခုံမင်မြတ်နိုးစွာ မြန်မာဝတ်စုံများ ဝတ်ဆင်လာသည်အထိ သူမ၏ ဝတ်စားဆင်ယင်မှုများက မြန်မာအမျိုးသမီးများအပေါ် လွှမ်းမိုးမှုရှိသည်။ သူမ၏ ၆၆ နှစ်မြောက်မွေးနေ့နှင့် အိန္ဒိယဝန်ကြီးချုပ်မန်မိုဟန်ဆင်းနှင့် တွေ့ဆုံစဉ်က ဝတ်ဆင်သော ပန်းပွင့်များထိုးထားသည့်ဝတ်စုံ၊ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးနှင့်တွေ့ဆုံစဉ်က ဝတ်ဆင်ခဲ့သည့် အစိမ်းပုပ်ရောင်ဝတ်စုံစသော ဝတ်စုံများက လူအများ သတိထားအမှတ်ရနေသည့် ဝတ်စုံများဖြစ်သည်။

"အန်တီ့ရဲ့ ဝတ်စားဆင်ယင်မှုဟာ မြန်မာမိန်းကလေးတွေရဲ့ ဝတ်စားဆင်ယင်မှုမှာ အများကြီး သက်ရောက်မှုရှိပါတယ်။ ဒီတစ်နှစ်ဝန်းကျင်မှာ အန်တီစုဝတ်တဲ့ ဝတ်စုံအတိုင်း တစ်ပုံစံတည်းချုပ်ပေးပါဆိုတဲ့ အပ်ထည်တွေ အများကြီး လက်ခံရတယ်။ ဆယ်ကျော်သက်လေးတွေကအစပဲ"ဟု ဒီဇိုင်နာ မလတ်လတ်က ပြောကြားသည်။

ယနေ့ရန်ကုန်မြို့၏ နာမည်ကျော် ဗိုလ်ချုပ်ဈေးတွင် ဈေးဝယ်ထွက်မည်ဆိုပါက မြန်မာ့ရိုးရာအထည်ဆိုင်များတွင် ဒေါ်စုအဆင်အင်္ကျီများ၊ ဒေါ်အောင်ဆန်းစုကြည် လုံချည်ဟု အမည်ပေးထားသည့် ဒူးနားချိတ်လုံချည်များကို ဝယ်ယူရရှိနိုင်ပါပြီ။

# လာမည့်လွှတ်တော်၌ တိုင်းရင်းသားအရေး ဆွေးနွေးမည်

ရန်မျိုးနိုင်

ရန်ကုန်၊ ဇွန် - ၂၃

လာမည့် ဇူလိုင် ၄ ရက်တွင် ကျင်းပမည့် လွှတ်တော်၌ တိုင်းရင်းသားရေးရာကိစ္စရပ်များတွင် တန်းတူညီမျှ အခွင့်အရေးရရေးအတွက် တင်ပြသွားရန် စီစဉ်နေကြောင်း လွှတ်တော်နှစ်ရပ်၏ တိုင်းရင်းသားရေးရာကော်မတီများကပြောသည်။

"စတုတ္ထအကြိမ် လွှတ်တော်မစခင် သုံးလေးရက်အလိုမှာ ဥပဒေပညာရှင်တွေနဲ့ တိုင်းပင်ပြီး ဘယ်ဟာတွေကို မေးခွန်းအဆိုဥပဒေကြမ်းအဖြစ်တင်ရမလဲဆိုတာ ဆွေးနွေးမှာပါ"ဟု အမျိုးသားလွှတ်တော်တိုင်းရင်းသားရေးရာကော်မတီ အတွင်းရေးမှူး ဦးခက်ထိန်းနန်ကပြောသည်။

အမျိုးသားလွှတ်တော် တိုင်းရင်းသားရေးရာကော်မတီနှင့် ပြည်သူ့လွှတ်တော်တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်မှုကော်မတီနှစ်ရပ်တို့သည် အဖွဲ့နှစ်ဖွဲ့ခွဲကာ မေ ၂၁ ရက်မှ စတင်ပြီး ဇွန် ၁၁ရက်ထိ တိုင်းနှင့်ပြည်နယ် ၁၄ ခုသို့ ပထမဦးဆုံးအကြိမ်အဖြစ် ကွင်းဆင်း၍ တိုင်းရင်းသားရေးရာကိစ္စရပ်များ လေ့လာခဲ့ကြသည်။

လွှတ်တော်နှစ်ရပ်၏ တိုင်း ရင်းသားရေးရာ ကော်မတီများ သည် တိုင်းရင်းသားဒေသများသို့ကွင်းဆင်းရာတွင် တိုင်းရင်းသား များ၏ ရပိုင်ခွင့်များ၊ ယဉ်ကျေးမှု၊ အနုပညာ၊ စာပေစကားနှင့် ယုံကြည်ကိုးကွယ်မှုဆိုင်ရာ ကိစ္စရပ်များတွင် တန်းတူညီမျှအခွင့်အရေးရရှိရန် ဒေသခံတိုင်းရင်းသားများက တင်ပြခဲ့ကြကြောင်း ၎င်းကဆိုသည်။

ထိုအပြင် ဖွဲ့စည်းပုံအခြေခံဥပဒေ၌ပါဝင်သော တိုင်းရင်းသားရေးရာကိစ္စရပ်များတွင် အသက်မဝင်သေးသော အချို့အချက်အလက်များကိုလည်း အသက်ဝင်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြည်သူ့လွှတ်တော်တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီအတွင်းရေးမှူး ဒေါ်ဒွဲဘူကပြောသည်။




## စာ(၃) ဒေါ်အောင်ဆန်းစုကြည်၏ ဥရောပခရီး မိန့်ခွန်းများတွင် လူငယ်များ၏ ပညာရေးအကြောင်း အလေးပေးပြောကြား မှု

ကမ္ဘာပေါ်တွင်ပညာရေးစနစ်အကောင်းမွန်ဆုံးနိုင်ငံဖြစ်သည့်ဗြိတိန်နိုင်ငံက မြန်မာနိုင်ငံရှိ ကျောင်းများ၊ သင်ရိုးညွှန်းတမ်းများ ပြုပြင်ရန်နှင့်ဆရာ၊ ဆရာမများကို လေ့ကျင့်သင်ကြားပေးရာတွင် ကူညီရန် တိုက်တွန်းခဲ့ပြီး လက်ရှိပညာရေးစနစ်အပေါ် ထားရှိသည့် အယူအဆများကိုလည်း ပြုပြင်ရန် လိုအပ်သည်ဟု ပြောကြားသွားသည်။

အောက်စဖို့ဒ်တက္ကသိုလ်မှ သူမအားချီးမြှင့်သော ဂုဏ်ထူးဆောင်ဒေါက်တာဘွဲ့ ချီးမြှင့်ခဲ့သော အခမ်းအနားၙ၌ ပြောကြားသော မိန့်ခွန်းတွင် မြန်မာနိုင်ငံရှိ ကျောင်းသားလူငယ်များတွင် တက္ကသိုလ်ကျောင်းဝင်းအတွင်းမှ ကျောင်းသားဘဝများ ဆယ်စုနှစ်အတော်ကြာအောင် ပျောက်ဆုံးနေသည်ဟုလည်း အောက်စဖို့ဒ်ကျောင်းသူဟောင်းဒေါ်အောင်ဆန်းစုကြည်က ပြောကြားခဲ့သည်။

မြန်မာတက္ကသိုလ်ကျောင်းသားများ၏ဘဝ အဆင့်မီမီနှင့် ပြန်လည်ကောင်းမွန်လာစေရေးကို သူမပညာသင်ယူခဲ့သော အောက်စဖို့ဒ်က ကူညီပေးမည်ဆိုလျှင် အလွန်ကျေးဇူးတင်မိမည်ဖြစ်ကြောင်းလည်း သူမ၏ မိန့်ခွန်းတွင် ထည့်သွင်းပြောကြားခဲ့သည်။

နော်ဝေနိုင်ငံ၊ အော်စလိုမြို့တွင် ကျင်းပသော ကမ္ဘာကျော်ရော့ခ်အဆိုတော်ဘိုနို၊ နော်ဝေနိုင်ငံခြားရေးဝန်ကြီးတို့နှင့်အတူ အော်စလိုငြိမ်းချမ်းရေးဖိုရမ်အပြီး သတင်းစာရှင်းလင်းပွဲတွင်လည်း သတင်းထောက်တစ်ဦးအမေးကိုဖြေကြားရာ၌ မြန်မာနိုင်ငံ၏ ပညာရေးစနစ်မှာ နိမ့်ကျလျက်ရှိပြီး အခြားနိုင်ငံများ၌ မျိုးဆက်သစ်များလက်ထက်တွင် ပိုမိုကောင်းမွန် သော ပညာရေးစနစ်များ သင်ယူခွင့်ရကြပြီး မြန်မာနိုင်ငံတွင်တော့ ဆန့်ကျင်-စွာ မျိုးဆက်သစ်များလက်ထက် ရောက်လာလေ၊ ပညာရေးစနစ်မှာ ပိုမိုဆိုးရွားလေဟု ဒေါ်အောင်ဆန်းစုကြည်က ဖြေကြားရင်း မှတ်ချက်ပြုသည်။

## မျက်နှာဖုံး-လမ်းပြကြယ် ဦးအေးမြင့်နှင့် လူအင်အား ၇၀,၀၀၀ကျော် NDF ပါတီ ဝင်မည် မှ

အမျိုးသားဒီမိုကရေစီအင်အားစုပါတီသို့ ပါတီဝင်အဖြစ် ဝင်ရောက်ရခြင်းနှင့်ပတ်သက်၍ လမ်းပြကြယ်ဦးအေးမြင့်က"မကြာခင်ကာလမှာ ပြည်သူ အားကိုးရမယ့် ပါတီတစ်ခုပျက်စီးတော့မယ်။ အဲဒါကြောင့် အားပေးလိုက်တာပါ"ဟုပြောသည်။

ယင်းသို့ ပါတီဝင်အဖြစ် ဝင်ရောက်ကြမည့် အင်အား ခုနစ်သောင်းကျော်ကို ရောဝတီတိုင်း၊ ပဲခူးတိုင်းနှင့် မွန်ပြည်နယ်တို့မှ စည်းရုံးခဲ့ခြင်းဖြစ်ပြီး လက်ရှိအချိန်တွင် ၎င်းတို့၏ ပါတီဝင်လျှောက်လွှာများအားလုံး ရရှိထားပြီဖြစ်ကြောင်း လမ်းပြကြယ် ဦးအေးမြင့်ကပြောသည်။

ပါတီဝင်လျှောက်လွှာများ ပေးအပ်ပွဲကို ဇွန်လ ၂၉ ရက်တွင် ရန်ကုန်မြို့၌ အခမ်းအနားဖြင့် ကျင်းပမည်ဖြစ်ကြောင်း ဦးခင်မောင်ဆွေကပြောသည်။

"၂၀၁၀ ရွေးကောက်ပွဲကာလတုန်းက ပါတီဝင်မဟုတ်ပေမယ့် ရန်ကုန်တိုင်းအတွက် စည်းရုံးရေးလုပ်ပေးခဲ့ပါတယ်"ဟုလမ်းပြကြယ်ဦးအေးမြင့်ကပြောသည်။

လမ်းပြကြယ် ဦးအေးမြင့် အမျိုးသားဒီမိုကရေစီအင်အားစုပါတီသို့ ပူးပေါင်းခြင်းနှင့်ပတ်သက်၍ ဦးခင်မောင်ဆွေက "သူက လူ့အခွင့်အရေး၊ လယ်သမားကိစ္စတွေ လုပ်ပေးနေတဲ့သူလေ။ နှစ်ဦးနှစ်ဖက် အကျိုးရှိတာပေါ့"ဟု ပြောသည်။

လက်ရှိအချိန်တွင် အမျိုးသားဒီမိုကရေစီအင်အားစုပါတီတွင် ပါတီဝင်အင်အား တစ်သောင်းကျော်ရှိနေသည်။

အမျိုးသားဒီမိုကရေစီအင်အားစုပါတီမှ အခြားသောပါတီသို့ ကူးပြောင်းသွားသူဦးရေသည် ရာဂဏန်းမကျော်ကြောင်း၊ ပါတီထိပ်ပိုင်းအဆင့်များသာ ပါတီပြောင်းခြင်းဖြစ်ကြောင်း ဦးခင်မောင်ဆွေကပြောသည်။

၂၀၁၀ အထွေထွေရွေးကောက်ပွဲတွင် အမျိုးသားဒီမိုကရေစီအင်အားစုပါတီသည် လွှတ်တော်ကိုယ်စားလှယ်စုစုပေါင်း ၁၆ ဦးအနိုင်ရရှိခဲ့ပြီး လက်ရှိအချိန်တွင်ပါတီတွင်လွှတ်တော်ကိုယ်စား လှယ်ရှစ်ဦးသာကျန်ရှိသည်။

"လမ်းပြကြယ်ဦးအေးမြင့်ကို ပဲခူးတိုင်းအခြေခံ ဗဟိုဦးစီးကော်မတီအဆင့်အပ်နှင်းဖို့ သဘောတူထားပါတယ်"ဟု ဦးခင်မောင်ဆွေကပြောသည်။


### ဝါတွင်း(၄)လအထူးတရားစခန်းဖွင့်ပွဲ

အဘိဓဇမဟာရဋ္ဌဂုရု ကျေးဇူးတော်ရှင် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ သဒ္ဓမ္မရံသီရိပ်သာ ဆရာတော်ဘုရားကြီး၏ ဩဝါဒတော်ကို ဦးထိပ်ထားပန်ဆင်၍ ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့၊ ဝါးကောက်ကျွန်းရပ်၊ စိတ္တသုခသာသနာ့ရိပ်သာတွင် ဝါတွင်း(၄)လ အထူးတရားစခန်းဖွင့်ပွဲကို ခရစ်နှစ် ၂၀၁၂ခု၊ ဇူလိုင်လ(၁)ရက် (မြန်မာသက္ကရာဇ် ၁၃၇၄-ခု၊ ပထမဝါဆိုလဆန်း-၁၃ရက်) တနင်္ဂနွေနေ့မှစတင်၍ (၄)လတိုင်တိုင် ဖွင့်လှစ်မည်ဖြစ်ပါ၍

**"သုခိနော စိတ္တံ သမာဓိ ယတိ"**

ဒေသနာတော်အရ ကိုယ်စိတ်နှစ်ပါးချမ်းသာစွာဖြင့် ဝိပဿနာဘာဝနာတရားများကို ပွားများအားထုတ်နိုင်ကြစေရန် နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။

တရားစခန်းဝင်ရောက်လိုသော ယောဂီတို့သည် ဇူလိုင်လ (၁)ရက်နေ့ ညနေ(၄)နာရီအရောက် လာကြရမည်ဖြစ်ပါသည်။

**ဆက်သွယ်ရန်**
**သာသနာ့မာမကကပ္ပိယကာရကအဖွဲ့**
**၀၁-၆၂၅၁၈၆၊ ၀၉ ၅၀၆၇၅၁၉၊ ၀၉ ၈၆၂၆၄၄၇၊ ၀၉ ၄၅၀၀၁၇၉၉၃**








**TRADEMARK CAUTION**

TATUNG Company, incorporated in Taipei, of No.22, Sec .3,Chung-Shan, NRoad, Taipei, is the Owner and Sole Proprietor of the following trademark:

TATUNG

Reg : 4/3773/2012

In respect of '' in **Class 7:**Motors, electric, other than for land vehicles, Generators of electricity, Washing-machines, Spin driers, Fruit presses, electric, for household purposes, Blenders, electric, for household purposes, Dish-washers, vacuum cleaners, Speed governors for machines, engines and motors, Water pumps, Compressors [machines].

**Class 9:**Television apparatus, Horns for loudspeakers, Computers, Monitors [computer hardware], Players [DVD-],Electric meter, Gasometers, Wires, electric, Cables, electric, Cables (Fibre [Fibre [fiber (Am.)] optic-), Transformers [electricity], Switchgear & Control Panel [electricity], Irons (Flat-),electric, Jars (Accumulator-), Attracting and killing insects (Electric devices for-), Batteries, electric, Photo-copiers [photographic,electrostatic, thermic], Headphones, Remote Control apparatus, Personal stereos, Satellite navigational apparatus, frequency converter, Battery chargers, Weighing apparatus and instruments.

**Class 11:**Refrigerators, Fans (Electric-) for personal use, Air conditioning apparatus, Electric Rice cooker, Electric pressure cooker, Dryers (Air-), Radiators, electric, Ovens, other than for experimental purposes, Microwave ovens [cooking apparatus], Electromagnetic oven, Hot water bottles, Drinking fountain, Water dispenser, refrigerating appliances and installations, Refrigerating cabinets, Moisture-proof box, Dish drier, Drinking water (Filters for-), Water sterillizers, Coffee machines, electric, Coffee percolators, electric, Driers (Hair-), Air purifying apparatus and machines, Refrigerating display cabinets [display cases], Cooling appliances and installations, Water purification installations and machines, Kitchen ranges[ovens].

Any fraudulent imitation or unauthorized use of the said trademark will be dealt with according to law.

**KHIN MAUNG CHO & ASSOCIATES**
(For TATUNG Company)
No. 302, 1st Floor, 40th Street,Kyauk-ta-da Township, Yangon. Ph: 95-9-5128853
Dated; June 28, 2012



**CORRIGENDUM**

X-MEN

**Reg: No.4/9671/2005**

In the Trademark Cautionary Notice of the above trademark appearing in this Journal of May 03, 2012, please read the correct owner as International Consumer Products Corporation of 8th Floor, Hai Au Building, 39 B Truong Son Street, Ward 4, Tan Binh District, Ho Chi Minh City, Vietnam in place of International Consumer Product Company Limited of 30 Lam Son Street, Ward 6, Binh Thanh District, Ho Chi Minh City, Vietnam.

U Myint Lwin, Advocate,
LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myint.advocate@mptmail.net.mm
www.mipadvocate.com
Ph: 371990 28.June.2012




# ကြက်တူရွေးတွေရဲ့ နှုတ်သီးကိုဖြတ်ပြီးရင် လပ်ဇက်ကားစီးကြတာပေါ့

■ မောင်သာချို

(တစ်)

ကျွန်တော်စိတ်ဝင်စားသည့်လူပုဂ္ဂိုလ်နာမည်များထဲ၌"ဝင်းဖေများ"လည်း ပါဝင်ပါသည်။ မှန်ပါသည်။ ပရိသတ်စိတ်ဝင်စားစေရန် "ဝင်းဖေများ"ဟု လုပ်လိုက်ခြင်းမဟုတ်ဘဲ တကယ့်ကို "ဝင်းဖေ" တွေက "များ" နေသော ကြောင့် "ဝင်းဖေများ" လုပ်လိုက်ရခြင်းဖြစ်ပါသည်။

ပထမဝင်းဖေက ကျွန်တော်နှင့် အရင်းနှီးဆုံးဝင်းဖေဟု ဆိုရပါမည်။ ထိုဝင်းဖေ၏ အနုပညာ အမည်က ဆရာမောင်စွမ်းရည်။ "အမေ့ခေါ် သံ" လိုကဗျာမျိုး "ဗမာစာပေဘာလဲဘယ်လဲ"လိုဝေဖန်ရေးမျိုးနှင့် ကဗျာလောကစာလောကထဲမှာ ထင်ရှားလှသော ဦးဝင်းဖေပဲဖြစ်ပါလေသည်။

ဒုတိယဝင်းဖေကမူ ကျွန်တော်နှင့် မရင်းနှီးပါ။ သို့သော် စာပေနှင့်ပတ်သက်ဆက်နွှယ်ရာ ပွဲလမ်းသဘင်ကလေးများ၌ ဆရာ့ကိုမြင်ခွင့်တွေ့ခွင့်ရပါသည်။ ဆရာ့အနုပညာအမည်က မြဇင်။ ဆရာ့ "ကဗျာ့နရီနှင့်နိမိတ်ပုံ" စာအုပ်ကလေးက ကျွန်တော်တို့လက်စွဲ။ ဆရာ့ "မြကန်" ကဗျာဘာသာ ပြန်ဆို ချက်များက ကျွန်တော်တို့အတုယူမှီငြမ်းစရာ။ ထို့နောက် ပညာရပ်ဆိုင်ရာ ဆရာ့စာတမ်းများ။

တတိယဝင်းဖေကမူ ကျွန်တော်နှင့် လုံးဝမသိသော ဝင်းဖေပဲဖြစ်ပါလေသည်။ လူအမည်ရော အနုပညာအမည်ရော တစ်ထပ်တည်းဖြစ်နေသည့်ဆရာဦးဝင်းဖေ။ ရုပ်ရှင်ဒါရိုက်တာ ဆရာဝင်းဖေ၊ ပန်းချီအနုပညာရှင်ဆရာဝင်းဖေ၊ စာရေးဆရာ ဆရာဝင်းဖေ၊ မန္တလေးပန်းချီကျောင်းအုပ်ဆရာဝင်းဖေစသည် စသည် စသည်ဖြင့် သူ့နယ်ပယ်တွေကကျယ်ဝန်းလှပါဘိ။

ယခု ကျွန်တော် ပြောလိုသည်ကထိုတတိယဦးဝင်းဖေအကြောင်းပဲဖြစ်ပါသည်။ အထူးသဖြင့် သူ၏ ဝတ္ထုတိုကလေးတစ်ပုဒ်အကြောင်း။

(နှစ်)

ဆရာဝင်းဖေ၏ ဝတ္ထုတိုပေါင်းများစွာအနက် "ပလတ်စတစ်အနီ" ဆိုသော ဝတ္ထုကလေးကို ကျွန်တော်တော်တော်စွဲပါသည်။

ဝတ္ထုထဲ၌ ကိုဘချယ်ဆိုသူ မီးရထားဖြင့် ခရီးသွားစဉ် မထင်မှတ်ဘဲ ကျောင်းနေဘက်သူငယ်ချင်းတစ်ယောက်နှင့် ပြန်ဆုံပါသည်။ ထိုသူငယ်ချင်းမှာ လမ်းဘူတာတစ်ခု၌ ဆင်းသွားသူဖြစ်ရာ ကိုဘချယ်က မီးရထားရပ်ထားစဉ် ဘူတာရုံထဲသို့ လှမ်း၍ငေးနေသည့်အခိုက် ထိုသူငယ်ချင်းကို ပြန်တွေ့လိုက်ခြင်းဖြစ်ပါသည်။ အိပ်စင်တွဲကနေ ဆင်းချလာသော သူငယ်ချင်းကြည်ဝင်း၊ နောက်ပါတပည့်နှစ်ယောက်နှင့်အတူ ဆင်းချလာသောသူငယ်ချင်းကြည်ဝင်း၊ ဘူတာရုံထဲတွင် လာရောက်ကြိုဆိုသူများက အရိုအသေပေးကြ ဆူညံစွာပိုင်းဝန်းနှုတ်ဆက်ကြနှင့် အရေးပါအရာရောက်နေသူ သူငယ်ချင်းကြည်ဝင်း၊ အကြီးအကျယ်ချမ်းသာကြီးပွားနေသူသူငယ်ချင်းကြည်ဝင်း၊ ထိုကိုကြည်ဝင်းက ကိုဘချယ်အား တွေ့သွားပြီး လာရောက်နှုတ်ဆက်ကာ နောင်လာတွေ့ဖို့ လိုအပ်တာအကူအညီတောင်းဖို့ မှာကြားနေသူ သူငယ်ချင်းကြည်ဝင်းပဲဖြစ်ပါသည်။

ကိုဘချယ်က သူငယ်ချင်းကြည်ဝင်း ခုလိုကြီးပွားတိုးတက်အရာရောက် အရာဝင်လာခြင်းနှင့် ပတ်သက်၍ ငယ်ငယ်ကပင် ထိုသို့ဖြစ်တာမည့် အရိပ်နိမိတ်တို့ကို သူသတိထားမိခဲ့ကြောင်းပြန်တွေးမိပါသည်။

ကျောင်းသားဘဝ ကျောင်းပြေးပြီး မန္တလေးမှ မြစ်ငယ်ဘက်သို့ စက်ဘီးများဖြင့် သူငယ်ချင်းလေးယောက်လာကြစဉ်ကားလမ်းဘေး လက်ပံပင်ကြီးအောက်၌ ခဏနားကြရင်း စကားပြောကြရာ ကြည်ဝင်းက သန်းကြွယ်သူဌေးဖြစ်ဖို့ သူ့အကြံကို တင်ပြလာပါသည်။ ကြီးလျှင် မြေဧက ၂၀၀ လောက်ဝယ်မတဲ့။ လက်ပံပင်ကြီးတွေကိုလည်း စိုက်ထားရမတဲ့။ လက်ပံပွင့်ချိန်ရောက်လျှင် ကြက်တူရွေးငှက်တွေအုပ်လိုက် လာကြလေမတဲ့။ ကြက်တူရွေးငှက်တွေကိုဖမ်းကာ နှုတ်သီးနီနီများကို ဖြတ်ပြီး ပလတ်စတစ်အနီအဖြစ် အရည်ကျိုရောင်းရသော် မီလျံနာဖြစ်နိုင်ကြောင်း တင်ပြလာခဲ့ရာ သူငယ်ချင်းအားလုံး ကြည်ဝင်း၏ စိတ်ကူးညာဏ်ကောင်းမွန်ပုံကို ကြည့်ပြီး တစ်နေ့ကြီးပွားမည့်သူဟု ကောက်ချက်ချခဲ့ကြရပါသည်။

ဟော. . . အခု သူတကယ်ကြီးပွားခဲ့တာကို ကိုဘချယ် မျက်မြင်ကိုယ်တွေ့ဖြစ်ကြောင်း ဆရာဝင်းဖေက သူ့ဝတ္ထုကို အဆုံးသတ်ထားခဲ့ခြင်းဖြစ်ပါသည်။

(သုံး)

ဟိုးအရင်က Ethic ခေါ် ကိုယ်ကျင့်တရားနှင့် ပတ်သက်လာလျှင် လောကီသဘောထက် လောကုတ္တရာသဘောသို့ ပို၍ တိမ်းသည် ယိမ်းသည်ဟု ကျွန်တော် နားလည်သဘောပေါက်မိပါသည်။ မခိုးဘူး၊ မသတ်ဘူး၊ မညာဘူး၊ မသောက်ဘူး၊ ကာမ မကျူးလွန်ဘူးစသည်စသည်။ သည်လို အခြေခံငါးပါးသီလကို စောင့်ထိန်းခြင်းကပင်လျှင် ကိုယ်ကျင့်တရားကို တည်ဆောက်ခြင်းမည်ပါလေသည်။

သို့သော် ယခုအခါ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ တွင်ကျယ်လာခဲ့ပြီး ကမ္ဘာမြေကို စောင့်ရှောက်ကာကွယ်ဖို့ ကမ္ဘာ့လူသားများ နိုးကြားလာကြသောအခါ စီးပွားရေးလုပ်ကိုင် ရှာဖွေကြရာမှာလည်း ကိုယ်ကျင့်တရားလိုသည်ဟုခံယူသဘောပေါက်လာခဲ့ကြပါသည်။ Business Ethic ဟုဆိုလာကြပါသည်။ စီးပွားရေးဆိုင်ရာ ကိုယ်ကျင့်တရားဟု နားလည်ရပါ၏။

ပိုက်ဆံကို ဘယ်နည်းနဲ့ရရ ကိုယ်ချမ်းသာရင်ပြီးရောဆိုကာ မရှာဖွေရဘူးတဲ့။ တချို့က P သုံးလုံးဟုဆိုပါ၏။ People, Profit, Planet ဟုဆိုရာ လူကိုလည်း ကြည့်ရမတဲ့။ အမြတ်ကိုလည်း ကြည့်ရမတဲ့။ ကမ္ဘာမြေကိုလည်းကြည့်ရမတဲ့။ တချို့ကမူ P တစ်လုံးထပ်တိုးကာ Probity ရိုးသားဖြောင့်မတ်မှုဟုဆိုပြီး P လေးလုံးဟု ပြောသူတို့ကလည်း ပြောကြပါ၏။ သုံးလုံးပဲဖြစ်ဖြစ် လေးလုံးပဲဖြစ်ဖြစ် တစ်ခုသေချာသည်က Planet ကို ထည့်စဉ်းစားလာကြခြင်းပင်ဖြစ်ပါသည်။

ကမ္ဘာမြေလှပတည်တံ့ ခိုနားဖွယ်ရာဖြစ်ရေးကို ထည့်သွင်းမစဉ်းစားဘဲ မြတ်ရင် ချသာချဆိုသည့် စိတ်ထားမျိုးရှိသူကို Business Ethic မရှိသူ ကိုယ်ကျင့်တရားမကောင်းသူအဖြစ် ကမ္ဘာကမြင်လာနေကြပါပြီ။ ပိုက်ဆံရရင် တောင်လည်းဖြိုမယ်၊ တောလည်းရှင်းမယ်၊ မြစ်လည်း ဆို့မယ်၊ ကမ္ဘာ့မြေသားထုကိုပါ ခလောက်ဆန်အောင် မှောက်လှန်ပစ်မယ်၊ ငှက်ကလေးတွေ တေးဆိုချင်ဆို မဆိုချင်နေ၊ စမ်းချောင်းကလေးတွေ တသွင်သွင် စီးချင်စီး မစီးချင်နေ၊ တောပန်းတောင်ပန်းတို့ ပွင့်ချင်ပွင့် မပွင့်ချင်နေ၊ မိုးကောင်းကင်ကြီး ပြာချင်ပြာ မပြာချင်နေ၊ ပိုက်ဆံ. . . ပိုက်ဆံ. . . ပိုက်ဆံ ဆိုလျှင်ဖြင့်။

(လေး)

ဆရာဝင်းဖေ၏ ဝတ္ထုထဲက ဇာတ်ဆောင်က ကြက်တူရွေးငှက်တို့၏ နှုတ်သီးကိုဖြတ်၊ ပလတ်စတစ်အနီအဖြစ် အရည်ကျိုကာ ကမ္ဘာကိုဖြန့်ပြီး မီလျံနာဖြစ်ဖို့ ကြံလေသတဲ့။ အော်. . . ကြက်တူရွေးတွေရဲ့နှုတ်သီးကို ဖြတ်ပြီးရင် လပ်ဇက်(Lexus)ဆိုတဲ့ ဇိမ်ခံကားကြီးကို စီးကြသေးတာပေါ့။ ။

# ကြွေးဆပ်ရေးကိစ္စ ဆွေးနွေးပြီးလျှင် ကမ္ဘာ့ဘဏ်မှ နှစ်စဉ်ကန်ဒေါ်လာ သန်း ၃၀၀ ကျော် ချေးယူနိုင်မည်

**ပြည်သိမ်း**

**ရန်ကုန်၊ ဇွန် - ၁၄**

ကြွေးမြီပေးဆပ်ရေး ဆွေးနွေးညှိနှိုင်းပြီးပါက မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ်စဉ်ကမ္ဘာ့ဘဏ်မှ အမေရိကန်ဒေါ်လာ သန်း ၃၀၀ ချေးယူနိုင်မည်ဟု ကမ္ဘာ့ဘဏ်၌ာနေကိုယ်စားလှယ်ကပြောကြားလိုက်သည်။ ဇွန်၁၂ရက်က ကျင်းပပြုလုပ်သော ဆွေးနွေးပွဲတွင် အဆိုပါ၌ာနေကိုယ်စားလှယ်က ဆွေးနွေးတင်ပြခြင်းဖြစ်သည်။

ကမ္ဘာ့ဘဏ်သည် ကြွေးမြီပေးဆပ်ရေးအပါအဝင် အခြေခံအဆောက်အအုံများတည်ဆောက်ရေး၊ လူမှုဘဝမြှင့်တင်ရေးလုပ်ငန်းများတွင် အသုံးပြုရန် ငွေကြေးနှင့်နည်းပညာပိုင်းဆိုင်ရာ အကူအညီများပေးရန် ဆွေးနွေးညှိနှိုင်းနေကြောင်း အထက်ပါပုဂ္ဂိုလ်က ပြောသည်။

"ယူထားတဲ့အကြွေးကိုတော့ အရင်ပြန်ဆပ်ပြီးရင် ချေးလို့ရမှာပါ။ ကမ္ဘာ့ဘဏ်ချေးငွေက နှစ်ရှည်ချေးငွေဖြစ်ပြီး အတိုးနှုန်းလည်း သက်သာတယ်"ဟု ကမ္ဘောဇဘဏ် ဒုတိယဥက္ကဋ္ဌ-၂ဦးသန်းလွင်က ဆိုသည်။

ကမ္ဘာ့ဘဏ်ချေးငွေများသည် ဆင်းရဲသောနိုင်ငံများတွင် နှစ် ၅၀ အတွင်း ပြန်လည်ပေးဆပ်ရသည့် နှစ်ရှည်ချေးငွေဖြစ်သည်။ ယင်းချေးငွေများအပြင် အခြေခံအဆောက်အအုံများဖြစ်သည့် မီးရထားလမ်း၊ မော်တော်ကားလမ်း၊ ဆိပ်ကမ်းများတည်ဆောက်ရေးတွင် နည်းပညာကောင်းများလည်း အကူအညီများစွာ ရလာနိုင်သည်။


"ဒီမှာ လိုအပ်တာတွေက အများကြီးပဲ။ ရလာမယ်ဆိုရင် ပြည်တွင်းစီးပွားရေးဖွံ့ဖြိုးမှုကို များစွာအထောက်အကူရတာပေါ့"ဟု လှိုင်သာယာစက်မှုဇုန်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌဦးမြတ်သင်းအောင်က ဆိုသည်။

ကမ္ဘာ့ဘဏ်သည် မြန်မာနိုင်ငံနှင့် ပြန်လည်ပူးပေါင်းဆောင်ရွက်ရန် အရှေ့အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ဒုဥက္ကဋ္ဌက ဖေဖော်ဝါရီလအတွင်းက ထုတ်ဖော်ပြောကြားခဲ့သည်။

ကမ္ဘာ့ဘဏ်သည် ၁၉၈၇ ခုနှစ်မှစတင်၍ ရပ်ဆိုင်းခဲ့သည့် မြန်မာနိုင်ငံနှင့် ၂၅နှစ်ကြာ အဆက်အသွယ်ပြတ်တောက်မှုကိုပြန်လည်လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။

နိုင်ငံတော်တွင် အရေးကြီးသည့်ကဏ္ဍများဖြစ်သည့် ပညာရေး၊ ကျန်းမာရေး၊ ကာကွယ်ရေးတို့တွင် အစိုးရက ငွေကြေးသုံးစွဲရန် များစွာရှိသဖြင့် ကမ္ဘာ့ဘဏ်မှ အကူအညီရပါက အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးတွင် များစွာအထောက်အကူဖြစ်လာမည်ဖြစ်ကြောင်း ငွေရေးကြေးရေးကဏ္ဍကျွမ်းကျင်သူများက ဆိုသည်။

‘ပညာရေး ဝေးသည်မရှိ’၊ ‘ပညာလို အိုသည်မရှိ’ ဆောင်ပုဒ်များဖြင့် စခန်းသွားလျက်ရှိသော အဝေးသင်တက္ကသိုလ်နှင့်ပတ်သက်သည့် အချက်အချို့ကို ဆွေးနွေးလိုပါသည်။ တက္ကသိုလ်ဝင်တန်းရမှတ်များကြောင့်ဖြစ်စေ၊ မိသားစုစီးပွားရေးအခြေအနေအရ နေ့ကျောင်းတက္ကသိုလ် မတက်နိုင်၍ဖြစ်စေ၊ အလုပ်အကိုင်များ၊ တာဝန်များ ထမ်းဆောင်နေရသောကြောင့်ဖြစ်စေ၊ မည်သည့်ဘွဲ့ရရ ရာထူးဌာနန္တရ ရရှိမှုအတွက် အာမခံချက်၊ မျှော်လင့်ချက်ကင်းမဲ့သောကြောင့် အလွယ်တကူသက်သောင့်သက်သာ ဘွဲ့တစ်ခုရရုံဖြစ်စေ အဝေးသင်တက္ကသိုလ်တက်ရောက်ကြခြင်းဖြစ်ပါသည်။ ရည်မှန်းချက်ကြီးကြီးနှင့် အရွယ်နှင့် မလိုက်အောင် ထိပ်တန်းရောက်နေသူအချို့မှာမူ အချိန်မပေးနိုင်သည့်အတွက်ကြောင့် မတတ်သာ၊ မလွှဲသာ၍ မတက်ချင်ဘဲနှင့် အဝေးသင်တက္ကသိုလ်ကိုတက်ရောက်ကြရသူများလည်း ရှိပါသည်။



# ပညာရေး ဝေးသလား

**လှထိပ်(ပညာရေး)**

နှစ်စဉ်မတ်လဆန်းမှ မေလဆန်းအထိ အဝေးသင်တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများ ကျောင်းအပ်ကြရပါသည်။ ထို့နောက် ပညာသင်နှစ်တစ်နှစ်အတွက် ပထမနှစ်ဝက်နှင့် ဒုတိယနှစ်ဝက်စာ ဘာသာစုံ Assignment နှစ်စုံ တင်သွင်းကြရပါသည်။ အောက်တိုဘာလနှင့်နိုဝင်ဘာလအတွင်း အနီးကပ်ပို့ချချက်ဆယ်ရက်တက်ပြီး စာမေးပွဲများဖြေကြရပါသည်။ သို့သော် မြန်မာကျပ်ငွေ ၂၀,၀၀၀ ကျော်ဝန်းကျင်၊ လိုင်စင်ဓာတ်ပုံသုံးလေးပုံနှင့်ကိုယ်ရေး အချက်အချို့ကို တက္ကသိုလ်ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများ၊ ထိုအသိုင်းအဝိုင်းနှင့် နီးစပ်သူပွဲစားများထံ လူကြုံဖြင့်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ၊ ကိုယ်တိုင်ဖြစ်စေ ပေးအပ်လိုက်ရုံဖြင့် ပေးအပ်လိုက်သူအဝေးသင် တက္ကသိုလ်ကျောင်းသား၊ကျောင်းသူများသည်ကျောင်းအပ်ခြင်း၊ Assignment ရေးသားဖြေဆိုတင်သွင်းခြင်း ကိစ္စများအားလှည့်ကြည့်စရာ မလိုတော့ဟု သိရပါသည်။

စာရေးသူ စုံစမ်းသိရသရွေ့ ကိုယ်တိုင် ကျောင်းအပ်သူ၊ ကိုယ်တိုင်ရေးသားဖြေဆိုသူမှာ မရှိသလောက်ဖြစ်ပါသည်။ ထိုသို့ လုပ်ဆောင်ကြခြင်းကြောင့် ကျောင်းအပ်နောက်ကျခြင်း၊ ကျောင်းအပ်ရန်မေ့လျော့သွားခြင်းတို့ကြောင့် ကျောင်းသက်တစ်နှစ်နောက်ကျခြင်း၊ Assignment တင်သွင်းမှုနောက်ကျခြင်း၊ မှားယွင်းခြင်း၊ မပြည့်စုံခြင်းတို့ကြောင့် ကျောင်းသား၊ ကျောင်းသူများမှာ စာမေးပွဲဖြေဆိုခွင့်မရခြင်းများ၊ စာမေးပွဲကျရှုံးခြင်းများအထိ ဖြစ်ကြရပါသည်။ ကိုယ်တိုင်လုပ်ဆောင်ကြခြင်းမဟုတ်သည့်အတွက် ဖြေဆိုရမည့် ဘာသာရပ်အရေအတွက်၊ ပါဝင်သောဘာသာရပ်အမည်ကိုပင် မသိသူမှာလည်း အများအပြားပင်ရှိနေပါသည်။ ကိုယ်စားလုပ်၍ ရနေကြခြင်းကြောင့် အချို့ဆိုလျှင်အနီးကပ်ပင်မတက်တော့ဘဲ စာမေးပွဲခြေခါနီး တစ်ရက်၊ နှစ်ရက်အလိုမှ ရောက်ရှိကာ ဝင်ဖြေသူများလည်းရှိပါသည်။ သို့ရာတွင်သက်ညှာသောအမှတ်ပေးပုံစံများ၊ မေ်ဒရေးရှင်း အလွန်အမင်း ပြုလုပ်ပေးမှုများကြောင့် ကျောင်းသား၊ ကျောင်းသူသည် အနည်းငယ်ဖြေဆိုရုံမျှဖြင့် စာမေးပွဲအောင်မြင်ကြပါသည်။

နောက်တစ်ခုက ပြဋ္ဌာန်းစာအုပ်ကိစ္စဖြစ်ပါသည်။ မည်သည့်အဝေးသင်တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူမဆို ကျောင်းအပ်သည်နှင့်တစ်ပြိုင်နက် ဘာသာရပ်အားလုံးအတွက်နမူနာရှင်းပြထားသည့် ကိုယ်တိုင်လေ့လာရန် စာအုပ်တစ်စုံ၊ ရုပ်မြင်သံကြားသင်ခန်းစာပို့ချချက်စီဒီတစ်ခွေရရှိကြပါသည်။ သို့ရာတွင် ကျောင်းအပ်ခြင်းအားကိုယ်တိုင်မလုပ်ကြသည့်အတွက် ထိုစာအုပ်နှင့်အခွေများသည် ကျောင်းသား၊ ကျောင်းသူများ၏ လက်ဝယ်သို့ မရောက်သည့်ရာခိုင်နှုန်းကပိုများပါသည်။ စာအုပ်ရရှိသည့် ကျောင်းသား၊ ကျောင်းသူများမှာလည်း စာအုပ်အထုပ်အစည်းကိုပင် မဖြေဘဲ ခြေရာလက်ရာမပျက် ဒီအတိုင်းထားကြပါသည်။

တက္ကသိုလ်ဆရာ၊ ဆရာမများ၊ မဟာတန်း တက်ရောက်နေသူများသည် အဝေးသင်တက္ကသိုလ်ဌာနခွဲ တည်ရှိရာ မြို့ကြီးများတွင် စက်တင်ဘာလမှစကာ အပြင်ကျူရှင်သင်တန်းများကို အပြိုင်အဆိုင် အလုအယက်ဖွင့်လှစ်ကြပါသည်။ အဆိုးဆုံးမှာ ကျောင်းဆရာမဟုတ်သည့် ဘွဲ့ရများက ၎င်းတို့၏ဘွဲ့နှင့်မဆိုင်သော အခြားဘာသာရပ်တွင် အဝေးသင်ရာသီ၌ ရိုက်စားကျူရှင်ဆရာအဖြစ် သင်ကြားနေကြခြင်းဖြစ်ပါသည်။ အဝေးသင်တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူအများစုသည် မိမိတို့အား စာသင်ပေးသော ကျူရှင်ဆရာသည် တက္ကသိုလ်ဆရာ ဟုတ်မှန်း၊ မဟုတ်မှန်းလည်း မသိ၊ သင်ကြားသည့်ဘာသာရပ်အပေါ် ထိတွေ့ကျွမ်းကျင်သူ ဟုတ်မှန်း၊ မဟုတ်မှန်းလည်း မသိကြပါ။ ကျူရှင်သင်သည့် အားလုံးသော ဆရာ၊ ဆရာမများကလည်း တစ်ပွဲတိုးစာအဖြေနှင့်မှတ်စုများကို အဆင်သင့် ပြုစုပုံနှိပ်ကာ အမြတ်များများတင် ရောင်းချလျက် စီးပွားရေးသောင်းကျန်းကြပါသည်။

အဝေးသင်ရာသီ၌ ကျူရှင်လောက စာသင်ကြပုံနှင့် စာသင်သည့်နေရာများအား ကမ္ဘာကသိလျှင် များစွာရှက်ဖို့ကောင်းပါသည်။ ကျောင်းသား၊ ကျောင်းသူအများစုမှာလည်း ပညာကို စိတ်မဝင်စား၊ အပျော်အပါး၊ ဟေးလားဝါးလားနှင့် တစ်ပုဒ်စ၊ နှစ်ပုဒ်စကိုပင် ရအောင် မကျက်ချင်ဘဲ စာမေးပွဲမဖြေနိုင်လျှင် သက်ဆိုင်ရာ ဆရာ၊ ဆရာမများ၊ စာရေးမများထံသွားကာ လက်ဆောင်ပေးခြင်း၊ ကန်တော့ခြင်း၊ ငွေပေးလာဘ်ထိုးခြင်းများအား လုပ်ကိုလုပ်ရမည့် လုပ်ငန်းစဉ်တစ်ရပ်သဖွယ် မှတ်ယူကာ ဆောင်ရွက်ကြပါသည်။

နိုင်ငံတော်သည် ခြေလှမ်းအသစ်၊ အားမာန်အသစ်ဖြင့် ရှေ့သို့ ချီတက်လျက်ရှိပါသည်။ စိန်ခေါ်မှုများစွာကိုလည်း ရင်ဆိုင်ရလျက်ရှိပါသည်။ ပညာရေးကဏ္ဍတွင် ထိရောက်သောမူနှင့် အထက်မှ စီမံသူများသာမက ဆရာ၊ ဆရာမများ၊ တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများကိုယ်တိုင် ပူးပေါင်းပါဝင်မှသာ နိုင်ငံတကာကို အမီလိုက်နိုင်မည်ဖြစ်ပါသည်။ လက်ရှိ ပညာရေးစနစ်၊ အမှန်တကယ် ဝေးလား၊ မဝေးလားဆိုသည်ကိုဖြင့် မြန်မာ့ပညာရေးလောကအတွင်းသို့ အောက်ခြေအထိ လက်တွေ့ကျကျ အနည်းငယ်လေ့လာကြည့်ရုံမျှဖြင့် သိနိုင်ပါကြောင်းတင်ပြလိုက်ရပါသည်။

## JOKE

### ဘာဖြစ်လို့လဲ

ကလေးငယ်တစ်ယောက် အိမ်ရှေ့တွင်ငိုနေရာ ဖြတ်သွားဖြတ်လာတစ်ဦးက ယခုလိုမေးလိုက်သည်။

“မင်း ဘာဖြစ်လို့ငိုနေတာလဲ ကလေး”

“အိမ်ထဲမှာ ကျွန်တော့်မိဘတွေ ရန်ဖြစ်နေလို့ပါ”

“ဟေ. . ဘာဖြစ်လို့လဲ၊ မင်းအဖေက ဘယ်သူတုံး”ဟု လူစိမ်းကမေးလေရာ ကလေးငယ်က “ အဲဒီ့ကိစ္စကြောင့်ပဲ သူတို့ရန်ဖြစ်နေကြတာလေ”ဟု ကလေးငယ်က မိဘများကို ရည်ညွှန်းရင်းပြန်ဖြေလေသည်။

### သားလိမ္မာ

“ကျွန်မ သားက အရမ်းလိမ္မာတာပဲ”ဟု အမျိုးသမီးတစ်ဦးက ပြောလိုက်သည်။

ဤတွင် အခြားအမျိုးသမီးတစ်ဦးက “ရှင့်သား ထောင်ငါးနှစ်ကျသွားတယ်မဟုတ်လား၊ ဒါတောင် လိမ္မာတယ်လို့ ပြောနိုင်သေးလား” ဟုမေးရာ ပထမအမျိုးသမီးက “ဟုတ်တော့ ဟုတ်ပါတယ်အေ။ ဒါပေမဲ့ အခုသူထောင်ထဲမှာ ကောင်းကောင်းနေလို့ ထောင်ဒဏ် ၂ နှစ်လျှော့ရက်ရတယ်။ မနက်ဖြန်လွတ်ပြီ” ဟုဆိုလိုက်ပါသည်။

**အယ်ဒီတာချုပ်-** သောင်းစုငြိမ်း။ **အမှုဆောင်အယ်ဒီတာများ-** အားမာန်၊ ငြိမ်းငြိမ်းနိုင်။ **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်းအယ်ဒီတာ -** စောစည်သူမိုး။ **သတင်းအယ်ဒီတာများ-** အေးမြကျော်၊ နေလင်းအောင်၊ သီဟ၊ မေဝင်းမွန်။
**အကြီးတန်းသတင်းထောက်-** မြတ်စုမွန်၊ ဇာဇာနီ၊ ယုဇနကိုကို။ **နိုင်ငံတကာသတင်းဘာသာပြန်-** ရဲမင်း၊ ကျော်မျိုးဦး။ **စာပြင်အယ်ဒီတာ-** လှထွင့်ဦး။ **သတင်းထောက်များ-** ကျော်သီဟ၊ အိဖြူလွင်၊ အိဖြူမွန်၊ ဝတ်ရည်အောင်၊ သိမ့်သိမ့်စိုး၊ ဥက္ကာကိုကို၊ အောင်သူရ၊ နေလင်းထွန်း၊ ဗိုလ်ဗိုလ်ဝင်း၊ ပြည့်သိမ်း၊ သန်းဌေး၊ အေးသူစံ၊ ကိုကိုကြီး။ **အငယ်တန်းသတင်းထောက် -** အေးမြတ်သူ၊ ကြူကြူဟန်။ **နေပြည်တော်သတင်းထောက်-** ထူးသန့်။ **မန္တလေးသတင်းထောက်များ-** စိုင်းသာအောင်၊ ညီညီဇော်။
**နယ်သတင်းထောက်များ-** မျိုးမင်းဦး၊ စောရန်နိုင်၊ ဆန်းညွန့်(ရေနံချောင်း)၊ မောင်ကံ ။ **ဒီဇိုင်နာ -** ချစ်ဗိုလ်ဗိုလ်၊ ရိုန်းရိုန်းထိုက်။ **လက်ထောက်ဒီဇိုင်နာ -** နွယ်မွန်ဖြိုး။ **ကွန်ပျူတာစာစီ-** စန်းစန်း၊ မေဇင်သိန်းဇော်၊ ဘုန်းမြင့်ဟန်၊ ဇော်ဝင်းအောင်။
**သရုပ်ဖော်-** စိုးသော်တာ။ **ဓာတ်ပုံသတင်းထောက်-** ဂျေမောင်မောင်(အမရပူရ)။ **ပြင်ပဆက်သွယ်ရေး-** သက်ပိုင်ဌေး။ **လိုဂိုဒီဇိုင်း-** ကျောက်ဆည်။ **ဘဏ္ဍာရေး-** ကလျာအောင်၊ သဲသိမ့်သိမ့်ဖြိုး။ **ကြော်ငြာတာဝန်ခံ-** မိုးပပ၊ လင်းလင်းဦး။
**ထုတ်ဝေသူ-** ဦးမျိုးလှိုင်အောင်။ **ပုံနှိပ်စက်-** သုဝဏ္ဏသိဒ္ဓိပုံနှိပ်တိုက်။ **ဖလင်-** Sunn Colour Separation. **စောင်ရေ-** ၁,၀၀၀။ **ရောင်းဈေး-** ၄၅၀ကျပ်။

7Day News ဂျာနယ်တိုက် - Diamond Centre (G-12) မြေညီထပ်၊ တိုက် (B)၊ အမှတ်(၄၉၇)၊ ပြည်လမ်း၊ (၀)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၅၁၂၀၀၇၊ ၅၁၃၅၁၅~၅၁၉၊ ၀၉ ၇၃၂၂၄၅၄၃။ Fax : 513519 , Website : www.7daynewsjournal.com , E-mail : editor@7daynewsjournal.com.

7DAY NEWS Hotline : 73032006

# Business

7DAY NEWS JOURNAL

Vol.11, No.16 • JUNE 28 , 2012


## ပြည်တွင်းငွေလဲနှုန်း

| ယူနစ် | ဝယ် | ရောင်း | |
|---|---|---|---|
| ၁ ဒေါ်လာ (အမေရိကန်) | ၈၅၀ | ၈၆၂ | ကျပ် |
| ၁ အက်ဖ်အီးစီ | ၈၅၀ | ၈၆၂ | ကျပ် |
| ၁ ဒေါ်လာ (စင်ကာပူ) | ၆၆၄ | ၆၇၄ | ကျပ် |
| ၁ ယူရို (ဥရောပသမဂ္ဂ) | ၁၀၆၄ | ၁၀၈၂ | ကျပ် |
| ၁ ဘတ် (ထိုင်း) | ၂၆. ၈၅ | ၂၆. ၉၅ | ကျပ် |
| ၁ ယွမ် (တရုတ်) | ၁၃၀ | ၁၃၁ | ကျပ် |
| ၁ ယူနစ် (ပို့ကုန်ရငွေ) | ၈၅၈ | ၈၅၉ | ကျပ် |

၂၀၁၂ ဇွန် ၂၃ ရက် ပေါက်ဈေးနှုန်းဖြစ်သည်။

## ကမ္ဘာ့ငွေလဲနှုန်း

| | | | |
|---|---|---|---|
| ၁ ဒေါ်လာ | ၀. ၆၄၁၄ | ပေါင် | (ဗြိတိန်) |
| ၁ ဒေါ်လာ | ၀. ၇၉၅၄ | ယူရို | (ဥရောပသမဂ္ဂ) |
| ၁ ဒေါ်လာ | ၈၀. ၄၀ | ယန်း | (ဂျပန်) |
| ၁ ဒေါ်လာ | ၆. ၃၆၄၄ | ယွမ် | (တရုတ်) |
| ၁ ဒေါ်လာ | ၅၇. ၁၂ | ရူပီး | (အိန္ဒိယ) |
| ၁ ဒေါ်လာ | ၁. ၂၇၇၅ | ဒေါ်လာ | (စင်ကာပူ) |
| ၁ ဒေါ်လာ | ၁,၁၅၈. ၃၄ | ဝမ် | (ကိုရီးယား) |
| ၁ ဒေါ်လာ | ၃. ၁၈၉ | ရင်းဂစ် | (မလေးရှား) |
| ၁ ဒေါ်လာ | ၃၁. ၈၂ | ဘတ် | (ထိုင်း) |
| ၁ ဒေါ်လာ | ၉,၄၃၀. ၀၀ | ရူပီးယား | (အင်ဒိုနီးရှား) |
| ၁ ဒေါ်လာ | ၂၀,၈၆၀. ၀၀ | ဒေါင် | (ဗီယက်နမ်) |
| ၁ ဒေါ်လာ | ၄၂. ၄၃၅ | ပီဆို | (ဖိလစ်ပိုင်) |
| ၁ ဒေါ်လာ | ၇. ၇၅၉၉ | ဒေါ်လာ | (ဟောင်ကောင်) |
| ၁ ဒေါ်လာ | ၀. ၉၉၃ | ဒေါ်လာ | (ဩစတြေးလျ) |
| ၁ ဒေါ်လာ | ၁. ၂၆၀၇ | ဒေါ်လာ | (နယူးဇီလန်) |
| ၁ ဒေါ်လာ | ၁. ၀၂၄၂ | ဒေါ်လာ | (ကနေဒါ) |
| ၁ ဒေါ်လာ | ၃၃. ၂၀၅ | ရူဘယ် | (ရုရှား) |
| ၁ ဒေါ်လာ | ၃. ၆၇၂၈ | ဒါရမ် | (UAE) |

## အရေးကြီးပစ္စည်းများ ဈေးနှုန်း

| ပစ္စည်း | ယူနစ် | ဈေးနှုန်း (ကန်ဒေါ်လာ) |
|---|---|---|
| ရွှေ | ၁ အောင်စ | ၁,၅၆၆. ၉၀၀ |
| ရေနံစိမ်း | စည် | ၉၀. ၉၈၀ |
| ငွေ | ၁ အောင်စ | ၂၆. ၇၂၄ |
| ကြေးနီ | ပေါင် | ၃၃၁. ၅၀၀ |
| သဘာဝဓာတ်ငွေ့ | mmbtu | ၂. ၆၂၅ |

မှတ်ချက်။ ။ ဈေးနှုန်းအားလုံးကို ကန်ဒေါ်လာဖြင့် ဖော်ပြထားပြီး ကြေးနီဈေးနှုန်းမှာ ဆင့် (Cent) ဖြင့်ပြသည်။

၂၀၁၂ ဇွန် ၂၃ ရက် ကမ္ဘာ့ပေါက်ဈေးနှုန်းဖြစ်သည်။

# ပဲ၊ နှမ်းအသင်း အများပိုင်ကုမ္ပဏီ တည်ထောင်မည်

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ ဇွန်-၂၁**

မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းအနေဖြင့် မြန်မာ့လယ်ယာထွက်ကုန်နှင့် အထွေထွေဖွံ့ဖြိုးတိုးတက်ရေး အများပိုင်ကုမ္ပဏီ လီမိတက်ကို ဖွဲ့စည်း တည်ထောင်သွားမည်ဖြစ်ကြောင်း အဆိုပါအသင်းမှ ဥက္ကဋ္ဌ ဦးထွန်းလွင်က ပြောသည်။

"ဒီကုမ္ပဏီတည်ထောင်ဖို့ အသင်းအနေနဲ့က အမျိုးသားစီမံကိန်းမှာ မှတ်ပုံတင်ထားတဲ့အထိ လုပ်ပြီးသွားပြီ" ဟု အသင်းတည်ထောင်နိုင်ရန် လက်ရှိလုပ်ဆောင်နေသောအနေအထားကိုဥက္ကဋ္ဌက ပြောသည်။

အဆိုပါ အများပိုင် ကုမ္ပဏီ လီမိတက်ကို စိုက်ပျိုးထုတ်လုပ်သူများ ရင်ဆိုင်နေရသော ထုတ်လုပ်စရိတ် ကြီးမြင့်မှုအပေါ် အဓိကသက်ရောက်မှု တစ်ခုဖြစ်သည့် အဆင့်ဆင့် သယ်ယူစရိတ်နှင့် အပိုကုန်ကျစရိတ်များကို ဖြေရှင်းရန်အတွက် တည်ထောင်ရခြင်းဖြစ်သည်ဟု ၎င်းကပြောသည်။

ယင်းကုမ္ပဏီပေါ်ထွက်လာပါက နိုင်ငံအဝန်းတွင် ဒေသအသီးသီးနှင့်ကိုက်ညီမည့်သိုလှောင်ရုံများ၊ ဆိပ်ခံတံတားများ၊ ယာဉ်ယန္တရားများ ရင်းနှီးမြှုပ်နှံမှုများကို ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ပြည်ပသို့ အဓိကတင်ပို့ရာ ရန်ကုန်မြို့တွင် ကုန်ချောထုတ်လုပ်စက်များ တပ်ဆင်ထားသည့် သိုလှောင်ရုံများ၊ Bonded Warehouse များ၊ ကုန်းတွင်းဆိပ်ကမ်းများ၊ နိုင်ငံတကာအဆင့်မီ ဆိပ်ခံတံတားများ၊ စက်ယန္တရားများ ရင်းနှီးမြှုပ်နှံမှုများလည်းပြုလုပ်သွားမည်ဖြစ်ပြီး နိုင်ငံတကာအဆင့်မီ Commondity Exchange Centre ပေါ်ထွက်အောင်လည်းဦးဆောင် အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း သိရသည်။

# အသေးစားလုပ်ငန်းများအတွက် ချေးငွေအစီအစဉ် ဂျာမနီအစိုးရ ထောက်ပံ့မည်

**အိဖြူမွန်**

**ရန်ကုန်၊ ဇွန်-၁၃**

အသေးစားလုပ်ငန်း လုပ်ကိုင်သူများအား ၂ နှစ်ချေးငွေစီမံကိန်းအဖြစ် ဂျာမနီနိုင်ငံ အစိုးရက ယူရိုငွေနှစ်သိန်းထောက်ပံ့ကူညီမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ယင်းယူရိုငွေနှစ်သိန်းကို ရန်ကုန်မြို့အတွင်းရှိ လှိုင်၊ မရမ်းကုန်း၊ ကမာရွတ်၊ စမ်းချောင်း၊ ကြည့်မြင်တိုင်၊ အလုံ၊ လှိုင်သာယာ၊ ရွှေပြည်သာ၊ မင်္ဂလာဒုံမြို့နယ်များတွင် ထုတ်ချေးမည်ဖြစ်သည်။

အသေးစားလုပ်ငန်း လုပ်ကိုင်သူတစ်ဦးလျှင် အတိုးနှုန်း ၂ ဒသမ ၅ ရာခိုင်နှုန်းဖြင့် ငွေကျပ်လေးသောင်းမှ ကျပ်ငါးသောင်းအကြား ထုတ်ချေးပေးမည်ဖြစ်ကြောင်း၊ အတိုးနှုန်းနှင့် ချေးငွေအရင်းကို နှစ်ပတ်တစ်ကြိမ်ကောက်



ယူမည်ဖြစ်ကြောင်း ယင်းအစီအစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်မည့် မြန်မာအဖွဲ့အစည်းဖြစ်သော မင်္ဂလာမြန်မာမှ ဒေါက်တာဖုန်းဝင်းကပြောသည်။

ကန့်သတ်ချက်ကြီးကြီး မားမား မရှိသော်လည်း ငွေထုတ်ချေးသူသည် နေရာရွှေ့ပြောင်းသူဖြစ်ပါက ထုတ်ချေးမည်မဟုတ်ကြောင်း လုပ်ငန်းရှိသူများကိုသာ ထုတ်ချေးမည်ဖြစ်ကြောင်း ဒေါက်တာဖုန်းဝင်းကပြောသည်။

ချေးငွေထုတ်ချေးခြင်းဆိုင်ရာ နည်းပညာများကို ဂျာမနီနိုင်ငံ SBFIC (Saving Banks Foundation for International Cooporation နှင့်ဖိလစ်ပိုင်နိုင်ငံ CARD (Center for Agriculture and Rural Development တို့က နည်းပညာကူညီမည်ဖြစ်သည်။

# ရွှေအပိုင်း ဝယ်ယူသူနည်း



**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ ဇွန်-၂၂**

ရွှေဈေး အမြင့်ဈေး၌ ရှိနေသော်လည်း ရွှေဆိုင်များ၏ အပိုင်းဈေးကွက် ဝယ်လိုအား ကျဆင်းနေကြောင်း ရွှေဆိုင်လုပ်ငန်းရှင်များက ပြောသည်။

"ဈေးက အမြင့်ပိုင်းမှာ ရှိနေတယ်ဆိုပေမယ့် ဈေးအတက်အကျတော့ ရှိနေတယ်။ ပုံမန်ဆိုဈေးကွက်မှာ ဈေးမြင့်ပေမယ့် ဈေးအတက်အကျ အလှုပ်ရှိတယ်ဆိုရင် ဝယ်လိုအား ရှိတယ်။ အခုဟာက ဈေးကွက်ကိုစောင့်ကြည့်တဲ့ သဘောလားတော့ မသိဘူး။ ဝယ်လိုအား နည်းနေတယ်"ဟု ရွှေဆိုင်လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

ကမ္ဘာ့ရွှေဈေးနှုန်းများသည် တစ်အောင်စလျှင် ၁,၅၆၀ ဒေါ်လာနှင့် ၁,၆၀၀ ဒေါ်လာဝန်းကျင်၌ လည်ပတ်နေပြီး ပြည်တွင်းရွှေဈေးနှုန်းများမှာ အခေါက်ရွှေတစ်ကျပ်သားလျှင် ၇၂၀,၀၀၀ ကျပ်ဝန်းကျင်တွင် ရှိသည်။ ၁၅ ပဲ ရည်ဈေးနှုန်းမှာ တစ်ကျပ်သားလျှင်၆၈၀,၀၀၀ ကျပ်ဝန်းကျင်တွင်ရှိနေသည်။


လက်ရှိရွှေဈေးကွက် အနေအထားအရ ရွှေလုပ်ငန်းရှင် အချင်းချင်း အရောင်းအဝယ်ပြုလုပ်သော မဂိုလမ်းရွှေဈေးကွက်၏ ရောင်းဝယ်မှုပုံစံမပြောင်းလဲသော်လည်း ရွှေဆိုင်များ၏ ရောင်းအားမှ ယခုရက်ပိုင်းတွင် ကျဆင်းနေကြောင်း ရွှေလုပ်ငန်းရှင်များက ပြောသည်။






AROMA GUSTO
MIKKO
3 in 1
INSTANT
COFFEEMIX
BIG CASH
or
SMART CAR
လက်ငင်းငွေသားဆုမဲပေါင်း
များစွာ နှင့်
အတူ
42" TV 10 လုံး
ငွေကျပ် ၂ သိန်း 25 ဆု
RAV-4 ကား 1 စီး
အရောင်ကွဲလွဲချက်* ရှိပါသည်။
စာတိုက်သေတ္တာအမှတ် - ၅၆၂
နောက်ဆုံးပေးပို့ ကံစမ်းမည့်ရက် - ၂၀.၉.၂၀၁၂
မဲနှိုက်ကံစမ်းပေးမည့်ရက် - ၃၀.၉.၂၀၁၂
ဆုမဲများအားနောက်ဆုံးထုတ်ယူနိုင်မည့်ရက် - ၁၅.၁၀.၂၀၁၂
*(ဆုမဲများကို နီးစပ်ရာ မီကို ရုံးခွဲများတွင် ထုတ်ယူနိုင်ပါသည်။)*
Hot Line - 09-91052109
ကံစမ်းမဲကူပွန်တစ်စောင်
+
အိတ်ခွံကြီးတစ်ခု နှင့် အတူတွဲပို့ဖို့
မမေ့နဲ့နော်...

# 7DAY BOOK REVIEW




## သာ၍ ဝေးရာဆီကိုပါ
## (တက္ကသိုလ်ဘုန်းနိုင်)

ဦးသန့်အရေးအခင်းပြီးကာလ ၁၉၇၅ ခုနှစ်က ပထမအကြိမ်ထွက်ရှိခဲ့ပြီး နှစ်ပေါင်းသုံးဆယ်ကျော်၊ လေးဆယ်နီးပါးကြာမှ ပြန်လည်ထွက်ရှိလာသည့် ကွယ်လွန်သူ တက္ကသိုလ်ဘုန်းနိုင်၏ လုံးချင်းဝတ္ထုဖြစ်သည်။

ဝတ္ထုဇာတ်အိမ်တည်ရာ အချိန်ကာလကို ဦးသန့်အရေးအခင်းပြီးခါစတွင် တည်ထားပြီး ရန်ကုန်မြို့မှ ရောဝတီတိုင်း အစွန်အဖျားဒေသတစ်ခုဖြစ်သော လေးမျက်နှာမြို့ကလေးသို့ ရောက်ရှိလာသည့် ပဟေဠိဆန်သော 'ကိုသာစု'ဆိုသည့် ကျပ်မပြည့်သော လူရွယ်တစ်ဦးကို အဓိကဇာတ်ကောင်အဖြစ်ထည့်သွင်းထားသည်။ ကိုသာစုသည် စိတ်ဝေဒနာရှင်တစ်ပိုင်းဖြစ်၍ ဦးကြီးထွန်းသာဆိုသော စိတ်ရင်းသဘောထား ကောင်းမွန်သည့် ကိုယ်ပိုင်လယ်မြေပိုင်ဆိုင်သော လယ်သမားကြီးက ငယ်ငယ်ရွယ်ရွယ်နှင့် ကွယ်လွန်သွားသော သားဖြစ်သူနှင့်ရွယ်တူဖြစ်၍ ကျွေးမွေးစောင့်ရှောက်ထား၏။ ဦးကြီးထွန်းသာနှင့်ပတ်သက်၍ တူမဖြစ်သူ မသင်းနုနှင့် ကိုသာစု ရင်းနှီးကျွမ်းဝင်ခဲ့ရသည်။ မသင်းနုသည် တက္ကသိုလ်ကျောင်းသူတစ်ဦးဖြစ်ပြီး အရေးအခင်းကြောင့် ကျောင်းများပိတ်ရာမှ ရွာသို့ပြန်ရောက်နေသူဖြစ်၏။ မသင်းနုသည် ပဟေဠိဆန်သော ကိုသာစုနှင့် ဆက်ဆံရာမှ ကိုသာစုသည် ခေသူတစ်ဦးမဟုတ် မဟာဂီတနှင့်အကျွမ်းတဝင်ရှိသူ၊ အင်္ဂလိပ်စာကြီးပေကြီးများ တတ်ကျွမ်းသူအဖြစ်သိခဲ့ရသည်။ ကိုသာစုကို မသင်္ကာသော ရဲအရာရှိဦးတင့်လွင်ဆိုသူကလည်း ကိုသာစုအကြောင်း ကျိတ်၍စုံစမ်းသည်။ သို့သော် ဘာမျှခြေခြေမြစ်မြစ်မသိရ၊ တစ်နေ့အကြောင်းတိုက်ဆိုင်လာသောအခါ မြို့မှအရာရှိကြီးတစ်ဦးရောက်လာမှအရေးအခင်း၌ ကိုသာစု ပါဝင်ပတ်သက်ခဲ့သည့် ဓာတ်ပုံအရ ဖမ်းဆီးနိုင်ခဲ့သည်။

ထို့နောက် ကိုသာစုကို သက်ဆိုင်ရာက ရန်ကုန်သို့ ပို့ဆောင်ခဲ့သည်။ တစ်ဖက်၌လည်း သံယောဇဉ်တွယ်မိနေသော မသင်းနုက ကိုသာစုဝတ်ခဲ့သော အင်္ကျီနှင့်ပတ်သက်၍ စုံစမ်းရာမှ ကိုသာစုသည် အရေးအခင်းနှင့် ပတ်သက်ခဲ့သူမဟုတ်ဘဲ ဗဟိုတရားရုံး ရှေ့နေတစ်ဦးဖြစ်ပြီး ရန်ကုန်၌ အဓိကရုဏ်းများဖြစ်ပွားစဉ် ရောယောင်၍ အရိုက်ခံရရာမှ စိတ်ဝေဒနာတစ်မျိုးစွဲကပ်ခဲ့ကြောင်း သိရှိသွားရာ သက်ဆိုင်ရာသို့ အထောက်အထား ခိုင်လုံစွာတင်ပြနိုင်ပြီး ကိုသာစုလွတ်မြောက်အောင် ကူညီနိုင်ခဲ့သည်။ သို့ရာတွင် ကိုသာစုမှာ လွတ်လပ်သူတစ်ဦးမဟုတ်၊ မလွတ်လပ်သော်လည်း ၎င်းမရှိစဉ် အိမ်ထောင်ရေးဖောက်ပြန်ခဲ့သည့်ဇနီးအား အပြီးတိုင်ကွာရှင်းပြတ်စဲကာ သံယောဇဉ်ထားမိသူ မသင်းနုရှိရာဆီ ပြန်သွားပုံဖြင့် အဆုံးသတ်ထားသည်။

တက္ကသိုလ်ဘုန်းနိုင်၏ ဟန်အတိုင်း စိတ်ပညာသဘောတရားများနှင့် သဘာဝရှုခင်းအဖွဲ့များနှင့် မဟာဂီတသီချင်းများဖြင့် ဝတ္ထုကို သိုင်းဝိုင်းဖွဲ့ဆို ရေးသားထားသည်ကို ဖတ်ရှုရပါမည်။ သို့ရာတွင် အသက်ဆယ့်ရှစ်နှစ်မျှရှိသေးသော မိန်းမပျိုလေးတစ်ဦးအနေဖြင့် မဟာဂီတသီချင်းကြီးများနှင့် ရင်းနှီးနေပုံ၊ ပန်းချီအနုပညာနှင့် အကျွမ်းတဝင်ရှိပြီး ဒဿနဆန်သည့်စကားအသုံးအနှုန်းတို့အား ဝေဝေဆာဆာ ပြောတတ်ပုံတို့မှာ တစ်ခုခုကွာဟနေသည်ဟုလည်း ဝတ္ထုကိုဖတ်ရှုရင်း သိမြင်နိုင်ပါလိမ့်မည်။

ပန်းချီမျိုးမြင့်၏ စွဲမက်ဖွယ် မျက်နှာဖုံးနှင့် ကျောဖုံးတို့ဖြင့် ကံ့ကော်ဝတ်ရည် စာအုပ်တိုက်က တန်ဖိုး ၂,၆၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

# Knowledge ပဟုသုတ

## ရေငန်ငါးတွေက ရေချိုမှာ အသက်ရှင်သန်နိုင်သလား

မရှင်သန်နိုင်ပါ။ သက်ရှိသတ္တဝါတိုင်းတွင် အသက်ရှင်သန်ရပ်တည်နိုင်ဖို့ရာအတွက် လိုအပ်သောအရာများဖြင့် စနစ်တကျဖွဲ့စည်းတည်ဆောက်ထားခြင်းကြောင့်ဖြစ်သည်။ ရေငန်ငါးသည် အသက်ရှင်သန်ဖို့ရာအတွက် ရေငန်ကိုသာလိုအပ်ခြင်းမှာ ၎င်းတို့၏ခန္ဓာကိုယ်ဆဲလ်များသည် ဆားငန်ဓာတ်မြင့်မားသော ပတ်ဝန်းကျင်နှင့် နေသားကျနေခြင်းကြောင့်ဖြစ်ပြီး ခန္ဓာကိုယ်ဆဲလ်များတွင်လည်း အငန်ဓာတ်များရှိနေသည့်အတွက် ရေများစွာမလိုအပ်ဟုဆိုသည်။

ရေငန်ငါးကိုရေချိုထဲထည့်လိုက်မည်ဆိုလျှင် ရေငန်ငါး၏ဆဲလ်များသည် လိုအပ်သည့်ပမာဏထက်များသောရေထဲသို့ရောက်သွားသဖြင့် ခန္ဓာကိုယ်ပေါက်ကွဲထွက်စေနိုင်သည်ဟုသိရသည်။ ရေချိုငါးကို ရေငန်ထဲသို့ထည့်လိုက်မည်ဆိုပါကလည်း ခန္ဓာကိုယ်ဆဲလ်များခန်းခြောက်ကာ သေဆုံးစေနိုင်ကြောင်း သိရသည်။

__Ref:answers.yahoo.com






### ARIES — မိဿရာသီဖွား (မတ်၂၁-ဧပြီ၂၀)

အရာရာ အဆင်ပြေခြင်းနှင့် အလိုရှိရာ ပြည့်စုံခြင်းရှိမည်။ အကြီးအကဲများထံမှ ကောင်းသောအကူအညီရရှိမည်။ စုပေါင်း တွဲဖက်လုပ်ငန်း အကျိုးပေးမည်။ အလှူမင်္ဂလာကိစ္စများ ပါဝင်ပတ်သက်ရမည်။ အများကိစ္စ၊ အဖွဲ့အစည်းကိစ္စများ ဆောင်ရွက်ရမည်။ မေတ္တာရေးကံကောင်းမည်။ တစ်ပါးသူအတွက် ငွေကုန်များမည်။ အတိတ်ကာလက မိမိအား ဒုက္ခပေးခဲ့သူကိုကူညီရမည်။



### TAURUS — ပြိဿရာသီဖွား (ဧပြီ၂၁-မေ၂၁)

အကောင်းအဆိုး ရောထွေးနေသောကာလဖြစ်သည်။ အခက်အခဲများနှင့် ရင်ဆိုင်ပြီးမှ အလိုရှိရာ ပြည့်စုံမည်။ တစ်ပါးသူကို မှီခိုအားထား၍မရ။ ကိုယ် လုပ်သလောက် အကျိုးရှိမည်။ ရန်ပြဿနာအတိုက်အခံများ ဖြေရှင်းရမည်။ မည်သည့်ကိစ္စကို ဆောင်ရွက်သည်ဖြစ်စေ အနှောင့်အယှက်ကြုံပြီးမှ လိုရာပြည့်မည်။ စပ်တူလုပ်ငန်းများ လုပ်ရာတွင် အလိမ်ခံရမည်။



### GEMINI — မေထုန်ရာသီဖွား (မေ ၂၂-ဇွန် ၂၁)

အပြိုင် အတိုက်အခံမှန်သမျှ အောင်မြင်မည်။ မိမိကိစ္စထက် သူတစ်ပါးကိစ္စများ ကြားဝင်ဆောင်ရွက်ရမည်။ မည်သည့်ကိစ္စကိုမဆို တစ်ပါးသူနှင့်တိုင်ပင်ခြင်းမပြုရ။ လျှို့ဝှက်ချက်များ ပေါက်ကြားတတ်သည်။ ဆက်ဆံရသောဝန်းကျင် ဖွဲ့စည်းမှုများ ပြောင်းလဲရမည်။ အခါတိုင်းထက်ပို၍ တာဝန်ကြီးသည်။ ပေါ်ပေါက်လာသော အခွင့်အလမ်းများကို အသုံးချ၍ ဘဝတိုးတက်မည်။



### CANCER — ကရကဋ်ရာသီဖွား (ဇွန် ၂၂-ဇူလိုင် ၂၂)

အဘက်ဘက်မှကောင်းသည်။ ကိုယ်ပိုင်အစွမ်းအစများထက်မြက်မည်။ ဆင်ခြင်မှုရှိခြင်း၊ မှန်ကန်သောလမ်းကြောင်းအပေါ် ရွေးချယ်တတ်သောကြောင့် အလုံးစုံအဆင်ပြေမည်။ ဆုံးဖြတ်ချက်သစ်များ ချမှတ်ရမည်။ ယခင်ကာလများက ကြန့်ကြာနေသည့်ကိစ္စဟောင်းများကို အပြီးသတ်ရပ်တန့်၍ ရည်ရွယ်ချက်သစ်များ စတင်ရမည်။ နေရာသစ်၊ ဝန်းကျင်သစ်နှင့် အကျိုးပေးမည်။




### LEO — သိဟ်ရာသီဖွား (ဇူလိုင်၂၃-ဩဂုတ်၂၃)

လိုအင်ဆန္ဒရှိသမျှ အားလုံးကိုဆောင်ရွက်ပါ။ ဤကာလအတွင်း စတင်လိုက်သည့်ကိစ္စမှန်သမျှ မဖြစ်နိုင်သောအရာဟူ၍မရှိ။ ဆောင်ရွက်ချက်အချို့သည် ချက်ချင်းအဆင်ပြေမည်။ အချို့သည်ကား ရက်အနည်းငယ် ဆိုင်းပြီး အဆင်ပြေသွားမည်။ အရာရာအပေါ် အခြေခံမှစ၍ စနစ်တကျ ရှေ့တိုးအောင်မြင်မည်။ အကူအညီပေးသောသူများနှင့်တွေ့မည်။ အလုပ်တိုးတက်မည်။



### VIRGO — ကန်ရာသီဖွား (ဩဂုတ်၂၄-စက်တင်ဘာ၂၂)

အခက်အခဲ အတားအဆီးများကို ကျော်လွှားနိုင်မည်။ အပြောင်းအလဲရှိမည်။ ခရီးနှင့်ပတ်သက်သည့်ကိစ္စများ လုပ်ကိုင်အကျိုးပေးမည်။ အိမ်တွင်းရေးရာများကို ကြားဝင်စွက်ဖက်သည့် ဆွေမျိုးများကြောင့် စိတ်အနှောင့်အယှက်ကြုံမည်။ လုပ်သမျှ အံချော်နေမည်။ ငွေကြေးပစ္စည်း အပေးအယူ လက်လွှဲလက်ပြောင်းသတိရှိပါ။



### LIBRA — တူရာသီဖွား (စက်တင်ဘာ၂၃-အောက်တိုဘာ၂၃)

အထူးကောင်းသည်။ လုပ်သမျှ အဆင်ပြေမည်။ ကိုယ်ပိုင်အစွမ်းအစများ ပေါ်လွင်နေမည်။ အလုပ်တိုးတက်မည်။ အထင်လွဲမှုများ ဖြေရှင်းအဆင်ပြေမည်။ တစ်ပါးသူနှင့် ယှဉ်ပြိုင်သောကိစ္စများတွင် မိမိဘက်မှ အနိုင်ရမည်။ မင်္ဂလာကိစ္စများ ဆောင်ရွက်ရမည်။ အလုပ်အခွင့်အရေးကောင်းများပေါ်မည်။ စတင်ဆောင်ရွက်လိုက်သောကိစ္စများမှ အကျိုးကောင်းရမည်။



### SCORPIO — ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ၂၄-နိုဝင်ဘာ၂၂)

အညှံ့ကင်း၍ တိုးတက်ခြင်းဘက် ဦးတည်မည်။ လမ်းသစ်ထွင်၍ ဆောင်ရွက်ခြင်းဖြင့် အလိုရှိရာပြည့်စုံမည်။ ငွေကြေးမြောက်မြားစွာ ရင်းနှီးမြှုပ်နှံပြီး လုပ်ကိုင်ရမည့်လုပ်ငန်းများရှောင်ပါ။ အကြီးအကဲများ ထံမှ ကောင်းသောပံ့ပိုးမှုများရရှိမည်။ ဘဝလမ်းကြောင်း အပြောင်းအလဲနှင့် ကံသစ်ပွင့်ခြင်းရှိမည်။ ပျိုရွယ်သူများ မေတ္တာရေးကံကောင်းမည်။



### SAGITTARUS — ဓနုရာသီဖွား (နိုဝင်ဘာ၂၃-ဒီဇင်ဘာ၂၁)

တစ်ပါးသူ မခံမရပ်နိုင်လောက်အောင် ဖြစ်စေသောစကားမျိုး၊ ရန်ဖြစ်ပွားစေသော စကားမျိုး မိမိနှုတ်ဖျားမှ အလွယ်အကူထွက်ပေါ်တတ်သည်။ ဆန့်ကျင်ဘက်လုပ်လိုစိတ်များ အခါတိုင်းထက်ပို၍ ပေါ်နေမည်။ ငွေကုန်ကြေးကျများမည်။ နေ့စဉ်နှင့်အမျှ ပြဿနာများ တစ်မျိုးပြီးတစ်မျိုး ဖြေရှင်းရမည်။ အကျိုးမဲ့ငွေသုံးဖြုန်းလိုစိတ်များ တဖွားဖွားပေါ်မည်။



### CAPRICORN — မကာရရာသီဖွား (ဒီဇင်ဘာ၂၂-ဇန်နဝါရီ၂၀)

သူတစ်ပါးအပေါ်၌ ဆွဲဆောင်နိုင်သည့် စွမ်းအားမြင့်မားနေသည်။ ပြောရေး၊ ဆိုရေးအောင်မြင်မည်။ အခက်အခဲများကိုလည်း ဖယ်ရှား၍ တိုးတက်ခြင်းများရရှိမည်။ မိမိကိုယ်မိမိ ယုံကြည်မှုနည်းနေခြင်းကို ပြင်ပါ။ ပြတ်သားစွာ ဆုံးဖြတ်၍ အလိုရှိရာ ရှေ့တိုးဆောင်ရွက်ပါ။ မိုက်မိုက်မဲမဲ စွန့်စားဆောင်ရွက်ထားသည်များမှ ကောင်းသောအကျိုးဆက်ရရှိမည်။



### AQUARIUS — ကုမ်ရာသီဖွား (ဇန်နဝါရီ၂၁-ဖေဖော်ဝါရီ၁၈)

အလိုရှိရာ ဆောင်ရွက်အောင်မြင်မည်။ မိတ်ဆွေကောင်းများထံမှ အထောက်အကူကောင်းများရရှိမည်။ စုပေါင်းလုပ်ငန်း အကျိုးပေးမည်။ မိသားစုနှင့်ပတ်သက်သော သတင်းကောင်းနှင့်အခြေအနေကောင်းကြုံမည်။ အလှူမင်္ဂလာကိစ္စများ ပါဝင်ဆောင်ရွက်ရမည်။ လုပ်ငန်းခွင်ရှိသူများ အလုပ်တိုးတက်မည်။ ပညာအတတ်နှင့်ပတ်သက်သောကံကောင်းသည်။



### PISCES — မိန်ရာသီဖွား (ဖေဖော်ဝါရီ၁၉-မတ်၂၀)

အရာရာအပေါ် သတိရှေ့ထား၍ စနစ်တကျလုပ်ကိုင်ပါ။ အနီးကပ် တစ်ပွဲတိုးလုပ်သောကိစ္စများ ရှောင်ပါ။ ငွေကြေးလက်လွှယ်ခြင်းမရှိအောင်နေပါ။ ကိုယ်ရေးကိုယ်တာကိစ္စထက် တစ်ပါးသူအရေးကိစ္စများအား ဦးစားပေးလုပ်ဆောင်ရတတ်သည်။ မိသားစုတွင် စာသင်သားများရှိက အထူးကောင်းသည်။ ထူးချွန်ပြောင်မြောက်စွာအောင်မြင်မည်။

7 DAY NEWS JOURNAL
Vol.11, No.16 ▪ JUNE 28 , 2012



# ဂရိနိုင်ငံမှ "အာလူးလှုပ်ရှားမှု"

**ကြည်နေဝင်းမင်း**

နိုင်ငံတစ်နိုင်ငံတွင် စီးပွားရေးကျဆင်းလာပါက ဝယ်လိုအား နည်းလာခြင်းကိုအကြောင်းပြု၍ ကုန်ပစ္စည်းဈေးနှုန်းများ ကျဆင်းလာလေ့ရှိသည်။ သို့သော် ဂရိနိုင်ငံတွင် ဤကဲ့သို့ ဖြစ်မလာပါ။ အနည်းဆုံးကတော့ မဖြစ်သေးပါ။ ၂၀၀၉ မှ ၂၀၁၁ ခုနှစ်အတွင်း ဂရိနိုင်ငံ၏ စီးပွားရေးမှာ ပျမ်းမျှ ၅ ရာခိုင်နှုန်း ကျဆင်းလာစဉ်မှာပင် ကုန်ဈေးနှုန်းများမှာ ပျမ်းမျှ ၃ ဒသမ ၇ ရာခိုင်နှုန်းမြင့်တက်လာခဲ့သည်။ ဝင်ငွေနည်းပြီး ထွက်ငွေ (ကုန်ဈေးနှုန်း) မြင့်တက်လာသောအခြေအနေကြောင့် ပေါက်ကွဲထွက်လုနိုင်ငံရေးအခြေအနေဖြစ်ပေါ်ခဲ့သည်။

ယင်းကုန်ဈေးနှုန်းမြင့်တက်လာခြင်း ပြဿနာကို ဖြေရှင်းရန် ရှေ့ထွက်လာသူများမှာ နိုင်ငံရေးသမားများမဟုတ်ဘဲ အောက်ခြေလူထုလှုပ်ရှားမှုများပင်ဖြစ်သည်။ "အာလူးလှုပ်ရှားမှု" ဟုလူသိများလာသော လှုပ်ရှားမှုအား ဂရိနိုင်ငံ၏ အာလူးမြို့တော်ဟု ခေါ်ဆိုနိုင်သည့် နက်ဗရိုကိုပီမှ အာလူးစိုက်တောင်သူများက စတင်စည်းရုံးခဲ့ခြင်း ဖြစ်သည်။ အာလူးစိုက်တောင်သူများက ဖေဖော်ဝါရီ ၅ ရက်တွင် ဂရိနိုင်ငံ၏ မြောက်ပိုင်းမြို့တော် သက်ဆာလိုနီကီတွင် အာလူးဆယ်တန်အား အခမဲ့ ပေးဝေခဲ့သည်။ အာလူးစိုက်တောင်သူများက ဂရိနိုင်ငံအနေဖြင့် အီဂျစ်နိုင်ငံမှ အာလူးများ တင်သွင်းနေခြင်းကို ကန့်ကွက်ခဲ့ကြခြင်းဖြစ်သည်။ ယင်းမတိုင်မီရက်အနည်းငယ်က စိုက်ပျိုးရေးဝန်ကြီးနှင့် အာလူးတင်သွင်းသူကုန်သည်များကြားမှ ညှိနှိုင်းမှုမှာလည်းမည်သည့်ရလဒ်မှ မထွက်ပေါ်လာခဲ့သောကြောင့် တောင်သူများက ကန့်ကွက်ခဲ့ကြခြင်းဖြစ်သည်။

နက်ဗရိုကိုပီမှတောင်သူများအားအာလူးများကို လက်ကားဈေးအတိုင်းရောင်းချရန် ပထမဦးဆုံးဖိတ်ခေါ်ခဲ့သော အဖွဲ့မှာ ပီယာရီယာမြို့လုပ်အားပေးလူငယ်များအဖွဲ့ပင်ဖြစ်သည်။ ၎င်းလုပ်အားပေးအဖွဲ့အား ၂၀၀၇ ခုနှစ်တွင်ဖြစ်ပေါ်ခဲ့သော တောမီးများကြောင့် ဂရိနိုင်ငံမှ သစ်တောများပြုတ်ပြုတ်ပြုန်းခဲ့ပြီးချိန်၌ ကြိုတင်မီးသတိပေးရေး လုပ်ဆောင်ရန် ဖွဲ့စည်းခဲ့ခြင်း ဖြစ်သည်။ ပီယာရီယာမြို့ လုပ်အားပေးအဖွဲ့မှာ ဖေဖော်ဝါရီလ ၁၉ ရက်တွင် ပြည်သူလူထုအား အာလူးတစ်ကီလိုလျှင် ၂၅ ဆင့်ဖြင့် ရောင်းချပေးခဲ့သည်။ ယင်းမှာ ဈေးကွက်ပေါက်ဈေး၏ သုံးပုံတစ်ပုံသာရှိသော ဈေးနှုန်းဖြစ်သည်။

များမကြာမီမှာပင် ယင်းလှုပ်ရှားမှုမှာ သက်ဆာလိုနီကီမြို့မှ အရစ်တိုတယ် တက္ကသိုလ်သို့ ပျံ့နှံ့သွားခဲ့ပါသည်။ တက္ကသိုလ်မှစိုက်ပျိုးရေးပစ္စည်းဈေးကွက်ရှာဖွေရေးဘာသာရပ်ပါမောက္ခ ကာမီနစ်ဒစ်က လုပ်အားပေးကျောင်းသားများနှင့်အတူ တက္ကသိုလ်တွင် အာလူးရောင်းချပွဲပြုလုပ်သည်။ "ကျွန်တော်တို့ အာလူးသုံး၊ လေးတန်လောက်ပဲရောင်းချရလိမ့်မယ်လို့ စိုးရိမ်နေခဲ့တယ်။ ဒါပေမဲ့ ပထမဆုံးနေ့မှာပဲ ကျွန်တော်တို့ တန် ၅၀ ကုန်သွားတယ်" ဟုမစ္စတာကာမီနစ်ဒစ်က ပြောပြသည်။ "လူတွေက အာလူးကို ဝယ်လိုက်ကြတာ၊ ဝယ်လိုက်ကြတာ၊ စိုက်ပျိုးထုတ်လုပ်သူတွေတောင် ဝယ်လိုအားကို မလိုက်နိုင်ဘူး"ဟု ၎င်းက ဆက်လက်ပြောသည်။

ယခုဆိုလျှင် သက်ဆာလိုနီကီမြို့နှင့် အနီးတစ်ဝိုက် ဒေသများ၌ စိုက်ပျိုးရေးထုတ်ကုန်များကို ဈေးပေါပေါနှင့် ရောင်းချသော ပွဲတော်များ ပုံမှန်ကျင်းပနေပြီး ယင်းလှုပ်ရှားမှုမှာ ဂရိနိုင်ငံ၏ မြို့တော်အေသင်နှင့် အခြားဒေသများသို့ ပါပျံ့နှံ့နေပြီဖြစ်သည်။

အာလူးလှုပ်ရှားမှုက စားသောက်ကုန်ဈေးကွက်ကို ပြောင်းလဲလာစေခဲ့သည်။ "အပြိုင်အဆိုင်ဖြစ်လာတယ်။ တစ်ချိန်က အာလူးတစ်ကီလို ၇၅ ဆင့်ရောင်းနေတဲ့ စတိုးဆိုင်တွေက ၄၅ ဆင့်အထိ လျှော့ရောင်းလာတယ်။ တစ်ကီလို ၁၉ ဆင့်အထိတောင် ချရောင်းနေတယ်လို့ ကြားတယ်" ဟု မစ္စတာကာမီနစ်ဒစ်က ပြောသည်။ ယင်းလှုပ်ရှားမှုကြောင့် အာလူးဈေးကွက်ကိုသာ သက်ရောက်မှုရှိသည်မဟုတ်ပေ။ အခြားတာရှည် အထားခံသော အခြေခံစားသောက်ကုန်များဖြစ်သော ဆန်၊ ဂျုံ၊ သံလွင်ဆီ၊ ပျားရည်အစရှိသည့် ကုန်ပစ္စည်းများကိုလည်း ထုတ်လုပ်သူများက တိုက်ရိုက်ရောင်းချနေကြရာ ဈေးကွက်ပေါက်ဈေးကို ထက်ဝက်လျှော့ချလာနိုင်သည်။

အာလူးလှုပ်ရှားမှုကြောင့်လည်း စီးပွားရေးကျပ်တည်းသော အချိန်များတွင် ဈေးကွက်စီးပွားရေးကို ကျော်လွှားနိုင်ရန် ဖွဲ့စည်းခဲ့သော အဖွဲ့အစည်းနှစ်ခု၏ အနေအထားကို ပြန်လည်ဆန်းစစ်စရာဖြစ်လာခဲ့သည်။ ပထမအဖွဲ့အစည်းမှာ တောင်သူများသမဝါယမဖြစ်ပြီး လက်ကားရောင်းဝယ်သူများနှင့် ယှဉ်ပြိုင်နိုင်ရန် ၁၉၈၀ ခုနှစ်များက ဖွဲ့စည်းခဲ့သောအဖွဲ့အစည်းဖြစ်သည်။ တောင်သူများ သမဝါယမမှာ လက်ကားရောင်းဝယ်သူကုန်သည်ကြီးများကို ဘေးရောက်သွားအောင် လုပ်ဆောင်နိုင်သော်လည်း ကုန်သည်ကြီးများထက် ဈေးပေါအောင် မရောင်းကြပေ။

နောက်ထပ်အဖွဲ့အစည်းတစ်ရပ်မှာ လက်လီ အရောင်းသမားများနှင့် ယှဉ်ပြိုင်နိုင်ရန် ဖွဲ့စည်းခဲ့သော တောင်သူများဈေးအဖွဲ့ဖြစ်သည်။ ယင်းအဖွဲ့မှာလည်း တောင်သူများသမဝါယမကဲ့သို့ ပင်လောဘ၏ သားကောင်များဖြစ်သွားခဲ့ပြီး အာလူးကို ဈေးတင်ရောင်းချကြကြောင်း ပီယာရီယာလုပ်အားပေးအဖွဲ့ကိုစတင်ဖွဲ့စည်းခဲ့သူတီလာကစ်ဒစ်က ဆိုပါသည်။


အာလူးလှုပ်ရှားမှုမှာစိန်ခေါ်မှုမရှိခြင်းမဟုတ်ပေ။ ယခုအခါ အာလူးရွေးချယ်ထုပ်ပိုးသော ပွဲရုံများက တောင်သူများအပေါ် ဈေးနှုန်းများ မြှင့်တင်ထားသည်။ ၎င်းပွဲရုံများကို ကုန်သည်ကြီးများကထိန်းချုပ်ထားခြင်းဖြစ်ရာ တောင်သူများ၏ အခြေခံကုန်ကျစရိတ်များ မြင့်တက်လာစေရန် ကုန်သည်ကြီးများက ၎င်းတို့၏ဩဇာကို အသုံးချခြင်းဖြစ်သည်။ အချို့တောင်သူများ ကိုယ်တိုင် အာလူးလှုပ်ရှားမှုအပေါ် အယုံအကြည်မရှိကြောင်း နီဗရိုကိုပီမြို့အနီး ရွာတစ်ရွာမှ တောင်သူကိုယ်စားလှယ်မစ္စတာအာနိုတိုဂလူက ပြောပြီး အချို့ဆိုလျှင် ၎င်းတို့အားပျက်ရယ်ပြုကြကြောင်း ပြောသည်။

သို့သော် ယင်းပုဂ္ဂိုလ်များမှားယွင်းကြောင်းကို မစ္စတာအာနိုတိုဂလူက ပိုမိုသက်သေပြလိုခဲ့ပြီး သူမနှင့် အခြားတောင်သူများက အာလူးတစ်ကီလိုလျှင် ၂၅ ဆင့် ကုန်ကျစရိတ်အတိုင်းသာ ဆက်လက်ရောင်းချခဲ့ရာ ယခုဆိုလျှင် နောက်နှစ် စိုက်ပျိုးရန်အတွက် ငွေကြေးအရင်းအနှီးရရှိထားပြီဖြစ်သည်။ ဈေးအမြင့်ကိုစောင့်ရောင်းရန် ကြံစည်ခဲ့သော တောင်သူများမှာ ယခုအခါ ၎င်းတို့အာလူးတန်ပေါင်း မြောက်မြားစွာအား ဘူလ်ဂေးရီးယားနိုင်ငံမှပွဲစားများကို တစ်ကီလိုလျှင် ၁၀ ဆင့်နှင့် ရောင်းချရမည့် အခြေအနေနှင့် ရင်ဆိုင်နေရသည်။ သို့မဟုတ်ပါကလည်း ၂နှစ်တိတိ ကုန်ပစ္စည်းယူသွားပြီး ငွေအကြေမချေသော ဂရိကြားလူပွဲစားများထံ ၎င်းတို့ကုန်ပစ္စည်းများ ထိုးအပ်လိုက်ရမည့် အခြေအနေဖြစ်သည်။ ယခုဆိုလျှင် မစ္စတာအာနိုတိုဂလူတို့အုပ်စုက ၎င်းတို့ကုန်ပစ္စည်းကို အင်တာနက်မှတစ်ဆင့် ရောင်းချရန် စီစဉ်နေသည်။ အာလူးလှုပ်ရှားမှု၏ အဓိကသက်ရောက်မှုမှာ "ငါတို့လုပ်နိုင်တယ်"ဟူသော စိတ်ဓာတ်များလူအများတွင် ပြန်လည်ကိန်းအောင်းလာစေခြင်းပင်ဖြစ်ပါလိမ့်မည်။

အာလူးလှုပ်ရှားမှု အဖွဲ့၏ စည်းရုံးရေးစွမ်းရည်နှင့် စီးပွားရေးအလားအလာမှာနိုင်ငံရေးအရပင် ဆွဲဆောင်မှုရှိလာသည်။ တီဆိုလာကစ်ဒစ်တို့အဖွဲ့၏ လယ်ယာထွက်ကုန်ရောင်းချပွဲတစ်ပွဲလျှင် အမှာစာပေါင်း ၅,၅၀၀ လက်ခံရရှိနေရာလူပေါင်း ၄၅,၀၀၀ အား ကိုယ်စားပြုသည်။ ယင်းမှာ ၎င်းတို့မြို့လူဦးရေထက်ဝက်ကို ဆွဲဆောင်နိုင်ခြင်းပင်ဖြစ်သည်။

ယခုဆိုလျှင်ဒေသခံနိုင်ငံရေးသမားများမှာ တီဆိုလာကစ်ဒစ်တို့၏ မူလတာဝန်ဖြစ်သော တောမီးစောင့်ကြည့်ရေးတာဝန်တွင် ပါဝင်ထမ်းဆောင်ရန် တန်းစီစောင့်ဆိုင်းနေကြသည်။ "ဒါဟာနိုင်ငံသားတွေအနေနဲ့ ကျွန်တော်တို့ရဲ့ အခန်းကဏ္ဍကို ကျွန်တော်တို့ ရှုမြင်ပုံပါပဲ။ ကျွန်တော့်ရဲ့ အပြုအမူက အာဏာပိုင်တွေရဲ့ အပြုအမူကို အဆုံးအဖြတ်ပေးတယ်။ အာလူးလှုပ်ရှားမှုလို စည်းရုံးလှုပ်ရှားမှုမျိုး ကျွန်တော်တို့ မလုပ်နိုင်ခဲ့ရင် ဒေသဆိုင်ရာနဲ့ အမျိုးသားနိုင်ငံရေးအပေါ်မှာ ကျွန်တော်တို့ရဲ့ ထင်မြင်ယူဆချက်တွေရှိလာမှာ မဟုတ်ဘူး" ဟု မစ္စတာတီဆိုလာကစ်ဒစ်က ဆိုပါသည်။

*—Ref: Greece's Patato movement grows in power*


Alexandre Christie
steel
AC
collection
Available At: CHERRY OO
Inquiry Ph: 01-373997, 01-381751, 02-72992
TRIPLE TIME ZONE 6229


မာမား ကိုရီးယား စတိုင် ပူစပ်ပူစပ် အရသာ ခေါက်ဆွဲ
MAMA
라면
Korea Kitchen
Hot & Spicy

# Commodity Watch

7 DAY NEWS JOURNAL
Vol.11, No.16 ▪ JUNE 28 , 2012

## Computer

| CPU | Kyats |
|---|---|
| Intel P4 Dual Core 2.6 (1155) (G620) | 51,850 |
| Intel P4 Core i3 3.1 GHz (1155,2100) | 96,050 |
| Intel P4 Core i5 3.1 GHz (1155)(3450) | 158,950 |
| Intel P4 Core i7 3.1 GHz (115,2600) | 240,550 |
| **Motherboard** | |
| MSI G41M-P28 (775) | 51,850 |
| MSI H67MA-E35(1155) | 85,850 |
| MSI Z77A-GD45(1155) | 161,500 |
| ASUS P877-V Pro(1155) | 215,050 |
| ASUS P8H61MLX Plus (1155) | 56,100 |
| ASUS P8H61 Pro (1155) | 80,750 |
| ASUS P8H61 USB3 (1155) | 76,500 |
| ASUS P877-MLE (1155) | 101,150 |
| Gigabyte G41MT-S2 (775) | 51,000 |
| Gigabyte H61M-S2(B3)(1155) | 63,750 |
| Gigabyte H67M-D2(B3)(1155) | 76,500 |
| **PC Memory** | |
| 2 GB DDR3 (1333) Kingston | 12,750 |
| 4 GB DDR3 (1333) Kingston | 21,250 |
| **Harddisk** | |
| 500 GB Western Digital SATA | 72,250 |
| 1TB Seagate SATA | 97,750 |
| 2TB Seagate SATA | 124,950 |
| **PCI Express Card** | |
| MSI N430GT 2GB PCI Express Card | 65,450 |
| ASUS ENGTX520 1GB PCI Express Card | 45,900 |
| ASUS ENG 430 1GB PCI Express Card(64 bit) | 51,850 |
| ASUS EHA 6850 1GB DDR5 PCI Express Card | 154,700 |
| ASUS EAH 5450 1GB DDR3 PCI Express Card | 35,700 |
| ASUS EAH 5450 512MB PCI Express Card | 30,414 |
| Gigabyte Geforce 210 TC 1GI 1GB PCI Express Card | 35,000 |
| Gigabyte ATI RedeonHDR6450 1GBD3 PCI Express Card | 55,250 |
| **Memory Stick** | |
| TOSHIBR 4GB | 6,000 |
| Silicon Power 4GB (322) | 5,034 |
| Silicon Power 4GB (836) | 5,034 |
| Kingston 4GB | 4,500 |
| Kingston 8GB | 6,500 |
| Kingston 16GB | 13,000 |
| Kingston 32GB | 26,500 |
| **UPS** | |
| Numeric (600VA) UPS | 36,550 |
| Numeric(1000VA) UPS | 68,000 |
| SVC (600VA) UPS | 29,000 |
| SVC (1200VA) UPS | 59,000 |
| Power Pro (650VA)UPS | 34,500 |
| Power Pro (1200VA)UPS | 63,000 |
| Power Tree (650VA)UPS | 35,000 |
| Power Tree (1250VA)UPS | 60,000 |
| **DVD Writer** | |
| ASUS DVD Writer (SATA) | 21,250 |
| HP DVD Writer SATA | 22,000 |
| Liteon DVD Writer SATA | 22,950 |
| အိတ်ဆောင်တိပိဋကအဘိဓာန် | 160,000 |

Technoland ဆိုင်မှ ဇွန်လ(၂၃) ရက်က ကောက်ယူထားသော ဈေးနှုန်းဖြစ်သည်။

## Note Book

| Acer | |
|---|---|
| Intel Core i7 2.0Ghz 4GB DDR3,640 HDD,1GB VGA,14.0" | 640,000 |
| Intel Core i5 2.30Ghz 4GB DDR3,640 HDD,1GB VGA,14.0" | 528,000 |
| Intel Core i3 2.10Ghz 2GB DDR3,500 HDD,14.0" | 399,000 |
| Intel DualCore 1.6Ghz 2GB DDR3,640 HDD,256VGA,14.0" | 338,400 |
| Intel Atom 1.66Ghz 2GB DDR3, 320GB HDD,10.1" | 256,000 |
| **Dell** | |
| Intel Core i7 2.0Ghz 6GB DDR3, 640 HDD,1GB VGA,15.6" | 880,000 |
| Intel Core i5 2.30Ghz 6GB DDR3, 640 HDD, 15.6" | 552,000 |
| Intel Core i3 2.10Ghz 4GB DDR3, 500 HDD, 14.0" | 488,000 |
| Intel Atom 1.66Ghz 1GB DDR3, 250 HDD, 10.1" | 304,000 |
| **Lenovo** | |
| Intel Core i7 2.10Ghz 8GB DDR3,750 HDD,2GB VGA,15.6" | 847,200 |
| Intel Core i5 2.3Ghz 2GB DDR3,750 HDD,1GB VGA,14" | 535,200 |
| Intel Core i3 2.2Ghz 2GB DDR3,500 HDD, 14" | 407,200 |

## အီလက်ထရွန်နစ်ပစ္စည်းဈေးနှုန်းများ

| TV | | |
|---|---|---|
| **အမျိုးအစား** | **မော်ဒယ်** | **ဈေးနှုန်း(ကျပ်)** |
| Toshiba (LCD) | 32BX10T | 250,000 |
| Panasonic(LCD) | 32SC4S | 230,000 |
| Sony (LCD) | 32BX | 265,000 |
| Toshiba (TV) | LZE 21-28 | 100,000 |
| **DVD** | | |
| EVD (coeco) | 8082 | 21,000 |
| EVD(Sony) | DVK75 | 23,000 |
| LG | DV276 | 21,000 |
| EVD (AEK) | 8TMI | 30,000 |
| **ရေခဲသေတ္တာ** | | |
| Samsung | RA20F17 | 160,000 |
| Sanyo | SR811 | 450,000 |
| Hitachi | 19AGV7 | 248,000 |
| Panasonic | NR.BT223 | 225,000 |
| **Washing** | | |
| Panasonic | XPB-90-99885 | 150,000 |
| | MAS 70 V2 | 190,000 |
| Toshiba | 120 R | 140,000 |

မှတ်ချက်– အထက်ပါဈေးနှုန်းများမှာ ဇွန်လ(၂၄) ရက်တွင် မဟာဗန္ဓုလပန်းခြံလမ်းရှိ Capital နှင့်OK မြန်မာဆိုင်တို့မှကောက်ယူထားခြင်းဖြစ်သည်။

## အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|
| ဘိလပ်မြေ (ယိုးဒယား ဆင်တံဆိပ်) | တစ်အိတ် | ၅,၁၀၀ |
| ဘိလပ်မြေ (ယိုးဒယား INSee) | တစ်အိတ် | ၅,၀၀၀ |
| ဘိလပ်မြေ (မြင်းခေါင်းတံဆိပ်) | တစ်အိတ် | ၄,၆၀၀ |
| ဘိလပ်မြေ (ကျောက်ဆူးတံဆိပ်) | တစ်အိတ် | ၄,၈၀၀ |
| အုတ် (ကုန်းအုတ်-ပထမတန်းစား) | တစ်လုံး | ၁၀၅ |
| အုတ် (ကုန်းအုတ်-ဒုတိယတန်းစား) | တစ်လုံး | ၈၈ |
| အုတ် (၈ ပေါက်အုတ်) (အထိုင်ဈေး) | တစ်လုံး | ၁၀၀ |
| အုတ် (၁၀ ပေါက်အုတ်)(အထိုင်ဈေး) | တစ်လုံး | ၂၀၀ |
| သဲ (အကြမ်း) | တစ်ကျင်း | ၁၃,၀၀၀ |
| သဲ (အနု) | တစ်ကျင်း | ၇,၅၀၀ |
| ကျောက် | တစ်ကျင်း | ၅၃,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.3mm) | ၁ ပေ | ၇၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.312mm) | ၁ ပေ | ၈၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.36mm) | ၁ ပေ | ၁,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.346mm) | ၁ ပေ | ၉၅၀ |
| ကာလာစတီးအမိုးပြား 4 angle(0.4mm) | ၁ ပေ | ၁,၀၅၀ |
| Posco ကြယ်စိမ်း(၆။၇။၈ ပေ) | ၁ ပေနှုန်း | ၅၀၀ |
| Posco ကြယ်စိမ်း(၉။၁၀ ပေ) | ၁ ပေနှုန်း | ၅၀၀ |
| Posco ကြယ်စိမ်း(၁၁။၁၂ ပေ) | ၁ ပေနှုန်း | ၅၀၅ |
| ရိုးရိုးသွပ်မိုးပြား(ဆင်နီ ၆။၇။၈။၉။၁၀။၁၁။၁၂) | ၁ ပေ | ၅၃၅ |
| ရိုးရိုးသွပ်မိုးပြား(ဆင် ၆။၇။၈) | ၁ ပေနှုန်း | ၃၀၀ |
| ထုံး(၈ ပိဿာအိတ်) | တစ်အိတ် | ၁,၀၀၀ |

အထက်ပါဈေးနှုန်းများမှာ ဇွန်လ(၂၃) ရက်တွင် ကောက်ယူထားသောဈေးနှုန်းများဖြစ်ပြီး ပြောင်းလဲမှုအနည်းငယ်ရှိနိုင်သည်။

## စားဖိုဆောင်သုံးသီးနှံဈေးနှုန်းများ

| အမည် | အရေအတွက် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ခရမ်းချဉ်သီး(အင်းသီး) | ၁ သေတ္တာ | ၉,၀၀၀-၁၀,၀၀၀ |
| ပန်းဂေါ်ဖီ | ၁ ထုပ် | ၄၀၀-၇၀၀ |
| ဂေါ်ဖီထုပ် | ၁ ထုပ် | ၃၀၀-၄၀၀ |
| မုန်လာဥနီ | ၁ ပိဿာ | ၁,၅၀၀- ၂,၀၀၀ |
| ဘိုစားပဲသီး | ၁ ပိဿာ | ၁,၀၀၀ |
| ခရမ်းသီး | ၁ လုံး | ၄၀-၈၀ |
| ရွှေပဲသီး | ၁ ပိဿာ | ၂,၀၀၀-၂,၅၀၀ |
| မုန်ညင်းဖြူထုပ် | ၁ ပိဿာ | ၁,၇၀၀-၁,၈၀၀ |
| ငရုတ်သီး(ပီနံ) | ၁ ပိဿာ | ၂,၈၀၀ |
| ငရုတ်ရှည် | ၁ ပိဿာ | ၂,၀၀၀-၂,၂၀၀ |
| ငရုတ်ပွ | ၁ ပိဿာ | ၁,၀၀၀-၁,၂၀၀ |

ဈေးနှုန်းများမှာ သီရိမင်္ဂလာဈေးမှ ဇွန်လ(၂၄) ရက်က ကောက်ယူထားသောလက်ကားဈေးနှုန်းများဖြစ်သည်။

## စားသောက်ကုန်ဈေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ဆန်(ပေါ်ဆန်းမွှေး) | တစ်ပြည် | ၁,၀၀၀-၁,၇၀၀ |
| ဆန်(တောင်ပျံ) | တစ်ပြည် | ၁,၀၀၀-၁,၂၀၀ |
| ဆန်(ဧယာ) | တစ်ပြည် | ၅၀၀-၉၀၀ |
| ဆီ(ပဲဆီရှယ်) | တစ်ပိဿာ | ၃,၈၀၀ |
| ဆီ(စားအုန်းဆီ) | တစ်ပိဿာ | ၁,၈၀၀ |
| ဆီ(ရန်ကုန်ပဲဆီ) | တစ်ပိဿာ | ၄,၆၀၀ |
| ဆား(အိုင်အိုဒင်း) | တစ်ထုပ် | ၁၀၀ |
| ကြက်သွန်နီ | တစ်ပိဿာ | ၇၀၀-၈၀၀ |
| ကြက်သွန်ဖြူ | တစ်ပိဿာ | ၁,၅၀၀-၂,၀၀၀ |
| သကြား | တစ်ပိဿာ | ၁,၁၀၀-၁,၂၅၀ |
| မန်ကျည်းမှည့်(အစေ့လွတ်) | တစ်ပိဿာ | ၁,၂၀၀ |
| အာလူး | တစ်ပိဿာ | ၇၀၀-၈၀၀ |
| နို့ဆီ | တစ်ဘူး | ၆၀၀-၇၅၀ |
| နို့စိမ်း | တစ်ဘူး | ၅၅၀-၇၀၀ |
| ကြက်ဥ/ဘဲဥ | တစ်လုံး | ၉၀-၁၀၀ |
| ကုလားပဲခြမ်း | တစ်ပိဿာ | ၁,၄၀၀ |
| ကြက်သား(မွေးမြူရေး) | တစ်ပိဿာ | ၅,၅၀၀ |
| ကြက်သား(ဗမာ) | တစ်ပိဿာ | ၆,၀၀၀ |
| ဝက်သား | တစ်ပိဿာ | ၅,၀၀၀ |
| အမဲသား | တစ်ပိဿာ | ၅,၀၀၀ |

## ငါး၊ ပုစွန် ဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ငါးရံ့ | ၁ ပိဿာ | ၂,၀၀၀-၄,၅၀၀ |
| ငါးခူ | ၁ ပိဿာ | ၂,၅၀၀-၄,၇၀၀ |
| ငါးကျည်း | ၁ ပိဿာ | ၂,၅၀၀-၅,၀၀၀ |
| ငါးပြေမ | ၁ ပိဿာ | ၂,၅၀၀-၅,၀၀၀ |
| ငါးပနော် | ၁ ပိဿာ | ၁,၈၀၀-၂,၀၀၀ |
| ငါးရှဉ့် | ၁ ပိဿာ | ၃,၅၀၀-၄,၈၀၀ |
| ငါးမြစ်ချင်း | ၁ ပိဿာ | ၁,၃၀၀-၁,၆၀၀ |
| ငါးကြင်း | ၁ ပိဿာ | ၂,၈၀၀-၃,၆၀၀ |
| ငါးခေါင်းပွ | ၁ ပိဿာ | ၁,၂၀၀-၁,၈၀၀ |
| ငါးသလောက် | ၁ ပိဿာ | ၄,၅၀၀-၃၀,၀၀၀ |
| ငါးတန် | ၁ ပိဿာ | ၂,၀၀၀-၂,၈၀၀ |
| ငါးဖယ် | ၁ ပိဿာ | ၂,၆၀၀-၃,၄၀၀ |
| ကကတစ် | ၁ ပိဿာ | ၃,၅၀၀-၆,၅၀၀ |
| ကသဘောင်း | ၁ ပိဿာ | ၂,၅၀၀-၅,၅၀၀ |
| ငါးဘတ်၊ ငါးကြောင်း | ၁ ပိဿာ | ၄,၇၀၀-၈,၅၀၀ |
| ငါးပုဏ္ဏား | ၁ ပိဿာ | ၃,၅၀၀-၄,၈၀၀ |
| ပုစွန်ကြော့ | ၁ ပိဿာ | ၂,၀၀၀-၂,၅၀၀ |
| ပုစွန်ဘော့ချိတ် | ၁ ပိဿာ | ၃,၀၀၀-၄,၅၀၀ |
| ပုစွန်(ဆတ်သေး) | ၁ ပိဿာ | ၇,၅၀၀-၈,၅၀၀ |
| ပုစွန်(ဆတ်ကြီး) | ၁ ပိဿာ | ၈,၅၀၀-၁၀,၀၀၀ |
| ပုစွန်ပြောင်တုပ်ကြီး | ၁ ပိဿာ | ၁၃,၀၀၀-၂၇,၀၀၀ |
| ငါးမျိုးစုံ | ၁ ပိဿာ | ၁,၅၀၀-၃,၀၀၀ |
| တီလားဗီးယား | ၁ ပိဿာ | ၁,၂၀၀-၁,၈၀၀ |

ဇွန်လ(၂၃) ရက်က ကြည့်မြင်တိုင်ဇဟိုစံပြငါးဈေးကြီးမှ ကောက်ယူထားသော လက်ကားဈေးနှုန်းများဖြစ်သည်။


## ပုဂ္ဂလိကစက်သုံးဆီဈေးနှုန်းများ

| နေ့စွဲ | ဓာတ်ဆီ | ဒီဇယ် | Octane ဒီဇယ် | Premier ဒီဇယ် |
|---|---|---|---|---|
| June(17) | 3,550 | 3,900 | 4,000 | 4,100 |
| June(18) | 3,550 | 3,900 | 4,000 | 4,100 |
| June(19) | 3,550 | 3,900 | 4,000 | 4,100 |
| June(20) | 3,550 | 3,900 | 4,000 | 4,100 |
| June(21) | 3,550 | 3,900 | 4,000 | 4,100 |
| June(22) | 3,550 | 3,900 | 4,000 | 4,100 |
| June(23) | 3,550 | 3,900 | 4,000 | 4,100 |

ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှ ဈေးနှုန်းများဖြစ်ပါသည်။ ဈေးနှုန်းများပြောင်းလဲမှု အနည်းငယ်ရှိနိုင်သည်။

# 7DAY PUZZLE

ပဟေဠိ အမှတ်စဉ်(၁၈၈)



### အလျားလိုက်

၃။ ကမ္ဘာတစ်လွှားမှာနာမည်ကျော်တဲ့ ဖုန်းအမျိုးအစား
၈။ အရောင်းအဝယ်ပျောက်လာတဲ့ ဈေးကွက်တစ်ခု
၉။ ဥရောပတိုက်သားများ၏ လတ်တလောခံစားချက်
၁၀။ အိပ်စက်အနားယူချိန်မှာ ဝတ်ဆင်လေ့ရှိတဲ့အကျီ
၁၁။ ကျန်းမာသန်စွမ်းနေစေဖို့ အမြဲတမ်းဂရုစိုက်နေမယ့်သူတွေ
၁၂။ ကြီးလေးတဲ့ အပြစ်တွေအတွက် ဆုံးဖြတ်တဲ့စီရင်ချက်တစ်ခု

### ဒေါင်လိုက်

၁။ ကမ္ဘာကျော် စားသောက်ကုန်အမှတ်တံဆိပ်တစ်ခု
၂။ ယခုရက်ပိုင်းတက်ရိပ်သန်းလာတဲ့ဈေးကွက်
၄။ လူတွေရဲ့အမြင်ကို လှည့်စားနိုင်တဲ့သူ
၅။ အတွက်အချက်လုပ်တဲ့အခါ အသုံးဝင်တဲ့ပစ္စည်းတစ်မျိုး
၆။ သိချင်တာတွေကို မေးနိုင်တဲ့နေရာတစ်ခု
၇။ ကမ္ဘာ့အသိအမှတ်ပြုဆုတံဆိပ်တစ်ခု


**Smart Dictionary ကံထူးသူ**

၁။ ပြည့်မှူးလှိုင်၊ ၈/အလန(နိုင်)၈၆၃၆၈၅ အမှတ်(၁၄)၊ ကမ်းနားရပ်ကွက်၊ အောင်လံမြို့။

**ကျန်အဖြေမှန်သူများ**

၂။ ဒေါ်မာမာ၊ ၁၂/အလန(နိုင်)၀၁၈၀၅၀
၃။ ညီညီအောင်၊ ၁၂/ဥကတ(နိုင်)၁၅၉၄၄၆
၄။ မြတ်ကေသီ၊ ၁၂/ဥကမ(နိုင်)၂၀၆၅၃၃
၅။ အေးမြတ်မိုး၊ ၁၄/ညတန(နိုင်)၁၂၆၂၉၆
၆။ မြတ်စိုးမောင်၊ ၁၄/ပသန(နိုင်)၁၈၅၁၁၁
၇။ မျိုးမင်းဟိဏ်း၊ ၁၄/ပသန(နိုင်)၁၂၃၉၇၉၀

**ပဟေဠိ အမှတ်စဉ်(၁၈၇)အဖြေမှန်**




**အမည်** .................................... **မှတ်ပုံတင်အမှတ်** ....................................
**နေရပ်လိပ်စာ** ..........................................................................

ယခုတစ်ပတ်တွင် အဖြေမှန်သူ(၂၃)ဦးရှိပြီး ၎င်းတို့ထဲမှ အဖြေမှန်သူ (၇)ဦးကို မဲနှိုက်ရွေးချယ်၍ ထိုထဲမှတစ်ဦးကို ထပ်မံမဲနှိုက်ရွေးချယ်ကာ SMART Electronic Dictionary ချီးမြှင့်မည်ဖြစ်ပြီး ကျန် ၆ ဦးကို 7Day News မှ မေတ္တာလက်ဆောင်ဆုများ ချီးမြှင့်မည်ဖြစ်ပါသည်။ Puzzle မေးခွန်းများကို ယခင်အပတ်ထွက်ရှိပြီး 7Day News မှသတင်း၊ ဆောင်းပါးများမှ စကားစုများ၊ စာလုံးများအပြင် ပြင်ပဉာဏ်စမ်းမေးခွန်းတစ်ခုစီ ထည့်သွင်းမေးမြန်းမည်ဖြစ်ကြောင်း Puzzle ဝါသနာရှင်များသို့ အသိပေးအပ်ပါသည်။ အဖြေလွှာများကိုမူရင်းသာလက်ခံမည်ဖြစ်ပြီး နယ်ဝေးမှ ဖြေဆိုသူများမှာ Fax ဖြင့် ပေးပို့နိုင်သည်။

**အဖြေလွှာများကို ၂၉-၆-၂၀၁၂ သောကြာနေ့၊ မွန်းလွဲ ၂နာရီနောက်ဆုံးထား၍ ဂျာနယ်တိုက်သို့ပေးပို့ရမည်။**

ဤအစီအစဉ်ကို SMART Electronic Dictionary မှ ပံ့ပိုးကူညီပါသည်။ ဘုထူးသူ

# Free Classified

## အခမဲ့ ကြော်ငြာကဏ္ဍ

**ခရုအိမ်**

**အဆင့်မြင့်ခန်းဆီးလိုက်ကာနှင့် ကူရှင်အမျိုးမျိုးချုပ်လုပ်ခြင်းလုပ်ငန်း။ တိုက်-A, G-5, Pearl Condo, ကမ္ဘာအေး ဘုရားလမ်းနှင့် ဆရာစံလမ်းထောင့်။**

**PH:09-73037776, 09-73204374**

**San Thit**

Refrigerator, Air-Con, Washing Machine & Electrical Wiring, Repair, Maintenance, Installation, Sale & Service

**Ph: 09 421087913**

**မြေကွက်ရောင်းမည်**

ရွှေလင်ပန်းစက်မှုဇုန်၊ မြေတိုင်းအမှတ်-၂၂၊ မြေကွက်-၆၀၃၊ လှိုင်သာယာမြို့နယ်။ **ဖုန်း- ၀၉ ၅၀၂၄၁၉၅**

**Saya Mya Sein(B.Sc,BRE)**

Horizon, PISM, ILBC, Crane, Total, MISY စသော ကျောင်းများမှ ကျောင်းသူ/သားများအား Pre-School မှ Secondary 2 ထိ သင်ကြားပေးသည်။

**ဖုန်း- ၄၃၁၂၆၂၀၂**

**လိပ်စာပြောင်းရွှေ့ခြင်း**

Myanmar Gate Ways(Silver Conch Co.,Ltd)ရုံးခန်းအား ပါရမီလမ်း၊ စိန်ဂေဟာအနီး၊ အင်းစိန်လမ်းနှင့် ဗဟိုလမ်းကြား(၁၆)ရပ်ကွက်၊လှိုင်မြို့နယ်သို့ ပြောင်းရွှေ့ဖွင့်လှစ်ထားသည်။ **Ph: +95(1)654646**

**အိမ်လိုက်သင်သည်**

ဂျပန်စကားအခြေခံ ရေး၊ ဖတ်၊ ပြော။

**ဖုန်း- ၃၈၁၃၇၅**

**ဝယ်လိုသည်**

ဒဂုံတောင်ပိုင်း/ဆိပ်ကမ်း/မြောက်ပိုင်း/အရှေ့ဒဂုံ မြေကွက်များ ဈေးကောင်းပေးဝယ်သည်။

**ဖုန်း- ၀၉ ၄၂၀၃၂၃၄၁**

**သင်ကြားသည်**

IGCSE, SATဖြေဆိုမည့်သူများ သင်္ချာဘာသာရပ်အတွက် အခက်အခဲရှိနေသူများ၊တိုးတက်ကောင်းမွန်လိုသူများ ဆက်သွယ်နိုင်သည်။ Dr.သန္တာ(Ph.D Maths) **Ph: 09 5416325**

**MRS Computer**

7.7.2012(Sat)နေ့တွင် အထူးဈေးရောင်းပွဲတော်ရှိပါသည်။ အများဆုံး ၆၀ ရာခိုင်နှုန်းလျှော့ပေးပြီး လက်ဆောင်များလည်းပါသည်။

**ဖုန်း- ၃၉၂၂၅၉**

**ဆရာမင်းဂွတ်ဖုန်းဗေဒင်**

(၇)နေ့ သား/သမီးတို့၏ အချစ်ရေး၊ အိမ်ထောင်ရေး၊ စီးပွားရေး၊ ပညာရေးနှင့် အိမ်၊ ခြံ၊ မြေ၊ တိုက်၊ ကား ရောင်းထွက်ရန်ယတြာများ။

**ဖုန်း- ၀၉ ၄၃၁၀၆၅၆၇**

**ကားရောင်းမည်**

လ/. . . , SUNNY 85 Model, ခါတ်ဆီ၊ ညှိနှိုင်းဈေး။

**ဖုန်း- ၀၉ ၇၃၀၆၈၄၅၂**

**H.L.C**

ဟိန္ဒီ(ရေး၊ဖတ်၊ပြော) ဇွန်လတွင် သင်တန်းအသစ်ဖွင့်မည်။

**ဖုန်း- ၀၉ ၄၂၀၉၈၇၉၀**

**Summer Special, Art Class**

နွေပန်းချီ၊ နိုင်ငံတကာကလေးပန်းချီပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်အထိ အိမ်တိုင်ရာရောက် ရေဆေးအထူးသင်ကြားပေးပါသည်။

**ဖုန်း- ၀၉ ၄၉၂၆၃၁၅၉**

**အမြန်ရောင်းမည်**

၃၉(B)ရပ်ကွက်၊ အိမ်အမှတ်(၂၉၅/၅၄)၊ သမာဓိ(၄)လမ်း၊ ဗန္ဓုလလမ်းနောက်ကျောကပ်၊ ကားမှတ်တိုင်နီး၊ (၂၀'×၆၀')၊ရေမီးစုံ၊ (၁၈၅)သိန်း။

**ဖုန်း- ၀၉ ၇၃၀၁၄၇၀၅**

**မြေကွက်များရောင်းမည်**

ပြင်ဦးလွင်မြို့ ပဒေသာမြို့သစ်မှ ၄ မိုင်အကွာ(၁၃. ၆၁ဧက)ရောင်းမည်။ သိန်း(၅၀၀)။ (သီးစားခွန်/ပုံစံ-၁၀၅ အပြည့်အစုံ)

**ဖုန်း- ၀၉ ၄၀၂၅၅၉၉၆၆**

**သင်တန်း**

AutoCAD(2D,3D), Internet & Window Basic, Microsoft Word, Excel, PowerPoint, Adobe Photoshop

**Ph: 09 43097635**

**Study Guide**

-Maths for International Schools (Primary, Secondary)
-၈၊၉၊၁၀တန်းဘာသာစုံ၊တစ်ဘာသာချင်း Guide. **Ph: 09 5188468**

**Trade Show**

မြန်မာ့ထုတ်/သွင်းကုန် လုပ်ငန်းရှင်များ နိုင်ငံတကာသို့ တိုက်ရိုက်ရောင်း/ဝယ်နိုင်ရန် အစီအစဉ်စိတ်ဝင်စားသူများဆက်သွယ်နိုင်ပါသည်။

**ဖုန်း- ၀၉ ၇၃၂၄၃၉၈၉**

**သင်ကြားသည်**

Practical Computer Maintenance Course၊ Error မတက်အောင် ဘယ်လိုထိန်းသိမ်းမလဲ သင်ကြားပေးသည်။

Thi Ha (D.H.Engg), (MCTS)

**Ph: 09 420033695**

**မြေကွက်ရောင်းမည်**

တောင်ဒဂုံ၊ ၅၅ ရပ်ကွက်၊ ပုဂံလမ်းမကြီးပေါ်၊ ပေ(၄၀×၆၀)။

**ဖုန်း- ၀၉ ၄၉၂၂၇၃၆၅**

**၁၀တန်း Study Guide**

ဆရာမဒေါ်အိအိဝင်းမာM.Sc (Chemistry) တက္ကသိုလ်ဝင်တန်း(၁၀)တန်း Study Guide သင်ကြားပေးမည်။

**ဖုန်း- ၀၉ ၄၉၃၀၇၄၅၀**

**ရောင်းမည်**

အမှတ် ၅၃၉/၃၄ ရပ်ကွက်၊ သရဖီ(၅)လမ်း၊ ၁ ထပ်(ပျဉ်ထောင်အိမ်)၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ ရန်ကုန်မြို့။

**ဖုန်း- ၀၉ ၅၀၄၆၅၉၈**

**ရောင်းမည်**

အမှတ်-၁၆/၁၂၇၁၊ ပ-ထပ်(လယ်)၊ စံပယ်လမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေ၊ အဆင့်မြင့်ပြင်ဆင်ပြီး၊ အဲယားကွန်းပါ၊ အကျယ်(၁၄'×၅၀')။ ရောင်းဈေး- ကျပ် သိန်း ၃၂၀။

**ဖုန်း- ၀၉ ၇၃၁၇၀၅၆၈**

**ရောင်းမည်**

ဆေးဆိုင်ဖျက်မည်ဖြစ်သောကြောင့် ဆိုင်ရှိနိုင်ငံခြားဆေးနှင့် မြန်မာဆေးအားလုံးတို့ကို လက်ကားဈေးထက် သက်သက်သာသာ လျှော့ရောင်းမည်။ **ဖုန်း- ၀၉ ၇၃၁၄၄၁၃၂**

**သင်ကြားသည်**

Linux Enterprise Network Professional (Server/Admin) Linux ကို Professional တစ်ယောက်ဖြစ်အောင် အိမ်အရောက် သင်ကြားပေးသည်။

**ဖုန်း- ၀၉ ၇၃၁၈၁၆၄၂**

**အမြန်ရောင်းမည်**

PC အလုံး(၂၀)P4 အသုံးပြုဆဲ၊ Melronic 10 KVA (၃)လုံး မီးမြှင့်စက်၊ 25 ES Generator 400 V.

**Ph: 09 5004310**

**မြေကွက်ရောင်းမည်**

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ အိမ်ဂရံပါပြီး (ပွဲစားမလို) ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်။

**ဖုန်း- ၀၉ ၄၂၀၀၄၃၆၇၈**

**ရောင်းရန်ရှိသည်**

မော်နီတာအလုံး (၂၀)၊ ကျွန်းစားပွဲအလုံး (၂၀)၊ ကြိတ်ပြားစားပွဲအလုံး (၂၀)၊ (အင်တာနက်ဆိုင်သုံး)။

**ဖုန်း- ၀၉ ၅၁၂၇၁၇၆**

**ပြည့်ဖြိုးကွန်ပျူတာပညာဒါန**

Computer Basic+Microsoft Office, D.T.P, Graphic Design

**အမှတ်(၂)၊ ပထမထပ်၊ လှည်းတန်း(၁)လမ်း၊ ကမာရွတ်။**

**ရောင်းမည်**

၁၃၃၊ ဗဟိုလမ်း၊ ပန်းဘဲတန်းရပ်ကွက်၊ မော်လမြိုင်မြို့ မွန်ပြည်နယ်။ ပေ(၃၆×၉၈)၊ ပျဉ်(၂)ထပ်၊ ဘော်ဒါဆောင်၊ သိန်း(၉၀၀)၊ ညှိနှိုင်းဈေး။

**ဖုန်း- ၀၅၇-၂၂၅၀၉**

**ရောင်းမည်**

(၂၅'×၆၀')၊ RC ၁ထပ်၊ လေးထောင့်ကန်လမ်းမကြီး၊ ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်။ညှိနှိုင်းဈေး၊သိန်း(၅၈၀၀)

**ဖုန်း- ၀၉ ၄၂၀၀၈၀၀၆၃**

**အိမ်ငှားမည်**

လုပ်ငန်း၊ ကုမ္ပဏီ၊ ရုံးခန်း၊ ဂိုဒေါင်လုပ်ကိုင်ရန် အထူးသင့်တော်သည်။ ကြည့်မြင်တိုင် ဘူတာအနီး၊ လမ်းမတန်း။ **ဖုန်း- ၀၉ ၅၁၂၇၁၇၆**

**ကံကြမ္မာဖတ်သူ**

ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ အိမ်ထောင်ရေး အခိုက်အတံ့တွေ့နေချိန်တွင် ကျော်ဖြတ်နိုင်ဖို့အတွက် ယတြာအစီအရင်များရယူပါ။

**ဖုန်း- ၀၉ ၄၃၀၃၂၁၁၉**

**STUDENT GUIDE**

သူငယ်တန်းမှ အဋ္ဌမတန်းအထိ ကလေးငယ်များကို သင်ကြားပေးသည်။ နဝမတန်းနှင့် ဒသမတန်း ဘောဂဗေဒဘာသာရပ်အထူးသင်ကြားပေးသည်။

**ဖုန်း- ၀၉ ၄၂၁၀၂၈၈၃၀**

**ရောင်းမည်**

ရန်ကင်း၊ ရွှေအုန်းပင်အိမ်ရာ၊ တိုက်-၁၇၊ ၅ လွှာ၊ နံပါတ်(၃)၊ သံပန်း၊ ဖုန်းပါ။ အမည်ပေါက်။ (ညှိနှိုင်းဈေး)

**ဖုန်း-၅၅၉၄၃၀၊ ၀၉ ၈၇၂၇၅၆၃**
**ဖုန်း- ၀၉ ၄၂၅၀၁၄၁၄၈**

**ရောင်းမည်**

၁၅၀ × ၁၃၀ ပေ၊ ဥယျာဉ်ခြံမြေ၊ အမည်ပေါက်၊ မီတာပါ။ မှော်ဘီ Toll Gate အနီး။ သိန်း (၁၅၀၀)။

**ဖုန်း- ၀၉-၄၂၀၀၇၆၅၂၂**

**ရောင်းမည်**

၉၄×၁၇၅ ပေ၊ ဘိုးဘွားပိုင်၊ မီတာ ၅ လုံးပါ၊ခဝဲခြံမှတ်တိုင်အနီး။ကျပ်သိန်း-၉,၀၀၀။ **ဖုန်း- ၀၉-၇၃၀၈၇၆၈၇**

7DAY NEWS JOURNAL
Vol.11, No.16 • JUNE 28 , 2012

# ရခိုင်ပြည်နယ် အကြမ်းဖက်မှုများကြောင့် အခြေခံစားသောက်ကုန်ဈေးကွက် ထိခိုက်မှုမရှိ

**သိမ့်သိမ့်စိုး၊ ဗိုလ်ဗိုလ်ဝင်း**
**ရန်ကုန်၊ ဇွန်-၁၈**

လတ်တလော ရခိုင်ပြည်နယ်တွင်ဖြစ်ပွားနေသော အခြေအနေများကြောင့် ရန်ကုန် အခြေခံစားသောက်ကုန် အရောင်းအဝယ်ဈေးကွက်ကိုရိုက်ခတ်မှုမရှိကြောင်း ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

“ဒီတစ်ခါကတော့အရောင်းပုံမှန်ပါပဲ။ အရင် အရေးအခင်းတွေဖြစ်ကြတုန်းကတော့ တော်တော်ရောင်းရတယ်။ ခုတစ်ခါကတော့ ထူးထူးခြားခြား ရောင်းအားတက်လာတာမျိုး မရှိပါဘူး။ ပြောရရင် ရိုက်ခတ်မှု မရှိဘူးလို့တောင်ဆိုရမယ်”ဟု သင်္ဃန်းကျွန်းမြို့နယ်ရှိ ဆန်ဆိုင်ပိုင်ရှင်တစ်ဦးက ပြောသည်။

ယခင်က အကြောင်းအမျိုးမျိုးကြောင့် လှုပ်ရှားမှုများဖြစ်ပေါ်ခဲ့ပါက ပြည်သူများအနေဖြင့် နိုင်ငံငြိမ်သက်မှုမရှိဘဲ အပြောင်းအလဲများဖြစ်မည်ကို စိုးရိမ်ကာ အခြေခံစားသောက်ကုန်များဖြစ်သော ဆန်၊ ဆီစသည်များကို ဝယ်ယူစုဆောင်းလေ့ရှိသော်လည်း ယခုတစ်ကြိမ်တွင်မူ ရခိုင်ပြည်နယ်တွင် ဖြစ်ပွားနေသော အခြေအနေများကြောင့် ဝယ်လိုအားမြင့်တက်လာခြင်းမရှိ၍ ဈေးနှုန်းများလည်းမြင့်တက်ခြင်း မရှိပေ။

“ဝယ်စုတယ်ဆိုတာမျိုး မရှိပါဘူး။ ဈေးကွက်အပြောင်းအလဲဖြစ်တာမျိုးလည်း မရှိဘူး။ ဆန်ကတစ်အိတ်မှာမှ တစ်ထောင်၊ နှစ်ထောင်လောက်ပဲ တက်တာရှိတယ်။ ဒါကလည်း အဝင်နည်းတာကြောင့် တက်တာ။ နိုင်ငံရေးကိစ္စတွေကြောင့် ဝယ်လိုအားတက်လို့ ဈေးတက်တာမျိုးမဟုတ်ဘူး” ဟု ဘုရင့်နောင်ဈေးကွက်ရှိ ဆန်ပွဲရုံပိုင်ရှင်တစ်ဦးက ဈေးကွက်အခြေအနေကိုသုံးသပ်ပြောသည်။

လတ်တလော ဈေးကွက်တွင် ရောင်းချနေသော ဆန်အချောဖြစ်သော ပေါ်ဆန်းဈေးနှုန်းမှာ အမျိုးအစားပေါ်မူတည်၍ တစ်တင်းခွဲတစ်အိတ်လျှင် ၂၆,၀၀၀ ကျပ်မှ ၃၄,၀၀၀ ကျပ်ထိ ရှိသည်။ ဆန်ကြမ်းများဖြစ်သော ဧည့်မထမှာ တစ်အိတ်လျှင် ၁၂,၀၀၀ ကျပ်၊ ဇီယာရှယ်မှာ၁၄,၀၀၀ကျပ်၊ မနောသုခမှာ ၁၆,၀၀၀ ကျပ်ရှိကြောင်း သိရသည်။ ထို့အပြင် အခြေခံစားသောက်ကုန်များ ဝယ်စုရာတွင် အဓိကကျသော ဆီဈေးကွက်မှာလည်း ဝယ်လိုအား ပုံမှန်အတိုင်းသာရှိပြီး ဈေးနှုန်းများလည်း ပြောင်းလဲခြင်းမရှိကြောင်း ကမာရွတ် လှည်းတန်းဈေးရှိ ကုန်မျိုးစုံရောင်းချသည့် ဆိုင်ပိုင်ရှင်တစ်ဦးက ဆိုသည်။ လက်ရှိဆီဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ကျပ် ၁,၈၀၀၊ ပဲရောဆီတစ်ပိဿာလျှင် ကျပ် ၃,၈၀၀ ကျပ်၊ ပဲဆီသန့် တစ်ပိဿာလျှင် ကျပ် ၄,၆၀၀ ဝန်းကျင်ခန့်ရှိသည်။

အလားတူ မီးဖိုချောင်သုံး ဈေးကွက်ဖြစ်သည့် ကုန်စိမ်းအသီးအနှံများရောင်းချသော သီရိမင်္ဂလာဈေး၏ အရောင်းအဝယ်ဈေးကွက်မှာလည်း ပြောင်းလဲမှုများ မရှိခဲ့ကြောင်း အဆိုပါဈေး ရှိ အရောင်းဆိုင်များမှ စုံစမ်းသိရှိရသည်။

# အာဆီယံစီးပွားရေးအသိုက်အဝန်း အလုပ်ရုံဆွေးနွေးပွဲလုပ်ငန်းရှင်များ တက်ရောက်နိုင်

**နိုင်ချို**
**ရန်ကုန်၊ ဇွန် - ၂၁**

အာဆီယံစီးပွားရေးအသိုက်အဝန်း (Asean Economic Community-AEC) အလုပ်ရုံဆွေးနွေးပွဲကို ၂၀၁၂ ဇူလိုင် ၅ရက်တွင် ချက်ထရီယမ်ဟိုတယ်၌ ကျင်းပမည်ဖြစ်သည်။

“ဝန်ထမ်း ၅၀ အထက်ရှိတဲ့ စီးပွားရေးလုပ်ငန်းရှင်များအပြင် ဝန်ထမ်း ၅၀ အောက်ရှိတဲ့ စီးပွားရေးလုပ်ငန်းရှင်တွေလည်း တက်ရောက်နိုင်တယ်။ စီးပွားရေးလုပ်ငန်းရှင်အများစု တက်ရောက်မှာပါ။ လောလောဆယ်တော့ အတိအကျမသိရသေးပါဘူး” ဟု PT & MM Event Ads Co., Ltd မှ ကိုအောင်မြတ်မိုးကပြောကြားသည်။

AEC ဆွေးနွေးပွဲကို အဆင့်မြင့်စီမံခန့်ခွဲသူများ၊ ကျွမ်းကျင်ပညာရှင်များ၊ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်နိုင်ရေးအတွက် ပထမဆုံးအကြိမ် ကျင်းပသော အလုပ်ရုံဆွေးနွေးပွဲဖြစ်ပြီး လုပ်ငန်းရှင်များ အခမဲ့တက်ရောက်ဆွေးနွေးနိုင်သည်ဟုဆိုသည်။

ယင်းဆွေးနွေးပွဲ၌ AEC ဆိုတာဘာလဲ၊ AEC ကြောင့် ဘယ်လိုအခွင့်အလမ်းတွေ၊ ဘယ်လိုစိန်ခေါ်မှုတွေဖြစ်မလဲ၊ ဘယ်လိုရင်ဆိုင်သင့်လဲစသည့်အကြောင်းအရာများကို သိရမည်ဖြစ်သည်။

# PSA မိသားစုက ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများသို့ လှူဒါန်း

**ရန်ကုန်၊ ဇွန်-၁၆**

စင်ကာပူနိုင်ငံ ဆိပ်ကမ်းအာဏာပိုင်တွင် အလုပ်လုပ်လျက်ရှိကြသည့် PSA မြန်မာမိသားစုက မေလအတွက် အလှူငွေအား မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ကျိုက္ကသာကျေးရွာရှိ ပန်းတောဘုန်းတော်ကြီးသင် ပညာရေးကျောင်းသို့ အလှူငွေကျပ် ၁,၄၈၀,၀၀၀ အား 7Day News ဂျာနယ်မှတစ်ဆင့် ပေးပို့လှူဒါန်းခဲ့သည်။

ပန်းတောဘုန်းတော်ကြီး သင်ပညာရေးကျောင်းသည် မူလတန်းလွန်ကျောင်းတစ်ကျောင်းဖြစ်ပြီး ယခုနှစ်တွင် သင်ကြားသူကျောင်းသား ၁၈၀ ခန့်ရှိ၍ ဆရာ၊ ဆရာမခုနစ်ဦးဖြင့် သင်ကြားပေးလျက်ရှိသည်။

အလားတူဇွန်လအတွက် အလှူငွေကိုလည်း သန်လျင်မြို့နယ်ရှိဆုတောင်းပြည့်ဘုန်းတော်ကြီးသင် ပညာရေးနှင့် တိုင်းရင်းသားလူငယ်ဖွံ့ဖြိုးရေးပရဟိတကျောင်းသို့ အလှူငွေကျပ် ၁,၄၇၀,၀၀၀ အား ပေးပို့လှူဒါန်းခဲ့သည်။

အဆိုပါကျောင်းတွင် ကျောင်းအိပ်ကျောင်းစား တိုင်းရင်းသား ကလေးသူငယ်ပေါင်း ၆၀၀ ကျော်ရှိပြီး အနီးအနားမှလာရောက်ပညာသင်ကြားသူ ကလေးငယ်ပေါင်း ၁,၆၀၀ ကျော်ရှိကြောင်း သိရသည်။

**TRADEMARK CAUTION**
Bellewave Cosmetics Pte Ltd, a company incorporated in SINGAPORE at 237 Pandan Loop #05-03 Westech Building Singapore 128424 is the Owner and Sole Proprietor of the following Trademark:-

ENAVOSE

**Reg: 4/4986/2012**
In respect of : Int'l class 3 : " Cosmetics, toiletries, non-medicated skin care preparations, body creams, body exfoliating preparations, body lotions, eye creams, eye gels, face creams, face gels, face lotions, face masks, facial cleansers, facial emulsions, facial exfoliating preparations, facial moisturizers, facial soaps, facial toners, anti-wrinkle creams, anti-aging preparations, lotions and gels, facial skin oil controllers, skin blemish preparations, skin renewal creams, skin repair creams, ltions and gels, skin balancing lotions and skin firming preparations; skin creams and skin lotions."
Fraudulent imitation or unauthorized use of the said Trademarks shall be dealt with according to law.
U Myint Lwin, Advocate, LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myint.advocate@mptmail.net.mm
www.mipadvocate.com
Ph : 371990 28.June.2012

**MYAN SHWE PYI TRACTORS Ltd.**
**YOUR CATERPILLAR® DEALER**
**( FOR LOCAL SERVICES ONLY )**

MSPTL invites applications from qualified, active and dynamic candidates for the following positions:

1. **Applications Engineer (Male)** 1 post
   - Prefers Engineering Graduate (Mechanical, Electrical, Mechatronics)
   - Excellent skill in Auto CAD
2. **Sales Engineer (Male)** 2 posts
   - Prefers Engineering Graduate (Mechanical, Electrical, Mechatronics)
3. **Customer Service Representative (Male)** 2 posts
   - Prefers Engineering Graduate (Mechanical, Electrical, Mechatronics).
4. **HR Development Officer (Male)** 1 Post
   - Any graduate with certificate in Human Resources Management/ Development,
   - At least 2 years experience in training & development, succession planning, performance management, career planning
   - Minimum upper-intermediate level in English language
5. **Asst. Inventory Controller (Male)** 1 post
   - B.E/ B.Tech (Mechanical)
6. **Asst. Cashier (Male)** 1 Post
   - Any graduate (Accountancy Background).

**Other Requirements**
- Age 25~30 years.
- At least 3 years experience in related field.
- Must have a valid driving license For No.1,2,3.
- Must be a computer literate & able to communicate in English.
- Willingness to learn and good Interpersonal skills.
- Honest, obedient and self-motivated with good character.
- Willingness to work in any part of Myanmar.

Interested applicants are to send current C.V with a recent photo, all Educational Certificates, Labour Registration Card, Character Reference from Ward Administrative Office and Police Station, Recommendations from previous Employers and any other relevant testimonials/documents.
Applications should reach the following address by July 10, 2012.
**Human Resources Department**
16, Mya Malar Lane, Industrial Zone, Thaketa Township, Yangon, Myanmar.
Ph - 547310 ~ 13, 547140 ~ 42

# စာ(၄၂) ခရီးသွားလုပ်ငန်းတွင် ပြည်ပလုပ်ငန်းရှင်များကို ရာနှုန်းပြည့် ရင်းနှီးမြှုပ်နှံခွင့်ပြုခြင်းအပေါ် ပြည်တွင်းလုပ်ငန်းရှင်များ ပူပန်နေ မှ

“မြန်မာစကားမပြောတတ်ဘဲ မြန်မာမှတ်ပုံတင်ကိုင်ထားတဲ့ တရုတ်နိုင်ငံသား ခရီးသွားလုပ်ငန်းလုပ်တဲ့သူတွေဆိုရင် ခရီးစဉ်တွေမှာ ကောင်မလေးတွေထည့်ပေးနေကြတယ်။ ကြားရတာစိတ်မကောင်းဘူး”ဟု ခရီးသွားလုပ်ငန်းလုပ်ကိုင်နေသူ တိုင်းရင်းသားတစ်ဦးကပြောသည်။

“ထိုင်းမှာဆို ထိုင်းဂိုက်(ဧည့်လမ်းညွှန်)ကပဲ ရှင်းပြရတယ်။ ဥရောပမှာဆိုလည်း ဂျာမနီဧည့်လမ်းညွှန်က ပြင်သစ်နိုင်ငံမှာ ပြင်သစ်နိုင်ငံ အကြောင်း ရှင်းပြခွင့်မရှိဘူး၊ ရှင်းပြလို့မရဘူး” ဟု ဧည့်လမ်းညွှန်တစ်ဦးက ပြောသည်။

နိုင်ငံတကာ အလုပ်သမားအဖွဲ့ချုပ် ကွန်ဖရင့်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်က “ရင်းနှီးမြှုပ်နှံသူများအနေဖြင့် ကျင့်ဝတ်စည်းကမ်းများကို အကောင်းဆုံး လိုက်နာစောင့်ထိန်းဖို့ လိုပါတယ်” ဟု ထည့်သွင်းပြောကြားခဲ့သည်။

လက်ရှိမြန်မာနိုင်ငံတွင် ခရီးလှည့်လည်ရေးလိုင်စင်ထုတ်ပေးထားသော ကုမ္ပဏီ ၃၀၀ ကျော်ရှိပြီး ဖက်စပ်လုပ်ကိုင်နေသော ကုမ္ပဏီလေးခုရှိကာ မြန်မာနိုင်ငံသားများအား အသုံးမပြုသော ခရီးသွားလုပ်ငန်း လုပ်ကိုင်နေသော နိုင်ငံခြားသားများမှာ ထိုင်း၊ ပြင်သစ်၊ ဂျပန်၊ တရုတ်နှင့် ကိုရီးယားလူမျိုးများဖြစ်ကြောင်း သတင်းရရှိသည်။

ဆင်းရဲနွမ်းပါးမှုလျှော့ချရေး သစ်မွှေးပင်စိုက်ပျိုးပေး၊
ဝင်း-သစ်မွှေး
စိုက်နည်းပျိုးနည်း
တစ်အုပ် ၂၅၀၀ိ/-
DVD တစ်ချပ် ၅၀၀ိ/-
ဝိနှမိသားစု အမှတ်
(၂၅၀)၊ဗားကရာလမ်း၊
တော်လှန်ရေးပန်းခြံအနီး
၀၉-၅၁၁၇၂၂၆၊
၅၀၁၈၁၂၊ ၅၁၈၁၆၆

ကျေးလက်နေသူပြည်သူများ တစ်အိမ် (၅)ပင် စိုက်ပျိုးခြင်းဖြင့် (၆)နှစ်အတွင်း သိန်းရာချီ ရရှိနိုင်ပါသည်။ သစ်မွှေးမျိုး(၁၆)မျိုးတွင် (၄၊ ၅)နှစ် စိုက်ပျိုးပြီးမှ အဆီထွက်နှုန်းနည်းသော အပင်မဖြစ်စေရန် မျိုးမှန်သော ပျိုးပင်မျိုးစေ့များ ဖြန့်ဖြူးပေး၍ (၁၀၀%) အဆီအခဲဖြစ်ရန် စတင်စိုက်ပျိုးချိန်မှ အဆီထုတ် ရောင်းချသည့်အထိ တာဝန်ယူပေးနေပါသည်။ မြေပြုပေးခြင်း၊ မြေ Test လုပ်ပေးခြင်း၊
နယ်တိုယ်စားလှယ်ယူလိုသူများ ဆက်သွယ်နိုင်ပါသည်။

Environment

7 DAY NEWS JOURNAL

Vol.11, No.16 • JUNE 28 , 2012

# လန်ပိအဏ္ဏာဝါအမျိုးသားဥယျာဉ်ထိန်းသိမ်းရေး စီမံကိန်းအဆိုပြုလွှာ သက်ဆိုင်ရာသို့တင်ပြရန် စီစဉ်

**အိဖြူမွန်**

**ရန်ကုန်၊ ဇွန်-၁၉**

အရပ်ဘက် လူမှုအဖွဲ့အစည်းများနှင့် ဌာနပေါင်းစုံပါဝင် ရေးဆွဲထားသော လန်ပိအဏ္ဏာဝါအမျိုးသားဥယျာဉ်ထိန်းသိမ်းရေးနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံခန့်ခွဲမှု စီမံကိန်းအဆိုပြုလွှာ အသစ်တစ်ခုကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနသို့ တင်ပြရန် စီစဉ်နေကြောင်း ရေးဆွဲသူများထံမှ သတင်းရရှိသည်။

ရေးဆွဲထားသော စီမံခန့်ခွဲမှု စီမံကိန်းသည် မူလရေးဆွဲထားသည့် ပတ်ဝန်းကျင်နှင့်သားငှက်ထိန်းသိမ်းရေးဦးစီးဌာနမှ ရေးဆွဲမှုအပေါ် အခြေခံ၍ လူထုပူးပေါင်းပါဝင်သော လုပ်ငန်းများဖွံ့ဖြိုးလာရန်နှင့် ရေလုပ်ငန်းကိုအမှီပြု၍ စားသောက်နေထိုင်ကြသော ဒေသခံများ လိုက်နာရမည့် ဥပဒေများ၊ ခံစားခွင့်များ၊ တာဝန်ယူမှုများကို အသေးစိတ်ထည့်သွင်းရေးဆွဲထားသည်။

"နှစ်ပေါင်း ၂၀ကျော်အုပ်ချုပ်ခဲ့တဲ့အတောအတွင်းမှာ ဝန်ထမ်းနဲ့ ဒေသခံတွေကြားမှာ ပဋိပက္ခဖြစ်ရတာတွေရှိတယ်။ ဝန်ထမ်းကလည်း ဥပဒေကို အသက်ဝင်အောင် လုပ်ရတဲ့အပိုင်းရှိသလို ဒေသခံတွေကြားမှာလည်း မသိတာတွေရှိခဲ့တယ်"ဟုစီမံကိန်းရေးဆွဲသည့် ဆွေးနွေးပွဲတွင် ဝန်းကျင်သားငှက်တိရစ္ဆာန် ထိန်းသိမ်းရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။


စီမံခန့်ခွဲမှု အဆိုပြုလွှာကို ယခုနှစ်အတွင်း တင်ပြမည်ဖြစ်ပြီး ဝန်ကြီးဌာန၏ ခွင့်ပြုချက်ရရှိပါက ထိန်းသိမ်းရေးလုပ်ငန်းများတွင် ရပ်ရွာပြည်သူလူထု ပါဝင်မှုဖြင့် လာမည့်ပွင့်လင်းရာသီအတွင်း အကောင်အထည်ဖော်ဆောင်ရွက်ရန် လျာထားကြောင်း ပတ်ဝန်းကျင်နှင့် သားငှက်တိရစ္ဆာန် ထိန်းသိမ်းရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ လန်ပိအဏ္ဏာဝါ အမျိုးသားဥယျာဉ်မသတ်မှတ်မီကတည်း ဆလုံတိုင်းရင်းသားနှင့် အခြားလူမျိုးများသည် ဝါးကျွန်း၊ ဆလက်ဂလက်၊ ကိုဖော့ကျွန်း၊ မကြံ့ဂလက်ရွာကြီးလေးရွာတွင် ရှေးဦးနေထိုင်ကြသည်။



လန်ပိကျွန်းတန်းရှည်ကို ဇီဝမျိုးစုံမျိုးကွဲ ကြွယ်ဝသောကြောင့် ၁၉၉၆ ခုနှစ်တွင် အဏ္ဏာဝါအမျိုးသားဥယျာဉ်အဖြစ် သတ်မှတ်ခဲ့သည်။ ၂၀၀၃ ခုနှစ်တွင် အာဆီယံ အမျိုးသားဥယျာဉ်စာရင်း၌ ပါဝင်ခဲ့သည်။

ယင်းအမျိုးသားဥယျာဉ်ကို ရေရှည်ဖွံ့ဖြိုးလာရေးအတွက် ထိန်းသိမ်းစောင့်ရှောက်ရန် စီမံခန့်ခွဲမှု စီမံကိန်းကိုပတ်ဝန်းကျင်နှင့်သားတိရစ္ဆာန်ထိန်းသိမ်းရေးဦးစီးဌာနမှ ဦးဆောင်၍ ငါးလုပ်ငန်း၊ ဟိုတယ်ခရီး၊ အထွေထွေအုပ်ချုပ်ရေး၊ ဇီဝမျိုးစုံမျိုးကွဲ သဘာဝထိန်းသိမ်းရေးအသင်း၊ အီတလီလူမှုအဖွဲ့အစည်းဖြစ်သော ISTITUTO အဖွဲ့များ ပူးပေါင်းပါဝင် ရေးဆွဲခဲ့ကြောင်း သတင်းရရှိသည်။

## ENVIRONMENT CARTOON



သင့်ကိုယ်သင် ပါမွားလေးမို့
မထိရောက်ပါဘူးလို့
ထင်နေရင် အခန်းတစ်ခုထဲမှာ
ခြင်တစ်ကောင်နဲ့ အတူ
အိပ်ကြည့်ပါ။

Africa Proverb

## ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနကို ဂျော့ဝါရှင်တန် တက္ကသိုလ်ကူညီရန်စီစဉ်

**အိဖြူမွန်**

**ရန်ကုန်၊ ဇွန်-၁၉**

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနရှိဝန်ထမ်းများကို ရာသီဥတုပြောင်းလဲခြင်းနှင့် လိုက်လျောညီထွေသောလုပ်ငန်းစီမံကိန်းများရေးဆွဲရာတွင် ပိုမိုထိရောက်စွာရေးဆွဲနိုင်ရန်အတွက် နည်းပညာအကူအညီပေးရန် ဂျော့ဝါရှင်တန်တက္ကသိုလ်မှ စီစဉ်နေကြောင်း ကြားခံဆောင်ရွက်နေသည့် Ecodev မှ ဒါရိုက်တာ ဦးဝင်းမျိုးသူက ပြောသည်။

"ဝန်ကြီးဌာန သဘောတူညီမှုရရှိအောင် ဆောင်ရွက်နေပါတယ်။ နားလည်မှုစာချွန်လွှာ MOU တော့ မထိုးရသေးဘူး။ ခွင့်ပြုမယ်ဆိုရင်တော့ အောက်တိုဘာလမှာလုပ်ဖို့ စဉ်းစားထားတယ်" ဟု ဦးဝင်းမျိုးသူက ပြောသည်။

ကူညီထောက်ပံ့မှုများကို သုံးနှစ်ဆောင်ရွက်ရန်လျာထားပြီး ဆောင်ရွက်ဖြစ်ပါက အသိပညာနှင့်ဆိုင်သောကိစ္စရပ်များအားရာသီဥတုပြောင်းလဲခြင်းများနှင့် ပတ်သက်၍ လုပ်ဆောင်နေသည့် နယ်ပယ်စုံမှအဖွဲ့အစည်းများအား ကူညီသွားရန် လျာထားကြောင်း၊ အသိပညာပေးသင်တန်းများကို အမေရိကန်နိုင်ငံရှိဂျော့ဝါရှင်တန် တက္ကသိုလ်နှင့်မြန်မာနိုင်ငံတို့တွင် အလှည့်ကျသင်တန်းများ သင်ကြားပေးမည်ဖြစ်ကြောင်း ၎င်းကဆက်လက်ပြောသည်။ ယင်းကိစ္စရပ်များကို ပြည်တွင်းရှိ ECODEV မှ ကြားခံဆောင်ရွက်ပေးမည်ဖြစ်ပြီး ယင်းအသင်းအဖွဲ့အနေဖြင့် ဒုတိယအကြိမ်အဖြစ် ရာသီဥတုပြောင်းလဲခြင်း သင်တန်းများကို ဆောင်ရွက်ပေးခြင်းဖြစ်သည်။








Tourism
7DAY NEWS Journal
Vol.11, No.16 • JUNE 28 , 2012

# ကုန်သည်ကြီးများဟိုတယ် ထပ်မံတိုးချဲ့မည်


ရန်ကုန်မြို့ရှိ လက်ချိုးရေတွက်၍ရသော ကြယ်ငါးပွင့်အဆင့်ဟိုတယ်များမှ တစ်ခုဖြစ်သော ကုန်သည်ကြီးများဟိုတယ်
ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

**အောင်သူရ**

**ရန်ကုန်၊ ဇွန်-၁၄**

ရန်ကုန်မြို့ ဆူးလေဘုရားလမ်း ကုန်သည်ကြီးများ ဟိုတယ်ဘေးရှိလက်ရှိကားပါကင်နေရာတွင် အထပ်မြင့်အဆောက်အအုံတစ်လုံး တည်ဆောက်ရန်စီစဉ်နေကြောင်း အဆိုပါ ဟိုတယ်မှလူထုဆယ်သွယ်ရေးမန်နေဂျာ ဒေါ်လွင်မာအောင်က ပြောသည်။

"အထပ် ၂၀ တော့ကျော်တယ်။ ၂၂ထပ်လား၊ ၂၉ ထပ်လားတော့ မပြတ်သေးဘူး။ ရုံးခန်းတွေ ဟိုတယ်ခန်းတွေနဲ့ ဆိုင်ခန်းတွေပါမယ်။ ဌာနဆိုင်ရာကိုတော့တင်ပြီးသွားပြီ" ဟု ဒေါ်လွင်မာအောင်က ဆိုသည်။ လက်ရှိအဆောက်အအုံတွင်ရှိသော ဟိုတယ်ခန်းများ မလုံလောက်သဖြင့် ထပ်မံတိုးချဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

သက်ဆိုင်ရာ တာဝန်ရှိသူများနှင့်လုပ်ငန်းရှင်အချို့က အစိုးရက သတ်မှတ်ထားသော စည်းကမ်းများအတိုင်း ဆောင်ရွက်ပါက ထိုနေရာတွင် အဆောက်အအုံဆောက်ခြင်းမှာ ပြဿနာမရှိကြောင်း မြို့ပြအင်ဂျင်နီယာပညာ ရှင်ဒေါက်တာကျော်လတ်က သုံးသပ်သည်။ ပြီးခဲ့သည့် နှစ် ၂၀ ဆယ်အတွင်း အမှားများစွာပြုလုပ်ခဲ့သဖြင့် ဆူးလေစေတီတော်အား အထပ်မြင့်အဆောက်အအုံများဝန်ရံခြင်းနှင့် ရွှေတိဂုံစေတီတော်အားမြင်ကွင်းများကွယ်ခဲ့ခြင်းနှင့်ကြုံခဲ့ရသည်။

အစိုးရသစ်တက်လာပြီးနောက် ကာလတိုအတွင်းဖြစ်ပေါ်ခဲ့သော နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများကြောင့် ရန်ကုန်မြို့သို့ နိုင်ငံခြားဧည့်သည်လာရောက်မှုတိုးလာခဲ့ပြီး ဟိုတယ်အခန်းမလုံလောက်သဖြင့် အခန်းခများနှစ်ဆကျော် ဈေးတက်လာခဲ့သည်။

## ပွင့်လင်းရာသီတွင် MAI ခရီးစဉ်တိုးချဲ့ပျံသန်းမည်

**အောင်သူရ**

**ရန်ကုန်၊ ဇွန်-၂၀**

အပြည်ပြည်ဆိုင်ရာ မြန်မာ့လေကြောင်း(MAI)ကလာမည့်အောက်တိုဘာ ၂၈ ရက်မှစ၍ ယခုပြေးဆွဲနေသော ခရီးစဉ်များအား ထပ်မံတိုးချဲ့ပြေးဆွဲမည်ဟု အဆိုပါလေကြောင်းလိုင်းက သတင်းထုတ်ပြန်သည်။

တစ်နေ့လျှင် နှစ်ကြိမ်နှုန်းဖြင့် နေ့စဉ်ပြေးဆွဲနေသော ရန်ကုန်-စင်ကာပူ-ရန်ကုန်ခရီးစဉ်ကို အောက်တိုဘာ ၂၈ ရက်မှစ၍ သောကြာ၊ စနေနှင့် တနင်္ဂနွေနေ့များတွင် တစ်နေ့သုံးကြိမ် ပျံသန်းမည်ဖြစ်သည်။

ထို့အပြင် တစ်ပတ် နှစ်ကြိမ်ပျံသန်းနေသော ရန်ကုန်-ကွမ်ကျိုး-ရန်ကုန် ခရီးစဉ်ကိုလည်းတစ်ပတ်လျှင် သုံးကြိမ်၊ အင်္ဂါ၊ ကြာသပတေး၊ တနင်္ဂနွေနေ့များတွင်ပျံသန်းပေးမည်ဟု အဆိုပါလေကြောင်းလိုင်းဈေးကွက်မန်နေဂျာဒေါ်အေးမရသာက ပြောသည်။

ထို့အပြင် တစ်ပတ်လျှင် နှစ်ကြိမ်သာ ပျံသန်းနေသော ရန်ကုန်-ဆီယမ်ရိ-ရန်ကုန်နှင့် ရန်ကုန်-ဖနွမ်းပင်-ရန်ကုန် ခရီးစဉ်တို့ကို အောက်တိုဘာလမှစ၍ တနင်္လာ၊ ဗုဒ္ဓဟူးနှင့် စနေနေ့များတွင် ပျံသန်းသွားမည်ဖြစ်သည်။

"ခရီးသည်တွေ များလာတဲ့အတွက် တိုးချဲ့ပျံပေးတာပါ" ဟု ဒေါ်အေးမရသာက ဆိုသည်။

အစိုးရကလည်း နိုင်ငံတကာမှ ခရီးသည်ဝင်ရောက်မှု တိုးမြှင့်လာစေရန် မေ ၁ ရက်မှစ၍ နိုင်ငံပေါင်း ၂၇ နိုင်ငံမှ နိုင်ငံသားများအား စီးပွားရေးဆိုက်ရောက် ဗီဇာ ထုတ်ပေးခဲ့ပြီး ထိုအစီအစဉ်အောင်မြင်ပါက အခြားသောဆိုက်ရောက်ဗီဇာများပါပေးရန် အစီအစဉ်ရှိကြောင်း သိရသည်။

အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်းအား ပုဂ္ဂလိကသို့ လွှဲပြောင်း လုပ်ကိုင်ခွင့်ပြုပြီးနောက် ခရီးစဉ်နှင့် လေယာဉ်များ တိုးချဲ့လာခဲ့ပြီး Air Bus A-320 လေယာဉ်လေးစီးဖြင့် ပြေးဆွဲပေးလျက်ရှိကာ နောက်ထပ်လေယာဉ်သစ်နှစ်စီးထပ်မံ ဝယ်ယူထားကြောင်း သတင်းရရှိသည်။

ထို့အပြင် လေကြောင်းလိုင်းအင်တာနက် စာမျက်နှာမှ တစ်ဆင့်လေယာဉ်လက်မှတ်များအား Visa, Master နှင့် KBank (ထိုင်းဘဏ်) Credit Card များဖြင့်လက်မှတ်များ ဝယ်ယူရရှိနိုင်ပြီ ဖြစ်သည်။




## ခရီးသွားလုပ်ငန်းတွင် ပြည်ပလုပ်ငန်းရှင်များကို ရာနှုန်းပြည့်ရင်းနှီးမြှုပ်နှံခွင့်ပြုခြင်းအပေါ် ပြည်တွင်းလုပ်ငန်းရှင်များ ပူပန်နေ


ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)
ရန်ကုန်မြို့တွင်း လည်ပတ်နေသော နိုင်ငံခြားသားဧည့်သည်များ

**အောင်သူရ**

**ရန်ကုန်၊ ဇွန် - ၂၀**

ပြည်ပလုပ်ငန်းရှင်များကို ခရီးသွားလုပ်ငန်း(Travel and Tour)များ၌ ၁၀၀ ရာခိုင်နှုန်းရင်းနှီးမြှုပ်နှံခွင့်ပြုမည့်အပေါ် ပြည်တွင်းရှိ လုပ်ငန်းရှင်ကြီးများနှင့် ခရီးသွား လုပ်ငန်းလုပ်ကိုင်နေသူများက စိုးရိမ်နေကြကြောင်း သတင်းရရှိသည်။

"Win-Win ပဲ ဖြစ်သင့်တယ်။ ၁၀၀ ရာခိုင်နှုန်း မပေးသင့်ဘူး။ အမေရိကမှာလည်း Travel and Tour လုပ်ငန်းကို နိုင်ငံခြားသားတွေကို ၁၀၀ ရာခိုင်နှုန်း ရင်းနှီးမြှုပ်နှံခွင့်မပေးဘူး" ဟု ဟိုတယ်လုပ်ငန်းများ လုပ်ကိုင်နေသည့် ဒေင်ကုမ္ပဏီမှ ဥက္ကဋ္ဌဦးချစ်ခိုင်က ဆိုသည်။


မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မတီက ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းများတွင် နိုင်ငံခြားသားများအား ၁၀၀ ရာခိုင်နှုန်း ရင်းနှီးမြှုပ်နှံခွင့်ပေးမည်ဟု သတင်းများထွက်ပေါ်နေမှုအပေါ် ဟိုတယ်လုပ်ငန်းလုပ်ကိုင်နေသူများက စိုးရိမ်နေကြခြင်းဖြစ်သည်။

"တိုင်းရင်းသားတွေ မလုပ်နိုင်တဲ့ ကြယ်ငါးပွင့်၊ ကြယ်လေးပွင့်အဆင့်ရှိတဲ့ဟိုတယ်တွေဆိုနိုင်ငံခြားသားတွေ လုပ်ခွင့်ပေးတာရတယ်။ ခရီးလှည့်လည်ရေးကုမ္ပဏီတွေကိုတော့ ဖက်စပ်ပဲ လုပ်ကိုင်ခွင့်ပေးသင့်တယ်။ နိုင်ငံကိုကိုယ်စားပြုတဲ့လုပ်ငန်းဖြစ်တဲ့အတွက်တိုင်းရင်းသားတွေကိုပဲ ပေးလုပ်သင့်တယ်" ဟုမြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်း အတွင်းရေးမှူး ဦးတင်ထွန်းအောင်က ပြောသည်။ အစိုးရသစ် တက်လာပြီးနောက်ပိုင်း ခရီးသွားလုပ်ငန်းဖွံ့ဖြိုးလာသဖြင့် ကိုရီးယားနိုင်ငံသားများသည် ခရီးသွားလုပ်ငန်း၌ ဝင်ရောက်လုပ်ကိုင်လာပြီး ထိုသူများသည် ဧည့်လမ်းညွှန်နှင့် Tour Operator များကိုပါ မြန်မာနိုင်ငံသားများအား အသုံးမပြုဘဲ ကိုရီးယားနိုင်ငံသားများကိုသာ အသုံးပြုနေကြသည်ဟု ခရီးသွားလုပ်ငန်းရှင်များကဆိုသည်။ 


**စာ(၄၀) သို့**

7 DAY NEWS JOURNAL
Vol.11, No.16 • JUNE 28 , 2012


## The Cartoon Logo


























7 DAY NEWS JOURNAL
Vol.11, No.16 • JUNE 28 , 2012

# တရုတ်ပြည်မကြီးအနီး မြှုပ်နှံခဲ့သော မြေမြှုပ်မိုင်းများကို တိုင်ပေဖယ်ရှားမည်

**တိုင်ပေ၊ ဇွန် - ၁၉**

တရုတ်တိုင်ပေအစိုးရသည်တရုတ်ပြည်မကြီးနှင့် ဆက်ဆံရေးနွေးထွေးလာခြင်းကိုပြသသည့်အနေဖြင့် တိုင်ပေပိုင် ကင်နမ်နှင့်မတ်ဆုကျွန်းကမ်းခြေများတွင် ၁၉၅၀ ခုနှစ်များကစတင်ထောင်ထားခဲ့သည့်မြေမြှုပ်မိုင်းများကိုခြောက်လအတွင်းဖယ်ရှားသွားမည်ဟု ကြေညာလိုက်သည်။ ယင်းကျွန်းနှစ်ခုသည် တရုတ်ပြည်မကြီး၏ အရှေ့တောင်ပိုင်းပြည်နယ် ရှားမင်မှ ကီလိုမီတာအနည်းငယ်သာကွာဝေးပြီး တရုတ်ပြည်တွင်းစစ်အပြီး ၁၉၄၉ ၌ တိုင်ပေခွဲထွက်အပြီးကာလက မြေမြှုပ်မိုင်းပေါင်းထောင်ချီမြှုပ်နှံထားခဲ့ခြင်း ဖြစ်သည်။

ယင်းမိုင်းများမှာ တိုင်ပေမှ ကူမင်တန်ပေအဖွဲ့များအတွက် ၁၉၅၀ ခုနှစ်များအတွင်း ပြည်မကြီးမှ ကွန်မြူနစ်တပ်ဖွဲ့များ၏ ကျူးကျော်မှုကိုကာကွယ်ရန်အရေးပါသော အတားအဆီးလက်နက်များဖြစ်ခဲ့သည်။ တိုင်ပေသမ္မတရုံးမှ ထုတ်ပြန်သော ကြေညာချက်၌ "ကင်မန်နဲ့ မတ်ဆုမှာရှိတဲ့မိုင်းအားလုံးကိုဒီနှစ်ကုန်ပိုင်း မတိုင်ခင် ဖယ်ရှားဖို့ မျှော်လင့်ထားပါတယ်" ဟု သမ္မတမာယင်ကျောင်း၏ စကားကိုဖော်ပြထားသည်။ သမ္မတမာကကြေညာချက်ထဲတွင် ကုလသမဂ္ဂ၏ မြေမြှုပ်မိုင်းထုတ်လုပ်ခြင်းနှင့် အသုံးပြုခြင်းဆန့်ကျင်ရေးသဘောတူစာချုပ်အဖွဲ့၏ အထူးကိုယ်စားလှယ်၊ ဂျော်ဒန်မင်းသား မီရတ်ဘင်ရာအတ်အယ်ဟူစိန်နှင့် တွေ့ဆုံခဲ့ခြင်းကိုလည်း ဖော်ပြထားသည်။

အဆိုပါ သဘောတူစာချုပ်အဖွဲ့ကို ၁၉၉၉ တွင်စတင်ခဲ့ပြီး ယခုအချိန်အထိ နိုင်ငံပေါင်း ၁၅၀ ခန့်က အသိအမှတ်ပြုလက်မှတ်ထိုးထားသည်။ တိုင်ပေသည် လွန်ခဲ့သည့် ခြောက်နှစ်ခန့်ကပင် မြေမြှုပ်မိုင်းများ ဖယ်ရှားရေးစီမံချက်ကိုစတင်ဆောင်ရွက်ခဲ့ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနကပြောသည်။ *—Ref: FT*



Photo: AFP

# ယခုနှစ်မေလက ချန်ဂီလေဆိပ်တွင် ခရီးသည် ဝင်ထွက်မှု ၄ ဒသမ ၀၉ သန်းရှိခဲ့

**စင်ကာပူ၊ ဇွန် - ၂၀**

စင်ကာပူနိုင်ငံ၏ ချန်ဂီလေဆိပ်သည် ပြီးခဲ့သော မေလက ယမန်နှစ် မေလကထက် ခရီးသည်အဝင်အထွက် ၈ ဒသမ ၄ ရာခိုင်နှုန်းတိုးတက်ခဲ့ပြီး လေဆိပ်မှဖြတ်သန်းသွားလာသည့်ခရီးသည်စုစုပေါင်း ၄ ဒသမ ၀၉ သန်းရှိခဲ့ကြောင်း သိရသည်။ ထိုသို့ ခရီးသည်ဝင်ထွက်မှုတိုးတက်ခဲ့သလို လေဆိပ်၌ လေကြောင်းလိုင်းများ၏ ဆိုက်ရောက်ပျံသန်းမှုမှာလည်း ၈ ရာခိုင်နှုန်းတိုးတက်ခဲ့ကြောင်း သိရသည်။ ချန်ဂီလေဆိပ်အုပ်စု CAG ကထုတ်ပြန်သောအစီရင်ခံစာတွင် ၎င်းတို့လေဆိပ်သည် မေလအတွင်း၌ အရှေ့အလယ်ပိုင်း၊ တောင်အာရှ၊ အရှေ့မြောက်အာရှဒေသများမှ လာသောခရီးသည်များနှင့် ယင်းဒေသသို့သွားသော ခရီးသည်များ နှစ်ဆတိုးပွားလာခြင်းကြောင့် ယခုကဲ့သို့ ခရီးသည်အဝင်အထွက် တိုးတက်ခဲ့ခြင်းဖြစ်ကြောင်း ဖော်ပြသည်။

ထို့ပြင် အစီရင်ခံစာတွင် တစ်နှစ်တာကာလအတွင်း ချန်ဂီ၌ ခရီးသည်အဝင်အထွက်စုစုပေါင်းမှာ ၁၂ ရာခိုင်နှုန်း တိုးကာ ၂၀ ဒသမ ၆ သန်းရှိခဲ့ကြောင်းဆိုသည်။ ကုန်စည်ပို့ဆောင်ရာတွင်မူ ချန်ဂီလေဆိပ်သည် ပြီးခဲ့သည့်မေလက ကုန်တန်ချိန် ၁၅၂,၉၀၀ ရှိခဲ့ကာ ယမန်နှစ်ထိုကာလကထက် ၂ ဒသမ ၈ ရာခိုင်နှုန်း ကျဆင်းခဲ့သည်ဟု သိရသည်။

*—Ref: AFP*

# ဗီယက်နမ်နိုင်ငံတွင် အမျိုးသမီးများအား မီးဖွားခွင့်ခြောက်လပေးမည့် အလုပ်သမားဥပဒေ ပြဋ္ဌာန်း

**ဟန်နွိုင်း၊ ဇွန် - ၂၀**

ဗီယက်နမ် အမျိုးသားညီလာခံတွင် အမျိုးသမီးများအား မီးဖွားခွင့်ခြောက်လပေးမည့် အလုပ်သမားဥပဒေတစ်ရပ်ကို တရားဝင်ပြဋ္ဌာန်းပေးလိုက်ပြီဖြစ်ကြောင်း သိရသည်။ အဆိုပါ ဥပဒေသစ်တွင် အမျိုးသမီးလုပ်သားများအနေဖြင့် ၎င်းတို့၏ ကလေးမီးဖွားရက်မတိုင်ခင် နှစ်လခန့်အထိ အလုပ်လုပ်ရန်သတ်မှတ်ထားသည်။ အချိန်ပိုအလုပ်လုပ်ခြင်းနှင့်ပတ်သက်၍လည်း ဥပဒေအရ လုပ်သားအားလုံးကို တစ်နှစ် အချိန်ပိုလုပ်ချိန်နာရီ ၂၀၀ အထိသာလုပ်ခွင့်ပေးထားပြီး တစ်နေ့တာအတွင်း တရားဝင်အလုပ်ချိန်၏ထက်ဝက်ခန့် မကျော်သော အချိန်အထိသာ အချိန်ပိုလုပ်ရန် သတ်မှတ်ထားသည်။

ဗီယက်နမ် အမျိုးသားညီလာခံတွင် အမျိုးသမီးများ၏ ပင်စင်ယူချိန် အသက်ကို ၅၅ နှစ်ဟုလည်းကောင်း၊ အမျိုးသားများ ပင်စင်ယူအသက်ကို ၆၀ နှစ်ဟုလည်းကောင်းယခင်အတိုင်းသတ်မှတ်ပေးခဲ့သည်။ သို့သော် အမျိုးသမီးနှင့် အမျိုးသားတို့ကြား ပင်စင်ယူသည့် အရွယ်တူညီအောင် အခြားသက်ဆိုင်သည့်အချက်အလက်များ ရှာဖွေစဉ်းစားသွားမည်ဟုဆိုထားသည်။*—Ref: Un news*






## Leader's Profile

## ဘူလ်ဂေးရီးယား သမ္မတသစ်

# ရိုဆင်ပလက်ဗ်နီယက်

ရဲမင်း

ရိုဆင်ပလက်ဗ်နီယက်သည် ၂၀၁၂ခုနှစ်ဇန်နဝါရီလတွင်ဘူလ်ဂေးရီးယားနိုင်ငံ၏သမ္မတဖြစ်လာသူဖြစ်သည်။ ယင်းမတိုင်မီတွင် ၂၀၀၉ ဇူလိုင်လမှ ၂၀၁၁ စက်တင်ဘာလအထိ ဝန်ကြီးချုပ်ဘိုကျိုဘိုရီဆော့ဗ်၏ အစိုးရအဖွဲ့တွင် ဒေသဆိုင်ရာ ဖွံ့ဖြိုးရေးဝန်ကြီးအဖြစ် တာဝန်ယူခဲ့သည်။ ၂၀၁၁ ခုနှစ် အောက်တိုဘာလ သမ္မတရွေးကောက်ပွဲ ဒုတိယအကျော့မဲခွဲဆုံးဖြတ်ပြီးနောက် ဘူလ်ဂေးရီးယားနိုင်ငံ၏ သမ္မတအဖြစ် ရွေးချယ်ခံရပြီး ၂၀၁၂ ခုနှစ် ဇန်နဝါရီလ ၁၈ ရက်တွင် သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုခဲ့သည်။

ပလက်ဗ်နီယက်အား ၁၉၆၄ ခုနှစ် မေလ ၁၄ ရက်တွင် ဂေ့ါစီဒယ်ချက်ဗ်ဒေသ၌ မွေးဖွားခဲ့ပြီး သင်္ချာနှင့် သဘာဝသိပ္ပံပညာရပ်များကျောင်းမှ ၁၉၈၂ ခုနှစ်တွင် အထက်တန်းပညာပြီးဆုံးခဲ့သည်။ ဘူလ်ဂေးရီးယားမြို့တော်ဆိုဖီယာရှိ စက်မှုနှင့် လျှပ်စစ်နည်းပညာအင်စတီကျုဒ်တွင်ဆက်လက်တက်ရောက်ခဲ့ပြီး ၁၉၈၉ ခုနှစ်တွင် ဘွဲ့ရရှိခဲ့သည်။ ယင်းနှစ်မှာပင်ပလက်ဗ်ဗီယက်သည် Institute of Micro processing Technology တွင် ပညာရှင်အဖွဲ့ဝင်တစ်ဦးဖြစ်လာသည်။

ယင်းနောက် ပလက်ဗ်ဗီယက်သည် ဘူလ်ဂေးရီးယားနိုင်ငံမှာပင် ဆောက်လုပ်ရေး ကုမ္ပဏီတစ်ခုကို စတင်တည်ထောင်ခဲ့သည်။ ၎င်း၏ကုမ္ပဏီက စီမံကိန်းပေါင်းများစွာ တည်ဆောက်ခဲ့ရပြီး ယင်းစီမံကိန်းများတွင် ဆိုဖီယာစီးပွားရေးဇုန်လည်းပါဝင်ခဲ့သည်။

ပလက်ဗ်နီလီယက်သည် ၂၀၀၉ ခုနှစ် ဇူလိုင်လ ၂၇ ရက်တွင်ဝန်ကြီးချုပ် ဘိုရီဆော့ဖ်အစိုးရအဖွဲ့၌ ဒေသဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆောက်လုပ်ရေးဝန်ကြီးဖြစ်လာသည်။ ၂၀၁၁ ခုနှစ် စက်တင်ဘာလ ၄ ရက်တွင် ဥရောပဖွံ့ဖြိုးတိုးတက်ရေး ဘူလ်ဂေးရီးယားနိုင်ငံသားများ (GERB) ပါတီအား ကိုယ်စားပြု၍ ဘူလ်ဂေးရီးယားသမ္မတရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း ကြေညာခဲ့သည်။ ဘူလ်ဂေးရီးယားနိုင်ငံ၏ သမ္မတရာထူးမှာ နေ့စဉ် အစိုးရအဖွဲ့လုပ်ငန်းများတွင် ပါဝင်ပတ်သက်ခြင်း မရှိသော်လည်း လူအများလေးစားခြင်းခံရပြီး ဥပဒေပြုရေးနှင့်ပတ်သက်၍ ဗီတိုအာဏာကျင့်သုံးနိုင်သောဩဇာအာဏာရှိသည်။

၂၀၁၁ ခုနှစ် အောက်တိုဘာလအတွင်း ကျင်းပခဲ့ပြီး အငြင်းပွားမှုများရှိခဲ့သည့် ရွေးကောက်ပွဲတွင် မစ္စတာပလက်ဗ်နီယက်က ပြိုင်ဘက် ဘူလ်ဂေးရီးယားဆိုရှယ်လစ်ပါတီမှ ယှဉ်ပြိုင်သူ မစ္စတာကယ်ဖင်အပေါ် ၅၅ ဒသမ ၃ ရာခိုင်နှုန်း မဲရရှိပြီး အနိုင်ရရှိခဲ့သည်။ မစ္စတာပလက်ဗ်နီယက်သည် ဇနီးသည် ယူလီယာနာနှင့် သားသုံးဦး ထွန်းကားခဲ့သည်။

—*Ref: Wikipedia*

## ၂၀၁၂ ယိုယွင်းနိုင်ငံများ စာရင်းတွင် ထိပ်ဆုံး၌ အာဖရိက ခြောက်နိုင်ငံပါဝင်



**ဝါရှင်တန်၊ ဇွန် - ၂၁**

အမေရိကန်နိုင်ငံခြားရေးပေါ်လစီမဂ္ဂဇင်းကြီးသည် ၂၀၁၂ အတွက် ထုတ်ပြန်သော "၂၀၁၂ ယိုယွင်းနိုင်ငံများစာရင်း" 2012 The Failed States Index ကိုထုတ်ပြန်ခဲ့ရာ ထိပ်ဆုံး ၁၀ နိုင်ငံစာရင်းတွင် အာဖရိက ခြောက်နိုင်ငံပါဝင်ခဲ့ကြောင်း သိရသည်။ ဆိုမာလီယာမှာတရားဥပဒေမဲ့မှု၊ ပင်လယ်ဓားပြမှုများဖြင့် ယိုယွင်းနိုင်ငံများစာရင်း၌ လွန်ခဲ့သည့် ငါးနှစ်မှ ဆက်တိုက်ဦးဆောင်နေခြင်းဖြစ်သည်။

ယင်းနောက်တွင် ကွန်ဂို၊ ဆူဒန်၊ ချဒ်၊ ဇင်ဘာဘွေ၊ အာဖဂန်နစ္စတန်၊ ဟေတီ၊ ယီမင်၊ အီရတ်၊ ဗဟိုအာဖရိကသမ္မတနိုင်ငံတို့ အစဉ်လိုက် ပါဝင်နေသည်။ ဆီးရီးယားမှာ ယမန်နှစ်စာရင်းတွင် အဆင့် ၄၈ ရခဲ့ရာမှ ယခုနှစ်အဆင့် ၂၃ အထိတိုးကာ နိုင်ငံတွင်း တစ်နှစ်ကျော်ကြာ မငြိမ်မသက်မှုများကိုရောင်ပြန်ဟပ်စေခဲ့သည်။ ယခုနှစ်ယိုယွင်းနိုင်ငံများစာရင်းတွင် အာဆီယံဒေသမှ မြန်မာအဆင့် ၂၁၊ ကမ္ဘောဒီးယားအဆင့် ၃၇၊ လာအို အဆင့် ၄၈၊ ဖိလစ်ပိုင် အဆင့် ၅၆ တို့ပါဝင်ခဲ့သည်။ မြန်မာအောက်တွင် မြောက်ကိုရီးယားအဆင့် ၂၂၊ ဘီရီထရီးယား အဆင့် ၂၃၊ ဆီးရီးယား အဆင့် ၂၃၊ လိုက်ဘေးရီးယား အဆင့် ၂၅ တို့အသီးသီးရှိခဲ့သည်။

ဝါရှင်တန်အခြေစိုက် အကျိုးအမြတ်မယူသော အဖွဲ့ဖြစ်သည့် Fund For Peace နှင့်နိုင်ငံခြားရေးမူဝါဒ မဂ္ဂဇင်းကြီး Foreign Policy တို့ပူးပေါင်းပြုစုသည့် ယခုညွှန်းကိန်းစာရင်းကို စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေးဆိုင်ရာ အကြောင်းရပ် ၁၂ ချက်ပေါ် အခြေခံ၍ နိုင်ငံများ၏ မတည်ငြိမ်မှု အန္တရာယ်များအလိုက်အဆင့် သတ်မှတ်ပြုစုထားခြင်း ဖြစ်သည်။

—*Ref: Foreign Policy*



**နောက်ကျောဖုံး - တိုက်လေယာဉ်ပစ်ချခံရပြီးနောက် တူရကီက နေတိုးအဖွဲ့ အစည်းအဝေးခေါ်ယူ မှ**

ပစ်ချခံရသော တိုက်လေယာဉ်မှာ တူရကီလေယာဉ်ဖြစ်ကြောင်း သိရှိရသည်နှင့် လေယာဉ်မှူးနှစ်ဦးအား ကယ်ဆယ်ရန် ဆီးရီးယားရေတပ်က တူရကီရေတပ်နှင့်အတူ ပူးတွဲလုပ်ဆောင်ခဲ့ကြောင်း ဆီးရီးယားအာဏာပိုင်များက ပြောကြားသည်။

သို့သော် နေတိုးအဖွဲ့ဝင် မဟာမိတ်များနိုင်ငံများက ယင်းလုပ်ရပ်အတွက် ဆီးရီးယားနိုင်ငံအား ဝိုင်းဝန်းရှုတ်ချပြောဆိုခဲ့ကြသည်။

—*Ref: BBC*

**နောက်ကျောဖုံး - နျူကလီးယား အဟန့်အတား တိုးမြှင့်မည်ဟု မြောက်ကိုရီးယားကြုံးဝါး မှ**

အဆိုပါ စစ်ရေးလေ့ကျင့်မှုတွင် မြောက်ကိုရီးယားအလံအားပစ်ခတ်ခဲ့သည်ဟု မြောက်ကိုရီးယားနိုင်ငံကစွပ်စွဲပြောကြားသည်။ စစ်ကြေညာခြင်းမရှိဘဲ အချုပ်အခြာအာဏာပိုင်နိုင်ငံတစ်နိုင်ငံ၏ အလံတော်အား အမြောက်ဆန်များ၊ ကျည်ဆန်အစစ်များဖြင့် ပစ်ခတ်ခြင်းမှာ နိုင်ငံရေးအရလှုံ့ဆော်မှုရှိသော ရန်စမှုနှင့် အလွန်လေးနက်သော စစ်ဘက်လုပ်ရပ် တစ်မျိုးဖြစ်ကြောင်း မြောက်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီးဌာနက ကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့သည်။

—*Ref: AFP*

## ဘိုလီးဗီးယား အခွန်ဝန်ထမ်းများ ကင်မရာနှင့် အသံဖမ်းစက်ပါသော အထူးဘောပင်များ ကိုင်ဆောင်ရမည်

**လာပတ်ဇ်၊ ဇွန် - ၁၇**

ဘိုလီးဗီးယားအကောက်ခွန်ဝန်ထမ်းများသည် အစိုးရ၏ လာဘ်စားမှုတိုက်ဖျက်ရေးအစီအစဉ်အရလျှို့ဝှက်ကင်မရာငယ်နှင့်အသံဖမ်းစက်တို့ပူးတွဲပါဝင်သောအထူးဘောပင်များကို ကိုင်ဆောင် အသုံးပြုရတော့မည်ဖြစ်ကြောင်း သိရသည်။ ယခုဥပဒေစည်းမျဉ်းကို ဘိုလီးဗီးယားအကောက်ခွန် ဌာနညွှန်ကြားရေးမှူး မာလင်းအာဒါယာက ကြေညာခဲ့ခြင်းဖြစ်ပြီး သူမကိုယ်တိုင်လည်းအမိန့်ကို အဆိုပါအထူးဘောပင်ဖြင့်လက်မှတ်ရေးထိုးထုတ်ပြန်လိုက်ခြင်းဖြစ်သည်။ သူမက "ဒီဘောပင်တွေဟာဌာနထဲမှာ တားမြစ်ဆေးသုံးစွဲမှုဆန့်ကျင်ရေးယန္တရားတစ်ခုလို အလုပ်လုပ်ပါလိမ့်မယ်" ဟုပြောသည်။ ထို့ပြင် ဘောပင်တွင် ပါဝင်သော အသံဖမ်းစက်ကလည်း အလုပ်ချိန်တစ်လျှောက်လုံး အလုပ်လုပ်နေမည်ဟုဆိုသည်။

အာဏာပိုင်များက ၎င်းတို့သည် အကောက်ခွန်ဝန်ထမ်းများ ကိုင်ဆောင်သော ဘောပင်များမှ အသံဖမ်းစက်များကိုပုံမှန်စစ်ဆေးရန်သင့်လျော်သည့် အရာရှိများအားအလှည့်ကျ ခန့်အပ်ကာ စစ်ဆေးမည်ဟု သိရသည်။

ဘိုလီးဗီးယားအကောက်ခွန်ဌာနတွင် ဝန်ထမ်း ၁,၀၀၀ ကျော်ရှိပြီး နိုင်ငံတွင်းရှိ အစိုးရဌာနများ၌ လာဘ်ပေးလာဘ်ယူခြစားမှုအများဆုံးဌာနတစ်ခုအဖြစ်ရှုမြင်ခြင်းခံရသည်။ ယင်းဌာနသည် တန်ဖိုးကြီးသော သတ္တုနှင့် တွင်းထွက်သယံဇာတများအပါအဝင်ပို့ကုန်နှင့် သွင်းကုန်လုပ်ငန်းအားလုံးကို ထိန်းချုပ်ကိုင်တွယ်ထားသည်။

သို့သော်ဘိုလီးဗီးယားစီးပွားရေးဝန်ကြီးဌာန၏ ခန့်မှန်းချက်အရ နိုင်ငံတွင်းမှ ကုန်ပစ္စည်းများ မှောင်ခိုထုတ်မှုကြောင့် တစ်နှစ်လျှင် အခွန်ဒေါ်လာသန်း ၃၀၀ မှ ၄၀၀ ကြား နစ်နာနေရကြောင်း သိရသည်။

—*Ref: BBC*

**နောက်ကျောဖုံး - အီဂျစ်နိုင်ငံသား အားလုံးအတွက် ခေါင်းဆောင်သွားမည်ဟု အီဂျစ်သမ္မတသစ် ပြောကြား မှ**

အီဂျစ်သမ္မတရာထူးရယူရန်အတွက် မွတ်ဆလင်ဘရားသားဟုဒ်အဖွဲ့မှ နုတ်ထွက်ခဲ့ရသော မစ္စတာမော်စီက ၎င်း၏အောင်ပွဲအတွက်လူထုအုံကြွမှုသူရဲကောင်းများကို ကျေးဇူးတင်ကြောင်းနှင့် ဆက်လက်၍ တော်လှန်ရေးလုပ်ဆောင်သွားမည်ဖြစ်ကြောင်းကတိပြုပြောကြားသည်။

အသက် ၆၀ ရှိပြီဖြစ်ပြီး အင်ဂျင်နီယာတစ်ဦးလည်းဖြစ်သူ အီဂျစ်သမ္မတသစ်က နိုင်ငံတကာသဘောတူညီချက်များကို ဆက်လက်လိုက်နာကျင့်သုံးသွားမည်ဟု ပြောကြားသည်။ အီဂျစ်သည်အစ္စရေးနိုင်ငံနှင့်ပထမဦးဆုံး ငြိမ်းချမ်းရေး ရယူခဲ့သော အာရပ်နိုင်ငံလည်းဖြစ်သည်။

—*Ref: AFP*

**နောက်ကျောဖုံး - ယူရိုငွေ နိုင်ငံများ ကျောနင့်နံရိုက်နေပြီဟု ကမ္ဘာ့ထိပ်သီးနိုင်ငံများ သတိပေး မှ**

အကျပ်အတည်းမှာ ယူရိုဇုန်၏ စတုတ္ထအကြီးဆုံး စီးပွားရေးနိုင်ငံဖြစ်သော စပိန်နိုင်ငံသို့ ပျံ့နှံ့ခဲ့သလို တတိယအကြီးဆုံး စီးပွားရေးအီတလီကိုလည်း ခြိမ်းခြောက်နေပြီဖြစ်သည်။

"ယူရိုဇုန်သာ နောက်ပြန်ရစ်သွားရင်တော့ ဒါဟာ နှစ်ပေါင်းတစ်ရာအတွင်း အဆိုးဝါးဆုံးအကျပ်အတည်းဖြစ်ပါလိမ့်မယ်" ဟု ဗြိတိသျှ ကိုလံဘီယာတက္ကသိုလ်မှပညာရှင် ဗက်စ်တီဘာဂီယန်က မက္ကဆီကိုဂျီ-၂၀ ထိပ်သီးဆွေးနွေးပွဲတွင် ပြောကြားသည်။ ဥရောပသမဂ္ဂအနေဖြင့် ယူရိုဇုန်နိုင်ငံများအကြား ဘဏ်လုပ်ငန်းပေါင်းစည်းမှု၊ ဘဏ္ဍာရေးပေါင်းစည်းမှုများ လုပ်ဆောင်ရန်လိုအပ်မည်ဖြစ်ကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

—*Ref: AFP*

# "အချိန်က အနှစ်သာရပါပဲ"

## ကမ္ဘာ့ဘဏ်ဥက္ကဋ္ဌ ရောဘတ်ဇိုးလစ်နှင့် ယူရိုဘဏ္ဍာရေး အကျပ်အတည်းအကြောင်း မေးမြန်းခြင်း

ကျော်မျိုး



ဥရောပဘဏ္ဍာရေး အကျပ်အတည်းဟာ ယခုအချိန်မှာ အီးယူအဖွဲ့ဝင်နိုင်ငံအားလုံးအတွက် အကျပ်ရိုက်နေတဲ့ ပြဿနာတစ်ရပ်ဖြစ်ပါတယ်။ လတ်တလောမှာ ယူရိုဇုန်ထဲက ကြွေးမြီအများဆုံးနိုင်ငံဖြစ်နေတဲ့ ဂရိကို ကယ်တင်ရေးအပြင်စပိန်နဲ့ အီတလီတို့ရဲ့ အနေအထားကလည်း ဥရောပရဲ့ စီးပွားရေးအင်အားအကြီးဆုံး ဂျာမနီကို အကျပ်အတည်းမှာ ဦးဆောင်မှုပေးဖို့တောင်းဆိုလာနေပါတယ်။ ဒီအချိန်မှာ ကမ္ဘာ့ဘဏ်ဥက္ကဋ္ဌ ရောဘတ်ဇိုးလစ်ကတော့ ဥရောပဟာ ယူရိုငွေအကျပ်အတည်းကို တုံ့ပြန်ဖို့ ပိုမိုပြတ်သားဖို့ လိုနေတယ်လို့ ယုံကြည်နေပါတယ်။ ဂျာမန်စပိုင်းဂဲလ်မီဒီယာနဲ့ အင်တာဗျူးမှာလည်း သူက ဂျာမန်တွေအနေနဲ့ ၎င်းရဲ့အိမ်နီးချင်းတွေကို ကယ်ဆယ်ဖို့ တွေဝေနေရခြင်းကို စာနာကြောင်းဖော်ပြခဲ့သလို ဘာ့ကြောင့်ဂျာမနီဟာ ဥရောပကို ဦးဆောင်ကယ်တင်ဖို့လိုနေကြောင်းကိုလည်း ရှင်းပြခဲ့ပါတယ်။ ယခုဖော်ပြလိုက်တာ အဲဒီအင်တာဗျူးမှ ကောက်နုတ်ချက်များပဲဖြစ်ပါတယ်။

**မစ္စတာဇိုးလစ်ခင်ဗျာ ကမ္ဘာ့ဘဏ်ဥက္ကဋ္ဌတစ်ဦးအနေနဲ့ လူကြီးမင်းရဲ့ အဓိကတာဝန်က ဖွံ့ဖြိုးဆဲနိုင်ငံတွေကို မြှင့်တင်ပေးဖို့ပါ။ ဒါပေမဲ့ လက်ရှိမှာ ကျွန်တော်တို့ မြင်နေရတာကတော့ ဖွံ့ဖြိုးပြီးနိုင်ငံတွေ စီးပွားရေးအကျပ်အတည်းထဲ ရောက်နေစဉ်မှာ ဖွံ့ဖြိုးဆဲနိုင်ငံတွေကတော့ စီးပွားတက်နေပါတယ်။ ကမ္ဘာလုံးဆိုင်ရာစီးပွားရေးနယ်ပယ်မှာ အောင်မြင်မှုဟာ နေရာရွှေ့သွားပါပြီလား။**

ဒီကိစ္စဟာ ကုန်သွယ်ရေး၊ ဖွံ့ ဖြိုးရေး(သို့မဟုတ်)ရင်းနှီးမြှုပ်နှံမှုဘာပဲဖြစ်ဖြစ်၊ 'တတိယကမ္ဘာ' ရယ်လို့ သတ်မှတ်ခံရတဲ့ နိုင်ငံတွေနဲ့ လှူဒါန်းဖို့ပဲ စဉ်းစားရတဲ့ ကိစ္စတွေဟာအခုတော့ သိပ်ကိုအရေးပါတဲ့ နိုင်ငံတွေ ဖြစ်လို့လာနေပြီ။ တရုတ်တို့၊ အိန္ဒိယတို့ ဒါမှမဟုတ် ဘရာဇီးနဲ့ အာဖရိကနိုင်ငံ တချို့လိုနိုင်ငံတွေပေ့ါလေ။ ဒီတိုင်းပြည်တွေမှာ ဆင်းရဲသားတွေအများကြီးရှိနေဆဲပါ။ ဒါပေမဲ့ သူတို့ရဲ့ တိုးတက်မှုနဲ့ အောင်မြင်မှုက ကူညီနိုင်ပါတယ်။ ဖွံ့ဖြိုးဆဲနိုင်ငံတွေဟာပြီးခဲ့တဲ့ ငါးနှစ်တာကာလ အတွင်း ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးတိုးတက်မှုရဲ့ သုံးပုံနှစ်ပုံကို ထည့်ဝင်ခဲ့ကြပါတယ်။

**ကျွန်တော်တို့ဟာ ယခုဆိုရင် အိန္ဒိယနဲ့ တရုတ်လို နိုင်ငံတွေမှာတောင် စီးပွားရေးကျဆင်းမှုကို မျက်မြင်တွေ့နေရပါတယ်။ ဒါပေမဲ့ ထွန်းသစ်စစီးပွားရေးနိုင်ငံတွေဟာ အမေရိကန်နဲ့ ဥရောပကို ပြင်းပြင်းထန်ထန် ရိုက်ခတ်ခဲ့တဲ့ ကမ္ဘာလုံးဆိုင်ရာ ဘဏ္ဍာရေးအကျပ်အတည်းပြီး နောက်ထိခိုက်မှုအများကြီးမရှိသလိုပါပဲ။**

ဖွံ့ဖြိုးဆဲနိုင်ငံတွေဟာ ပိုပြီးကောင်းကောင်းမွန်မွန်နာလန်ပြန်ထခဲ့ကြတယ်။ ဒါပေမဲ့ သူတို့က ဆက်လက်ထိန်းညှိဖို့လိုအပ်တယ်ဆိုတာသိကြတယ်။ တရုတ်ကို ကြည့်ပါ။ ဒီနိုင်ငံဟာ နှစ်ပေါင်းသုံးဆယ်လောက် တစ်နှစ် ၁၀ ရာခိုင်နှုန်းနဲ့ စီးပွားရေးတိုးတက်ခဲ့တယ်။ ဒါပေမဲ့ တရုတ်ပေါ်လစီရေးဆွဲသူတွေက လက်ရှိတိုးတက်မှုပုံစံဟာ နောက်အနှစ် ၃၀ လောက်အတွက်တော့ အလုပ်ဖြစ်မှာမဟုတ်ဘူးဆိုတာ နားလည်နေကြတယ်။ ဒါ့ကြောင့် တရုတ်တွေက ဝန်ဆောင်မှုအခန်းကဏ္ဍကို ဖွင့်လှစ်ခြင်း၊နိုင်ငံပိုင်လုပ်ငန်းတွေရဲ့သဘောသဘာဝကို ပြောင်းပစ်ခြင်းနဲ့ ဘဏ္ဍာရေး ပြုပြင်ပြောင်းလဲမှုတွေ ဖော်ဆောင်ခြင်းလိုမျိုး အပြောင်းအလဲတွေကိုစတင်စဉ်းစားနေကြပြီ။ ဒီဘဏ္ဍာရေးအကျပ်အတည်းကြီးဖြစ်တော့ ဖွံ့ဖြိုးဆဲနိုင်ငံတော်တော်များများဟာ တည်ဆောက်ပုံပြုပြင်ပြောင်းလဲရေးတွေလိုအပ်တယ်ဆိုတာကို ဖွံ့ဖြိုးပြီး နိုင်ငံတွေထက် ပိုမြန်မြန်နားလည်ခဲ့ကြတယ်။ ထွန်းသစ်စစီးပွားရေးဈေးကွက်တွေမှာ ဖွဲ့စည်းတည်ဆောက်ပုံပြောင်းလဲရေးတွေလိုတယ်ဆိုတာကိုကောင်းကောင်းနားလည်ပြီး ဥရောပနဲ့ အမေရိကမှာတော့ လူတွေကတော့ အနာဂတ်ကုန်ထုတ်လုပ်မှုအတွက် တည်ဆောက်ပုံ ပြုပြင်ပြောင်းလဲရေးတွေ လိုအပ်တာကို သိပ်ဂရုမပြုမိကြဘူးဖြစ်နေတယ်ဆိုတာ ခွကျကျ အနေအထားပါ။

**ကမ္ဘာလုံးဆိုင်ရာ(စီးပွားရေး)ဟန်ချက်ညီမျှမှုဟာ ပြောင်းသွားပါပြီလား။ ဥရောပသမဂ္ဂကလည်း ယူရိုငွေကယ်ဆယ်ရေးရန်ပုံငွေအတွက် တရုတ်ကို ထည့်ဝင်ပေးဖို့တောင်းဆိုထားတယ်နော်။**

ဒါကအမှားလို့ ကျွန်တော်ထင်ပါတယ်။ ဒါကတရုတ်နဲ့ ဘယ်လိုတွဲလုပ်ရမယ်ဆိုတဲ့ နည်းမဟုတ်ပါဘူး။ အားနည်းချက်ကို ပဲပြနေတာပါ။ ဒါ့အပြင် တရုတ်မှာ တစ်နှစ်ကို လူတစ်ဦးပျမ်းမျှမျှဝင်ငွေက ဒေါ်လာ ၅,၀၀၀ လောက်ပဲရှိပါတယ်။ ဥရောပမှာ ကတစ်နှစ် ၄၀,၀၀၀ နားကပ်နေပါတယ်။ ဒါ့ကြောင့် ဒီကိစ္စဟာ တရုတ်ခေါင်းဆောင်တွေအတွက် သူတို့ပြည်သူတွေကို သူတို့ဟာ ဥရောပရဲ့ ဝင်ငွေရှစ်ပုံတစ်ပုံပဲရှိသေးချိန်မှာ ဘာ့ကြောင့် ဥရောပကို ဘဏ္ဍာရေးအကူအညီပေးရသလဲဆိုတာရှင်းပြဖို့ ခက်ခဲစေ ပါလိမ့်မယ်။ တစ်ဖက်မှာလည်း (ဥရောပရဲ့) ပုဂ္ဂလိကကဏ္ဍမှာ တရုတ်ရင်းနှီးမြှုပ်နှံမှုတွေက အပြန်အလှန်အကျိုးအမြတ် ဖြစ်ထွန်းစေနိုင်ပါတယ်။

**ယူရိုငွေသာ ကျဆုံးခဲ့ရင် ဥရောပဟာ ဩဇာကြီးတဲ့ ကမ္ဘာ့ဇာတ်ဆောင်တစ်ဦး ဆက်ဖြစ်နိုင်ပါ့မလား။**

ဒါကတော့ ဘယ်လိုဖြစ်သလဲဆိုတဲ့အပေါ် မူတည်မယ်။ ဥရောပဟာ သူ့မှာ ဘုံငွေကြေးတစ်ရပ် (ယူရို) မရှိခင်ကဘဲ နိုင်ငံတကာမှာ ဇာတ်ဆောင်တစ်ဦးဖြစ်ခဲ့တယ်။ ဒါပေမဲ့ ဘုံငွေကြေးတစ်ရပ်ကို ဖန်တီးမိရင်းနဲ့ ဒီစီမံကိန်းရဲ့ကျဆုံးမှုက ဥရောပစီမံကိန်းကြီး (တစ်ခုတည်းသောဥရောပစီမံကိန်း) ကိုထူးထူးခြားခြား ဆွဲလှန်ပစ်ပြီး ဥရောပမှာ (စီးပွားရေးကို) နိုင်ငံပိုင်ပြန်လုပ်ရေး ပေါ်လစီတွေ ဦးတည်စေနိုင်ပါတယ်။ အဲဒါဟာ နောက်ပြန်သွားတဲ့ ခြေလှမ်းကြီးတစ်ရပ်ဖြစ်လာပြီး ဥရောပသမဂ္ဂရဲ့ကမ္ဘာ့ဆိုင်ရာ ဩဇာလွှမ်းမိုးမှုကိုပါဆုတ်ယုတ်စေနိုင်ပါတယ်။

**ယူရိုငွေကြေးဇုန်ထဲက ဂရိထွက်ခွာသွားရင် ဘယ်လိုမျိုး အကျိုးဆက်ဖြစ်လာနိုင်ပါသလဲ။**

ဘယ်သူမှ မသိကြပါဘူး။ လေးမန်းဘရားသားစ်ဘဏ်ပြိုလဲသလိုဖြစ်မယ်လို့ ကျွန်တော်ရေးဖူးတယ်။ ဆိုလိုတာက ဘယ်သူကမှလေးမန်းဘရားသားစ် ပြိုလဲပြီးနောက်ဆက်တွဲပြဿနာတွေအားလုံးကို မခန့်မှန်းနိုင်ခဲ့ကြလို့ပါ။ ဥရောပအရှေ့တောင်ပိုင်းက နိုင်ငံတချို့ဟာ ဂရိဘဏ်တွေမှာ သူတို့ရဲ့စုငွေပမာဏ ၃၀ ရာခိုင်နှုန်းလောက်ကို ထည့်ထားခဲ့ကြတယ်။ ဒါပေမဲ့ အခုလို မရေမရာဖြစ်နေမှုက အခြားဥရောပနိုင်ငံတွေဟာ ဂရိတွေကို သူတို့လုပ်ချင်ရာ လုပ်ခွင့်ပေးဖို့ ဆိုလိုတာမဟုတ်ဘူးနော်။ တကယ်လို့ ဂရိအစိုးရက အခြားနိုင်ငံတွေကို ထွက်ခွာမယ်လို့ ခြိမ်းခြောက်ရင် ကျန်တဲ့ယူရိုဇုန်တစ်ခုလုံးဟာ သူတို့ထွက်တာနဲ့ အတူအခြေအနေကို ထိန်းချုပ်နိုင်ဖို့ ကိရိယာတွေ ပြင်ဆင်ထားပြီးရှိဖို့လိုပါတယ်။

**နာမည်ကျော်ရင်းနှီးမြှုပ်နှံသူ ဂျော့ဆိုးရော့စ်က ဥရောပဟာ သူ့ရဲ့ ဘဏ္ဍာရေးအဆောက်အအုံတွေကို စစ်ဆေးပြင်ဆင်ဖို့ သုံးလပဲရှိတော့တယ်လို့ သတိပေးထားတယ်။ အဲဒါကို လူကြီးမင်းသဘောတူပါသလား။**

ဒီလိုခန့်မှန်းမှုမျိုးတွေကို ကျွန်တော် စိတ်မသက်မသာဖြစ်ရပါတယ်။ ဒါပေမဲ့ အချိန်က အနှစ်သာရပါပဲ။ ခင်ဗျားကို ကျွန်တော်ဥပမာတွေပေးမယ်။ ဥရောပကော်မရှင်ဟာ ပေါင်းစပ်ထားတဲ့၊ ဖွဲ့စည်းပုံအရထားတဲ့ ရန်ပုံငွေ တွေယူရို ၈၀ ဘီလီယံလောက်အပေါ်မှာ ငုတ်တုတ်ထိုင်နေတယ်ဗျာ။ ကျွန်တော်သာ ဥရောပကော်မရှင်ကို ကိုင်တွယ်ရရင် မနက်တိုင်း ညတိုင်း အစည်းအဝေးတွေခေါ်ပစ်မယ်။ ပြည်သူတွေကို ကူညီဖို့ ဒီငွေတွေကို မြန်မြန်ဘယ်လိုရွှေ့ပြောင်းနိုင်မလဲ နည်းလမ်းရှာဖို့ ကြိုးစားမယ်ဗျာ။ ဥရောပရင်းနှီးမြှုပ်နှံမှုဘဏ်အတွက် အပိုဆောင်းအရင်းအနှီးဟာ ဝယ်လိုအားကို ဖန်တီးနိုင်သလို ခက်ခဲတဲ့ ဘဏ္ဍာရေး ပြောင်းလဲမှုတွေလုပ်နေတဲ့ နိုင်ငံတွေအတွက် နိုင်ငံရေးအရ ထောက်ခံအားပေးမှုကိုလည်းဖန်တီးပေးနိုင်ပါတယ်။

**ဂျာမန်လူမျိုး တော်တော်များများက အကျပ်အတည်းကြုံနေတဲ့ တိုင်းပြည်တွေဟာ လွယ်လွယ်ပဲ အကူအညီကိုရယူပြီးပြုပြင်ပြောင်းလဲရေးတွေလုပ်ဖို့ မရေမရာနဲ့ ရွှေ့ဆိုင်းကြမှာ ပူပန်နေကြပါတယ်။**

စပိန်နဲ့ အီတလီဟာ သိပ်ခက်ခဲတဲ့ ပြုပြင်ပြောင်းလဲရေးတွေဖော်ဆောင်နေပါတယ်။ အဲဒါတွေဟာ ဂျာမန်ဘဏ္ဍာရေးဝန်ကြီးနဲ့ အခြားပုဂ္ဂိုလ်တွေက ကြိုဆိုခဲ့ကြတဲ့ ပြုပြင်ပြောင်းလဲရေးပုံစံတွေပါ။ ဒီပြောင်းလဲရေးတွေဟာ သူတို့ရဲ့ အကျိုးအမြတ်တွေကို ပြသဖို့အချိန်ယူကြရပါမယ်။ ဘာ့ကြောင့်လဲဆိုတော့ အဲဒါတွေထဲမှာ ဘဏ္ဍာရေးအာမခံချက်ရှိအောင်လုပ်ခြင်းနဲ့ ဖွဲ့စည်းပုံအပြောင်းအလဲတွေ လုပ်ခြင်းတို့ ပါဝင်နေလို့ပါ။ ဒါ့ကြောင့် ခင်ဗျားတို့အနေနဲ့ ဒီလိုပြောင်းလဲမှုတွေကိုသူ့ကာလအလိုက် ဘဏ္ဍာရေးအာမခံပေးမှုနဲ့ ဟန်ချက်ညီအောင်လုပ်ဖို့ လိုအပ်ပါတယ်။

**ဂျာမန်တွေဟာ နှစ်နိုင်ငံပြန်လည်ပေါင်းစည်းတော့ အရှေ့ဂျာမနီဘက်အတွက် လွှဲပြောင်းပေးလိုက်တဲ့ ငွေပမာဏအများအပြားကို မှတ်မိနေဆဲပါ။ ဒီလိုလွှဲပြောင်းပေးမှုတွေဟာ အဲဒီတုန်းကအဓိပတိ ဟဲလ်မွတ်ခိုးလ်က ကတိပေးခဲ့တဲ့ 'စီးပွားရေးတိုးတက်နေတဲ့ ရှုမျှော်ခင်းတွေ' ကို ဖန်တီးဖို့လည်း ပျက်ကွက်ခဲ့ပါတယ်။**

ဂျာမနီပြန်လည်ပေါင်းစည်းမှုဟာ သမိုင်းဝင် အောင်မြင်မှုလို့ ကျွန်တော်ထင်ပါတယ်။ လောကကိုစီးပွားရေးအသုံးအနှုန်းတွေနဲ့ ချည်းရှုမြင်လို့မရနိုင်ပါဘူး။ ဂျာမနီပြန်လည်ပေါင်းစည်းမှုဟာ ဂျာမန်ပြည်သူတွေအတွက်၊ ဒီမိုကရေစီနဲ့လွတ်လပ်မှုအတွက် အောင်မြင်မှုဖြစ်ပါတယ်။ မှန်ပါတယ်။ ပေါင်းစည်းရေးမှာ တချို့သော အကုန်အကျများတဲ့ စီးပွားရေးခြေလှမ်းတွေကနေ သင်ခန်းစာယူစရာတွေလည်း ရှိပါတယ်။ တစ်ခုကတော့ တိုင်းပြည်တွေမှာ ကုန်ထုတ်လုပ်မှုတိုးတက်ဖို့ လိုအပ်တာပါ။ ဒါမှသာ ရင်းနှီးမြှုပ်နှံမှုတွေက အကျိုးကျေးဇူးကြီးကြီး ပေးနိုင်ပါလိမ့်မယ်။

*—Ref: "Times is the essence in the Euro Crisis" interview with World Bank President Robert Zoellick*

7DAY NEWS JOURNAL

# Entertainment

Vol.11, No.16 • JUNE 28 , 2012



## ကျွန်တော်တို့ ရခိုင်တိုင်းရင်းသားတစ်ခုတည်း မဟုတ်ပါဘူး ဘယ်သူ့ကိုမဆို ဒီလိုမျိုး မဖြစ်စေချင်ပါဘူး

### နေတိုးနှင့်တွေ့ဆုံခြင်း

အေးသူစံ

ရုပ်ရှင်လောက၏ ထိပ်တန်းမင်းသားတစ်ဦးဖြစ်ပြီး ရခိုင်တိုင်းရင်းသားလည်းဖြစ်သူ နေတိုးမှာ ရခိုင်ပြည်နယ်ရှိ အကြမ်းဖက်ခံ တိုင်းရင်းသားများထံ သွားရောက်ကူညီဖေးမလှူဒါန်းမှုများ မပြုလုပ်ခဲ့ခြင်းကြောင့် ပရိသတ်အများစု၏ ဝေဖန်မှုကိုခံခဲ့ရသည်။ သို့သော် အဆိုပါအဖြစ်အပျက်များ စတင်ဖြစ်ပွားစဉ်ကပင် ကားရိုက်ရန် ရောက်ရှိနေသောပြင်ဦးလွင်မှနေ၍ နီးစပ်ရာအဖွဲ့အစည်းများနှင့် ချိတ်ဆက်ကာ လှူဒါန်းမှုများ ဆက်တိုက် ပြုလုပ်ခဲ့ပြီး မပြီးပြတ်သေးသော အနုပညာလုပ်ငန်းများကို တတ်နိုင်သမျှ လက်စသတ်ကာ ယခုအချိန်တွင် ရန်ကုန်မြို့ရှိအမျိုးသားကဇာတ်ရုံတွင် ၎င်း၏ဦးဆောင်မှုဖြင့် အဆိုပါဒုက္ခသည်များအတွက် ရည်ရွယ်၍ ညီညွတ်ခြင်းနှင်းဆီရန်ပုံငွေအငြိမ့်ကို စတင်ကပြတော့မည်ဖြစ်ရာ ၎င်း၏ ရခိုင်အရေးအပေါ် သဘောထားနှင့် လှူဒါန်းမှုများကို တွေ့ဆုံမေးမြန်းခဲ့ပါသည်။

**ရန်ပုံငွေပွဲအဖြစ် အငြိမ့်ကဖို့အ တွက် ဘယ်လိုစိတ်ကူးရခဲ့တာ ပါလဲ။**

ရခိုင်ပွဲအတွက် လုပ်မယ်လို့စဉ်းစားတဲ့အချိန်မှာ ဗိုလ်ချုပ်ပွဲ (ဗိုလ်ချုပ်ရုပ်ရှင်ရန်ပုံငွေပွဲ)အတွက် အကတိုက်ထားတာလည်းရှိတယ်။ ကျွန်တော်တို့ အနုပညာညီအစ်ကိုမောင်နှမတွေ အားလုံးကလည်း တစ်တပ်တစ်အား ပါဝင်ချင်ကြတော့ အဆင်သင့်ရှိပြီးသား ဒီပွဲလေးကို စီစဉ်ဖြစ်လိုက်တာပါ။ ဒီပွဲမှာ ရခိုင်ကို လွမ်းတဲ့အတွက် အုပ်စုလိုက် သီချင်းလေးတစ်ပုဒ် ဖျော်ဖြေဖို့ အစီအစဉ်ရှိပါတယ်။ အဲဒါက ပါဝင်တဲ့ အနုပညာရှင်အားလုံးနဲ့ ကျွန်တော်တို့ 'ကဋ္ဌပနဒီ' သီချင်းလေးကို အဖွင့်မှာ သီဆိုဖို့ စီစဉ်နေပါတယ်။

စာ(၄၉)သို့

ဓာတ်ပုံ-အာကာ



ဓာတ်ပုံ - ပြည့်ဟန် (Color Max)

## ထူးခြားအောင် လုပ်ထားတယ်ဆိုတဲ့ မိစန္ဒီရဲ့မိုနိုပိုလီ

ကြူကြူဟန်

ရန်ကုန်၊ ဇွန် - ၂၃

ဟစ်ဟော့ပ်အတွဲခွေများတွင် သီဆိုရင်း နာမည်ရလာသူတစ်ဦးဖြစ်သော မိစန္ဒီသည် သူမ၏တစ်ကိုယ်တော်ခွေ "မိုနိုပိုလီ" ဗီစီဒီကို ရိုက်ကူးနေပြီ စက်တင်ဘာလတွင် ထွက်နိုင်ရန် စီစဉ်နေကြောင်း မိစန္ဒီကပြောသည်။

"သုံးပုဒ်ပဲပြီးသေးတယ်။ သုံးပုဒ်ထဲမှာ တစ်ပုဒ်က တန်းလန်းပဲ။ တခြားကတ်တွေလိုသေးတယ်။ သန်ဖက်ခါကျရင် "နှစ်ယောက်မရှိဘူး" သီချင်းကို မိစန္ဒီနဲ့ ဦးစိုးလင်းနဲ့ ပေါင်းပြီးရေးထားတာပေါ့။ ဦးစိုးလင်းနဲ့ ဟိုးအရင်တုန်းက မထွန်းအိန္ဒြာဗိုသီချင်း "နှစ်ယောက်မရှိဘူး"ကို မိုနိုပိုလီခွေထဲမှာ Remix ဗားရှင်းဟစ်ဟော့ပ်နဲ့ Rapပင်နဲ့ တွဲပြီး လုပ်ထားတယ်။ Rapတွေက မိစန္ဒီရေးတာ။ အဲ့ဒီသီချင်းရိုက်ဖို့ရှိတယ်။ မိစန္ဒီကိုယ်တိုင် သရုပ်မဆောင်ဘူး။ အဆိုကတ်ပဲပေါ့။ တစ်ပတ်တစ်ပုဒ်နှုန်းနဲ့ ရိုက်သွားမှာပါ။ စာမေးပွဲရှိတဲ့ နှစ်ပတ်လောက်ဖယ်ဖယ်ပြီး ရိုက်သွားမယ်။ စက်တင်ဘာ ၁၆ရက် နောက်ဆုံးထားပြီး ထွက်ဖို့ ရှိပါတယ်" ဟု မိစန္ဒီကပြောသည်။

"မိုနိုပိုလီ" ဗီစီဒီတွင် နေခြည်လင်းလဲ့၊ မြတ်သူကျော်၊ ဟိန်းသစ်၊ သိန်းလင်းစိုး၊ ရဲလေး၊ Gateway မှ ကွက်တီ၊ စန္ဒီမြင့်လွင်၊ နန်းမြတ်ဖြိုးသင်း၊ ကောင်းပြည့်တို့ ပါဝင်သရုပ်ဆောင်ထား ပြီး လူငယ်သရုပ်ဆောင်အသစ်များလည်း ထည့်သွင်းရိုက်ကူးသွားမည်ဖြစ်ကြောင်း မိစန္ဒီကပြောသည်။

"ညီမသုံးထားတဲ့ ဆက်တင်လေးတွေ Location လေးတွေက ထူးခြားမှာပါ။ နိုင်ငံခြားမှာ မဟုတ်ဘူးဆိုပေမယ့် ကိုယ့်နဲ့နီးစပ်ရာ နေရာမျိုး၊ လူတွေ သိပ်သတိမထားမိနေရာမျိုး၊ မထင်ထားတဲ့နေရာမျိုး၊ အဲ့လိုနေရာမှာ အက်တင်တွေသုံးပြီး ရိုက်မှာပါ။ မိုနိုပိုလီမှာ ပိုက်ဆံတွေ အကုန်သုံးပြီးတော့ ဆက်တင်ကို တကယ့်ရှယ်၊ မိုနိုပိုလီ အပြားကြီးကို ကိုယ့်ဟာကိုယ်လုပ်ပြီးတော့ အန်စာတုံးကြီးတွေနဲ့ လုပ်သွားဖို့ရှိပါတယ်။ ထူးထူးခြားခြားတော့ဖြစ်မှာပါ"ဟု မိစန္ဒီကပြောသည်။ မိစန္ဒီသည် ဒုတိယခွေအတွက်လည်း သီချင်းများကို အချိန်ရလျှင်ရသလို ရေးဖြစ်နေပြီး ရှိုးပွဲများလည်း သီဆိုရန်ရှိကြောင်း သူမကပြောသည်။



## စူပါဂျူနီယာအဖွဲ့ထဲမှာ ပြန်မြင်ရမယ့် ကန်အင်း

ဆိုးလ်၊ ဇွန် - ၂၁

ကိုရီးယားကေပေါ့ပ်ဂီတ၏ နာမည်ကြီးအဖွဲ့ စူပါဂျူနီယာအဖွဲ့ဝင် ကန်အင်းသည် စစ်မှုထမ်းကာလ ပြီးဆုံး၍ ပရိသတ်နှင့်သုံးနှစ်ကြာ ကွဲကွာနေရာမှ အဖွဲ့တွင် ပြန်လည်ပါဝင်တော့မည်ဖြစ်ကြောင်း သိရသည်။ ကန်အင်းသည် လာမည့် ဇူလိုင်လတွင် ဖြန့်ချိမည့် စူပါဂျူနီယာအဖွဲ့၏ ဆဋ္ဌမမြောက် အယ်လ်ဘမ်တွင် ပါဝင်ရန် ပြင်ဆင်နေကြောင်း အဖွဲ့၏ မိခင်ကုမ္ပဏီ SM Entertainment ကပြောသည်။

အသက် ၂၇နှစ်အရွယ် ကန်အင်းသည် ပြီးခဲ့သည့်ဧပြီလက စစ်တပ်မှ ထွက်ခဲ့ပြီး ၎င်း၏ မူလပုံစံပြန်ရရန် ဓာတ်စာအစားအသောက်များ စားသုံးနေသည့်ပုံများကိုလည်း အွန်လိုင်းမှ ပရိသတ်များထံ ဖြန့်ဝေခဲ့သည်။ ၎င်းသည် စစ်မှုထမ်းကာလ ၂နှစ်ခန့်ကြာမြင့်ခဲ့ပြီးနောက် အရက်အမူးလွန်ကာ ရမ်းကားမှုဖြင့်လည်း ခေတ္တထိန်းသိမ်းခံရဖူးသည်။

ကန်အင်းသည် စူပါဂျူနီယာအဖွဲ့နှင့် ၂၀၀၉ အောက်တိုဘာလက နောက်ဆုံးဖျော်ဖြေခဲ့ဖူးသည်။ စူပါဂျူနီယာအဖွဲ့ ၎င်း၏ အဖွဲ့ဝင် ၁၃ဦးဖြင့် မေလ ၂၀ ရက် က SM Town အမည်ဖြင့် ဖျော်ဖြေပွဲတစ်ခုကို အမေရိကန်ပြည်ထောင်စု၌ ဖျော်ဖြေခဲ့သည်။

—Ref: Hancinema

7 DAY NEWS JOURNAL
Vol.11, No.16 • JUNE 28 , 2012



## ဒုတိယစီးရီးထွက်ဖို့ စိုင်းပြင်းနေတဲ့ အေသင်ချိုဆွေ

ကြူကြူဟန်

**ရန်ကုန်၊**
**ဇွန် - ၂၃**

အေသင်ချိုဆွေက သူမ၏ ဒုတိယ တေးအယ်လ်ဘမ်ကို အောက်တို ဘာလထွက်ရှိနိုင်ရန် စီစဉ်နေပြီး ထွက်ရှိပြီးသော အမှတ်တရစီးရီး ဖြစ်သည့် 'အနီးဆုံးလူ. . နမ်းပါ' ဗီစီဒီကိုမူ လတ်တလော ထွက်ရှိနိုင်ခြင်းမရှိသေးကြောင်း အေသင်ချိုဆွေကပြောသည်။

အေသင်ချိုဆွေက ဒုတိယ စီးရီး 'မောင့်လက်ဖဝါး' ဟု ယာယီ ပေးထားပြီး ထိုသီချင်းကိုသူမကိုယ်တိုင် ရေးသားထားကြောင်း အေသင်ချိုဆွေကပြောသည်။

"အဲဒီစီးရီးမှာ Featuring ကို J-me၊ ကြက်ဖတို့၊ တေးရေးက R-Ti၊ J-me၊ ကြက်ဖရယ်၊ ဩရသရယ်၊ မင်းကို၊ အေသင် နှစ်ပုဒ် ရေးထားတယ်။ 'မောင့်လက်ဖဝါး' ဆိုတာက မသေချာသေးဘူး။ အဲဒီ Title က ယာယီပေးလိုက်တာပါ။ တကယ်တမ်း ထွက်လာရင် အဲဒီနာမည်ဟုတ်ချင်မှဟုတ်မယ်။ ရွေးနေတာလည်းရှိတယ်။ ကိုကြက်ဖနဲ့လုပ်ထားတဲ့ သီချင်းပုံစံလေးက နည်းနည်းဆန်းတယ်။ ကိုဩရသနဲ့ကျတော့ အရင်ပုံစံမျိုးလေးတွေပါပဲ"ဟု အေသင်ချိုဆွေကပြောသည်။

လတ်တလောတွင်အနုပညာလှုပ်ရှားမှုအနေနှင့် လူမင်း၊ ရဲအောင်၊ နန္ဒတို့နှင့် ဗီဒီယိုဇာတ်ကားရိုက်ကူးထားကြောင်း အေသင်ချိုဆွေကပြောသည်။




## ဆေးမင်ကြောင်အသစ်နဲ့ မြင်ရတော့မယ့် ဂျပ်စတင်ဘီဘာ

**လော့စ်အိန်ဂျလိစ်၊ ဇွန် - ၂၂**

ကနေဒါ လူငယ်ပေါ့ပ်အဆိုတော် ဂျပ်စတင်ဘီဘာသည် ၎င်း၏ ဘယ်ဘက်လက်ဖျံ၌ ယခုနှစ်အတွင်း ပြုလုပ်မည့် ၎င်း၏ဖျော်ဖြေပွဲအမည် Believe ဟူသောအမည်ကို မကြာသေးမီက ဆေးမင်ရေးထိုးခဲ့ကြောင်းသိရသည်။ ဘီဘာသည် ၎င်း၏ ဆေးမင်ကြောင် အသစ်စက်စက်ကို မကြာသေးမီက You Tube ဝက်ဘ်ဆိုက်တွင် ဂျင်မီဖာလွန်နှင့် ပြုလုပ်သည့် ပရိသတ်များနှင့် တွေ့ဆုံခန်း၌ပြသခဲ့ခြင်းဖြစ်သည်။

၎င်း၏ဆေးမင်နှင့်ပတ်သက်၍ ဘီဘာက "ဒါကိုမနေ့ကပဲထိုးထားခဲ့တာပါ"ဟုPeople မဂ္ဂဇင်းသို့ပြောသည်။ ဘီဘာ (၁၈ နှစ်)သည် ဇွန် ၂၀ရက်က နယူးယောက်ရှိ အနုပညာရှင်များ အသွားအလာများသော ဆေးမင်ကြောင်အလှထိုးသည့်ဆိုင် Bang Bang Shop သို့ သွားကာ ယခုစာလုံးကို ထိုးခဲ့ခြင်းဖြစ်သည်။

ဘီဘာသည် မကြာသေးမီကပင ၎င်း၏အယ်လ်ဘမ်သစ် Believe အတွက် နွေရာသီ စီမံကိန်းများဖြင့် မအားမလပ်ဖြစ်နေကြောင်း၊ စက်တင်ဘာလအတွင်း Believe အမည်ဖြင့် ဖျော်ဖြေပွဲ တစ်ခုကျင်းပမည်ဖြစ်ကြောင်း ပြောကြားထားသည်။ —Ref: People





7 DAY NEWS JOURNAL
Vol.11, No.16 • JUNE 28 , 2012

# မင်းသားဂျွန်နီဒက်ပ် ၁၄ နှစ်ကြာ လက်တွဲခဲ့သော ချစ်သူ ဗင်နက်ဆာနှင့်လမ်းခွဲ

**လော့စ်အိန်ဂျလိစ်၊ ဇွန် - ၂၀**

ကာလရှည် လက်တွဲလာခဲ့သော ဟောလိဝုဒ်၏နာမည်ကြီးစုံတွဲဖြစ်သည့် မင်းသားဂျွန်နီဒက်ပ်နှင့်ပြင်သစ်အဆိုတော်၊ မင်းသမီး ဗင်နက်ဆာပါရာဒီတို့သည်တရားဝင်လမ်းခွဲလိုက်ပြီဖြစ်ကြောင်း ဒက်ပ်၏ ပြောခွင့်ရပုဂ္ဂိုလ်က အတည်ပြုခဲ့သည်။ ၎င်းတို့စုံတွဲသည် ၁၄ နှစ်ကြာ လက်တွဲခဲ့ပြီး ပြီးခဲ့သည့်နှစ်မှစ၍ လမ်းခွဲတော့မည်ဟု သတင်းများထွက်ပေါ်နေခဲ့သော်လည်း ပါရာဒီဘက်မှ မဟုတ်မှန်ကြောင်း ပြီးခဲ့သည့် ဇန်နဝါရီလက ငြင်းဆန်ခဲ့သေးသည်။

ယခုသတင်းနှင့်ပတ်သက်၍ ဒက်ပ်၏ပြောခွင့်ရပုဂ္ဂိုလ်က "ဂျွန်နီဒက်ပ်နဲ့ ဗင်နက်ဆာပါရာဒီတို့ဟာ လမ်းခွဲလိုက်ကြပါပြီ။ ကျေးဇူးပြုပြီး သူတို့ရဲ့ ပုဂ္ဂိုလ်ရေးလွတ်လပ်ခွင့်ကို လေးစားပေးပါ။ ပိုပြီးအရေးကြီးတာက သူတို့ကလေးတွေရဲ့ လွတ်လပ်ခွင့်ကို လေးစားပေးကြပါ"ဟု မီဒီယာများသို့ထုတ်ဖော်ပြောကြားခဲ့သည်။

၎င်းတို့စုံတွဲသည် ပြင်သစ်နှင့် အမေရိကန်နိုင်ငံတို့တွင် တစ်လှည့်စီနေထိုင်ခဲ့ကြပြီး အသက်၁၀နှစ်အရွယ်နှင့်၁၃နှစ်အရွယ်ကလေး နှစ်ဦးရှိသည်။ သို့သော် ၎င်းတို့နှစ်ဦးသည် တစ်ကြိမ်မှ တရားဝင်လက်ထပ်ခဲ့ဖူးခြင်းမရှိပေ။ အသက် ၄၉ နှစ်အရွယ် ဒက်ပ်သည် ၁၉၈၃ ခုနှစ်က လော်ရီအန်းအယ်လီဆင်နှင့်လက်ထပ်ဖူးပြီး ၁၉၈၅ တွင် ကွာရှင်းခဲ့သည်။ ၎င်းသည် ပါရာဒီနှင့် ပါရီမြို့တွင် ၁၉၉၈က စတင်တွေ့ဆုံခဲ့ပြီး သမီး လီလီရို့စ်မယ်လိုဒီကို ၁၉၉၉ တွင်လည်းကောင်း သား ခရစ်စတိုဖာကို ၂၀၀၂ တွင်လည်းကောင်း မွေးဖွားထားခဲ့သည်။

—Ref: People



## အနုပညာ သတင်းတိုများ



**ကြူကြူဟာန်**

■ တေးရေးစိုးလင်း၏ အနုပညာသက်တမ်းအနှစ် ၂၀ ပြည့် အထိမ်းအမှတ်အဖြစ် အချစ်သီချင်းသစ်များ ပါဝင်သော အမှတ်တရဖြစ်စေ ဗီစီဒီကို ဇူလိုင်၁ရက်တွင် ရတနာမြိုင် တေးထုတ်လုပ်ရေးမှ ဖြန့်ချိမည်ဖြစ်သည်။

ဟဲလေး၊ အစ္စဏီ၊ ဒီယံ၊ Waiလျှံ၊ ဉာဏ်လင်းအောင်၊ ဒီရေတိုး၊ ဟိဏ်းသစ်၊ သိန်းလင်းစိုး၊ ဆိုတေး၊ ဆူဇီ၊ ရတနာမိုင်၊ ချမ်းချမ်း၊ အိမ့်ချစ်၊ အေသင်ချိုဆွေ၊ မိစန္ဒီ၊ ဆူးဆူး၊ ဇော်ဝင်း၊ နန္ဒာ၊ ဆုပြည့်ပြည့်စံတို့ပါဝင်သီဆိုထားသည်။

■ အဆိုတော်သက်ထားစံ၏ "ပွဲတင်နေသော ဆုတောင်းများ" ဗီစီဒီကို ခရေဇီထုတ်လုပ်ရေးက ဖြန့်ချိမည်ဖြစ်သည်။ ဝင့်နိုင်၊ အောင်ငြိမ်းသက်၊ နေထွဏ်ဦး၊ သျှန်ထွန်း(မြန်မာစာ)၊ မင်းဂျွန်စိုး၊ ဇော်မင်း(ဂစ်တာ)၊ သက်ထားစံတို့က တေးသီချင်းများ ရေးသားထားပြီး မိုးသက်နိုင်၊ ဟံသာစိုးမင်းတို့က ပါဝင်သီဆိုပေးထားကြောင်း သိရသည်။

## စာ-၄၇၊ ကျွန်တော်တို့ ရခိုင်တိုင်းရင်းသားတစ်မျိုးတည်း မဟုတ်ပါဘူး ဘယ်သူ့ကိုမဆို ဒီလိုမျိုး မဖြစ်စေချင်ပါဘူး မှ

**အစ်ကိုက ရခိုင်ပြည်နယ်ကို ချက်ချင်းမရောက်လာရကောင်းလားဆိုပြီး ဒေသခံတွေ၊ ပရိသတ်တွေရဲ့ အားမလိုအားမရဝေဖန်သံတွေ အပေါ် ဘာများပြောကြားလိုပါသလဲ။**

ကိုယ့်လူမျိုး၊ ကိုယ့်ဒေသမှာ ဒီလိုမျိုး ဖြစ်ပျက်နေချိန်မှာ သူက ဘယ်ရောက်နေတာလဲဆိုတဲ့ အတွေးတွေထက် သူရန်ကုန်မှာရောရှိရဲ့လားလို့ အရင်ဆုံးမတွေးမိကြဘူး။ အဓိကက ကျွန်တော် ရန်ကုန်မှာ မရှိဘူး။ ပြင်ဦးလွင်ကို ရောက်နေတယ်။ ဒီကိစ္စသာမဖြစ်ဘူးဆိုရင် ကျွန်တော် ဒီလကုန်ထိ ရိုက်နေရမှာ။ အခု ဒီကိစ္စဖြစ်လာတော့ ဇာတ်ကားတစ်ကားရိုက်ဖို့ကိုဖျက်ပြီး အရောက်လာတယ်။ ဟိုမှာ ရိုက်နေချိန်မှာလည်း ရခိုင်သဟာယအသင်းတို့၊ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီတို့၊ အားမာန်ရခိုင်လူငယ်များအဖွဲ့ အစည်းတို့နဲ့ဖြန့်ကြက်ပြီး လှူဒါန်းမှုတွေရှိတယ်။ ဝေဖန်မှုတွေထွက်လာတော့ ငါလှူတဲ့ပုံကို ဓာတ်ပုံရိုက်ပြီးတင်မှပဲ ရတော့မယ်ဆိုပြီး ပြင်ဦးလွင်က ပြန်ရောက်ရောက်ချင်း အလှူငွေလှူတဲ့ပုံ ရိုက်ပြီး ဖေ့စ်ဘွတ်ခ်ပေါ်တင်ရတယ်။ အခုကိစ္စကတော့ ကျွန်တော့်ရဲ့ အားနည်းချက်လို့ပြောရမလား။ ကိုယ်ကတော့ လှူဒါန်းမှုတစ်ခုအပေါ်မှာတော့ စေတနာသုံးတန်ပြဋ္ဌာန်းရင် အလှူမြောက်တယ်ပဲ ထင်နေတာပေါ့။ တစ်ဖက်ကကျတော့ ကိုယ်က Celebrity ဖြစ်နေတာကြောင့် ကိုယ့်ရဲ့အရုပ်၊ ကိုယ့်ရဲ့ အင်းမေ့ချ်ကို ပြရမှာပေါ့။ ကိုယ့်လူမျိုးတွေရဲ့စိတ်နေသဘောထားကိုလည်း သိတော့ ကျွန်တော် ဒီဇူလိုင် ၁ ရက် စစ်တွေကို ကိုယ်တိုင်သွားလှူပါဦးမယ်။

**အစ်ကိုတို့ရခိုင်ပြည်နယ်ရဲ့ လက်ရှိအခြေအနေကို ဘာများ သုံးသပ်ပြောကြားလိုပါသလဲ။**

သွားကြည့်မှပဲ သေချာသိရမှာပေါ့။ ဒါပေမဲ့ အခုဓာတ်ပုံတွေကိုကြည့်ရသလောက်တော့ တော်တော်လေး အခြေအနေဆိုးနေတယ်။ ကျွန်တော့်တို့ရခိုင်တိုင်းရင်းသားတစ်မျိုးတည်းမဟုတ်ပါဘူး။ ဘယ်သူ့ကိုမဆို ဒီလိုမျိုး မဖြစ်စေချင်ပါဘူး။ ခုဖြစ်နေတာတွေ အမြန်ဆုံး ပြီးဆုံးသွားစေချင်တယ်။ ကျွန်တော်တို့ ဝတီလေးရပ်က ရခိုင်တိုင်းရင်းသားတွေရဲ့ ဘာသာတရားတွေ၊ လူနေမှုပုံစံလေးတွေ၊ ရိုးရာဓလေ့လေးတွေဟာ ကမ္ဘာကလည်း အသိအမှတ်ပြုခြင်းခံရတယ်။ ပြီးတော့ ကျွန်တော်တို့ရခိုင်ဒေသလေးက တော်တော်လေး လှပတဲ့ဒေသလေးလို့ မြင်ပါတယ်။ ဒီလို လှပတဲ့ဒေသလေးနဲ့ကိုယ့်နိုင်ငံ၊ကိုယ့်လူမျိုးတွေကို ပြည်သူတွေအားလုံး တစ်တပ်တစ်အားနဲ့ ရခိုင်ပြည်ကြီး အမြန်ဆုံး ရှင်သန်ဖွံ့ဖြိုးအောင် ဝိုင်းကူညီပေးကြပါလို့ ပြောချင်ပါတယ်။

**ခု ပြည်ပက အမျိုးမျိုးပြောနေကြတဲ့ သတင်းစကားတွေလည်း ရှိနေတော့ ရခိုင်တိုင်းရင်းသားတွေရဲ့ စိတ်နေစိတ်ထားကိုရော အစ်ကို ပုံဖော်ပြောကြားလိုပါသလဲ။**

တကယ်တမ်း ကျွန်တော်တို့ ရခိုင်တွေဟာ အင်မတန်မှ ဘာသာတရားကို ကိုးကွယ်ယုံကြည်တယ်။ မိရိုးဖလာမဟုတ်ဘဲ ထေရဝါဒဗုဒ္ဓဘာသာကို နက်နက်ရှိုင်းရှိုင်းကျင့်ကြံအားထုတ်ကြတယ်။ ယဉ်ကျေးမှုကို အရမ်းထိန်းသိမ်းတယ်။ မျိုးချစ်စိတ်ပြင်းထန်တဲ့သူတွေလို့မြင်ပါတယ်။ စိတ်ဓာတ်ပြင်းထန်လို့သာ ရခိုင်ရဲ့ အချို့ဒေသတွေက ယဉ်ကျေးမှုလေးတွေဟာ မပျောက်ပျက်သေးဘဲ လက်ဆင့်ကမ်း ထိန်းသိမ်းလာနိုင်တာ။ ဒါတွေက ကျွန်တော်တို့ တိုင်းရင်းသားတွေရဲ့ မျိုးချစ်စိတ်ဓာတ်၊စိတ်ဓာတ်ခိုင်မာမှုတွေနဲ့ စည်းလုံးညီညွတ်မှုတွေကို ဖော်ပြနေတယ်လို့မြင်ပါတယ်။

**ဒီလို ရန်ပုံငွေပွဲ အပြင် ရန်ကုန်ရောက်နေတဲ့ရခိုင်တိုင်းရင်းသား အနုပညာရှင်တွေပေါင်းပြီး ပွဲလုပ်ဖြစ်ဦးမလား။**

ပွဲလုပ်တယ်ဆိုတာက အလှူငွေလိုချင်လို့ လုပ်တာဆိုတော့ ရခိုင်ပွဲအနေနဲ့ လုပ်မယ်ဆိုရင် တခြားပရိသတ်တွေလာအားပေးဖို့ အခက်အခဲရှိမယ်။ ရခိုင်ပွဲလုပ်ရင် ရခိုင်သီချင်းတွေ ဆိုရတော့မယ်လေ။ ဒါကြောင့် ရန်ပုံငွေရှာဖို့ အခက်အခဲရှိနိုင်တော့ လုပ်ဖို့မဖြစ်နိုင်သေးဘူးထင်ပါတယ်။

**အနုပညာအလုပ်တွေနဲ့ပတ်သက်ပြီး ဘာတွေလုပ်ဖို့ရှိလဲဆိုတာ ပြောပြပါဦး။**

ဥရောပလေးနိုင်ငံသွားပြီး တာနဲ့ ဗီဒီယိုတွေ ဆက်တိုက်ရိုက်မယ်။ ရုပ်ရှင်ကားကြီး ကိုဝိုင်းနဲ့ ရိုက်ဖို့ရှိပါတယ်။

**အစ်ကို့ရဲ့ အချစ်ရေးနဲ့ပတ်သက်ပြီး ဘာများ ပြောကြားလိုပါသလဲ။**

အခု ထွက်တဲ့သတင်းလည်း ကျွန်တော်ကြားရပါတယ်။ ကိုယ်နဲ့အလုပ်အတူတူတွဲလုပ်တဲ့အစ်ကိုတွေ၊ အစ်မတွေ၊ ညီမတွေအပေါ်မှာ မောင်နှမစိတ်ပဲထားပါတယ်။ ကျွန်တော် သူ့အပေါ်မှာလည်း ဒီလိုစိတ်ပဲရှိပါတယ်။ ကျွန်တော့်ရဲ့ အနုပညာခံစားမှုကို လွှမ်းမိုးနိုင်မယ့် မိန်းကလေး ခုထိ မတွေ့သေးပါဘူး။

**ကျေးဇူးတင်ပါတယ်။**


## TOP 10 MOVIES IN AMERICA

**ယခုတစ်ပတ်အတွင်း အမေရိကန်တွင်ဝင်ငွေအကောင်းဆုံး ရုပ်ရှင်ကားများ**

| စဉ် | ဇာတ်ကားအမည် | ဖြန့်ချိသည့်ကုမ္ပဏီ | စုစုပေါင်းဝင်ငွေ (ကန်ဒေါ်လာ) | ပြသသည့် ရက်သတ္တပတ်ပေါင်း |
|---|---|---|---|---|
| ၁။ | Madagascar 3: Europe's Most Wanted | Dream Works & Paramount Pic. | ၁၁၉,၀၀၆,၀၀၀ | ၂ |
| ၂။ | Prometheus | 20th Century Fox | ၈၉,၃၇၀,၃၀၀ | ၂ |
| ၃။ | Rock of Ages | Warner Bros Pic. | ၁၄,၄၃၇,၃၀၀ | ၁ |
| ၄။ | That's My Boy | Sony Pic. | ၁၃,၄၅၃,၇၀၀ | ၁ |
| ၅။ | Snow White and the Huntsman | Universal Pictures | ၁၂၂,၀၆၃,၀၀၀ | ၃ |
| ၆။ | Men in Black 3 | Sony Pictures | ၁၅၂,၇၂၇,၀၀၀ | ၄ |
| ၇။ | Marvel's The Avengers | Walt Disney | ၅၈၆,၇၉၄,၀၀၀ | ၇ |
| ၈။ | The Best Exotic Marigold Hotel | Fox Searchlight Pic. | ၃၅,၂၁၆,၇၀၀ | ၇ |
| ၉။ | Moonrise Kingdom | Focus Features | ၆,၈၃၉,၄၆၀ | ၄ |
| ၁၀။ | Battleship | Universal Pictures | ၆၂,၁၅၁,၈၀၀ | ၅ |

## Movie Review

### People Like Us




ဆမ်သည် မြို့ကြီးပြကြီးတွင် နေထိုင်သော လူငယ်အရောင်းကိုယ်စားလှယ်တစ်ဦးဖြစ်သည်။ သို့သော် နယ်မြို့လေးတွင် နေထိုင်သော ဖခင်ဖြစ်သူ သေဆုံးသွားသောအခါ ဆမ်တစ်ယောက် နယ်မြို့လေးကိုပြန်လာရပြီး အနည်းငယ်စိမ်းနေပြီဖြစ်သော အခြားမိသားစုဝင်များနှင့် ပြန်လည်၍ အကျွမ်းတဝင်ဖြစ်အောင် ကြိုးစားရပြီး တစ်ချိန်တည်းမှာပင် သူ့တွင် အစ်မတစ်ဦး ရှိနေသေးကြောင်းသိရှိလာရသည်။ ဆမ်တစ်ယောက် နယ်မြို့လေးမှာပဲ နေထိုင်ပြီး ဖခင်အမွေ လက်ငုတ်လက်ရင်း ဥယျာဉ်ခြံကိုပဲ လုပ်ကိုင်မလား၊ သူ အသားတကျနေထိုင်ခဲ့သောမြို့ကြီးပြကြီးကို ပြန်သွားမလားဆိုတာ. . .

ဒါရိုက်တာ Alex Kurtzman ရိုက်ကူးထားပြီး Chris Pine, Elizabeth Banks Michael D Addario တို့ပါဝင်ထားသော ဒရာမာနှင့် ဟာသရောစပ်ထားသည့် ဇာတ်ကားကို Walt Disney က ဇွန်လ ၂၉ ရက်တွင်ဖြန့်ချိမည်ဖြစ်သည်။

# Sports

7DAY NEWS JOURNAL

Vol.11, No.16 • JUNE 28 , 2012


# ဝတ်စားဆင်ယင်မှုပြောင်းလဲထားသော ကာယအလှမယ်ပြိုင်ပွဲဝင် မယ် ၁၀ ဦး နိုင်ငံတကာပြိုင်ပွဲများသို့ သွားရောက်ယှဉ်ပြိုင်ခွင့်ရနိုင်



ဝတ်စားဆင်ယင်မှုပြောင်းလဲထားသော အလှမယ်ပြိုင်ပွဲဝင်မယ်များ ယှဉ်ပြိုင်စဉ်

ဗိုလ်ဗိုလ်ဝင်း

**ရန်ကုန်၊ ဇွန် - ၂၃**

ပြောင်းလဲပြင်ဆင်လိုက်သည့် ဝတ်စားဆင်ယင်မှုဖြင့် နှစ်ပေါင်း ၃၀ ကျော်နောက်ပိုင်း ပထမဆုံးအကြိမ် ပြန်လည်ကျင်းပသည့် ပြည်တွင်းကာယအလှမယ်ပြိုင်ပွဲမှ ၁၀ ဦးအား ပြည်ပနည်းပြဆရာနှင့်လေ့ကျင့်ပေးမည်ဖြစ်ပြီး နိုင်ငံတကာပြိုင်ပွဲသို့ စေလွှတ်ယှဉ်ပြိုင်ရန် ရည်ရွယ်ထားကြောင်း သတင်းရရှိသည်။

ဇွန်လ ၂၃ ရက်က မြန်မာကွန်ဗင်းရှင်းစင်တာခန်းမ(MCC)၌ အိုလံပစ်နေ့အထိမ်းအမှတ်ကျင်းပခဲ့သည့် ယင်းပြိုင်ပွဲတွင် ယခင်ကမြန်မာဝတ်စုံအကျီလက်ပြတ်၊ အထက်အောက် အရောင်ဆင်တူ ဝတ်စားဆင်ယင်မှုများအား အကျီလက်ပြတ်၊ ဘောင်းဘီတို၊အားကစားဝတ်စုံဖြင့် ပြောင်း လဲယှဉ်ပြိုင်ကျင်းပခဲ့ခြင်းဖြစ်သည်။

အမျိုးသမီးကာယကြံ့ခိုင်မှုပြိုင်ပွဲ Model Physique နှင့် Fitness Physique ခေါင်းစဉ်နှစ်မျိုးအောက်မှ ကာယအလှမယ် ၁၀ ဦးအား ပဏာမရွေးချယ်ကာ ထိုင်းနိုင်ငံမှ နည်းပြဆရာနှစ်ဦးမှ လေ့ကျင့်ပေးမည်ဖြစ်ပြီး လာမည့်စက်တင်ဘာလအတွင်း အာရှအဆင့် နိုင်ငံတကာပြိုင်ပွဲသို့ စေလွှတ်ယှဉ်ပြိုင်ရန် ရည်ရွယ်ထားကြောင်း မြန်မာနိုင်ငံကာယကြံ့ခိုင်မှုအားကစားအဖွဲ့ချုပ် အမှုဆောင်ဒေါ်ရီရီဝင်းကပြောသည်။

"Model Physique ပြိုင်ပွဲကအဆင့်-၁က၆အထိနဲ့Fitness Physique ပြိုင်ပွဲဝင်လေး ဦး စုစုပေါင်း ၁၀ ဦးကို ထိုင်းနည်းပြဆရာနှစ်ဦးနဲ့ လေ့ကျင့်ပေးပြီး၊ အဖြစ်နိုင်ဆုံး နိုင်ငံတကာနဲ့ယှဉ်ပြိုင်နိုင်တဲ့သူတွေကိုစေလွှတ်ဖို့ ရည်ရွယ်ထားပါတယ်"ဟု ဒေါ်ရီရီဝင်းကပြောသည်။

MCC ၌ ကျင်းပခဲ့သည့် အိုလံပစ်နေ့အထိမ်းအမှတ် အဆိုပါပြိုင်ပွဲတွင် Model Physique ပြိုင်ပွဲဝင်ဦးရေ ၂၃ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ပထမ မဝတ်ရည်ဖြိုး၊ ဒုတိယမအေးအေးစိုး၊ တတိယ မခင်သက်မွန်ဝင်းတို့ရရှိခဲ့သည်။ Fitness Physique ပြိုင်ပွဲတွင်မူ ပြိုင်ပွဲဝင်ဦးရေ လေးဦးသာရှိခဲ့ပြီး ပထမ မအေးအေးစိုး၊ ဒုတိယ မဆိုင်းမိုင်၊ တတိယ မပိုးအိဖြူတို့ ကရရှိခဲ့သည်။



## ပေါ်တူဂီ–စပိန်၊ ဂျာမနီ–အီတလီ တွေ့ဆုံမည့် ယူရို ၂၀၁၂ ဆီမီးဖိုင်နယ် ပွဲစဉ်များ

ယူရို ၂၀၁၂ ၏ကွာတားဖိုင်နယ်ပွဲစဉ်များ ပြီးဆုံးသွားပြီဖြစ်ရာ ပေါ်တူဂီ-စပိန်နှင့်ဂျာမနီ-အီတလီတို့ဗိုလ်လုပွဲတက်ရေးအတွက် အကြိတ်အနယ်ကစားရမည့် ဆီးမီးဖိုင်နယ်ပွဲများထွက်ပေါ်ခဲ့ပြီဖြစ်သည်။ ထို့ကြောင့် ဆီးမီးဖိုင်နယ်မှ နောက်ဆုံးဗိုလ်လုပွဲသို့ တက်ရောက်သွားနိုင်မည့် အသင်းနှစ်သင်းကို ခန့်မှန်းဖော်ပြလိုက်ပါသည်။

**၂၈ ဇွန်၊ နံနက် ၁း၁၅ နာရီ**

**ပေါ်တူဂီ-စပိန်**

**နောက်ဆုံးထိပ်တိုက်တွေ့ဆုံမှု (သုံးကြိမ်)**

**(၂၁-၆-၀၄ ယူရို ၂၀၀၄) ၁-၁**

**(၃၀-၆-၁၀၊ ၂၀၁၀ ကမ္ဘာ့ဖလား) ၀-၁**

**(၁၈-၁၁-၁၀၊ ခြေစမ်းပွဲ) ၄-၀**

ပေါ်တူဂီသည် စပိန်ကို နောက်ဆုံးတွေ့ဆုံထားသော ခြေစမ်းပွဲတွင် လေးဂိုးပြတ်ဖြင့်နိုင်ထားဖူးသော်လည်း ရော်နယ်ဒို၊ နာနီရှေ့တန်းနှင့် မိုင်ရဲလတ်စ်၊ မော်တင်ဟို၊ ဗယ်လိုဆိုတို့၏ အလယ်တန်းက ချန်ပီယံစပိန်အလယ်တန်းကို ထိန်းချုပ်ရန်မလွယ်လှပေ။ စပိန်တို့ အသင်းလိုက်ကစားကွက်ဖြင့် ပြင်သစ်ကို အနိုင်ရခဲ့သလို ပေါ်တူဂီကိုလည်း အနိုင်ရဖို့သာရှိသည်။

**၂၉ ဇွန်၊ နံနက် ၁း၁၅ နာရီ**

**ဂျာမနီ- အီတလီ**

**နောက်ဆုံးထိပ်တိုက်တွေ့ဆုံမှု (သုံးကြိမ်)**

**(၁-၃-၀၆၊ ခြေစမ်းပွဲ) ၁-၄**

**(၅-၇-၀၆၊ ၂၀၀၆ ကမ္ဘာ့ဖလား) ၀-၂**

**(၁၀-၂-၁၁၊ ခြေစမ်းပွဲ) ၁-၁**

ဂျာမနီသည် ယခုနှစ်ပိုင်းတွင် ခြေစွမ်းအကောင်းဆုံး အနေအထားရောက်နေပြီး ဂရိအား ကွာတားဖိုင်နယ်တွင် ၄-၂ ဂိုးဖြင့်အနိုင်ယူထားသည်။ အီတလီမှာ အင်္ဂလန်ကို အချိန်ပိုထိကစားကာ ပင်နယ်တီဖြင့် တက်လာခြင်းဖြစ်သည်။ တိုက်စစ်အားကောင်းသော ဂျာမနီ၏ ကစားပုံကို အီတလီတို့ ခံစစ်ဖြင့် ချေဖျက်ကာ တန်ပြန်တိုက်စစ်ဖော်နိုင်မလား စောင့်ကြည့်ရမည်။ ရာခိုင်နှုန်းအားဖြင့် ဂျာမနီသာနေသော်လည်း အီတလီလည်း အခွင့်အရေးရှိနေသည်။

*—Ref: Soccerway/ Goal*

# ပွဲဦးထွက် နှစ်ပွဲနိုင်သော်လည်း အုပ်စုတက်ရန် မသေချာသေးကြောင်း မြန်မာနည်းပြဝန်ခံ

ဗိုလ်ဗိုလ်ဝင်း

**ရန်ကုန်၊ဇွန်-၂၅**

အိမ်ရှင်မြန်မာလူငယ်အသင်းအနေဖြင့် ပွဲဦးထွက် နှစ်ပွဲဆက်တိုက်အနိုင်ရထားသော်လည်း နောက်တစ်ဆင့် တက်ရောက်ရန် သေချာပေါက် မပြောနိုင်သေးကြောင်း မြန်မာယူ-၂၂ အသင်းနည်းပြပတ်ဆောင်ဟွာက ပြောသည်။

"အခုအချိန်မှာ ဘာမှကြိုတင်ပြောလို့မရသေးပါဘူး။ ဘာကြောင့်လဲဆိုတော့ မလေးရှား၊ ကိုရီးယား၊ တရုတ်(တိုင်ပေ)အသင်းတွေနဲ့ကစားဖို့ ကျန်ပါသေးတယ်။ မလေးရှားအသင်းက ဗီယက်နမ်အသင်းထက် ပိုကောင်းတယ်လို့ ထင်ပါတယ်။ မလေးရှားက မြန်မာအသင်းနဲ့ နောက်ဆုံးပွဲစဉ် ကစားရမှာ ဖြစ်တဲ့အတွက် အဲဒီပွဲစဉ်ကခက်ခဲနိုင်ပါတယ်"ဟု ကိုရီးယားအသင်းနည်းပြဆရာက ဗီယက်နမ်အသင်းနှင့်ပွဲစဉ်အပြီး သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

AFC ယူ-၂၂ အုပ်စု(ဆ)ခြေစစ်ပွဲစဉ်များကို ပြီးခဲ့သည့် ဇွန်လ ၂၃ ရက်မှစတင်၍ ယှဉ်ပြိုင်ကစားခဲ့ရာ မြန်မာအသင်းအနေဖြင့် ဖိလစ်ပိုင်အသင်းအား (၄-၁)ဂိုး၊ ဗီယက်နမ်အသင်းအား (၃-၁)ဂိုးဖြင့် အနိုင်ရရှိထားသည်။ ဒုတိယပွဲစဉ်များအပြီးတွင် ရမှတ်ခြောက်မှတ်ဖြင့် တောင်ကိုရီးယားအသင်းနောက် (ဂိုးကွာခြားချက်ဖြင့်)ဒုတိယနေရာ၌ ရပ်တည်နေသည်။

မြန်မာအသင်းသည်တတိယပွဲစဉ်အဖြစ် အုပ်စုတွင်း ရေပန်းအစားဆုံး တောင်ကိုရီးယားအသင်းနှင့် ဇွန်လ ၂၈ ရက်တွင် ရင်ဆိုင်ရမည်ဖြစ်ကာ ၎င်းပွဲစဉ်တွင် အနိုင်ရရှိရန် ခဲယဉ်းကြောင်း မစ္စတာပတ်ဆောင်ဟွာက ဖွင့်ဟခဲ့သည်။

"ဒီနေ့ပွဲ ခြေစွမ်းအရ ကိုရီးယားအသင်းမှာ အားနည်းချက်ဆိုတာ ရှာလို့တောင် မတွေ့ပါဘူး။ သူတို့ကို နိုင်ဖို့ခဲယဉ်းပေမယ့် ကျွန်တော်တို့ အကောင်းဆုံးပြင်ဆင်ပြီး ရင်ဆိုင်သွားမှာပါ"ဟု ၎င်းကပြောသည်။

ရန်ကုန်တွင် လက်ခံကျင်းပနေသည့် အသင်းခြောက်သင်းပါဝင်သည့် အုပ်စုမှ အမှတ်အများဆုံး နှစ်သင်းသည် နောက်တစ်ဆင့်သို့ တက်ရောက်ခွင့် ရရှိမည်ဖြစ်သည်။




# မြန်မာ့ရိုးရာ စစ်တုရင်အားကစားနည်းအကြောင်း ပထမဆုံးအကြိမ် ပြည်ပသို့ သွားရောက်ပို့ချ

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊**
**ဇွန် - ၂၁**

မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်မှ တာဝန်ရှိသူများသည်မြန်မာ့ရိုးရာ စစ်တုရင်အားကစားနည်းနှင့်ပတ်သက်၍အင်ဒိုနီးရှားနိုင်ငံသို့ပထမဆုံးအကြိမ် သွားရောက်ဆွေးနွေးပို့ချမည်ဖြစ်ကြောင်း သတင်းရရှိသည်။

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် ၂၀၁၃ ဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာ့ရိုးရာစစ်တုရင်အားကစားနည်းအားပထမဆုံးအကြိမ် ထည့်သွင်းကျင်းပမည်ဖြစ်သည့်အတွက် အဆိုပါအားကစားနှင့်ပတ်သက်၍ အင်ဒိုနီးရှားနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်က လာရောက်ဆွေးနွေးပို့ချရန် ဖိတ်ကြားခဲ့ခြင်းဖြစ်ကြောင်း အဖွဲ့ချုပ်တာဝန်ရှိသူတစ်ဦးကပြောသည်။

“အာဆီယံနိုင်ငံတွေထဲမှာ အင်ဒိုနီးရှားနိုင်ငံကို ပထမဆုံးအကြိမ်မြန်မာ့ရိုးရာစစ်တုရင်အားကစားနည်းနဲ့ပတ်သက်ပြီး သွားရောက်ဆွေးနွေးပို့ချမှာပါ။ မြန်မာ့ရိုးရာစစ်တုရင်အားကစားနည်းနဲ့ ပတ်သက်တဲ့ ဥပဒေ၊ စည်းမျဉ်းစည်းကမ်းတွေအပြင် သူတို့သိချင်တာတွေလည်း ဆွေးနွေးပို့ချသွားမှာပါ။ နောက် တခြား အာဆီယံနိုင်ငံတွေလည်းဖိတ်ကြားထားတာ ရှိပါတယ်။ ဆက်လက်သွားရောက်ဆွေးနွေးသွားဖို့စီစဉ်ထားပါတယ်” ဟု အထက်ပါတာဝန်ရှိသူကဆိုသည်။

အဆိုပါဆွေးနွေးပွဲနှင့်အတူ ကျင်းပမည့် အာဆီယံနိုင်ငံများ တက္ကသိုလ်နှင့်ကောလိပ်စစ်တုရင် တံခွန်စိုက်ပြိုင်ပွဲသို့လည်း မြန်မာနိုင်ငံမှ မောင်ညီလှိုင်စိုး(ပထမနှစ်၊ နည်းပညာတက္ကသိုလ်၊စစ်ကိုင်း)မှ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ ပြိုင်ပွဲတွင် အမျိုးသား၊ အမျိုးသမီး အသင်းလိုက်နှင့် တစ်ဦးချင်းပြိုင်ပွဲများထည့်သွင်းကျင်းပမည်ဖြစ်ကာ ပြိုင်ပွဲဝင်အားကစားသမားများသည်အသက် ၂၅နှစ်အောက် ဖြစ်ရမည်ဖြစ်ကြောင်းသိရသည်။

မြန်မာနိုင်ငံက ဝင်ရောက်ယှဉ်ပြိုင်မည့် အမျိုးသားတစ်ဦးချင်းပြိုင်ပွဲ ပထမဆုကြေးငွေကို အင်ဒိုနီးရှားရူပီးယား ကျပ်သိန်း ၉၀ ချီးမြှင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

# ဗီယက်နမ်တံခွန်စိုက် ပြေးခုန်ပစ်ပြိုင်ပွဲ မြန်မာ ဝင်ရောက်ယှဉ်ပြိုင်မည်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ ဇွန်-၂၀**

(၁၉)ကြိမ်မြောက် ဗီယက်နမ်တံခွန်စိုက် ပြေးခုန်ပစ်ပြိုင်ပွဲ(The 19th HCMC International Track and Field Vietnam Open 2012)သို့ မြန်မာပြေးခုန်ပစ်အားကစားအဖွဲ့ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

အဆိုပါ ပြိုင်ပွဲကို ဗီယက်နမ်နိုင်ငံ၊ ဟိုချီမင်းမြို့တွင် ဇူလိုင် ၁၀ ရက်မှ ၁၂ ရက်အထိ ကျင်းပမည်ဖြစ်ပြီး မြန်မာအားကစား ၆ ဦး ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ မြန်မာပြေးခုန်ပစ်အဖွဲ့မှ မောင်ချက်က မီတာ ၁၅၀၀ နှင့် မီတာ ၅၀၀၀ ပြိုင်ပွဲ၌လည်းကောင်း၊ မာကောက်က မီတာ ၃၀၀၀ တားဆီးကျော်နှင့် မီတာ ၅၀၀၀ ပြိုင်ပွဲ၌လည်းကောင်း၊ နော်ကပေါ်ဖောနှင့် အေးအေးသန်းတို့က မီတာ ၄၀၀၊ မီတာ ၈၀၀ ပြိုင်ပွဲတွင်လည်းကောင်း၊ စောမာလာနွယ်နှင့် ကေခိုင်မျိုးထွန်းတို့က လမ်းလျှောက် ပြိုင်ပွဲတွင်လည်းကောင်း ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

“ဒီပြိုင်ပွဲမှာ အာဆီယံဒေသတွင်းနိုင်ငံက အားကစားသမားတွေ ဝင်ရောက်ယှဉ်ပြိုင်ကြမှာဖြစ်တဲ့အတွက် သူတို့ရဲ့အခြေအနေတွေကို ကြိုတင်လေ့လာခွင့်ရရှိမှာပါ။ ၂၀၁၃ ဆီးဂိမ်းအကြိုပြင်ဆင်မှုအနေနဲ့ဝင်ရောက်ယှဉ်ပြိုင်ခြင်း ဖြစ်ပါတယ်” ဟု မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ် တာဝန်ရှိသူတစ်ဦးက ပြောသည်။

ဗီယက်နမ်ပြေးခုန်ပစ် အဖွဲ့ချုပ်သည် ၎င်းပြိုင်ပွဲသို့ အာဆီယံနိုင်ငံများအပြင် အာရှနိုင်ငံအချို့ကိုပါ ဝင်ရောက်ယှဉ်ပြိုင်ရန် ဖိတ်ကြားထားပြီး အမျိုးသားပြိုင်ပွဲအမျိုးအစား ၂၂ မျိုးနှင့် အမျိုးသမီးပြိုင်ပွဲ ၂၀ မျိုး ထည့်သွင်းကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

# လန်ဒန်အိုလံပစ်ကွင်းကြီးတွင် ဖော်မြူလာဝမ်းပြိုင်ပွဲ ကျင်းပရန် စီစဉ်နေ

**လန်ဒန်၊ ဇွန် - ၂၃**

လာမည့်ဇူလိုင်လတွင် ကျင်းပမည့် လန်ဒန်အိုလံပစ်ပြိုင်ပွဲ ပြီးဆုံးပြီးနောက် လန်ဒန်အိုလံပစ်ကွင်းကြီးအတွင်းနှင့်ပြင်ပတွင် ဖော်မြူလာဝမ်း ဂရင်းပရစ်ကားပြိုင်ပွဲတစ်ရပ်ကျင်းပသွားရန်စီစဉ်နေကြောင်း တယ်လီဂရပ်ဖ်သတင်းတွင်ဖော်ပြသည်။

သတင်းစာ၏ အဆိုအရ အိုလံပစ်ပြီးလျှင် ယင်းကွင်းကြီးကို အသုံးပြု ကျင်းပရန်အစီအစဉ်ကို ဖော်မြူလာဝမ်းအဖွဲ့ချုပ်မှ လန်ဒန်မြို့တော် အမွေအနှစ်ဖွံ့ဖြိုးရေး ကော်ပိုရေးရှင်း(LLDC)သို့ အဆိုပြုလွှာများ တင်ထားကြောင်း၊ LLDC ဘက်မှလည်း စိစစ်လက်ရှိကြောင်းသိရသည်။



သတင်းစာက ကော်ပိုရေးရှင်းသည် အိုလံပစ်ကွင်းကြီး၏ ပတ်လမ်းအား ဖော်မြူလာဝမ်းပြိုင်ပွဲအတွက် အသုံးပြုရန် အစီအစဉ်ကိုဖော်မြူလာဝမ်းအဖွဲ့ချုပ်အကြီးအကဲ ကာနီအက်ကလက်စတုန်းနှင့်လည်း ဆွေးနွေးနေကြောင်းဖော်ပြခဲ့သည်။

အက်ကလက်စတုန်းဘက်ကလည်း ၎င်းသည် အိုလံပစ်ကွင်း အသုံးပြုခြင်းအပါအဝင် အခြားနေရာသုံးခုကိုလည်း ကမ်းလှမ်းထားကြောင်း၊ ယင်းနေရာများမှာ ဝက်စ်ဟမ်းနှင့် လေတန်အိုရီးယင့်ဘောလုံးကလပ်များ၏ ကွင်းများနှင့် အရှေ့လန်ဒန်တက္ကသိုလ်နေရာများဖြစ်ကြောင်းတယ်လီဂရပ်ဖ်သို့ပြောသည်။

*—Ref: Eurosport*







THE BEST
SPECIAL PROMOTION
15-6-2012 to 15-7-2012
• တစ်ယောက်အိပ်မွေ့ရာ (၁) လုံး ဝယ်ယူလျှင်
The Best Silicon ခေါင်းအုံး (၁)လုံး
• နှစ်ယောက်အိပ်မွေ့ရာ (၁) လုံး ဝယ်ယူလျှင်
The Best Silicon ခေါင်းအုံး (၂)လုံး
လက်ဆောင်ရယူပါ။
THE BEST Nice-Sleep Pillow
Pocket Spring Mattress
Spring Mattress
100 % ချည်စ
သိပ်သည်းဆ ၂၈ ရှိ ရေမြှုပ်
သိပ်သည်းဆ ၃၂ ရှိ ရေမြှုပ်
သိပ်သည်းဆမြင့် Polyester စောင်စ
တွန်းကန်အားမြင့်မားသော 3 Zone Pocket
သိပ်သည်းဆ ၃၂ ရှိ ရေမြှုပ်
100 % ချည်စ
သိပ်သည်းဆ ၂၈ ရှိ ရေမြှုပ်
100% ချည်သားစစ်စစ်ကို အသုံးပြုထားခြင်းကြောင့် မွေ့ရာ၏ နူးညံ့မှုနှင့် အေးမြမှုကို တိုက်ရိုက်ထိတွေ့ခံစား ရရှိနိုင်ပါသည်။ 3 Zone Pocket Layer ကို အသုံးပြုထားခြင်းကြောင့် လူ့ခန္ဓာကိုယ်၏ အချိုးအစားအရ သိပ်သည်းဆကြီးမားသော အပိုင်း ၃ ပိုင်းနေရာများတွင် ခံနိုင်ရည် ပိုမိုရှိစေရန်အတွက် အထူးပြုလုပ်ပေးထားသော Pocket Spring များဖြင့် ထုတ်လုပ်ထား၍ စပရိန်တစ်ခုစီကို သီးခြားထုတ်ပိုးထားခြင်းကြောင့် အိပ်စက်ရာတွင် ငြိမ့်ညောင်းမှုရှိပြီး တစ်ဦး၏ လှုပ်ရှားမှုကို ကျန်တစ်ဦးမှ မသိနိုင်၍ အိပ်စက်မှုကို အနှောက်အယှက်မဖြစ်စေဘဲ နှစ်ခြိုက်စွာ အိပ်စက်နိုင်ပါသည်။
15 YEARS WARRANTY
Product by SWEETY HOME
Yangon ☎ 01-535694,205224
Mandalay ☎ 02-65938, 60810, 34021


Quality You Can Trust...
ရှာချင်သလောက်ရှာ !!!
သင်နှင့်အတူ အမြဲရှိနေမယ့်
စတောလီယံ
၂၅ လီတာ (တစ်ပုံး) ဝယ်ယူတိုင်း
စတောလီယံမိုးကာအင်္ကျီ (တစ်ထည်)
ချက်ခြင်းရယူပါ . . .
Stallion Lubricants
Quality You Can Trust
PREMIUM QUALITY
SGS
UKAS QUALITY MANAGEMENT
စတောလီယံ စက်ဆီ / ချောဆီများကို အမြို့မြို့အနယ်နယ်ရှိ စက်ဆီ / ချောဆီ အရောင်းဆိုင် တိုင်းတွင်ဝယ်ယူရရှိနိုင်ပါပြီ . . .



Photo: AFP

# ဂရိနိုင်ငံတွင် ညွန့်ပေါင်းအစိုးရသစ် တက်လာ

**အေသင်၊ ဇွန် - ၂၁**
ဂရိနိုင်ငံတွင် ကွန်ဆာဗေးတစ်ခေါင်းဆောင် အန်တိုနစ်ဆာမာရက်စ်သည် ညွန့်ပေါင်းအစိုးရသစ်၏ ဝန်ကြီးချုပ်အဖြစ် ကျမ်းသစ္စာကျိန်ဆိုခဲ့ကြောင်း သိရသည်။ ဆာမာရက်စ်သည် လောလောဆယ်တွင် ဂရိနိုင်ငံ၌ လူကြိုက်နည်းနေသော အီးယူ-အိုင်အမ်အက်ဖ်ကယ်ဆယ်ရေးအစီအစဉ်ပါ အချက်များကို ပြင်ဆင်ရန် ကြိုးပမ်းရမည်ဖြစ်သည်။

"ဘုရားသခင်ရဲ့ အကူအညီနဲ့ ဂရိနိုင်ငံကို အကျပ်အတည်းအတွင်းမှ ဆွဲထုတ်ဖို့ လုပ်နိုင်တာမှန်သမျှ လုပ်ဆောင်သွားပါမယ်" ဟုအသက် ၆၁ နှစ်အရွယ် နိုင်ငံခြားရေးဝန်ကြီးဟောင်းက သတင်းထောက်များအား ပြောသည်။ ဝန်ကြီးချုပ်ရာထူးမှ ဆင်းပေးသွားသောဝန်ကြီးချုပ် ပီကရမ်မီနော့စ်ကလည်းဝန်ကြီးချုပ်သစ်အနေဖြင့် ဂရိနိုင်ငံတွင်းမှာရော၊ ပြည်ပမှာပါတိုက်ပွဲပေါင်းများစွာရင်ဆိုင်ရမည်ဟု ပြောကြားခဲ့သည်။

မစ္စတာဆာမာရက်စ်၏ ဒီမိုကရေစီသစ်ပါတီသည် ညွန့်ပေါင်းအစိုးရဖွဲ့နိုင်ရန် ယခင်အာဏာရဆိုရှယ်လစ် ပါဆော့ပါတီနှင့် ပူးပေါင်းခဲ့သည်။ အစိုးရသစ်အဖွဲ့တွင်ပါဝင်မည့် လူစာရင်းကို ဇွန်လ ၂၂ ရက်တွင် ထုတ်ပြန် ကြေညာမည်ဟု အစိုးရအရာရှိတစ်ဦးက ပြောသည်။

ဂရိနိုင်ငံသည် ငါးနှစ်ဆက်တိုက် စီးပွားရေးဆုတ်ယုတ်မှုနှင့် ကြုံတွေ့နေရပြီး အကြီးအကျယ်ကြွေးမြီတင်ရှိနေရာဥရောပသမဂ္ဂနှင့် နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့တို့က ပူးပေါင်း၍ ကယ်တင်ပေးထားရသည်။ သို့သော် ပြီးခဲ့သောလပိုင်းအတွင်း ဂရိနိုင်ငံတွင် နိုင်ငံရေးမရေရာမှုများ ဖြစ်ပေါ်လာခဲ့ရာ ဂရိနိုင်ငံအား ဥရောပသမဂ္ဂမှ ထုတ်ပယ်ရေးပြောဆိုမှုများရှိခဲ့ပြီး အလျင်အမြန် အရေးယူဆောင်ရွက်ရန် ဖိအားပေးခံခဲ့ရသည်။

—*Ref: AFP*

## တိုက်ဂါးဝုဒ်ကို ကျော်ဖြတ်၍ မေဝဲသာ ကမ္ဘာ့ဝင်ငွေအကောင်းဆုံး အားကစားသမား ဖြစ်လာ

**လန်ဒန်၊ ဇွန် - ၂၀**
အမေရိကန်လက်ဝှေ့သမား ဖလွိုက်ဒ်မေဝဲသာသည် ပြီးခဲ့သည့် ၂၀၁၁ အတွင်း ကမ္ဘာ့အချမ်းသာဆုံးဂေါက်သီးအားကစားသမား တိုက်ဂါးဝုဒ်ကို ကျော်ဖြတ်ကာ တစ်နှစ်တာ၏ ဝင်ငွေအကောင်းဆုံး ကစားသမားဖြစ်လာကြောင်း သိရသည်။ မေဝဲသာသည် Forbes မဂ္ဂဇင်းကြီးမှ ထုတ်ပြန်သော တစ်နှစ်တာဝင်ငွေအကောင်းဆုံး ကမ္ဘာ့အားကစားသမား ၁၀၀ စာရင်းတွင် ဝင်ငွေဒေါ်လာ ၈၅ သန်းဖြင့် ပထမရခဲ့ခြင်းဖြစ်သည်။ ၎င်း၏နောက်တွင် ဖိလစ်ပိုင်လက်ဝှေ့ကျော် မန်နီပါကွီအိုက ဝင်ငွေဒေါ်လာ ၆၂ သန်းဖြင့် ဒုတိယ တိုက်ဂါးဝုဒ်က ဒေါ်လာ ၅၉ ဒသမ ၄ သန်းဖြင့်လည်းကောင်း တတိယရခဲ့သည်။

ယခုနှစ်ထုတ်ပြန်သော စာရင်းတွင် အိုလံပစ်နှင့် ကမ္ဘာ့စံချိန်ရှင်တာတိုအပြေးသမား အူစိန်ဘော့မှာ အဆင့် ၆၃ ဖြင့် တစ်နှစ်တာဝင်ငွေ ဒေါ်လာ ၂၀ ဒသမ ၃ သန်းရရှိခဲ့ကာ မေဝဲသာဝင်ငွေ၏ လေးပုံသုံးပုံခန့်သာရှိခဲ့သည်။ တိုက်ဂါးဝုဒ်မှာ ၂၀၀၁ မှစ၍ မဂ္ဂဇင်း၏ ဝင်ငွေအကောင်းဆုံးအားကစားသမားစာရင်းကို စိုးမိုးနိုင်ခဲ့သော်လည်း ၂၀၁၀ ပြည့်နှစ်တွင် ဝင်ငွေဒေါ်လာ ၁၆ သန်းအထိကျဆင်းခဲ့ပြီး ယင်းမှာ ၂၀၀၉ ကထက် တစ်ဝက်ခန့် လျော့နည်းခဲ့သည်။

သို့သော် ၂၀၁၁ တွင် ၎င်းသည်ဝင်ငွေများတိုးတက်လာခဲ့၍ ဒေါ်လာ ၅၉ သန်းကျော်ရကာ တတိယနေရာရခဲ့ခြင်းဖြစ်သည်။ ယခုနှစ် ထိပ်တန်းအားကစားသမား ၁၀ ဦးတွင် ဗြိတိန်ဘောလုံးသမားဒေးဗစ်ဘက်ခမ်း (အဆင့် ၈) နှင့် ပေါ်တူဂီဘောလုံးသမား ခရစ်တီယာနိုရောနယ်ဒို (အဆင့် ၉) တို့နှစ်ဦးပါဝင်ခဲ့သည်။ စာရင်းအရ ဘက်ခမ်းမှာဝင်ငွေဒေါ်လာ ၄၆ သန်းရခဲ့ပြီး ရော်နယ်ဒိုမှာမူ ဒေါ်လာ ၄၂ ဒသမ ၅ သန်းရခဲ့သည်။ ယခုစာရင်းတွင် ၂၀၁၁ ပြင်သစ်အိုးပင်းချန်ပီယံ တရုတ်တင်းနစ်မယ်လီနာမှာဝင်ငွေဒေါ်လာ ၁၈ ဒသမ ၄ သန်းဖြင့် အဆင့် ၈၁ ရခဲ့သည်။

—*Ref: AFP*

## စပိန်နှင့် အီတလီကို ကယ်ဆယ်ရေး ကန်ဒေါ်လာ ၉၄၃ ဘီလီယံ အီးယူပြင်ဆင်နေဟုဆို


**ဘရပ်ဆဲလ်၊ ဇွန် - ၂၁**
စပိန်နှင့် အီတလီနိုင်ငံတို့အား ကယ်ဆယ်ရေးကန်ဒေါ်လာ ၉၄၃ ဘီလီယံ သဘောတူညီချက် အတွက် ဥရောပခေါင်းဆောင်များ ကစတင်ပြင်ဆင်နေပုံရကြောင်း အမေရိကန်နှင့် အခြားဂျီ-၂၀ အရာရှိများက ပြောကြားသည်။

"ဘာမှ မဆုံးဖြတ်ရသေးပါဘူး" ဟုဂျာမနီအဓိပတိအန်ဂျလာမာကယ်၏ ပြောခွင့်ရပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။ အကျပ်အတည်းတွေ့နေသော အစိုးရများ၏ ငွေတိုက်စာချုပ်များကို ဝယ်ယူရန် ယူရိုဇုန်အနေဖြင့် ကယ်ဆယ်ရေးရန်ပုံငွေတစ်ရပ်ထူထောင်ရေး အခြားနိုင်ငံများက ပြောကြားနေစဉ်မှာပင် ဂျာမန်အရာရှိက ယင်းသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

ပိုမိုကြီးထွားလာသော ဥရောပ အကျပ်အတည်းအား ရပ်တန့်ရေးပြတ်ပြတ်သားသားအရေးယူရန်အတွက် အခြားဥရောပနိုင်ငံများနှင့်အတူလုပ်ဆောင်ရေး ဂျာမနီအဓိပတိမစ္စအန်ဂျလာမာကယ်မှာ ဖိအားများ ရင်ဆိုင်နေရသည်။ အထူးသဖြင့် မက္ကဆီကိုနိုင်ငံလော့စ်ကာဘို့စ်မြို့၌ ဂျီ-၂၀ ခေါင်းဆောင်များ၏ ထိပ်သီးအစည်းအဝေးပွဲအတွင်း ဖိအားများ ပိုမိုများပြားခဲ့သည်။

ကယ်ဆယ်ရေးရန်ပုံငွေအတွက် အခြေခံအချက်များကိုဇွန်လ ၂၈၊ ၂၉ ရက်များတွင် ဘရပ်ဆဲလ်မြို့၌ ကျင်းပမည့် ဥရောပသမဂ္ဂ ၂၇ နိုင်ငံ ထိပ်သီးဆွေးနွေးပွဲတွင် ကြေညာမည်ဟု မျှော်လင့်ရသည်။ ယင်းအစည်းအဝေးမှာ ဥရောပသုံးငွေ ယူရိုအား ဆက်လက်ပံ့ပိုးနိုင်ရေးအတွက် အလွန်အရေးပါလိမ့်မည်ဟု အမေရိကန်ဘဏ္ဍာရေးဝန်ကြီး တင်မိုသီဂိုက်တနာက ဂျီ-၂၀ ထိပ်သီးအစည်းအဝေးအပြီး ပြောကြားခဲ့သည်။

—*Ref: UPI*

7 DAY NEWS JOURNAL
Vol.11, No.16 • JUNE 28 , 2012

# လစ်ဗျားမျိုးနွယ်စုများကြား တိုက်ခိုက်မှုများကြောင့် လူ ၁၀၅ ဦး သေဆုံး

**ထရီပိုလီ၊ ဇွန် - ၂၁**
လစ်ဗျားနိုင်ငံအနောက်ပိုင်းတွင် မကြာသေးမီရက်များအတွင်းဖြစ်ပေါ်ခဲ့သော မျိုးနွယ်စုများအကြား တိုက်ခိုက်မှုများကြောင့် လူ ၁၀၅ ဦး သေဆုံးပြီး ၅၀၀ ခန့်ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း လစ်ဗျားအစိုးရက ပြောကြားသည်။

အစိုးရစစ်တပ်များ ချထားပြီးနောက်ပိုင်းတွင်မူ တောင်တန်းထူထပ်ရာ မျိုးနွယ်စုများ ဒေသတွင်တိုက်ခိုက်မှုများမရှိတော့ဟု အစိုးရပြောရေးဆိုခွင့်ရှိသူ နာဆာအယ်လ်မာနာက ပြောသည်။ တိုက်ခိုက်မှု ဖြစ်ပေါ်ခဲ့ရာ ဒေသများတွင် လစ်ဗျားနိုင်ငံမြို့တော် ထရီပိုလီတောင်ဘက်မိုင် ၉၀ သာကွာဝေးသော ကင်တန်၊ မစ်ဒါနှင့် ရှီဂေါမြို့နယ်များလည်း ပါဝင်ခဲ့ပြီး နိုင်ငံတွင်း၌ အာဏာတည်ရန်ရုန်းကန်နေရသော အစိုးရသစ်အားစမ်းသပ်ခဲ့ကြောင်း ဘီဘီစီသတင်းတွင် ဖော်ပြသည်။

ရက်သတ္တပတ်တစ်ပတ်ခန့်ကြာမြင့်ခဲ့သော တိုက်ခိုက်မှုများမှာဇင်တန်နှင့် မစ်ဒါမြို့မှ လက်နက်ကိုင်များနှင့် အခြားမျိုးနွယ်စုတစ်မျိုးကထောက်ခံသည့် ရှီဂေါမြို့မှလက်နက်ကိုင်များအကြား ဖြစ်ပေါ်ခဲ့ခြင်း ဖြစ်ကြောင်းဘီဘီစီသတင်းတွင် ရေးသားသည်။

ယမန်နှစ်ကစ၍ အာဏာရယူခဲ့သော လစ်ဗျားအမျိုးသားအသွင်ကူးပြောင်းရေးကောင်စီ(NTC)သည်ကဒါဖီအားဖြုတ်ချရေး ကြိုးပမ်းမှုပဋိပက္ခကြောင့် လက်နက်များပေါများစွာ ရှိနေသည့် နိုင်ငံအားတည်ငြိမ်အေးချမ်းမှုရှိအောင် လုပ်ဆောင်နေရသည်။

*—Ref: BBC*



Photo: AFP

# အီကွေဒေါတွင် နိုင်ငံရေးခိုလှုံခွင့်ရရန် ဂျူလီယန်အက်ဆန်း တောင်းခံ

**လန်ဒန်၊ ဇွန် - ၂၀**
ဆွီဒင်နိုင်ငံတွင် လိင်မှုဆိုင်ရာပြစ်မှုများနှင့် အလိုရှိနေသော ဝီကီလိခ်တည်ထောင်သူ ဂျူလီယန်အက်ဆန်းသည် လန်ဒန်မြို့ရှိ အီကွေဒေါသံရုံးသို့သွားရောက်ကာ နိုင်ငံရေးခိုလှုံခွင့် တောင်းခံခဲ့ကြောင်း သိရသည်။

ဂျူလီယန်အက်ဆန်း (၄၀ နှစ်)သည်ကုလသမဂ္ဂလူ့အခွင့်အရေးကြေညာစာတမ်းအရ နိုင်ငံရေးခိုလှုံခွင့် တောင်းခံခြင်းဖြစ်ကြောင်းဂါးဒီးယန်း သတင်းစာကရေးသားဖော်ပြသည်။

"အီကွေဒေါသံရုံးကို သွားပြီးသံတမန်ကင်းလွတ်ခွင့်နဲ့နိုင်ငံရေးခိုလှုံမှု တောင်းခံခဲ့တယ်ဆိုတာကိုကျွန်တော်အတည်ပြုပြောကြားနိုင်ပါတယ်" ဟုဂျူလီယန်အက်ဆန်က ဂါးဒီးယန်းသတင်းစာအားပြောသည်။ ၎င်း၏လျှောက်ထားမှုအား အီကွေဒေါနိုင်ငံခြားရေးဝန်ကြီးဌာနသို့ ဆက်လက်ပေးပို့ထားပြီးဖြစ်ပြီး ၎င်း၏ လျှောက်ထားမှုအား လက်ခံစဉ်းစားပေးခြင်းအတွက် အီကွေဒေါအစိုးရနှင့် သံအမတ်ကြီးအား ကျေးဇူးတင်ပါကြောင်း ဂျူလီယန်အက်ဆန်းက ပြောကြားသည်။

အင်တာနက်ပေါ်တွင် သတိပေးခေါင်းလောင်းထိုးသူ ဂျူလီယန်အက်ဆန်းသည် အင်္ဂလန်နိုင်ငံတွင် အာမခံကြောင့် လွတ်လပ်နေပြီး ဆွီဒင်နိုင်ငံသို့ နယ်နှင်မည့်အရေးအတွက် တိုက်ပွဲဝင်နေရသည်။

ဂျူလီယန်အက်ဆန်း လာရောက်ခဲ့ကြောင်းနှင့် နိုင်ငံရေး ခိုလှုံခွင့်တောင်းခံခဲ့ကြောင်း အီကွေဒေါသံရုံးက အတည်ပြုပြောကြားသည်။ အီကွေဒေါနိုင်ငံခြားရေးဝန်ကြီး ရီကာဒိုပါတီနိုကလည်း ဂျူလီယန်အက်ဆန်းသည် သမ္မတရာဖဲလ်ကော်ရီယာထံ စာရေးသားပေးပို့ခဲ့ကြောင်း ပြောကြားသည်။

*—Ref: UPI*

# ဝန်ကြီးချုပ်သစ်နေရာအတွက် ချည်မျှင်နှင့် အထည်ဝန်ကြီးကို ပါကစ္စတန်သမ္မတ အဆိုပြု

**အစ္စလာမာဘတ်၊ ဇွန် - ၂၁**
ပါကစ္စတန်သမ္မတ အဆစ်အလီဇာဒါရီက ဝန်ကြီးချုပ်နေရာအတွက်ချည်မျှင်နှင့် အထည်ဝန်ကြီး မက်ဒွန်ရှာဟာဘုဒင်ကို ခန့်အပ်ရန်အဆိုပြုတင်ပြလိုက်ကြောင်း ပါကစ္စတန်နိုင်ငံပိုင် ရုပ်သံက ကြေညာသည်။


ပါကစ္စတန်တရားရုံးချုပ်က ယခင်ဝန်ကြီးချုပ် ယူဆွတ်ရာဇာဂီလာနီအား တရားရုံးကို မထေမဲ့မြင်မှုဖြင့် အစိုးရအဖွဲ့မှ ထုတ်ပယ်ခဲ့ပြီးနောက်ပိုင်း မစ္စတာဇာဒါရီမှာ ၎င်း၏ မဟာမိတ်များနှင့် အရေးပေါ်အစည်းအဝေးများ ပြုလုပ်ကာအများသဘောတူညီနိုင်မည့် ဝန်ကြီးချုပ်တစ်ဦး ရွေးချယ်ရန်ကြိုးပမ်းနေရသည်။

"ပါကစ္စတန်ပြည်သူ့ပါတီ၏ ပူးတွဲဥက္ကဋ္ဌလည်းဖြစ်သူ သမ္မတ အဆစ်အလီဇာဒါရီက ဝန်ကြီးချုပ်နေရာအတွက် မက်ဒွန်ရှာဟာဘုဒင်ကို အမည်စာရင်းတင်သွင်းလိုက်ပါတယ်"ဟု ပါကစ္စတန် ရုပ်သံက ပြောကြားခဲ့သည်။

ဝန်ကြီးချုပ်သစ်ရွေးချယ်နိုင်ရန်အတွက် ဇွန်လ ၂၂ ရက်တွင် လွှတ်တော်အစည်းအဝေး တစ်ရပ်ကျင်းပရန် သမ္မတဇာဒါရီက ညွှန်ကြားထားပြီး ဖြစ်သည်။

မစ္စတာရှာဟာဘုဒင်အနေဖြင့် သက်ဆိုင်သည့် စာရွက်စာတမ်းများကို ဇွန်လ ၂၁ ရက်တွင် တင်သွင်းသွားရမည် ဖြစ်သည်။

*—Ref: AFP*



7 DAY NEWS JOURNAL
Vol.11, No.16 • JUNE 28 , 2012



Photo: AFP

# အီဂျစ်ရွေးကောက်ပွဲ ရလဒ်များကြေညာရန် ရက်ရွှေ့ဆိုင်း

**ကိုင်ရို၊ ဇွန် - ၂၁**

ရာထူးမှ ထုတ်ပယ်ခံခဲ့ရသော သမ္မတမူဘာရက်နေရာတွင် မည်သူဆက်ခံမည်နည်းဟု တင်းမာမှုများမြင့်တက်နေစဉ်မှာပင် အီဂျစ်ရွေးကောက်ပွဲ ကော်မရှင်က ဇွန်လ ၂၁ ရက်တွင် ကြေညာရန် စီစဉ်ထားသော သမ္မတရွေးကောက်ပွဲရလဒ်များကို မကြေညာသေးဘဲ ရက်ရွှေ့ဆိုင်းလိုက်သည်။

တရားသူကြီး ဖာရွတ်ဆူလ်တန်ဦးဆောင်သော အီဂျစ်ရွေးကောက်ပွဲကော်မရှင်က ဒုတိယအကြိမ် သမ္မတရွေးကောက်ပွဲ ရလဒ်များကြေညာရေးကို ရက်ရွှေ့ဆိုင်းလိုက်ကြောင်း အစိုးရမီဒီယာသတင်းဌာနမှ ကြေညာခဲ့ပြီး မည်သည့် နေ့ရက်တွင် ကြေညာမည်ကိုလည်း မပြောကြားခဲ့ပေ။

ဒုတိယအကျော့ သမ္မတရွေးကောက်ပွဲကို ဇွန်လ ၁၆ နှင့် ၁၇ ရက်များတွင် ကျင်းပခဲ့ပြီး မွတ်ဆလင်ဘရားသားဟုဒ်အဖွဲ့မှ ဝင်ရောက်ယှဉ်ပြိုင်သူ မိုဟာမက်မော်စီနှင့် မူဘာရက်လက်ထက်ဝန်ကြီးချုပ်အာမက်ရှာဖစ်တို့ ထိပ်တိုက်တွေ့ခဲ့ပြီး နှစ်ယောက်စလုံးက ရွေးကောက်ပွဲအနိုင်ရရှိကြောင်း ကြေညာထားကြသည်။

မဲဆွယ်ချိန် စည်းကမ်းချိုးဖောက်မှုများနှင့် မဲရေတွက်မှု အငြင်းပွားမှုများနှင့် ပတ်သက်၍ ရွေးကောက်ပွဲ ပြိုင်ဘက်နှစ်ဦးစလုံး၏ ရှေ့နေများက တင်ပြထားမှုများကို ကြည့်ရှုစစ်ဆေးနေကြောင်း ရွေးကောက်ပွဲကော်မရှင်ကပြောကြားသည်။ ယင်းအတွက် နောက်ဆုံးရလဒ်များ မကြေညာမီအချိန်ပိုယူရမည်ဟု ရွေးကောက်ပွဲကော်မရှင်က ပြောသည်။

—*Ref: AFP*

# အီရန်နှင့် အင်အားကြီးနိုင်ငံများ ဆွေးနွေးပွဲ ထူးခြားမှုမရှိ

**မော်စကို၊ ဇွန် - ၂၀**

အီရန်ရေနံအပေါ် ပိုမိုတင်းကျပ်သော ပိတ်ဆို့တားဆီးမှုများ ချမှတ်မည်၊ စစ်ရေးအရပင် အရေးယူမှုရှိနိုင်သည်ဟူသော ခြိမ်းခြောက်မှုများရှိနေစဉ်မှာပင် မော်စကိုမြို့၌ ကျင်းပခဲ့သော အီရန်နှင့် ကမ္ဘာ့အင်အားကြီး နိုင်ငံများ၏ ဆွေးနွေးပွဲတွင် နှစ်ဖက်ရပ်တည်ချက်ကွာဟမှုများကို ကျဉ်းမြောင်းအောင်မလုပ်ဆောင်နိုင်ခဲ့ကြောင်း သိရသည်။

သို့သော် အီရန်ညှိနှိုင်းရေးအဖွဲ့နှင့် အီးယူနိုင်ငံခြားရေးပေါ်လစီအကြီးအကဲ ကက်သရင်းအအက်ရှ်တန် ဦးဆောင်သော ကမ္ဘာ့အင်အားကြီးနိုင်ငံများကြားတွင် ဆွေးနွေးမှုများ ဆက်လက်ပြုလုပ်ရန်ကိုမူ သဘောတူညီမှုရရှိခဲ့သည်။

အီရန်နိုင်ငံအား လေကြောင်းမှတိုက်ခိုက်ခြင်း မပြုဟု ပြောကြားရန် အမေရိကန်နှင့် အစ္စရေးနိုင်ငံတို့က အကြိမ်ကြိမ်ငြင်းဆန်ထားပြီး အီရန်သည် နျူလက်နက်များပိုင်ဆိုင်ရန် ကြိုးစားနေသည်ဟု အနောက်နိုင်ငံများက သံသယရှိနေစဉ်အတွင်း မော်စကိုမြို့ဆွေးနွေးပွဲမှာအရေးကြီးသော တွေ့ဆုံမှုအဖြစ် ရှုမြင်ခံရသည်။

နှစ်ဖက်ရပ်တည်ချက်များကြားတွင်သိသာထင်ရှားသောကွဲပြားခြားနားမှုများ ရှိနေသေးကြောင်း နှစ်ရက်ကြာဆက်တိုက် ပြုလုပ်ခဲ့သော ၉ နာရီကြာအစည်းအဝေးပြီးဆုံးချိန်တွင် အီးယူနိုင်ငံခြားရေးပေါ်လစီအကြီးအကဲ မစ္စကက်သရင်းအက်ရှ်တန်က ပြောကြားသည်။

အီရန်နိုင်ငံအနေဖြင့် ယူရေနီယမ်သတ္တုအား ၂၀ ရာခိုင်နှုန်းအထိ သန့်စင်နေခြင်းကို ရပ်တန့်ရန် ကမ္ဘာ့အင်အားကြီး နိုင်ငံများက ထပ်မံတောင်းဆိုခဲ့ကြောင်း မစ္စအက်ရှ်တန်က ပြောကြားသည်။

—*Ref: AFP*



7 DAY NEWS JOURNAL
# International
Vol.11, No.16 • JUNE 28 , 2012

## ယူရိုငွေ နိုင်ငံများ ကျောနှင့် နံရံကပ်နေပြီဟု ကမ္ဘာ့ထိပ်သီးနိုင်ငံများ သတိပေး

**ဘရပ်ဆဲလ်၊ ဇွန် - ၂၅**
ကြီးမားကျယ်ပြန့်သော စီးပွားရေးပြိုလဲပျက်စီးမှုကို ရှောင်လွှဲနိုင်ရန် တစ်ကမ္ဘာလုံးက ဖိအားပေးနေစဉ်မှာပင် ဥရောပသမဂ္ဂခေါင်းဆောင်များသည် ယခုရက်သတ္တပတ်အတွင်း အလွန်အရေးကြီးသောထိပ်သီးဆွေးနွေးပွဲအတွက် ဘရပ်ဆဲလ်မြို့တွင် စုဝေးကြမည်ဖြစ်သည်။

ယင်းမတိုင်မီ လပေါင်းများစွာကပင်ဥရောပသမဂ္ဂဥက္ကဋ္ဌဖြစ်သူ ဟာမန်းဗန်ရွှန်ပေးက ယူရိုငွေကြေးသုံးစွဲနေသော ယူရိုဇုန်သည် **ကျောနှင့်နံရံ ကပ်နေပြီ၊ ကျောက်ဆောင်အစွန်းတစ်ခုရောက်နေပြီလည်ပင်းဓားထောက်ခံထားရပြီ**စသည့်စကားလုံးအသုံးအနှုန်းများဖြင့် သတိပေးခဲ့သည်။

ထိုအချိန်မှစ၍ ၂နှစ်အတွင်းမှာပင် ဥရောပအကျပ်အတည်းမှာ ပိုမိုဆိုးရွာလာခဲ့ရာ ဂရိ၊ ပေါ်တူဂီနှင့် အိုင်ယာလန်နိုင်ငံတို့အားငွေရေးကြေးရေးအရ ကယ်ဆယ်ပြီးချိန်မှာပင် ဥရောပငွေကြေး

စာ(၄၅)သို့


Photo: Getty Images

## အီဂျစ်နိုင်ငံသား အားလုံးအတွက် ခေါင်းဆောင်သွားမည်ဟု အီဂျစ်သမ္မတသစ် ပြောကြား

**ကိုင်ရို၊ ဇွန် - ၂၅**
အီဂျစ်နိုင်ငံ၏ သမ္မတအဖြစ် ပထမဦးဆုံးရွေးချယ်ခံရသော အစ္စလမ်ဝါဒီ မိုဟာမက်မော်စီက ၎င်းအနေဖြင့် အီဂျစ်နိုင်ငံသားအားလုံးအတွက် ဦးဆောင်သူဖြစ်လာလိမ့်မည်ဟု ပြောကြားခဲ့ပြီး အမျိုးသားစည်းလုံးညီညွတ်ရေးအတွက် ဆက်လက်တိုက်တွန်းပြောကြားခဲ့သည်။

"ကျွန်တော်ဟာ အီဂျစ်နိုင်ငံသားအားလုံးရဲ့ သမ္မတဖြစ်ပါလိမ့်မယ်"ဟု ဒုတိယအကျော့ မဲဆွဲဆုံးဖြတ်မှုအပြီး သမ္မတဟောင်းဟိုစနီမူဘာရက်လက်ထက်က ဝန်ကြီးချုပ်ဖြစ်ခဲ့သော အာမက်ရှာဖစ်အပေါ် အနိုင်ရရှိခဲ့ပြီး သမ္မတအဖြစ် ခန့်အပ်ခံရသော မိုဟာမက်မော်စီက ပြောကြားသည်။

မစ္စတာမိုဟာမက်မော်စီက အမျိုးသားစည်းလုံးညီညွတ်ရေးအတွက် အီဂျစ်နိုင်ငံသားများအားတိုက်တွန်းလိုက်ပြီး အမျိုးသားစည်းလုံးညီညွတ်ခြင်းဖြင့်သာ ယခုအကျပ်အတည်းများမှ ထွက်ပေါက်ရှာတွေ့နိုင်မည်ဟု ၎င်းက ပြောကြားသည်။ ရွေးကောက်ပွဲတွင် မစ္စတာမော်စီက ထောက်ခံမဲ ၅၁ ဒသမ ၇၃ ရာခိုင်နှုန်းရရှိခဲ့သည်။

စာ(၄၅)သို့

## နျူကလီးယား အဟန့်အတား တိုးမြှင့်မည်ဟု မြောက်ကိုရီးယားကြုံးဝါး

**ဆိုးလ်၊ ဇွန် - ၂၅**
တင်းမာမှုများရှိသော နယ်စပ်ဒေသတွင် အမေရိကန်နှင့် တောင်ကိုရီးယားတပ်ဖွဲ့များ စစ်ရေးလေ့ကျင့်နေခြင်းကို ရန်စခြင်းဟု မြောက်ကိုရီးယားနိုင်ငံက ရှုတ်ချလိုက်ပြီး ၎င်း၏ နျူကလီးယားအဟန့်အတားကို မြှင့်တင်သွားမည်ဟု မြောက်ကိုရီးယားနိုင်ငံပိုင်မီဒီယာက ပြောကြားသည်။

ကိုရီးယားကျွန်းဆွယ်တွင် တင်းမာမှုများရှိနေစဉ်မှာပင် မြောက်ကိုရီးယား၏ တိုက်ခိုက်မှုမှန်သမျှကို တုံ့ပြန်နိုင်ရန် အမေရိကန်နှင့် တောင်ကိုရီးယားနိုင်ငံတို့က ကျည်ဆန်အစစ်များဖြင့် ပစ်ခတ်၍ စစ်ရေးလေ့ကျင့်လျက်ရှိသည်။ ယင်းလေ့ကျင့်မှုတွင် တင့်ကားများ၊ စစ်လေယာဉ်များနှင့် တိုက်ခိုက်ရေး ရဟတ်ယာဉ်များပါပါဝင်သည်။ ကိုရီးယားစစ်ပွဲဖြစ်ပွားခြင်း ၆၂ နှစ်မြောက် နှစ်ပတ်လည်အထိမ်းအမှတ်အဖြစ် အမေရိကန်နှင့် တောင်ကိုရီးယားတို့သည်ပင်လယ်ဝါတွင်စစ်ရေးလေ့ကျင့်နေကြသည်။

စာ(၄၅)သို့

INTERVIEW

## "အချိန်က အနှစ်သာရပါပဲ"

### ကမ္ဘာ့ဘဏ်ဥက္ကဋ္ဌ ရောဘတ်ဇိုးလစ်နှင့် ယူရိုဘဏ္ဍာရေး အကျပ်အတည်းအကြောင်း မေးမြန်းခြင်း

စာ(၄၆)သို့


Photo: AFP

NEWS ANALYSIS



## ဂရိနိုင်ငံမှ "အာလူးလှုပ်ရှားမှု"

စာ(၃၆)သို့

## တိုက်လေယာဉ်ပစ်ချခံရပြီးနောက် တူရကီက နေတိုးအဖွဲ့ အစည်းအဝေးခေါ်ယူ

**အန်ကာရာ၊ ဇွန် - ၂၅**
ဇွန်လ ၂၂ ရက်တွင် ဆီးရီးယားနိုင်ငံက တူရကီတိုက်လေယာဉ်တစ်စီးအား ပစ်ချခဲ့ခြင်းအတွက် ၎င်းတို့၏ တုံ့ပြန်မှုအကြောင်းဆွေးနွေးရန် တူရကီနိုင်ငံက နေတိုးအဖွဲ့ဝင်နိုင်ငံများနှင့် အစည်းအဝေးတစ်ရပ်ခေါ်ယူလိုက်သည်။

တူရကီနိုင်ငံက နေတိုးတပ်ဖွဲ့၏ ပဋိညာဉ်အချက်(၄)ကို ကိုးကား၍ ယင်းအချက်အရ မဟာမိတ်အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအနေဖြင့် ၎င်းတို့နိုင်ငံ၏ လုံခြုံရေး ခြိမ်း


Photo: Reuters

ခြောက်ခံရသည်ဟု ခံစားရပါက အစည်းအဝေးတစ်ရပ် ခေါ်ယူနိုင်ကြောင်း ဖော်ပြထားသည်ဟု အရာရှိများက ပြောသည်။

စောစောပိုင်းတွင်လည်းတူရကီနိုင်ငံခြားရေးဝန်ကြီးက ပစ်ချခံရသော F-4 Phantom တိုက်လေယာဉ်သည်နိုင်ငံတကာလေကြောင်းပိုင်နက်အတွင်းရှိနေကြောင်းပြောကြားသည်။ ဆီးရီးယားနိုင်ငံကမူ အဆိုပါလေယာဉ်သည် ဆီးရီးယားလေကြောင်း ပိုင်နက်အတွင်းဝင်ရောက်ခဲ့သည်ဟု အခိုင်အမာ ပြောကြားသည်။

ထို့အပြင် ဆီးရီးယားနိုင်ငံဘက်မှ ရန်လိုသော ရည်ရွယ်ချက်မရှိခဲ့ကြောင်း

စာ(၄၅)သို့



၇ ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL အချပ်ပို
Vol.11, No.16 • JUNE 28 , 2012

# လွှတ်တော်အစည်းအဝေး တက်ရောက်ဆွေးနွေးရန် NLD ပြင်ဆင်ထားပြီ

**အိဖြူလွင်**

**ရန်ကုန်၊ ဇွန်-၂၅**

အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီက ဇူလိုင်လတွင် ပြန်လည်ကျင်းပမည့် လွှတ်တော်စတုတ္ထပုံမှန်အစည်းအဝေးများ၌ ဆွေးနွေးမည့် အကြောင်းအရာများကို ပြင်ဆင်ထားပြီဖြစ်ကြောင်း ဗဟိုအလုပ်အမှုဆောင်တစ်ဦးဖြစ်သူ ဦးအုန်းကြိုင်က 7Day News သို့ ပြောသည်။

စတုတ္ထပုံမှန် အစည်းအဝေးတွင် တင်ပြမည့် အကြောင်းအရာများ၌ လွှတ်တော်နှင့် တိုက်ရိုက်သက်ဆိုင်သည့် အဆိုနှစ်ခု ပါဝင်မည်ဖြစ်ပြီး လွှတ်တော်တွင် ဥပဒေကြမ်းများ တင်သွင်းပါက ပြည်သူလူထုအား ဥပဒေကြမ်း၌ ပါရှိသည့် အချက်များကို ကြို၍ အသိပေးရန် စသည့် အကြောင်းအရာများလည်းပါဝင်မည်ဟု ဦးအုန်းကြိုင်က ပြောကြားသည်။

အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီက ယခုအစည်းအဝေးအတွက် လွှတ်တော်နှင့် သက်ဆိုင်သော အဆိုပြုချက်များအပြင် အခြားအလုပ်သမားနှင့် လယ်သမားကဏ္ဍများနှင့် သက်ဆိုင်သည့် အဆိုပြုချက်များကိုပြင်ဆင်ထားပြီး ဖြစ်သော်လည်း ပါတီဥက္ကဋ္ဌ၏ သဘောတူညီချက်နှင့် အခြားကိုယ်စားလှယ်များက ဝိုင်းဝန်းဆွေးနွေး၍ မည်သည့် အကြောင်းအရာများ ဆွေးနွေးမည်ကို ဆုံးဖြတ်မည်ဖြစ်ကြောင်း သိရသည်။



NLD **လွှတ်တော်ကိုယ်စားလှယ်များ ကျမ်းသစ္စာကျိန်ဆိုစဉ်**

ဓာတ်ပုံ - သီဟ

ကြားဖြတ်ရွေးကောက်ပွဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ အနိုင်ရအမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသိမ်းဆွေက "ကျွန်တော်တို့မှာ တင်ပြချင်တာ ဆွေးနွေးချင်တာလေးတွေတော့ ရှိတယ်။ သားငါးကဏ္ဍတို့၊ လယ်ယာကဏ္ဍတို့မှာပေ့ါ။ ဒါပေမဲ့ လွှတ်တော်လုပ်ထုံးလုပ်နည်းတွေနဲ့ ပတ်သက်ပြီး ကျွန်တော်တို့က အကျွမ်းတဝင်မရှိသေးတဲ့အတွက် အဖွဲ့ချုပ်မှာဥပဒေပညာရှင်တွေနဲ့ အားလုံးပြန်တိုင်ပင်ရပါမယ်။ အခုချိန်ထိတော့ ကျွန်တော်တို့ကို အဖွဲ့ချုပ်က ညွှန်ကြားထားတာမျိုး မရှိသေးပါဘူး" ဟု ပြောကြားခဲ့သည်။ ဇူလိုင်လတွင် ကျင်းပမည့် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးများသည် ပထမဆုံး အနေဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပါတီအမတ်များက မေးခွန်းများ၊ အဆိုများ၊ ဥပဒေများ ဆွေးနွေးမည့်အစည်းအဝေးဖြစ်သည်။

ထိုအစည်းအဝေးတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၏ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးတင်ပြမည့်အကြောင်းအရာများကို ပါတီ၏ သဘောတူညီမှုဖြင့် လွှတ်တော်တွင် ဆွေးနွေးမည်ဟု ဗဟိုအလုပ်အမှုဆောင် တစ်ဦးက ပြောကြားသည်။

အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ သို့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အနေဖြင့်ဝင်ရောက်ခဲ့သူ ဒေါက်တာမြတ်ဉာဏစိုးက "အခုချိန်မှာတော့ ပါတီက ညွှန်ကြားတာမရှိသေးပါဘူး။ ကျွန်တော်အနေနဲ့တော့ ပုံမှန်လေ့လာနေတာတွေနဲ့ ပြင်ဆင်စရာတွေကို ပြင်ဆင်ထားတာတော့ ရှိပါတယ်" ဟု ပြောကြားသည်။

# ဦးမြတ်ခိုင် အာမခံရ

**အေးသူစံ၊ ခိုင်ချို**

**ရန်ကုန်၊ ဇွန် ၂၅**

လျှပ်တစ်ပြက်ဂျာနယ် အယ်ဒီတာချုပ်ဦးမြတ်ခိုင်အား ပုဇွန်တောင်မြို့နယ် အုပ်ချုပ်ရေးမှူးက ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၅၀၅ (ခ) (ဂ) ဖြင့် တရားစွဲဆိုထားခြင်းကို ဇွန်လ ၂၅ ရက်နေ့က ပုဇွန်တောင်မြို့နယ် တရားရုံးတွင် စတင်စစ်ဆေးခဲ့ရာ အယ်ဒီတာချုပ် ဦးမြတ်ခိုင်မှာ ကျန်းမာရေး အခြေအနေကြောင့် အာမခံရရှိခဲ့ကြောင်း သတင်းရရှိသည်။

အဆိုပါအာမခံကို အလင်္ကာဝတ်ရည်တီးဝိုင်းမှ ဦးမောင်မောင်အေးနှင့် အငြိမ်းစားသံအမတ်ကြီး စာရေးဆရာမောင်ဆွေသက်တို့က နှစ်ဦးပေါင်း၍ ကျပ်သိန်းလေးထောင်ဖြင့် ၎င်းတို့နှစ်ဦး၏ အိမ်ဂရန်များကို အပေါင်ပစ္စည်းအဖြစ် တရားရုံးသို့ တင်ပြခဲ့ခြင်းဖြစ်ပြီး တရားရုံးမှ ကျပ်သိန်းနှစ်ထောင်စီဖြင့် လက်ခံခဲ့ကြောင်း ဦးမြတ်ခိုင်ကပြောသည်။

"အာမခံပေးလိုက်တဲ့အမိန့်ပေါ်မှာ တရားစီရင်ရေးမှုတစ်ခုဖြစ်တဲ့ အပြစ်ရှိခြင်း၊ မရှိခြင်း မစဉ်းစားဘဲနဲ့ အာမခံပေးလို့မရတဲ့ပြစ်မှုလို့ သတ်မှတ်ပေမယ့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၉၇ အရ ခြွင်းချက်ထဲမှာ ၁၆ နှစ်အောက်ဖြစ်ရင်၊ အမျိုးသမီးဖြစ်ရင်၊ မကျန်းမာမသန်စွမ်းမှုဖြစ်ရင်အာမခံပေးလို့ရတယ်ဆိုတဲ့ဥပဒေပါပြဋ္ဌာန်းချက်ကို ဦးမြတ်ခိုင်ခံစားခွင့်ရတဲ့အတွက် ဝမ်းသာပါတယ်"ဟုဦးမြတ်ခိုင်ဘက်မှ လိုက်ပါဆောင်ရွက်မည့် တရားလွှတ်တော်ရှေ့နေဦးသိန်းညွှန့်ပြောသည်။ ဦးမြတ်ခိုင်အား စွဲဆိုထားသောပုဒ်မမှာ ယေဘုယျအားဖြင့် အာမခံပေးလေ့ပေးထ နည်းပါးသောပုဒ်မဖြစ်နေပြီး ဦးမြတ်ခိုင်ဘက်မှ ဆေးစာနှင့်အတူ အာမခံလျှောက်ထားချိန်တွင် တရားလိုဘက်မှ ကန့်ကွက်မှုများ ရှိခဲ့သော်လည်း တရားသူကြီးကဦးမြတ်ခိုင်အား အာမခံပေးခဲ့ခြင်း အပေါ် ကျေနပ်မိကြောင်း ဦးသိန်းညွှန့်က ပြောသည်။

လျှပ်တစ်ပြက်ဂျာနယ် အတွဲ (၃)၊ အမှတ် (၉၁) တွင် ဖော်ပြခဲ့သော ရခိုင်ပြည်နယ်၊ ကျောက်နီမော်ကျေးရွာမှ မသီတာထွေး အသတ်ခံရမှုနှင့် ပတ်သက်သည့် သတင်းဓာတ်ပုံမှာ စာပေစိစစ်ရေးသို့တင်ပြခဲ့ခြင်းမရှိခဲ့သည့်အပြင် ဓာတ်ပုံအားပုံကြီးချဲ့ဖော်ပြခဲ့ခြင်းကြောင့် စာပေစိစစ်နှင့် မှတ်ပုံတင်ဌာနမှ ဇွန်လ ၁၁ နေ့တွင် ဂျာနယ်အား ထုတ်ဝေခွင့် ယာယီရပ်ဆိုင်းခဲ့ပြီး ဇွန်လ ၁၉ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ညွှန်ကြားချက်အရ ပုဇွန်တောင်မြို့နယ် အုပ်ချုပ်ရေးမှ တရားလိုပြုလုပ်၍ လျှပ်တစ်ပြက်ဂျာနယ် အယ်ဒီတာချုပ် ဦးမြတ်ခိုင်အား ပုဇွန်တောင်မြို့နယ် တရားရုံးတွင် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၅၀၅(ခ)(ဂ) တို့ဖြင့် တရားစွဲဆိုခဲ့ခြင်းဖြစ်သည်။

လျှပ်တစ်ပြက် ဂျာနယ်၏ ရုံးချိန်းကို ဇွန်လ ၂၉ ရက်နေ့၊ နံနက် ၁၁ နာရီတွင် ထပ်မံချိန်းဆိုထားပြီး ယင်းနေ့တွင် တရားလိုကို စတင်စစ်ဆေးမည်ဟုသိရသည်။ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၅၀၅(ခ) (ဂ) မှာ အမြင့်ဆုံးပြစ် ဒဏ်အဖြစ် ထောင်ဒဏ်နှစ်နှစ်၊ ဒဏ်ငွေ၊ သို့မဟုတ်ပါက ဒဏ်နှစ်ရပ်လုံး ကျခံရမည်ဖြစ်ကြောင်း ဥပဒေအကြံပေးဦးသိန်းသန်းဦး၏ ပြောကြားချက်အရ သိရသည်။

# ရဲမှုထမ်းဟောင်းအဖွဲ့ ဖွဲ့စည်းရန်စီစဉ်

**ချယ်ရီမြင့်**

**ရန်ကုန်၊ ဇွန် - ၂၅**

ပြည်တွင်းရှိရဲဝန်ထမ်းဟောင်းများ၏ သဘောတူညီမှုဖြင့် ရဲမှုထမ်းဟောင်းအဖွဲ့ ဖွဲ့စည်းရန် ဆောင်ရွက်လျက်ရှိကြောင်း ရဲဝန်ထမ်းဟောင်းတစ်ဦးဖြစ်သည့် ဒုရဲအုပ်ကျော်ဇင်က ပြောကြားသည်။

ထိုအဖွဲ့အစည်းတည်ထောင်ရန် ရွှေတိဂုံစေတီတော် တောင်ဘက်မုခ်ရှိ ရဲဓမ္မာရုံ၌ ၂၀၁၂ ဇွန် ၂၄ ရက် နေ့လယ် ၁၂နာရီခန့်က ပြုလုပ်သောအစည်းအဝေးသို့ ရဲဝန်ထမ်းဟောင်း ၁၅၃ဦး တက်ရောက်ခဲ့သည်။

"စစ်မှုထမ်းဟောင်းအသင်းရှိသလို ရဲမှုထမ်းဟောင်းအဖွဲ့ဆိုပြီးရည်ရွယ်ဖွဲ့တာပါ။ ရဲမှုထမ်းဟောင်းအဖွဲ့မှာ အမှုဆောင်တွေရှိမယ်။ ပြည်ထဲရေးမှာတင်ထားပြီးပြီ။ ဥက္ကဋ္ဌတို့၊ အမှုဆောင်တွေရွေးပြီးရင် ပြည်ထဲရေးက ချပေးမယ်" ဟု ရဲဝန်ထမ်းဟောင်းတစ်ဦးက ပြောသည်။

အဆိုပါ အသင်းအတွက် ဥက္ကဋ္ဌနှင့် အခြားအဖွဲ့ဝင်များကို ရဲဝန်ထမ်းဟောင်းများ၏ထောက်ခံမှုဖြင့် စီအိုင်ဒီရဲမှူးကြီးဟောင်း ဦးမောင်မောင်သန်းအား ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ရဲမှူးကြီးစန်းနိုင် (ငြိမ်း) နှင့် ရဲမှူးကြီး တင်ဦး (ငြိမ်း)တို့အား ဒုဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ဒုရဲမှူးကြီးတိုးမြင့်(ငြိမ်း) အား အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ တွဲဖက်အတွင်းရေးမှူးအဖြစ် အငြိမ်းစားဒုရဲမှူးခင်မောင်သိန်းနှင့် ဒုရဲမှူး စိုးသိန်းတို့အား တင်မြှောက်ထားသည်။

"ဒီရဲမှုထမ်းဟောင်းအဖွဲ့မှာ အမှုဆောင်ကို ၁၅ ဦးလို့ သတ်မှတ်ထားပေမယ့် တကယ်ဖွဲ့တဲ့အချိန်မှာ ၁၉ ဦးဖြစ်သွားတယ်။ နောက်တော့ပြန်ပြင်ရမယ်"ဟု ဦးမောင်မောင်သန်းကပြောသည်။

လက်ရှိတွင် ယင်းအဖွဲ့အစည်း၌ အဖွဲ့ဝင် ၂၀ ကျော်ရှိပြီး ရဲမှုထမ်းဟောင်းအဖွဲ့၏ ရည်ရွယ်ချက်၊ စည်းကမ်းများကို လာမည့် ဇူလိုင်လ ၁ ရက်နေ့ အစည်းအဝေးတွင် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

"အရင်က ဖွဲ့တဲ့ စစ်မှုထမ်းဟောင်းများအဖွဲ့မှာ ပြည်သူကို အကျိုးပြုတဲ့လုပ်ငန်းတွေဆောင်ရွက်တာ သိသာထင်ရှားမှုမရှိဘူး။ ကျွန်တော်နေတဲ့ အနားက ၁၆ ကွေ့မှာ အဲဒီထိပ်ကခြံကို စစ်မှုထမ်းဟောင်းအပိုင်ခြံဆိုပြီး အရက်ဆိုင်ဖွင့်လိုက်တယ်။ အခုကားမှတ်တိုင်ကို ၁၆ ကွေ့လို့တောင် မခေါ်ကြတော့ဘူး။ အရက်ဆိုင်နာမည်ကိုပဲ တပ်ခေါ်ကြတယ်"ဟု ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင်ကိုမင်းကိုနိုင်က ပြောကြားသည်။

လမ်းစဉ်ပါတီခေတ်တွင် စစ်မှုထမ်းဟောင်းများအဖွဲ့ကို ဖွဲ့စည်းခဲ့ပြီး ယင်းအဖွဲ့သည် စာအုပ်ရောင်းခြင်း၊ ဓာတ်ပုံရောင်းခြင်း၊ နည်းအမျိုးမျိုးဖြင့် ကျေးလက်ဒေသများ၌ ရန်ပုံငွေရှာခဲ့ကြသည်။

"ကျွန်တော်တို့ ရဲမှုထမ်းဟောင်းအဖွဲ့က ရန်ပုံငွေတော့ ရှာမှာပါ။ ငွေကြေးမရှိဘဲနဲ့ ဘယ်လိုမှရပ်တည်လို့မရပါဘူး။ ဒီအသင်းဝင်တွေရဲ့ မိသားစု နာရေး၊ ပညာရေးတို့ ထောက်ပံ့ပေးမယ်။ ပြည်ထဲရေးရုံးနဲ့ ရဲချုပ်ရုံးကိုတင်ပြမယ်။ ကျွန်တော်တို့အဖွဲ့ကို ငွေအားနဲ့ ကူညီပံ့ပိုးဖို့ပြောရမယ်"ဟု ဦးမောင်မောင်သန်းကပြောသည်။

ယင်းအဖွဲ့အစည်းသည် ရဲဝန်ထမ်းဟောင်းများ အကျိုးအတွက် ဖွဲ့စည်းသောအသင်းဖြစ်ကာ လူမှုရေးလုပ်ငန်းဆောင်ရွက်မည့်အဖွဲ့ဖြစ်သည်ဟု ရဲဝန်ထမ်းဟောင်းတစ်ဦးကပြောသည်။

ထိုသို့ ဖွဲ့စည်းရာ၌ အဖွဲ့ဝင်များကို အမှန်တကယ် အသင်းအတွက် လုပ်ဆောင်နိုင်မည့်သူများကိုခန့်အပ်ရန်လိုအပ်ပြီး ရဲဝန်ထမ်းဟောင်းများ သိက္ခာရှိစွာရပ်တည်နိုင်ရန်အတွက် စည်းကမ်းချက်များ ရေးဆွဲရန်လိုအပ်ကြောင်း ရဲမှူးစိုးမြင့် (အငြိမ်းစား)ကပြောသည်။

"ရဲဝန်ထမ်းဟောင်းတွေအတွက် အပြန်အလှန်ကူညီရေး၊ အဖွဲ့အစည်းတစ်ခုအဖြစ် နိုင်ငံတော်အကျိုးပြုမယ်ဆိုရင်တော့တကယ် ကောင်းတဲ့အဖွဲ့တစ်ခုပေ့ါ။ ပြည်သူအတွက် အကျိုးရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ အခုဆိုရင် ဒီမိုကရေစီအသွင်ကူးပြောင်းနေတဲ့အချိန်မှာ ပါတီစုံအဖွဲ့အစည်းတွေပေါ်ပေါက်နေတဲ့အတွက် တစ်စုံတစ်ရာကို အရောင်ဆိုးမယ်ဆိုရင် မသင့်တော်ပါဘူး။ အားလုံးနဲ့ တစ်စုတစ်စည်းတည်း ရပ်တည်မယ်ဆိုရင်ကောင်းပါတယ်။ ခုလောလောဆယ်မှာ စစ်မှုထမ်းဟောင်းအဖွဲ့ကတော့ အကြီးမားဆုံးအဖွဲ့လိုဖြစ်နေတယ်"ဟုပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခိုင်မောင်ရည်ကပြောကြားသည်။

၁၉၅၅ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်တွင် ရဲအုပ်ကြီး အငြိမ်းစား ဦးဘသွန်း စတင်တည်ထောင်ဖွဲ့စည်းခဲ့သော ရဲပုညကုသလ အငြိမ်းစားဝန်ထမ်းအဖွဲ့သည် ဘာသာရေးလုပ်ငန်းများကို အဓိကလုပ်ဆောင်ကာ ယင်းအဖွဲ့တွင် ၂၀၀၄ ခုနှစ်မှစ၍ ဥက္ကဋ္ဌအဖြစ် ဦးခင်မောင်ဝင်းက တာဝန်ယူ၍ အသင်း၏ လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး ဗဟိုအမှုဆောင်အဖွဲ့ဝင် ၂၅ ဦးရှိသည်။

7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.11, No.16 • JUNE 28 , 2012



မြဝတီမြို့ဘက်မှ ထိုင်းနိုင်ငံဘက်အခြမ်းဖြစ်သော မဲဆောက်သို့ ကူးသွားသော မြန်မာနိုင်ငံသားအချို့ကို တွေ့ရစဉ်

Photo: EPA

# ထိုင်းသို့အလုပ်သွားရောက်လုပ်ကိုင်ရန် မြဝတီတွင် စောင့်ဆိုင်းနေသော အလုပ်သမား သောင်းဂဏန်းရှိလာ

**အောင်သူရ**

**ရန်ကုန်၊ဇွန်-၂၂**

ထိုင်း-မြန်မာနယ်စပ်ရှိ မြဝတီမြို့တွင် ထိုင်းနိုင်ငံသို့ တရားဝင်သွားရောက်အလုပ်လုပ်ကိုင်ရန် စောင့်ဆိုင်းနေသော လုပ်သားပေါင်း သောင်းဂဏန်းခန့်ထိ ရှိလာနေပြီဖြစ်ကြောင်း သတင်းရရှိသည်။

"အဓိကကတော့ ခေါ်တာနဲ့ သွားတာ တစ်နေ့ကို ဘတ်သုံးရာ ပေးရမယ်လို့ ထိုင်းအစိုးရက သတ်မှတ်လိုက်တယ်"ဟု ပြည်ပအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

"အေဂျင်စီကနေသွားရင်တစ်နေ့ကို ဘတ် ၂၃၀ လောက်ပဲရတယ်။ ပွဲစားနဲ့ ကယ်ရီနဲ့ သွားရင် ဘတ် ၃၀၀ လောက်ရတော့ ပွဲစားကနေပဲ သွားကြတယ်။ သူတို့ကတော့ အများကြီး မခေါ်နိုင်ဘူး" ဟုမြဝတီမြို့ခံတစ်ဦးကပြောသည်။

ပွဲစားများမှတစ်ဆင့် ဘန်ကောက်သို့သွားပါက တစ်ဦးလျှင် မြန်မာကျပ်ငွေငါးသိန်းခွဲခန့်နှင့် ညီမျှသောထိုင်းဘတ်ငွေပေးဆောင်ရပြီး အေဂျင်စီမှ တရားဝင်သွားပါက မြန်မာကျပ်ငွေသုံးသိန်း လက်ငင်းပေးရကာ တစ်လလျှင် ဘတ်တစ် ထောင်နှုန်းဖြင့် ၁၀ လ အဖြတ်ခံရသည်ဟု အဆိုပါမြို့ခံကပြောသည်။

လယ်ယာလုပ်ငန်းတွက်ခြေမကိုက်တော့သည့် အချိန်မှစ၍ ထိုင်းနိုင်ငံသို့ သွားရောက်သူ တဖြည်းဖြည်းမြင့်တက်လာခဲ့ပြီး ယခုနှစ်မိုးမေလဆန်းမှစ၍ သိသိသာသာတိုးတက်လာခဲ့သည်ဟုသတင်းရရှိသည်။

ထိုင်းအစိုးရနှင့် မြန်မာအစိုးရတို့ ညှိနှိုင်းပြီး မှတ်ပုံတင်ပြီးသား မြန်မာလုပ်သားများအား ယာယီနိုင်ငံကူးလက်မှတ် ထုတ်ပေးရန် ဒီဇင်ဘာလကုန်ထိ သက်တမ်းတိုးပေးခဲ့သည်။

သက်ဆိုင်ရာက ပြုစုထားသော စာရင်းအရ ထိုင်းနိုင်ငံတွင် သွားရောက် အလုပ်လုပ်ကိုင်နေသောမြန်မာလုပ်သားနှစ်သန်းခန့် ရှိကြောင်း သိရှိရသည်။

# လုပ်ငန်းရှင် ဇနီးမောင်နှံနှစ်ဦးကို အီလက်ထရွန်နစ်ပုဒ်မဖြင့် အမှုဖွင့်

**ချယ်ရီမြင့်**

**ရန်ကုန်၊**

**ဇွန် - ၂၁**

ပြည်ပသို့ နိုင်ငံရေးနှင့်ပတ်သက်သောအချက်အလက်များ အင်တာနက်မှ တရားမဝင်ပို့သည့်အတွက် အီလက်ထရွန်နစ်ပုဒ်မဖြင့် မင်္ဂလာတောင်ညွန့်မြို့နယ်နေ လုပ်ငန်းရှင်တစ်ဦးနှင့် ဇနီးအား ဇွန်လ ၁၆ ရက်က ခေါ်ယူစစ်ဆေးလျက်ရှိသည်။

မင်္ဂလာတောင်ညွန့်မြို့နယ်နေ လုပ်ငန်းရှင် ဦး--- နှင့် INGO တစ်ခုတွင်လုပ်ကိုင်နေသောမ--- တို့နေအိမ်အား ဝင်ရောက်ရှာဖွေရာတွင် အင်တာနက်ဖြင့် ဆက်သွယ်နိုင်သော ကွန်ပျူတာတစ်စုံကိုသိမ်းဆည်းရရှိခဲ့သည်။

ထို့ကြောင့် ဆက်လက်စစ်ဆေးရာ အီးမေးလ်ဖြင့်နိုင်ငံတော်နှင့်ပတ်သက်သည့်သတင်းအချက်အလက်များကို ခွင့်ပြုချက်မရှိဘဲ ပြည်ပအဖွဲ့အစည်းအား ပေးပို့နေကြောင်း စစ်ဆေးတွေ့ရှိရသည်ဟုဆိုသည်။

ယင်းကိစ္စနှင့်ပတ်သက်၍ တိုင်တန်းမှုကို မင်္ဂလာတောင်ညွန့်ရဲစခန်းက (ပ) ၅၄၀/၁၂၊ အီလက်ထရွန်နစ်ပုဒ်မ-၃၃(ခ)ဖြင့် ၂၀၁၂ ခုနှစ် ဇွန်လ ၁၆ရက်တွင် အမှုဖွင့်ပြီး စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်းသတင်းရရှိသည်။

# ကားမှုဝါဒသစ် ချမှတ်ပြီးနောက်ပိုင်း ယာဉ်မောင်းလိုင်စင် ဖြေဆိုသူများလာ

**အေးမြတ်သူ**

**ရန်ကုန်၊ဇွန်-၂၁**

ယာဉ်အိုယာဉ်ဟောင်းလဲလှယ်ခွင့်ပြုသည့် အစီအစဉ်နောက်ပိုင်းမှစ၍ ယာဉ်မောင်းလိုင်စင်ဖြေဆိုသူဦးရေ ယခင်ထက် နှစ်ဆနီးပါးမြင့်တက်လာခဲ့ကြောင်း ရန်ကုန်တိုင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးခွဲ (ရွာသာကြီး) မှ သတင်းရရှိသည်။

ယာဉ်အိုယာဉ်ဟောင်းလဲလှယ်ခဲ့သည့် အစီအစဉ်ပြုလုပ်ခဲ့သော ၂၀၁၁ စက်တင်ဘာ နောက်ပိုင်းမှစ၍ တစ်လလျှင်ယာဉ်မောင်းလိုင်စင်အတွက် ဖြေဆိုသူဦးရေ ၄,၀၀၀ မှ ၉,၀၀၀ ကျော်ထိရှိခဲ့ပြီး ယင်းအစီအစဉ် မတိုင်မီကာလ၌ တစ်လလျှင် ဖြေဆိုသူ ၂,၀၀၀ မှ ၄,၀၀၀ ကျော်သာရှိခဲ့ကြောင်း သတင်းရရှိသည်။

ပြီးခဲ့သည့် ၂၀၁၁ ၌ ယာဉ်မောင်းလိုင်စင် ဖြေဆိုသူဦးရေ ၅၃,၂၇၉ ဦးရှိခဲ့သည့်အနက် ၁၆,၂၀၀ ဦးအား လိုင်စင်ထုတ်ပေးခဲ့ပြီး ယခုနှစ် မေလအထိ ဖြေဆိုသူဦးရေ ၃၃,၀၇၉ ဦးရှိ၍ ၉,၈၉၄ ဦးတို့အား လိုင်စင်ထုတ်ပေးခဲ့ကြောင်း သိရသည်။

ရန်ကုန်မြို့၌ ယာဉ်တိုက်မှုများမှာလည်း ယခင်နှစ်များထက် ပိုများလာခဲ့ကာ ပြီးခဲ့သည့် ၂၀၁၁ တွင် ယာဉ်တိုက်မှုပေါင်း ၁,၁၆၉ မှ ဖြစ်ပွားခဲ့သည့်အနက် သေဆုံးသူ ၂၀၈ ဦး ရှိခဲ့သည်။ ယခု ၂၀၁၂ ဇွန်လ ၁၉ ရက်ထိ ယာဉ်တိုက်မှုပေါင်း ၅၇၀ ခုရှိသည့်အနက် သေဆုံးသူ ၁၄၂ ဦးရှိပြီး ဒဏ်ရာရရှိသူ ၈၉၁ ဦးရှိခဲ့ကြောင်း ကြီးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှူးရုံးမှ သတင်းရရှိသည်။

"ယာဉ်တွေကများလာတယ်။ အဲဒီတော့လမ်းတွေကျပ်လာတယ်။ ဒါကြောင့် ယာဉ်တိုက်မှုတွေက အရင်ထက်ပိုဖြစ်တာပေါ့" ဟု ကြီးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှူးရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ယာဉ်မောင်းလိုင်စင်ဖြေဆိုသူများအနေဖြင့် သင်မောင်းသက်တမ်း သုံးလပြည့်ရှိရမည်ဖြစ်ပြီး အသက် ၁၈ နှစ်ပြည့်ရမည်ဖြစ်ကာ ယာဉ်မောင်းသင်တန်းဆင်း လက်မှတ်တစ်ခုခုပါရှိရမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါသင်တန်းဆင်းလက်မှတ်အား ၂၀၀၈ ဖေဖော်ဝါရီလမှစ၍ ပူးတွဲတင်ပြရကြောင်း သတင်းရရှိသည်။

စမ်းသပ်စစ်ဆေးမှုအနေဖြင့် အဆင့်လေးဆင့် စမ်းသပ်ကာ ပထမအဆင့်တွင် အရောင်ကန်းစစ်ဆေးခြင်း(မီးနီ၊ မီးဝါ၊ ကိန်းဂဏန်းပုံစံ)၊ ဒုတိယအဆင့်တွင် ယာဉ်အတုဖြင့် စစ်ဆေးစမ်းသပ်ခြင်း၊ တတိယအဆင့်တွင်လက်တွေ့မောင်းနှင်မှု စစ်ဆေးခြင်းနှင့် စတုတ္ထအဆင့်တွင် လမ်းစည်းကမ်း၊ ယာဉ်စည်းကမ်း အချက်အလက်များ စစ်ဆေးခြင်းတို့ပါဝင်သည်။

# ရခိုင်ပြည်နယ် မတည်ငြိမ်မှုများက ရင်းနှီးမြှုပ်နှံမှုအတွက် အဟန့်အတားဖြစ်လာမည်ကို ပူပန်

**ပြည့်သိမ်း**

**ရန်ကုန်၊ ဇွန် - ၁၈**

ရခိုင်ပြည်နယ်တွင် ဖြစ်ပေါ်နေသော မတည်ငြိမ်မှုများ ကာလကြာရှည်လာပါက မြန်မာနိုင်ငံသို့ ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်မှုကို အဟန့်အတားဖြစ်မည်ကို ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်များ စိုးရိမ်နေကြသည်။

"တိုင်းပြည်တစ်ခုမှာ နိုင်ငံရေး၊ စီးပွားရေးတည်ငြိမ်မှုမရှိရင် ပြည်ပက စီးပွားရေးသမားတွေက စောင့်ကြည့်တဲ့အဆင့်မှာပဲရှိနေမှာ"ဟု ပို့ကုန်သွင်းကုန်လုပ်ငန်းရှင် ဒေါက်တာစိုးထွန်းကဆိုသည်။

ပြည်ပနိုင်ငံများသည်မြန်မာနိုင်ငံကို ယခင်က အကြမ်းဖက်မှုမရှိဘဲ တည်ငြိမ်သောနိုင်ငံဟု အသိအမှတ်ပြုထားသည်။ ထို့ကြောင့် ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ရန်အတွက် အခြေခံအချက်များဖြစ်သည့် လျှပ်စစ်မီး၊ အလုပ်သမားကိစ္စ၊ စီးပွားရေးပိတ်ဆို့မှုတို့ကိုသာအခြေခံပြီး စဉ်းစားသည်။ ယခုအခါ ရခိုင်အခြေအနေမျိုးပါ ပါဝင်စဉ်းစားလာနိုင်ကြောင်း လုပ်ငန်းရှင်အချို့ကဆိုသည်။

"ရခိုင်အခြေအနေကိုအစိုးရရဲ့ဖြေရှင်းမှုကို နိုင်ငံတကာက အသိအမှတ်ပြုတယ်။ လောလောဆယ်တော့ လက်လီဈေးကွက်မှာ ထိခိုက်မှုတချို့ရှိတယ်"ဟု လှိုင်သာယာစက်မှုဇုန်ဥက္ကဋ္ဌ ဦးမြတ်သင်းအောင်ကဆိုသည်။

ရခိုင်ပြည်နယ်သို့ ပို့ဆောင်ဆက်သွယ်ရေးလမ်းကြောင်းများ ရပ်နားမှုရှိခဲ့သဖြင့် ကုန်စည်စီးဆင်းမှု ရပ်တန့်ခဲ့သည်။ ရခိုင်ပြည်နယ်မြောက်ပိုင်းမှ ဝယ်ယူမှုမရှိသကဲ့သို့ ဒေသထွက်ကုန်များလည်း ရန်ကုန်ဈေးကွက်သို့ ဝင်ရောက်မှုမရှိပေ။

"ဘင်္ဂလားဒေ့ရှ်ကို ရန်ကုန်က မွေးမြူရေးငါး ငါးမြစ်ချင်းတင်ပို့မှုရပ်ထားရတယ်။ ငါးမြစ်ချင်းပြည်ပတင်ပို့မှုရဲ့ ၁၀ ရာခိုင်နှုန်းလောက်က ဘင်္ဂလားဒေ့ရှ်ကဝယ်တယ်"ဟု မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးဝင်းကြိုင်ကဆိုသည်။

မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ကုန်သွယ်ရေးမှာလည်း ပိတ်ထားသဖြင့် ရခိုင်ပြည်နယ်မှဒေသထွက်ကုန်များ ရောင်းချနိုင်ခြင်း မရှိပေ။ ဘင်္ဂလားဒေ့ရှ်၊ မြန်မာနှစ်နိုင်ငံ နယ်စပ်ကုန်သွယ်ရေးတွင် မြန်မာနိုင်ငံဘက်မှသာ ကုန်စည်အများစုတင်ပို့ကြသည်။

# စင်ကာပူအခြေစိုက် ယူအိုဘီဘဏ်မှ ဒေါ်လာသန်း ၂၀၀ ချေး၍ ဆန်စက်လုပ်ငန်း အဆင့်မြှင့်ရန်စီစဉ်

**ပြည့်သိမ်း**

**ရန်ကုန်၊ ဇွန် - ၂၃**

ဆန်စက်လုပ်ငန်းများ အဆင့်မြှင့်တင်ရန် စင်ကာပူအခြေစိုက် UOB (United Oversea Bank) ဘဏ်မှ ချေးငွေကန်ဒေါ်လာသန်း ၂၀၀ ရယူရန် ညှိနှိုင်းဆောင်ရွက်နေကြောင်း မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်းမှသတင်းရရှိသည်။

ပြည်တွင်းရှိဆန်စက်အများစုမှာ ခေတ်မီခြင်းမရှိသဖြင့် အရည်အသွေးကောင်း တန်းမြင့်ဆန်များ မကြိတ်ခွဲနိုင်ပေ။ ယင်းကြောင့် တန်းမြင့်ဆန်များ ပြည်ပဈေးကွက်သို့ တင်ပို့ရာတွင် တစ်ဖက်မှ ဝယ်သူနှင့်ပြန်လည်ညှိနှိုင်းရမှုများရှိသည်။ ဆန်စက်များကို တန်းမြင့်ဆန်များ ကြိတ်ခွဲနိုင်ရန် အဆင့်မြှင့်တင်မည်ဆိုပါကလည်း လုပ်ငန်းရှင်များအနေဖြင့် ငွေကြေးအရင်းအနှီးများစွာ စိုက်ရမည်ဖြစ်ကြောင်း ဆန်စက်လုပ်ငန်းကျွမ်းကျင်သူတစ်ဦးကရှင်းပြပါသည်။

"လောလောဆယ် ချေးငွေကိစ္စကတော့ ညှိနှိုင်းတုန်းပဲ။ UOB ဘဏ်က ဘဏ္ဍာ/အခွန်ဝန်ကြီးဌာနက အာမခံချက် တောင်းနေတယ်။ အာမခံချက်ရရင် ချေးငွေကိစ္စအဆင်ပြေမှာပါ"ဟုမြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်းမှ အထွေထွေအတွင်းရေးမှူးဦးရဲမင်းအောင်က ဆိုသည်။

အဆိုပါဘဏ်ချေးငွေကို ဆန်စပါးလုပ်ငန်းနှင့်ပတ်သက်၍ ဖွဲ့စည်းထားသည့် အများပိုင်ကုမ္ပဏီတစ်ခုဖြစ်သည့် Myanmar Agri-Business Public Corporation ကုမ္ပဏီမှ ချေးယူမည်ဖြစ်ကြောင်းသိရသည်။ အဆိုပါချေးငွေဖြင့်ဆိုလျှင် ဆန်စက်သစ်များ၊ ဖွဲနုစက်၊ စပါးခွံလျှပ်စစ်ဓာတ်အားထုတ်စက်၊ သိုလှောင်ရုံစသည်တို့ကိုတိုးချဲ့တည်ဆောက်ရန်စီစဉ်ထားကြောင်းသိရသည်။

7 DAY NEWS JOURNAL
Vol.11, No.16 • JUNE 28 , 2012



# ပရိသတ်အချို့ကြောင့် မြန်မာဘောလုံးအဖွဲ့ချုပ် သတိပေးခံရ

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ ဇွန်-၂၄**

အာရှဘောလုံးအဖွဲ့ချုပ် အသက်(၂၂)နှစ်အောက်ပြိုင်ပွဲ AFC U-22 ၏ မြန်မာ-ဖိလစ်ပိုင် ပွဲစဉ်တွင် ပရိသတ်အချို့၏ ကွင်းအတွင်းသို့ စည်းကမ်းမဲ့ခဲဖြင့် ပစ်ပေါက်မှုများ ရှိခဲ့သည့်အတွက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်အား ပြိုင်ပွဲကျင်းပရေးတာဝန်ခံမှ ပြင်းထန်စွာသတိပေးမှုများပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။




*မြန်မာ-ဖိလစ်ပိုင် ဘောလုံးပွဲစဉ်တွင် လာရောက်အားပေးကြသော မြန်မာဘောလုံးပရိသတ်*

ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

အိမ်ရှင် မြန်မာအသင်း၏ ပွဲဦးထွက်ပွဲစဉ်တွင် ပရိသတ်များ ကွင်းလုံးပြည့်မျှ လာရောက်အားပေးခဲ့သော်လည်းပွဲအစလေးမိနစ်ခန့်တွင် ဖိလစ်ပိုင်အသင်းက ပင်နယ်တီ အဖွင့်ဂိုး ရရှိခဲ့ပြီးနောက် အရှေ့ဘက်ပွဲကြည့်စင် မြောက်ဘက်ခြမ်း ပရိသတ်အတွင်းမှ ခဲအချို့ဖြင့် ကွင်းအတွင်းသို့ ပစ်ပေါက်ခဲ့ကြသည်။

"မြန်မာအသင်း ပင်နယ်တီ အပေးခံလိုက်ရပြီးမှာ ခဲတွေနဲ့ပစ်ကြတာ တွေ့ရတယ်။ ကွင်းပတ်လည်မှာ ပိုက်တွေကာရံထားပေးမယ့် အပေါက်ထဲက တချို့ခဲတွေ ကွင်းထဲကို ဝင်တာလည်း တွေ့ရတယ်။ ဒါကြောင့် စည်းကြပ်ဒိုင်က ကွင်းလယ်ဒိုင်ကို ပြောတာ တွေ့ရပေမယ့် ဆက်မဖြစ်တော့လို့ ပွဲမရပ်လိုက်ရပါဘူး" ဟု မျက်မြင်ပရိသတ်တစ်ဦးကပြောသည်။

၂၀၁၁ ခုနှစ် ဇူလိုင်လအတွင်း သုဝဏ္ဏအတွင်း ယှဉ်ပြိုင်ကစားခဲ့သည့်မြန်မာ-အိုမန်ပွဲစဉ်တွင် ပရိသတ်များက အရာဝတ္ထုမျိုးစုံဖြင့် ပစ်ပေါက်ခဲ့မှုကြောင့် ပွဲရပ်ဆိုင်းခဲ့ရပြီး နောက်ဆက်တွဲအဖြစ် ဖီဖာက မြန်မာအသင်းအား ၂၀၁၈ ကမ္ဘာ့ဖလားခြေစစ်ပွဲဝင်ရောက်ယှဉ်ပြိုင်ခွင့် ပိတ်ပင်ခဲ့သည့်အပြင်ဆွစ်ဖရန့်ငွေ ၂၅,၀၀၀ (ဒေါ်လာ ၂၇,၇၀၀)ဒဏ်ကြေးပေးဆောင်ရန် ဆုံးဖြတ်ချက် ချမှတ်ခဲ့သည်။

သို့သော် အဖွဲ့ချုပ်က ဖီဖာသို့ အယူခံဝင်ခဲ့ရာ ၂၀၁၈ ကမ္ဘာ့ဖလားခြေစစ်ပွဲကို(ကြားကွင်း)ပြန်လည်ယှဉ်ပြိုင်ခွင့်ရရှိခဲ့သည်။

အဖွဲ့ချုပ်သည် မြန်မာ - အိုမန်ပွဲစဉ်ပြီးနောက် သုဝဏ္ဏကွင်းပတ်လည်တွင်ပေလေးဆယ်အမြင့်ပိုက်ကွန်များကိုကာရံခဲ့ရသည်။

"ဖိလစ်ပိုင်နဲ့ ပွဲစဉ်မှာ ရိုးရိုးတန်းပွဲကြည့်စင်ဘက်က ခဲတစ်လုံး ကွင်းထဲကို ဝင်ရောက်လာတဲ့အတွက် ပြိုင်ပွဲကျင်းပရေးတာဝန်ခံက အဖွဲ့ချုပ်ကို သတိပေးခဲ့ပါတယ်။ နောက်ပွဲတွေ ဆက်လက်ဖြစ်မယ်ဆိုရင်တော့ အရေးယူခံရမှာပါ" ဟု အဖွဲ့ချုပ်တာဝန်ရှိသူတစ်ဦးက ဇွန် ၂၄ တွင် ပြောသည်။

ပြီးခဲ့သည့် အိုမန်ပွဲစဉ်က အဖြစ်အပျက်တွေကြောင့် မြန်မာပရိသတ်များကို စောင့်ကြည့်နေကြကြောင်း၊ စည်းကမ်းမဲ့အပြုအမူမျိုး ထပ်မံဖြစ်ပေါ်က နိုင်ငံဂုဏ်သိက္ခာ ထိခိုက်စရာဖြစ်ကြောင်း၊ ပရိသတ်များအနေဖြင့် စည်းကမ်းရှိစွာ အားပေးရန်လိုအပ်မည်ဖြစ်ကြောင်း မြန်မာအားကစားလော့လာစောင့်ကြည့်သူတစ်ဦးက သုံးသပ်ပြောကြားသည်။

"ပရိသတ်တွေကိုဝင်ပေါက်တွေမှာ လုံခြုံရေးတွေက စစ်ဆေးမှုတွေတော့ သေချာလုပ်ပါတယ်။ ရေသန့်ဘူးနဲ့အရာဝတ္ထုတွေလည်း ကွင်းထဲယူလို့ မရပါဘူး။ ပစ်တဲ့ခဲတွေကတော့ပွဲကြည့်စင်ထပ်မြှင့်နေတဲ့ ဆောက်လုပ်ရေးလုပ်ငန်းခွင်ရှိနေတော့ အဲဒီက ရကြတာထင်တယ်။ ပရိသတ်အချို့လည်း ကွင်းထဲ အရက်ပုလင်းယူလာလို့ မရပေမယ့် အပြင်ကနေ သောက်လာပြီး လာအားပေးကြတာလည်း တွေ့ရပါတယ်" ဟုမြန်မာ-ဖိလစ်ပိုင်ပွဲစဉ်ကို သွားရောက်ကြည့်ရှုခဲ့သည့် ပရိသတ်တစ်ဦးက ဆိုသည်။

## သူရဦးရွှေမန်း စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးမည်

**အောင်သူရ**

**ရန်ကုန်၊ ဇွန် - ၂၅**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း အပါအဝင် လွှတ်တော်မှ ကော်မတီလေးခု၏ တာဝန်ရှိသူများသည် ဇွန်လ ၃၀ ရက်တွင် စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးရန်ရှိကြောင်း မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် ဒုဥက္ကဋ္ဌဦးနှင်းဦးကပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲတွင် စီးပွားရေးနှင့် ကုန်သွယ်ရေးကော်မတီ၊ ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုကော်မတီ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကော်မတီ၊ အားကစားယဉ်ကျေးမှုနှင့် ပြည်သူ့ဆက်ဆံရေးကော်မတီနှင့် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှ တာဝန်ရှိသူများ တက်ရောက်ကြမည် ဖြစ်သည်။

"အကြမ်းဖျင်းတော့ နေ့လယ် ၁ နာရီ လှိုင်တက္ကသိုလ်ထဲက MICT Part မှာပြုလုပ်ဖို့စီစဉ်ထားပါတယ်" ဟု ဦးနှင်းဦးကပြောကြားသည်။ အဆိုပါတွေ့ဆုံဆွေးနွေးပွဲတွင် ထိထိရောက်ရောက်ဆွေးနွေးနိုင်ရန်အတွက် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၌ ကြိုတင်ဆွေးနွေးပွဲများကို ပြုလုပ်သွားမည်ဖြစ်ကြောင်းလည်းသတင်းရရှိသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ယခုနှစ်နှစ်ဆန်းပိုင်းက ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်အဆောက်အအုံတွင် စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံခဲ့သည်။

ထို့အပြင်ဇွန်လ ၁၅ ရက်ကပြည်သူ့လွှတ်တော်ကော်မတီနှင့် ကော်မရှင်မှ တာဝန်ရှိသူများ တွေ့ဆုံညှိနှိုင်းပွဲပြုလုပ်ခဲ့သည်။

## ရတနာနှင့် ရဲတံခွန် သဘာဝဓာတ်ငွေ့စီမံကိန်းနှစ်ခုမှ နှစ်စဉ်ဒေါ်လာသန်း ၁,၃၀၀ ရ

**အိဖြူမွန်**

**ရန်ကုန်၊ ဇွန်-၂၂**

ပြည်ပသို့ ရောင်းချထားသောသဘာဝဓာတ်ငွေ့စီမံကိန်းနှစ်ခုမှ နှစ်စဉ်နိုင်ငံခြားဝင်ငွေ အမေရိကန်ဒေါ်လာသန်းတစ်ထောင်သုံးရာနီးပါး (၁,၂၉၃)သန်း ရရှိကြောင်းစွမ်းအင်ဝန်ကြီးဌာနမှ သတင်းရရှိသည်။

ပြည်ပသို့ ၂၀၀၀ ပြည့်နှစ်တွင်ဓာတ်ငွေ့စီမံကိန်းနယ်မြေနှစ်ခုကို ထပ်မံရောင်းချထားသော်လည်း ယခုလက်ရှိတွင် နိုင်ငံခြားဝင်ငွေကို ရတနာဓာတ်ငွေ့နှင့် ရဲတံခွန်ဓာတ်ငွေ့စီမံကိန်း နှစ်ခုတည်းသာ ပြည်ပဝင်ငွေရရှိခြင်းဖြစ်ကြောင်း၊ ယင်းဓာတ်ငွေ့စီမံကိန်းနှစ်ခုသည် ၁၉၉၈ ခုနှစ်နှင့် ၂၀၀၀ ပြည့်နှစ်တွင် ရောင်းချထားခြင်းဖြစ်ပြီး နှစ်ပေါင်း ၃၀ ရောင်းချရန် ချုပ်ဆိုသော စီမံကိန်း ဖြစ်ကြောင်း မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ယင်းဓာတ်ငွေ့စီမံကိန်း နှစ်ခုကို စွမ်းအင်ဝန်ကြီးဌာနနှင့် ပူးပေါင်း၍ ပြင်သစ်၊ အမေရိကန်၊ ထိုင်း၊ ဂျပန်၊ မလေးရှားမှ ကုမ္ပဏီများနှင့် လုပ်ကိုင်နေပြီး ထွက်ရှိသော သဘာဝဓာတ်ငွေ့များကို ထိုင်းနိုင်ငံသို့ ရောင်းချနေခြင်းဖြစ်သည်။ ပူးပေါင်းလုပ်ကိုင်နေသော နိုင်ငံခြားကုမ္ပဏီများမှာ Total, Chevron, PTTEP, Nippon Oil, Petronas တို့ဖြစ်ကြသည်။

ရဲတံခွန်ဓာတ်ငွေ့စီမံကိန်းနှင့် ရတနာဓာတ်ငွေ့စီမံကိန်းမှ နှစ်စဉ် အမေရိကန်ဒေါ်လာသန်း ၆၀၀ နှင့် ၄၈၀၊ လေယာဉ်ဆီ ရောင်းချခြင်းမှ အမေရိကန်ဒေါ်လာ ၂၁၃ သန်းခန့် နိုင်ငံခြားငွေရှာဖွေပေးနေသည်။

၂၀၀၀ပြည့်နှစ်တွင်ပြည်ပသို့ ရောင်းချရန် စာချုပ်ဆိုထားသော မုတ္တမဓာတ်ငွေ့မြေမှ ဇောတိကသဘာဝဓာတ်ငွေ့စီမံကိန်းနှင့် ရွှေနှင့်မြ သဘာဝဓာတ်ငွေ့စီမံကိန်းတို့မှာ လုပ်ငန်းပြင်ဆင်နေဆဲကာလဖြစ်သောကြောင့် နိုင်ငံခြားငွေရရှိခြင်းမရှိသေးကြောင်း မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

## ရခိုင်ပြည်နယ်တွင် လယ်သမားများ မိုးစပါးစိုက်ပျိုးရန် အခက်တွေ့

**ဖိုးသီဟ**

**ရသေ့တောင်၊ဇွန်-၂၄**

ရခိုင်ပြည်နယ် ကယ်ဆယ်ရေးစခန်းများတွင် ရောက်ရှိနေသူအများစုမှာ လယ်သမားများဖြစ်သည့်အတွက် မိုးစပါးထွန်ယက်ချိန်တွင် စိုက်ပျိုးရန် အခက်အခဲ ရှိနေကြောင်း သတင်းရရှိသည်။

"ဒီအချိန်က လယ်လုပ်ငန်းအတွက်စတင်ထွန်ယက်နေရမယ့် အချိန်ပါ။ အခုတော့ နယ်မြေက မငြိမ်သက်သေးတဲ့အတွက် လယ်မထွန်ရဲကြဘူး။ ကျွန်တော်တို့လယ်သမားတွေအတွက် အခက်အခဲအများကြီး ဖြစ်နေပါတယ်" ဟု ရသေ့တောင်မြို့နယ် ကယ်ဆယ်ရေးစခန်းတွင် ရောက်ရှိနေသူ လယ်သမားတစ်ဦးကပြောသည်။

ရခိုင်ပြည်နယ်တွင် အများစုမှာ လယ်ယာလုပ်ငန်းလုပ်ကိုင်သူအများစုဖြစ်သည့်အတွက် မိမိနေရပ်များသို့ပြန်ရန်၊ လယ်ယာလုပ်ငန်းခွင်ဝင်ရန် ဆန္ဒရှိနေကြသည်။

"ဒီအချိန်မှာ လယ်မထွန်ရင် တစ်မိုးလုံး လယ်ထွန်လို့မရတော့ဘူး။ နောင်နှစ်အတွက် စပါးမရနိုင်တဲ့အတွက် အခက်တွေ့နိုင်တယ်။ အခြေအနေ တည်ငြိမ်သွားပြီးမှ ထွန်ယက်မယ်ဆိုရင်တောင် အချိန်မီနိုင်ဖို့ဆိုတာ လူအားထက် စက်ကိရိယာတွေကို အကူအညီယူရမှာပါ" ဟု ရသေ့တောင်မြို့နယ် ကူတောင်ကျေးရွာမှ ဒေသခံလယ်သမားတစ်ဦးဖြစ်သူ ဦးလှဝင်းက 7 Day News သို့ ပြောကြားသည်။

7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.11, No.16 • JUNE 28 , 2012

# မြစ်ကြီးနားမြို့တွင် ဧရာဝတီမြစ်ရေ စိုးရိမ်ရေအမှတ်သို့ရောက်ကာ ရပ်ကွက်အချို့ရေမြုပ်

**ဆိုင်းမိုင်**

**မြစ်ကြီးနား၊ဇွန်-၂၆**

ကချင်ပြည်နယ်မြစ်ကြီးနားမြို့တွင် ဇွန်လ ၂၄ ရက်ညမှစတင်၍ မြစ်ရေကြီးမှုဖြစ်ပွားလာသောကြောင့် ဒေသခံများစိုးရိမ်နေကြသည်။ မြစ်ကြီး နားမြို့ရှိမြစ်ကမ်းဘေးရပ်ကွက်များနှင့် မြေနိမ့်သောရပ်ကွက်များဖြစ်ကြသော စီတာပူ၊ သီတာ၊ မြို့သစ်ကြီး၊ ရမ်ပူ၊ ကြက်ပေါင်ခြံစသည့် ရပ်ကွက်အချို့နေရာများတွင် မြစ်ရေများ စတင်ဝင်ရောက်နေပြီဖြစ်သည်။



ရမ်ပူရပ်ကွက်အတွင်း မြစ်ရေများဝင်ရောက်နေသည်ကို ဇွန်လ ၂၆ ရက် နံနက်ပိုင်းက တွေ့ရစဉ် ဓာတ်ပုံ - ဆိုင်းမိုင်

"ကျွန်မတို့အိမ်ဆို ရေဝင်ပြီး ရေက ခုထိမကျသေးဘူး။ ရေထပ်ကြီးလာမလား စိုးရိမ်ပြီး အခုအထက(၅)ကျောင်းကို ကလေးတွေရော အားလုံးပြေးလာကြရတယ်" ဟု စီတာပူ (၁) ရပ်ကွက် နေထိုင်သူအသက်၇၀ အရွယ်အဘွားတစ်ဦးကပြောသည်။

အချို့ရေဝင်သော အိမ်များသည် ရေလွတ်ရာနေရာသို့စတင်တိမ်းရှောင်နေကြပြီဖြစ်သည်။ ယခုအခါ မြစ်ကမ်းဘေးတစ်လျှောက်နေထိုင်သော အိမ်များအချို့နှင့် လယ်ကွင်းအချို့ရေများမြုပ်နေပြီဖြစ်သည်။

"ကျွန်မတို့အိမ်လည်း ဘယ်အချိန် ရေတက်လာမလဲ စိုးရိမ်နေရတယ်။ ညညဆို သတိနဲ့ အိပ်ရတယ်"ဟု သီတာရပ်ကွက်တွင်နေထိုင်သူ အမျိုးသမီးတစ်ဦးကပြောသည်။

မြစ်ကြီးနားမြို့ တစ်မြို့လုံးအုန်းအုန်းကျွက်ကျွက်နှင့်မြစ်ဘေးနားတစ်လျှောက် မြစ်ရေကိုစောင့်ကြည့်နေကြသည်။ မြစ်ကြီးနားမြို့အထက်ဘက်တွင် ယခုရက်သတ္တပတ်အတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့်မြစ်ရေကြီးလာခြင်းဖြစ်သည်ဟု သိရှိရသည်။ မြစ်ကြီးနားမြို့တွင် မြစ်ရေကြီးမှုသည် ၂၀၀၄ ခုနစ်က နောက်ဆုံးအကြိမ်ဖြစ်ပွားခဲ့သည်။

## မျက်နှာဖုံး-ကမ္ဘာ့ခေါင်းဆောင် တစ်ဦးအဖြစ်သတ်မှတ်ခံရသော ဒေါ်အောင်ဆန်းစုကြည်၏ ဥရောပခရီး မှ

ကိန်းကြီးခမ်းကြီးနိုင်သည့် ဗြိတိန်နိုင်ငံက သူမကိုဗြိတိန်ပါလီမန်တွင် ဘုရင်မကြီး အဲလိဇဘက်ပြီးလျှင် သမိုင်းဝင်ဝက်မင်စတာခန်းမတွင် မိန့်ခွန်းပြောကြားခွင့်ရခဲ့သည့် တစ်ဦးတည်းသော အမျိုးသမီးအဖြစ် မိန့်ခွန်းပြောခွင့်ပြုခဲ့သည်။ ထိုခန်းမ ထိုနေရာတွင် တောင်အာဖရိကသမ္မတ ဟောင်း ငြိမ်းချမ်းရေးနိုဘယ်လ် ဆုရှင် နယ်လ်ဆင်မင်ဒဲလား၊ ပုပ်ရဟန်းမင်းကြီးဗင်နီဒစ်၊ အမေရိကန်သမ္မတ ဘားရက်အိုဘားမားတို့ မိန့်ခွန်းပြောကြားခဲ့ဖူးပြီး ၆၇ နှစ်ရှိ မြန်မာ့ဒီမိုကရေစီခေါင်းဆောင်သည် ထိုနေရာတွင်မိန့်ခွန်းပြောခွင့်ရခဲ့သော အာရှတိုက်မှ ပထမဆုံးပုဂ္ဂိုလ်လည်း ဖြစ်ခဲ့သည်။

ဒေါ်အောင်ဆန်းစုကြည်သည် သူမ၏ ၁၇ ရက်တာ ကာလအတွင်း သမိုင်းဝင်မိန့်ခွန်းနှစ်ရပ်အဖြစ် ဗြိတိန်ပါလီမန်တွင် ပြောခဲ့သော မိန့်ခွန်းနှင့် ငြိမ်းချမ်းရေးနိုဘယ်လ်ဆုပြန်လည်လက်ခံရယူသည့် အခမ်းအနားတို့တွင် ပြောကြားခဲ့ပြီး ယင်းတို့ကို ကမ္ဘာ့သတင်းဌာနများက ထိုမိန့်ခွန်းနှစ်ခုကို တိုက်ရိုက်ထုတ်လွှင့်ခဲ့သဖြင့် ကမ္ဘာ့နေရာ တော်တော်များများတွင် ကြည့်ရှုခွင့်ရခဲ့ကြသည်။

ထိုမိန့်ခွန်းနှစ်ရပ်ပြောကြားပြီးချိန်တွင် လန်ဒန်အခြေစိုက်သတင်းဌာနများနှင့် ကမ္ဘာ့မီဒီယာများက ဒေါ်အောင်ဆန်းစုကြည်ကို ကမ္ဘာ့ခေါင်းဆောင်တစ်ဦး၊ ကမ္ဘာ့စံပြပုဂ္ဂိုလ်အဖြစ် ရည်ညွှန်းဖော်ပြခဲ့ကြသည်။ အခြေကြီးသော ဗြိတိန်နိုင်ငံကပင် သူမကို ကော်ဇောနီခင်းကြိုကာ နိုင်ငံ့ခေါင်းဆောင်များကိုသာမိန့်ခွန်းပြောခွင့်ပေးသော ဝက်မင်စတာခန်းမကြီးတွင် ဗြိတိန်အထက်၊ အောက်လွှတ်တော်နှစ်ရပ်လုံးသို့ မိန့်ခွန်းပြောခွင့်ပေးခဲ့သည်ဟု ဗြိတိန်သတင်းဌာနမေးလ်အွန်လိုင်းက ရေးသားဖော်ပြသည်။

မြန်မာနိုင်ငံ၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးအတွက် ဆယ်စုနှစ်နှစ်ခုကျော်ကြာ ကိုယ်ကျိုးစွန့်တိုက်ပွဲဝင်ခဲ့သည့်ဒေါ်အောင်ဆန်းစုကြည်ကိုကမ္ဘာ့ခေါင်းဆောင်များဖြစ်သော ဗြိတိန်ဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်းအပါအဝင် နော်ဝေဘုရင်မင်းမြတ်၊ ဗြိတိန်အိမ်ရှေ့မင်းသားချားလ်၊ နော်ဝေဝန်ကြီးချုပ် စသူတို့အပြင် ရောက်ရာနေရာမှ ဥရောပသားများက လေးစားချစ်ခင်စွာ ကြိုဆိုခဲ့ကြသည်။ သူမပညာသင်ကြားခဲ့သောအောက်စဖို့ဒ်တက္ကသိုလ်ကလည်း ဂုဏ်ထူးဆောင်ဒေါက်တာဘွဲ့ ချီးမြှင့်ခဲ့ပြီး အိုင်ယာလန်နာမည်ကျော် ရော့ခ်အဆိုတော် ဘိုနိုပါဝင်သည့် နိုင်ငံတကာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က ချီးမြှင့်သောလွတ်ငြိမ်းချမ်းသာခွင့် သံတမန်ဆုအပါအဝင် ဆယ်နှင့်ချီသော ဆုတံဆိပ်များစွာကို ခရီးစဉ်အတွင်း လက်ခံရရှိခဲ့သည်။

ကမ္ဘာ့ငြိမ်းချမ်းရေးနိုဘယ်လ်ဆုရှင်နှစ်ဦး တွေ့ဆုံမှုအဖြစ် တိဗက်ဘုန်းတော်ကြီးဒလိုင်းလားမားနှင့်လည်း မိနစ် ၃၀ ကြာ သီးသန့်တွေ့ဆုံခဲ့သည်ဟု လန်ဒန်သတင်းဌာနများက ဖော်ပြသည်။

သူမ၏သမိုင်းဝင်မိန့်ခွန်းအဖြစ် ဇွန်လ ၂၁ ရက်တွင် တိုင်းမ်မဂ္ဂဇင်းက ကမ္ဘာ့ကိန်းကြီးခမ်းကြီးနိုင်သော ပရိသတ်ဟု တင်စားရေးသားသော ပရိသတ် ၁၄၀၀ ရှေ့တွင် ပြောကြားခဲ့သည့် ဒေါ်အောင်ဆန်းစုကြည်၏ မိန့်ခွန်းတွင် မြန်မာနိုင်ငံ၏ ပါလီမန်ဒီမိုကရေစီကူးပြောင်းရေး လုပ်ငန်းစဉ်များကို ကမ္ဘာ့ဝါအရင့်ဆုံး ပါလီမန်ဒီမိုကရေစီနိုင်ငံဖြစ်သော ဗြိတိန်နိုင်ငံအနေနှင့် ကူညီပေးရန် တိုက်တွန်းခဲ့ပြီး သမ္မတဦးသိန်းစိန်၏ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းများကိုကြိုဆိုရန်လည်း သူမ၏ မိန့်ခွန်းတွင် တိုက်တွန်း ပြောကြားခဲ့သည်။

"အခွင့်အရေးတွေ နှစ်ပေါင်းများစွာ ဆုံးရှုံးနေတဲ့ မြန်မာနိုင်ငံသားတွေရဲ့ဘဝနဲ့ အခွင့်အလမ်းတွေအတွက် ပြုပြင်ပြောင်းလဲရေး လုပ်ငန်းတွေကို ကူညီထောက်ပံ့ဖို့ ကျွန်မပြောလိုပါတယ်။ ကောင်းမွန်ပြည့်စုံတဲ့ အနာဂတ်ကို ရောက်နိုင်ဖို့ အခုမှ ကျွန်မတို့နိုင်ငံက အစပျိုးနေဆဲပဲ ရှိပါသေးတယ်။ တောင်ကုန်းတွေ ချောက်ကမ်းပါးတွေလို အခက်အခဲတွေကို အများကြီးကျော်ဖြတ်ဖို့ လိုပါသေးတယ်။ အားလုံးကြိုးစားလို့ ဒီလိုအခြေအနေအထိ ရောက်လာတာပါ။ ဗြိတိန်နဲ့ ကမ္ဘာတစ်ဝန်းက ပြည်သူတွေ ဝိုင်းကူရင် ဒီထက်ပိုခရီးတွင်ပါလိမ့်မယ်"ဟု သူမ၏ ဗြိတိန်ပါလီမန် မိန့်ခွန်းအစပိုင်းတွင် ပြောကြားခဲ့သည်။

နောက်လတွင် ဗြိတိန်သို့ အလည်အပတ် သွားရောက်မည်ဟု ပြောကြားထားသော သမ္မတဦးသိန်းစိန်၏ခရီးစဉ်နှင့် ပတ်သက်၍ ဗြိတိန်ဝန်ကြီးချုပ်နှင့် ပူးတွဲပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် ထိုခရီးစဉ်ကို ထောက်ခံပြောကြားခဲ့သည်။ ယခုအချိန်သည်သမ္မတကို ဖိတ်ကြားခြင်းသည် မှန်ကန်သော လုပ်ရပ်ဖြစ်ကြောင်း ပြောကြားခဲ့ပြီး သူမ၏ ပါလီမန်မိန့်ခွန်းတွင် "သမ္မတဦးသိန်းစိန်ကို ချီးကျူးဂုဏ်ပြုလိုပါတယ် အရင်က ပြောခဲ့သလို နိုင်ငံရေးကွဲပြားခြားနားမှုတွေကို တွေ့ဆုံဆွေးနွေးပြီး ပူးပေါင်းလုပ်ကိုင် ဖြေရှင်းနိုင်မှာပါ။ သမ္မတဦးသိန်းစိန် ဦးဆောင်တဲ့ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းတွေကို ကြိုဆိုဖို့ တိုက်တွန်းလိုပါတယ်" ဟုလည်း မှတ်ချက်ပြုပြောကြားခဲ့သည်။

ထို့ပြင် "စစ်မှန်တဲ့ ဒီမိုကရေစီကို မြန်မာနိုင်ငံမှာ ပြန်လည်တည်ထောင်နိုင်မယ့်အခွင့်အရေး ရှိလာပါပြီ။ ဒီအခွင့်အလမ်းကိုအသုံးမချနိုင်ရင် ဒီလိုအခွင့်အရေးမျိုးပေါ်လာအောင် ဆယ်စုနှစ်နဲ့ချီပြီး စောင့်ရနိုင်ပါတယ်" ဟုလည်း ဒေါ်အောင်ဆန်းစုကြည်က သတိပေးစကားပြောကြားခဲ့သည်။

ဆယ်စုနှစ်အတော်ကြာ ပျောက်ဆုံးနေခဲ့သော မြန်မာနိုင်ငံ၏ ဂုဏ်ရောင်ဂုဏ်ဝါကိုပြန်လည်အရောင်တင်ပေးခဲ့ပြီး၊ အခါလည်သားသာရှိသေးသည့် မြန်မာနိုင်ငံ၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးများကို ရှေ့ဆက်ရန် ဒေါ်အောင်ဆန်းစုကြည်၏ ဥရောပခရီးစဉ်က တွန်းအားတစ်ခုဖြစ်စေခဲ့သည်။

ဒေါ်အောင်ဆန်းစုကြည်၏ ဥရောပခရီးစဉ်အတွင်း ဗြိတိန်နိုင်ငံသို့ရောက်ရှိချိန်သည် သူမ၏ ၆၇ နှစ်ပြည့်သည့် မွေးနေ့ရက်နှင့် တိုက်ဆိုင်နေသည်။ နှစ်ပေါင်းများစွာ ခွဲခွာနေရသောသားကြီး၊ သားငယ်ကိုထိန်လင်း၊ သူမနှင့် တစ်ခါမှမဆုံဖူးသော မြေးများနှင့် သီးသန့်မွေးနေ့ပွဲပြုလုပ်ခဲ့သည်ဟု စီအင်န်အင်န် လန်ဒန်သတင်းထောက်ဒန်ရေဗာက သတင်းပေးပို့သွားသည်။ သို့သော် သူမ၏ မိသားစုနှင့် အထူးသဖြင့် အများစိတ်ဝင်စားနေသော သားကြီးနှင့်တွေ့ဆုံဖြစ်၊ မဖြစ်ကိုမူ သတင်းဌာနများတွင် ရေရာသောသတင်းဖော်ပြမှုများ မတွေ့ရပေ။

မည်သို့ပင်ဆိုစေ အတိတ်ကာလများက မြန်မာနိုင်ငံသို့ ပြန်လာ၍ မရမည်စိုးသဖြင့် သွားရောက်ခဲ့ခြင်းမရှိသော ဥရောပသို့ နှစ်ပေါင်း ၂၄ နှစ်ကြာအပြီး ပထမဆုံးသွားရောက်သော သူမ၏ ခရီးစဉ်သည် သမိုင်းဝင်ခရီးစဉ်တစ်ခုအဖြစ် သမိုင်းတွင်သွားပြီဖြစ်သည်။

## ဂွကျွန်းတွင် ရောက်ရှိသောင်တင်သည့် ဘင်္ဂါလီ ၈၈ ဦးအား သံတွဲထောင်တွင် ယာယီထိန်းသိမ်းထား

**မြတ်စုမွန်**

**ရန်ကုန်၊ဇွန်-၂၆**

ရခိုင်ပြည်နယ်၊ ဂွမြို့အနီးရှိ ကျွန်းတစ်ခုတွင် ရောက်ရှိသောင်တင်သည့်ဘင်္ဂလားဒေ့ရှ်နိုင်ငံသားများအား သံတွဲအကျဉ်းထောင်သို့ ယမန်နေ့က ပို့ဆောင်ကာ ယာယီထိန်းသိမ်းထားကြောင်း သံတွဲခရိုင်အကျဉ်းဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးကပြောသည်။

ယခုလ တတိယပတ်အတွင်းက သံတွဲခရိုင်၊ ဂွမြို့နယ်အတွင်း (ဘင်္ဂလားပင်လယ်အော်အတွင်း) ရှိ ကျွန်းတစ်ခုတွင် စက်ပျက်၍ ဆိုက်ကပ်လာသော စက်လှေပေါ်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံသား ၈၈ ဦးပါဝင်ပြီး၊ ယင်းတို့အနက်တစ်ဦးသာ မြန်မာစကားနားလည်တတ်ကျွမ်းကြောင်း သံတွဲခရိုင်အကျဉ်းဦးစီးဌာနမှ အဆင့်မြင့်အရာရှိက ပြောသည်။

ယင်းက "ကျွန်တော်တို့ဆီလာအပ်လို့ယာယီထိန်းသိမ်းပေးထားပါတယ်။ ဘင်္ဂါလီစကားတတ်တဲ့ ကျွန်တော်တို့ဝန်ထမ်းရယ် သူတို့ထဲက မြန်မာစကားတတ်တဲ့ တစ်ယောက်ရယ်က ဘာသာပြန်ပေးလို့ သူတို့တွေ မလေးရှားနိုင်ငံကို ထွက်ဖို့ကြိုးစားတာလို့သိရတယ်" ဟု 7 Day News သို့ပြောသည်။

၎င်းတို့အား တင်ဆောင်လာသည့်စက်လှေသည် ကော့သောင်းမြို့မှကယ်ရီစက်လှေဟုသိရကြောင်း အထက်ပါပုဂ္ဂိုလ်ကပြောသည်။

"လူတွေက ၁၀၀ ကျော်ပါတယ်လို့ သိထားပြီး အခု ၈၈ ယောက်တည်းဆိုတော့ ကျန်တဲ့လူတွေက သေကုန်တာလားလို့ လာလာမေးကြတယ်။ မသေပါဘူး။ အပျက်အစီး အသေအပျောက် မရှိဘဲ ကျန်းကျန်းမာမာတွေပါ။ အားလုံးက အမျိုးသားတွေချည်းပါပဲ" ဟု၎င်းကဆက်လက်၍ပြောသည်။

၎င်းတို့နှင့်ပတ်သက်၍ တစ်ဖက်နိုင်ငံသံရုံးနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သံတွဲခရိုင်လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ အဆင့်မြင့်အရာရှိတစ်ဦးကပြောသည်။

"ပြည်နယ်အစိုးရက တစ်ဖက်သံရုံးနဲ့ညှိနှိုင်းဖြေရှင်းပေးနေပါတယ်။ သူတို့ဘက်က လက်ခံရင်ပြန်ပို့မယ်။ သူတို့ကို လ. ဝ. က ဥပဒေအရ နိုင်ငံတွင်းတရားမဝင်ဝင်ရောက်မှုနဲ့ အရေးယူသွားဖို့ရှိပါတယ်။ အချက်အလက်တွေကို စစ်ဆေးနေတုန်းပဲရှိပါသေးတယ်။ ဒီလိုအဖြစ်အပျက်မျိုးက ရခိုင်မှာဖြစ်လေ့ဖြစ်ထရှိပါတယ်"ဟု သံတွဲခရိုင် လ. ဝ. ကမှူး ဦးကံကောင်းက 7 Day News သို့ပြောသည်။

ယင်းဘင်္ဂလားဒေ့ရှ်နိုင်ငံသားများအား ဂွမြို့မှ သံတွဲမြို့သို့ ပြေးဆွဲနေသည့် လိုင်းကားလေးစီးဖြင့် တင်ဆောင်လာပြီး သံတွဲအကျဉ်းထောင်အတွင်းသို့ တိုက်ရိုက်ပို့ဆောင်ခြင်းဖြစ်ကြောင်း သံတွဲမြို့ အမှတ်(၄)ရပ်ကွက်မှ ကိုယ်တိုင်မြင်တွေ့ခဲ့ရသည့်ဒေသခံတစ်ဦးကပြောသည်။

## ရခိုင်ပြည်နယ်တွင် ပဋိပက္ခကြောင့် သေဆုံးသူ ၆၉ ဦးရှိ

**ဥက္ကာကိုကို၊ ဖိုးသီဟ**

**ရန်ကုန်၊ဇွန်-၂၆**

ပဋိပက္ခပြဿနာများကြောင့် ရခိုင်ပြည်နယ်အတွင်း သေဆုံးသူ စုစုပေါင်းမှာ ဇွန်လ ၂၅ ရက်အထိ ၆၉ ဦးရှိပြီဖြစ်ကြောင်း ရခိုင်ပြည်နယ်အစိုးရ လုံခြုံရေးအဖွဲ့မှ တာဝန်ရှိသူ ရဲအရာရှိတစ်ဦးက အတည်ပြုပြောကြားသည်။

သေဆုံးမှုအများဆုံးဒေသမှာ စစ်တွေမြို့၊ မောင်တောမြို့၊ ရသေ့တောင်မြို့တို့ဖြစ်ကြပြီး ရခိုင်လူမျိုးနှင့် ဘင်္ဂါလီလူမျိုးနှစ်ဖက်စလုံး ထိခိုက်သေဆုံးကြရခြင်းဖြစ်ကြောင်း သိရသည်။

ဇွန်လ ၈ ရက်တွင် မောင်တောမြို့နယ်မှစတင်ကြီးထွားလာသည့် အဆိုပါ ပဋိပက္ခပြဿနာများကြောင့်ဇွန်လ ၁၄ ရက်ထိသေဆုံးသူ ၅၀ ဦး၊ ဒဏ်ရာရသူ ၅၄ ဦး ရှိခဲ့ကြောင်း နိုင်ငံပိုင်မီဒီယာများတွင် ဖော်ပြခဲ့သည်။

ဇွန်လ ၁၉ ရက်တွင် ရသေ့တောင်မြို့နယ်၊ ကူတောင်ကျေးရွာဖြစ်စဉ်အတွင်း ၁၂ ဦး သေဆုံးခဲ့ပြီး ဇွန်လ ၂၅ ရက်တွင် ကျောက်တော်မြို့နယ်တွင် သေဆုံးသူနှစ်ဦး၏ ရုပ်အလောင်းထပ်မံတွေ့ရှိခဲ့သည်။

ဖြစ်စဉ်များကြောင့်စုစုပေါင်း ဒဏ်ရာရရှိသူစာရင်းမှာ ဇွန်လ ၂၅ ရက်အထိ ၇၄ ဦးရှိနေခဲ့ပြီး ဒုက္ခသည်စာရင်းများမှာလည်း အစိုးရက နေရပ်ပြန်ပို့နေသည့်တိုင် နေ့စဉ်နှင့်အမျှ တိုးပွားလာနေဆဲဖြစ်သည်။ လူမှုရေးအဖွဲ့အစည်းများ၊ အစိုးရတာဝန်ရှိသူများ၊ စေတနာရှင်အလှူရှင်များကလည်း သွားရောက်လှူဒါန်းလျက်ရှိသော်လည်း ဒုက္ခသည်များအတွက်အကူအညီများ လိုအပ်နေဆဲဖြစ်သည်။

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နှင့် မောင်တောမြို့တို့တွင် ဇွန်လ ၈ ရက်က ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၄၄ ကို ထုတ်ပြန်ခဲ့ပြီး တစ်ပတ်အတွင်း စစ်တွေမြို့၊ ကျောက်ဖြူမြို့၊ သံတွဲမြို့၊ ရမ်းဗြဲမြို့၊ မြောက်ဦးမြို့တို့ကိုပါ မြို့နယ်အုပ်ချုပ်ရေးမှူးများ၏ အမိန့်အာဏာဖြင့် ရုံးတံဆိပ်နှိပ်၍ အသီးသီးထုတ်ပြန်ခဲ့သည်။

ဇွန်လ ၁၀ ရက်တွင် ပုဒ်မ ၁၄၄ ထုတ်ပြန်ထိန်းသိမ်းဆောင်ရွက်နိုင်စွမ်းမရှိတော့သဖြင့် ဥပဒေကဲ့သို့ အာဏာတည်သည့် အရေးပေါ်အခြေအနေကိုရခိုင်တစ်ပြည်နယ်လုံးသို့ နိုင်ငံတော်သမ္မတက ထုတ်ပြန်ကြေညာခဲ့သည်။

7 ရက် သတင်းဂျာနယ်
7 DAY NEWS JOURNAL
Vol.11, No.16 ▪ JUNE 28 , 2012



# ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီနှင့် လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ ဒုတိယအကြိမ် တွေ့ဆုံ

**ရန်ကုန်၊ ဇွန် - ၂၆**

အစိုးရ၏ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီကိုယ်စားလှယ်အဖွဲ့နှင့် လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ၏ ကိုယ်စားလှယ်အဖွဲ့တို့ ဒုတိယအကြိမ်တွေ့ဆုံဆွေးနွေးခဲ့ကြောင်း လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီမှသတင်းထုတ်ပြန်သည်။

ငြိမ်းချမ်းရေးတည်ဆောက်ရေးအပါအဝင် တိုင်းပြည်၏ နိုင်ငံရေးလုပ်ငန်းစဉ်များတွင် ပူးပေါင်းဆောင်ရွက်ရေးအတွက် ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ ဇွန်လ ၂၆ ရက် မွန်းလွဲ ၂ နာရီမှ ၄ နာရီအထိ ဆွေးနွေးခဲ့သည်။

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းဦးဆောင်ပြီး ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ၊ ထိုင်းနိုင်ငံဆိုင်ရာမြန်မာသံအမတ်ကြီး ဦးတင်ဝင်းနှင့်ငြိမ်းချမ်းရေးအကျိုးဆောင်များပါဝင်ပြီး၊ ပါတီကိုယ်စားလှယ်အဖွဲ့တွင် ဥက္ကဋ္ဌဦးအောင်မိုးဇော်ဦးဆောင်၍ အထွေထွေအတွင်းရေးမှူး ဦးငွေလင်း၊ ဗဟိုဦးဆောင်ကော်မတီဝင် အချို့တက်ရောက်ခဲ့ကြသည်။

ယခုအကြိမ် တွေ့ဆုံဆွေးနွေးပွဲတွင် လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီအနေဖြင့် တရားဝင်နိုင်ငံရေးပါတီတစ်ရပ်အဖြစ် ရပ်တည်၍ တိုင်းပြည်၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး၊ နိုင်ငံတည်ဆောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး အစရှိသည့် နိုင်ငံရေးလုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်နိုင်ရေးနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရေးကို အဓိကထားဆွေးနွေးခဲ့ကြသည်။

"ကျွန်တော်တို့ပါတီအနေနဲ့ ဒီမိုကရေစီတည်ဆောက်ရေးနဲ့ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်တွေမှာ နိုင်ငံရေးပါတီတစ်ရပ်အဖြစ် တရားဝင်ရပ်တည်ပြီးပါဝင်ဆောင်ရွက်ချင်တဲ့အတွက် အခုလို အစိုးရရဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီဒုတိယဥက္ကဋ္ဌပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းဦးဆောင်တဲ့ ကိုယ်စားလှယ်အဖွဲ့နဲ့ ဆွေးနွေးရတာပါ"ဟု ပါတီဥက္ကဋ္ဌ ဦးအောင်မိုးဇော်ကပြောသည်။

တွေ့ဆုံဆွေးနွေးမှုများကို ဆက်လက်ဆောင်ရွက်သွားရန် နှစ်ဖက်စလုံးက သဘောတူညီခဲ့ကြသည်။

## မအူပင်ကက်သလစ်ကျောင်းတစ်ခုတွင် လူငယ်များ အော့အန်၊ မူးဝေ၊ ကိုယ်အပူရှိန်တက်၍ အရေးပေါ်ဆေးရုံတင်ရ

**ထိုသို့ဖြစ်ပွားခြင်းမှာ ရာသီတုပ်ကွေးကြောင့်ဖြစ်ကြောင်း မအူပင်မြို့နယ် ဆေးရုံအုပ်ကြီးပြောကြား**

**မိုးညို၊ ရန်ကုန်၊ဇွန်-၂၆**

ဧရာဝတီတိုင်းဒေသကြီး မအူပင် မြို့ပေါ် ရှိစိန့်ရီတာကက်သလစ်ခရစ်ယာန်ဘုရားကျောင်းနေ ကျောင်းသားကျောင်းသူ ၂၀ခန့်မှာ အော့အန်ခြင်း၊ မူးဝေခြင်း၊ ကိုယ်အပူချိန်မြင့်တက်လာခြင်းတို့ ဖြစ်ပွား၍ အရေးပေါ် အဖြစ် ဆေးရုံတင်ခဲ့ရကြောင်း သတင်းရရှိသည်။

ဇွန်လ ၂၄ ရက်က ယင်းဘုရားကျောင်းနေ အသက်(၁၆) နှစ်အရွယ်ရှိကလေးငယ်တစ်ဦးတွင် စတင်ဖြစ်ပွားကာ ညတွင်းချင်းပင် အခြားကလေးငယ် ၁၇ယောက်သို့ ကူးစက်ကာ အရေးပေါ် အခြေအနေတစ်ရပ်အဖြစ် မအူပင်မြို့ ဆေးရုံသို့ ပို့ဆောင်ခဲ့ရကြောင်း မအူပင်မြို့နယ်ရှိလူမှုရေးဆိုင်ရာလုပ်ငန်းများကိုလိုက်လံဆောင် ရွက်နေသူတစ်ဦးက 7 Day News သို့ပြောသည်။

ရောဂါဖြစ်ပွားသည့် ကလေးငယ်များမှာ အော့အန်ခြင်း၊ ဝမ်းပျက်ဝမ်းလျှောဖြစ်ခြင်း၊ မူးဝေခြင်း၊ ကိုယ်အပူချိန်များစွာ မြင့်တက်ခြင်း အစရှိသော တုပ်ကွေးကဲ့သို့ ရောဂါလက္ခဏာပုံစံမျိုးကို အများစုခံစားနေရပြီး ရောဂါဖြစ်ပွားသည့် ကလေးငယ်တစ်ဦးချင်းစီမှာ ဖြစ်ပွားသည့် ရောဂါလက္ခဏာပုံစံခြင်း မတူညီကြောင်း မအူပင်မြို့နယ်မှ ကျန်းမာရေးဝန်ထမ်းတစ်ဦးက ပြောသည်။ အဆိုပါဖြစ်စဉ်၏ အခြေအနေမှန်အားသိရှိစေရန် မအူပင်မြို့နယ် ဆေးရုံအုပ်ကြီးသို့ 7 Day News မှ ဆက်သွယ်မေးမြန်းရာ "ရာသီတုပ်ကွေးပါ။ ကလေးတွေက ကိုယ်ပူတယ်၊ ခေါင်းကိုက်တယ်၊ အော့အန်တယ်၊ ဝမ်းသွားကြတယ်၊ စိုးရိမ်ရတဲ့အနေအထားကတော့ တစ်ယောက်မှမရှိပါဘူး။ ကျောင်းကဘော်ဒါဆောင်ဆိုတော့ လူများတယ်။ ကူးဖို့ကလွယ်သွားတာပေ့ါ။ အခုဆေးရုံက မနက်ဖြန်ဆို ဆင်းနိုင်မယ့် ကလေးတွေတောင်ရှိနေပါပြီ။ လက်ရှိဆေးရုံမှာ ရောဂါဖြစ်ပွားတဲ့ ကလေးအယောက် ၂၀ ရှိပါတယ်"ဟု မအူပင်မြို့နယ်ဆေး ရုံအုပ်ကြီး ဦးထွန်းမြင့်ကပြောသည်။

ခရစ်ယာန်ဘုရားကျောင်းတွင် ကျောင်းသားကျောင်းသူ စုစုပေါင်း ၁၁၅ ယောက်နေထိုင်ပြီး လက်ရှိတွင် ကလေး ၆၀ ဦးခန့်တွင် ရောဂါကူးစက်ခံနေရပြီး ၁၇ဦးအား မအူပင်ဆေးရုံတွင် ဆေးကုသမှုခံ ယူလျက်ရှိကြောင်း ရောဂါဖြစ်ပွားသည့် စိန့်ရီတာဘုရားကျောင်းမှ ဖာသာဖောထူးကပြောသည်။

"ကလေးတွေက ဒီဘုရားကျောင်းမှာ ဘော်ဒါသဘောမျိုးနဲ့ လာရောက်နေထိုင်ကြတာပါ။ အများစုက နွမ်းပါးပြီး ဆင်းရဲတဲ့ ကလေးတွေကို ဒီကျောင်းက စောင့်ရှောက်နေထိုင်ခွင့်ပြုထားတာပါ။ ရောဂါကို ဆရာဝန်ကြီးတွေရဲ့ သုံးသပ်ချက်အရ တုပ်ကွေးသဘောမျိုးလို့ ပြောတယ်။ အရင်က ဒီကျောင်းမှာ တစ်ခါမှ မဖြစ်ဖူးဘူး။ ဆေးရုံက တချို့ကလေးတွေလဲ တော်တော်သက်သာလာပါပြီ"ဟု အဆိုပါ ဖာသာဖောထူးကပင်ပြော သည်။

စိန့်ရီတာကက်သလစ်ဘုရားကျောင်းအား တစ်ပတ်တိတိ ပိတ်ထားမည်ဖြစ်ပြီး ယင်းကျောင်းအနီးတစ်ဝိုက်ရှိလမ်းများကိုလည်း မသက်ဆိုင်သူများ မဝင်ရောက်ရန်နှင့်ရောဂါပိုမကူးစက်နိုင်ရေးအတွက် ကျန်းမာရေးနှင့် လုံခြုံရေးစောင့်ရှောက်မှုများကိုလည်း ဆောင်ရွက်ထားကြောင်း မအူပင်မြို့နယ်မှ ဒေသခံတစ်ဦးက ပြောသည်။

# ရွှေလုပ်ငန်းရှင်များ ပူးပေါင်း၍ အများပိုင်ကုမ္ပဏီ ထူထောင်ရန်စီစဉ်

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ ဇွန် - ၂၆**

ရွှေလုပ်ငန်းရှင်များ ပူးပေါင်း၍ "မြန်မာရွှေဖွံ့ဖြိုးတိုးတက်ရေး အများပိုင်ကုမ္ပဏီလီမိတက်"ကို ဇွန် ၂၇ ရက်တွင် စတင်ထူထောင်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များ၏ အတွင်းရေးမှူးဖြစ်သော ဦးထုံရွှေဆိုင်မှ ဦးကျော်ဝင်းကပြောသည်။

"နောင်တစ်ချိန်မှာ AFTA တို့၊ AEC တို့ဝင်လာရင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေနဲ့ ယှဉ်တဲ့အခါမှာ ဒီကလုပ်ငန်းတွေ ပပျောက်မသွားအောင် စုစည်းတည်ထောင်လိုက်တဲ့ သဘောပဲ"ဟု ဦးကျော်ဝင်းက ပြောသည်။

လက်ရှိတွင် ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် တစ်ဦးချင်းဆီ လုပ်ဆောင်နေခြင်းဖြစ်ပြီး ပြည်ပနိုင်ငံများနှင့် ယှဉ်ပါက



သေးငယ်သော လုပ်ငန်းများ ဖြစ်နေ၍ ပြည်ပမှဝင်လာသော ရင်းနှီးမြှုပ်နှံမှုများနှင့် ယှဉ်နိုင်အောင် ယခုကဲ့သို့ ကြိုတင်ပြင်ဆင်ထားခြင်းဖြစ်ကြောင်းယင်းကပြောသည်။

လက်ရှိတွင် ကုမ္ပဏီ၌ မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်းမှ အမှုဆောင်၊ အလုပ်အမှုဆောင် ၁၀ ဦးဖြင့် စတင်တည်ထောင်လိုက်ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

# ဒေါ်လာတန်ဖိုးတက်၊ ဝယ်သူများ၍ ငွေလဲလှယ်ရေးကောင်တာများ စောပိတ်

**အောင်သူရ**

**ရန်ကုန်၊ ဇွန် - ၂၅**

ငွေလဲကောင်တာများက ရောင်းချပေးနေသော ငွေလဲနှုန်းဈေးနှင့် ပြင်ပပေါက်ဈေးတွင် ဖြစ်ပေါ်နေသော ငွေလဲနှုန်းဈေးမှာ ဇွန်လ ၂၆ ရက်က တစ်ဒေါ်လာလျှင် ရှစ်ကျပ်ခန့်ထိ ဈေးကွာလာသည်။

ဇွန်လ ၂၆ ရက်က ငွေလဲကောင်တာများတွင် သတ်မှတ်သောဈေးမှာ တစ်ဒေါ်လာလျှင် ၈၆၇ကျပ်(ရောင်းဈေး)သာရှိပြီးပြင်ပဈေးကွက်ဝယ်ဈေးမှာ တစ်ဒေါ်လာလျှင် ၈၈၅ ကျပ်ဈေးဖြစ်ခဲ့သည်။ ထို့ကြောင့် ငွေလဲကောင်တာများတွင် လာရောက်ဝယ်ယူသူများခဲ့သဖြင့် ပုံမှန်နေ့များထက်စော၍ ကောင်တာများ အရောင်းရပ်ခဲ့ရကြောင်းသတင်းရရှိသည်။

ငွေလဲကောင်တာများတွင် ဒေါ်လာရောင်းဈေးနှုန်းများမှာ ပြီးခဲ့သည့် တစ်ပတ်အတွင်း တစ်နေ့လျှင် နှစ်ကျပ်နှုန်းခန့် ဈေးတက်လာခဲ့ပြီး ဇွန်လ ၂၆ရက်တွင်မှ သုံးကျပ်ဈေးတက်လာခဲ့သည်။

"ဈေးကွက်ထဲမှာ ဈေးခွာတာက ငွေလဲကောင်တာတွေက အပြင်ဈေးကွက်မှာ ဈေးကျသွားရင် ရှုံးမှာစိုးလို့ထိန်းထားတာ"ဟု ငွေကြေးဆိုင်ရာ ကျွမ်းကျင်သူတစ်ဦးကပြောသည်။

ပြီးခဲ့သည့်ရက်ပိုင်းက ငွေလဲနှုန်းသတ်မှတ်ရေးနှင့်ပတ်သက်သော အလုပ်ရုံဆွေးနွေးပွဲတွင် လုပ်ငန်းရှင်များနှင့် ကျွမ်းကျင်သူများက တစ်ထောင်နှင့် အထက် ဖြစ်ရန် အဆိုပြုခဲ့ကြသဖြင့် တဖြည်းဖြည်း ဆွဲတင်တာမျိုးဖြစ်နိုင်ကြောင်း ဝါးခယ်မရောင်းဝယ်ရေးကုမ္ပဏီမှ အုပ်ချုပ်ရေးဒါရိုက်တာဒေါက်တာစိုးထွန်းကသုံးသပ်သည်။ "တက်ဖို့အတွက် ဝိုင်းတောင်းဆိုတာဆိုတော့ ဖြည်းဖြည်းချင်း တက်တာကောင်းပါတယ်။ တစ်သောင်းတန်ထုတ်တာလည်းပါတာပေ့ါ"ဟု ဒေါက်တာစိုးထွန်းကသုံးသပ်သည်။

ကားများအား ပါမစ်မလိုဘဲ တင်သွင်းခွင့်ပြုပြီးနောက်ပိုင်းမှစ၍ ငွေလဲနှုန်းတဖြည်းဖြည်းမြင့်တက်လာခဲ့ပြီး ကျပ်တစ်သောင်းတန်ငွေစက္ကူထုတ်ဝေပြီးနောက်ပိုင်း ပိုမိုဈေးတက်လာခဲ့သည်။

# အစိုးရနှင့်ကေအိုင်အိုနှစ်ဖက်တပ်မတော်အရာရှိများကိုယ်တိုင်တက်ရောက်မည့်ဆွေးနွေးပွဲဇူလိုင်လဆန်း ကျင်းပနိုင်ရန်စီစဉ်

**အားမာန်**

**ရန်ကုန်၊ ဇွန်-၂၆**

ဦးအောင်မင်းခေါင်းဆောင်သောအစိုးရ၏ ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့နှင့် ကချင်လွတ်လပ်ရေးအဖွဲ့ (KIO)တို့ မကြာမီလေးကြိမ်မြောက်တွေ့ဆုံဆွေးနွေးကြမည်ဖြစ်ပြီး ထိုတွေ့ဆုံဆွေးနွေးမှုတွင် နှစ်ဖက်တပ်မတော်မှ အဆင့်မြင့်တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးနိုင်ရန် စီစဉ်နေကြောင်း ငြိမ်းချမ်းရေးအကျိုးဆောင်များက ပြောသည်။

ဦးအောင်မင်းခေါင်းဆောင်သော ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့နှင့် ကေအိုင်အေမှ ဒုစစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီးဂွမ်မော်ဦးဆောင်သော တာဝန်ရှိသူများမှာ မေလ ၂၁ ရက်တွင် ထိုင်းနိုင်ငံ ချင်းမိုင်တွင်လည်းကောင်း၊ ဇွန် ၁ ရက်နှင့် ဇွန် ၁၉၊ ၂၀ ရက်တို့တွင် ကချင်ပြည်နယ်ရှိ မိုင်ဂျာယန်တွင်လည်းကောင်း အလွတ်သဘောတွေ့ဆုံ၍ ငြိမ်းချမ်းရေးဆွေးနွေးခဲ့သည်။ အလွတ်သဘောဟုဆိုသော်လည်း နှစ်ဖက်စလုံးမှတာဝန်ရှိသူများ တစ်လအတွင်း သုံးကြိမ်တွေ့ဆုံမှု၌ ငြိမ်းချမ်းရေးအတွက်တရားဝင်ဆွေးနွေးခဲ့ကြခြင်းဖြစ်သည်။ တွေ့ဆုံဆွေးနွေးမှုများမှာပွင့်လင်းပြီး မျှော်မှန်းထားသည်ထက် ပိုမိုအောင်မြင်ခဲ့ကြောင်းလည်း ငြိမ်းချမ်းရေးအကျိုးဆောင်များကပြောသည်။

ထို့ကြောင့် ဇွန် ၂၀ ရက် တွေ့ဆုံဆွေးနွေးမှုတွင် လေးကြိမ်မြောက်တွေ့ဆုံဆွေးနွေးရာ၌ တပ်နေရာချထားရေး ဆွေးနွေးရန် အစိုးရတပ်မတော်နှင့် ကေအိုင်အေမှ တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးရန် အကြမ်းဖျင်းသဘောတူခဲ့ကြောင်း သတင်းရရှိသည်။ ထိုဆွေးနွေးပွဲကို လာမည့်ဇူလိုင်လဆန်းတွင် ကျင်းပနိုင်ဖွယ်ရှိပြီး ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီဒုတိယဥက္ကဋ္ဌဖြစ်သော ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်းပါ တက်ရောက်ဆွေးနွေးမည်ဟု သတင်းရရှိထားကြောင်း ငြိမ်းချမ်းရေးအကျိုးဆောင် တစ်ဦးကပြောသည်။

အစိုးရတပ်မတော်နှင့် ကေအိုင်အေကြား တိုက်ပွဲများမှာ ၂၀၁၁ ဇွန်လ ၉ ရက်မှ စတင်ဖြစ်ပွားခဲ့သည်။ ဇွန်လတွင် နှစ်ဖက်တပ်များကြား တိုက်ပွဲဖြစ်ပွားမှု စုစုပေါင်းအရေအတွက် လျော့နည်းသွားသော်လည်း၊ ယခင်ဖြစ်ပွားမှုလျော့နည်းခဲ့သည့်နေရာအချို့တွင် ပိုများလာသည်လည်းရှိကြောင်း သတင်းရရှိသည်။

### တရုတ် - မြန်မာရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းတစ်လျှောက် မြေယာနစ်နာသူများအား ပုံစံနှစ်မျိုးဖြင့်လျော်ကြေးပေးဟုဆို သတင်းမှပြည့်စွက်ချက်

ကျောက်ဖြူမြို့နယ်၊ မြဒေးကျွန်းကျေးရွာအုပ်ချုပ်ရေးမှူးက ကျောက်ဖြူမြို့နယ်ရှိ မြေယာနစ်နာသည့်ဒေသခံများအတွက် မြေယာလျော်ကြေးအား ယခုနှစ် ဖေဖော်ဝါရီနှင့် မတ်လပိုင်းတွင် ပထမဆုံးအကြိမ် ပေးအပ်ခဲ့ကြောင်း၊ မေလအတွင်း ယင်းမြို့နယ်မှ ကျန်ရှိသည့် ဒေသခံများအား မြေယာလျော်ကြေးကို ပေးအပ်ပြီးဖြစ်သည်ဟုပြောသည်။

ထို့အပြင် မြဒေးကျွန်းနေ ဒေသခံများအား မေလအတွင်း ၎င်းတို့ ပိုင်ဆိုင်သည့် မြေအနေအထားပေါ် မူတည်ပြီး လျော်ကြေးငွေပေးအပ်ပြီးဖြစ်ကြောင်း ၎င်းအုပ်ချုပ်ရေးမှူးကပြောသည်။

ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲထွန်းက "သီပေါနယ်မှာတော့ ၅၀ ရာခိုင်နှုန်း၊ ၅၀ ရာခိုင်နှုန်း ခွဲပြီးပေးတာအကုန်ပြီးသွားပြီ။ ဒါပေမဲ့ သီပေါမှာက ပိုက်လိုင်းသွယ်တန်းတဲ့အခါမြေတူးတဲ့ကုမ္ပဏီတွေက တူးပြီးဖော်လိုက်တဲ့မြေတွေကို သတ်မှတ်ဧရိယာထက် ကျော်လွန်ပြီး ပုံလိုက်တော့ နမ့်အွမ်နဲ့ မိုးတေကျေးရွာတွေမှာဖြစ်ပွားတာရှိတယ်။ အဲဒီကျေးရွာက တောင်သူတွေက လာပြောတဲ့အတွက် သက်ဆိုင်တဲ့ ကျေးရွာအုပ်ချုပ်ရေးမှူးနဲ့တွေ့ပြီး အဲဒီ့ကိစ္စကို အသိပေးထားတယ်။ အုပ်ချုပ်ရေးမှူးက ကုမ္ပဏီတာဝန်ခံတွေနဲ့တွေ့ဆုံပြီးဖြေရှင်းပေးမယ်လို့ပြောထားတယ်"ဟုပြောသည်။

7DAY NEWS JOURNAL
Vol.11, No.16 • JUNE 28 , 2012

# ဆန်အထူးပြုကုမ္ပဏီ ၅၇ ခုထဲတွင် ယခုနှစ်မိုးစပါးအတွက် ကုမ္ပဏီနှစ်ခုကသာ လယ်သမားများကို ငွေချေးနိုင်

**အောင်သူရ၊ ပြည်သိမ်း**

**ရန်ကုန်၊ ဇွန်-၂၅**

လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် ၂၀၀၉ ခုနှစ်ကစတင် ဖွဲ့စည်းခဲ့သော ဆန်စပါးအထူးပြုကုမ္ပဏီ၅၇ခုထဲတွင်ယခုနှစ်မိုးစပါးရာသီ၌ ကုမ္ပဏီနှစ်ခုသာ တောင်သူလယ်သမားများသို့ ပိုက်ဆံထုတ်ချေးတော့ကြောင်း မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်း အထွေထွေအတွင်းရေးမှူး ဦးရဲမင်းအောင်က ပြောသည်။

"ဥက္ကဋ္ဌ(ဦးချစ်ခိုင်)တို့ ကုမ္ပဏီနဲ့ အစ်ကိုတို့ကုမ္ပဏီ(ခေတ္တရာဟင်္သာအထူးပြုကုမ္ပဏီ)ပဲ ကျန်တော့တယ်။ သိန်းခြောက်ထောင်၊ ခုနစ်ထောင်လောက် အကြွေးကျန်တယ်။အကြွေးဆပ်တဲ့လူကို အတိုးမယူဘဲ ထပ်ချေး ပေးမယ်။ အကြွေးကျန်တဲ့လူကို သက်တမ်းတိုးပေးလိုက်တယ်။ သွင်းအားစုထပ်ထည့်ပေးမယ်" ဟု ဦးရဲမင်းအောင်က ပြောသည်။

ဓနုဖြူမြို့နယ်ရှိ တောင်သူများအား ထောက်ပံ့ပေးနေသော ကဥ္စနကျွန်းသာ ကုမ္ပဏီက ကျပ်သန်းပေါင်း ၁,၉၀၀ ကျော် တောင်သူများထံတွင် ရရန်ရှိပြီး ယခုနှစ်မိုးစပါးရာသီမှစ၍ အတိုးမယူဘဲ ထပ်မံချေးပေးမည်ဟုဥက္ကဋ္ဌဦးချစ်ခိုင်ကပြောသည်။

သို့ရာတွင် ကျန်အထူးပြုကုမ္ပဏီများ အနေဖြင့် ပြီးခဲ့သည့် မိုးစပါးရာသီနှင့် ပဲရာသီတွင် ချေးထားသော ငွေများ ၆၀ ရာခိုင်နှုန်း ပြန်လည် မရရှိကြသဖြင့် ယခုနှစ်တွင် ထပ်မံငွေမချေးရန် ဆုံးဖြတ်ခဲ့ရခြင်းဖြစ်သည်ဟု သတင်းရရှိသည်။

"အထူးပြု ဖွဲ့ပြီး တောင်သူကို ငွေချေးခဲ့တာ ၃ နှစ်ရှိပြီး ကျပ်ဘီလီယံတစ်ရာလောက်ချေးခဲ့တယ်။ ဒါပေမဲ့ အစိုးရက ယနေ့အချိန်အထိ ဘာအထောက်အပံ့မှ မရဘူး။ အားပေးမှုကလည်း လက်ခုပ်တီးပြီး အားပေးရုံအဆင့်ပဲ ရှိတယ်" ဝါးခယ်မရောင်းဝယ်ရေး ဆန်စပါးအထူးပြုကုမ္ပဏီမှ အုပ်ချုပ်မှုဒါရိုက်တာ ဒေါက်တာစိုးထွန်းကပြောသည်။

၂၀၀၉ ခုနှစ်နောက်ပိုင်း ရာသီဥတု ဖောက်ပြန်ခြင်းကြုံတွေ့နေရသောတောင်သူများမှာ ၂၀၁၁ ခုနှစ်မိုးစပါးရာသီမှာ ရေကြီးခြင်း၊ သီးနှံပေါ်ချိန်တွင် ဈေးကျခြင်း၊ ၂၀၁၂ ပဲစိုက်ရာသီတွင် ပိုးကျခြင်းနှင့် သီးနှံဈေးကျခြင်းတို့ကြောင့် ဆက်တိုက်အရှုံးပေါ်ခဲ့ပြီး အကြွေးမဆပ်နိုင်တော့သည့်အခြေအနေသို့ပင် ရောက်ရှိလာခဲ့သည်။

ပုဂ္ဂလိကက ထုတ်ချေးထားသော ငွေများအပြင် မြန်မာလယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ပြီးခဲ့သည့် မိုးရာသီအတွက် ထုတ်ချေးခဲ့သော ငွေများထဲမှ ဇွန်လလယ်ထိ ကျပ်သန်းပေါင်း ၉၇၂၈ ဒသမ အကြွေးကျန်ရှိနေသေးသည်ဟု သက်ဆိုင်ရာကထုတ်ပြန်ခဲ့သည်။

ယခုနှစ် မိုးစပါးရာသီတွင် မြန်မာလယ်ယာဖွံ့ဖြိုးရေးဘဏ်က အကြွေးမကျေသော တောင်သူများအား တစ်ဧကလျှင် ငွေကျပ်ငါးသောင်းနှုန်းဖြင့် ထုတ်ချေးပေးလျက်ရှိပြီး အကြွေးမကျေသူများအား ထုတ်မချေးဘဲ ဆိုင်းငံ့ထားသည်။

"အချို့ဒေသတွေမှာကြံ့ခိုင်ရေးက ဘဏ်ကြွေးစိုက်ဆပ်ပေးတာရှိတယ်။ တချို့လည်း လုပ်ငန်းရှင်တွေက ၈ ကျပ်တိုးနဲ့ ချေးပြီး စိုက်ဆပ်ပေးတာ ရှိတယ်" ဟု ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ်မှ တောင်သူကြီးတစ်ဦးက ပြောသည်။ လက်ရှိ အခြေအနေတွင် ပြင်ပမှချေးငွေယူရန် ခက်ခဲသဖြင့် ပိုင်ဆိုင်သော လှေနှင့်လှည်းများအားပေါင်နှံ၍ မိုးစပါးစိုက်ပျိုးရန် ကြိုးစားနေရကြောင်း ဓနုဖြူမြို့နယ် နဲ့ကျိုးရွာမှ တောင်သူဦးသိန်းအောင်က ပြောသည်။

အစိုးရသစ် တက်လာပြီးနောက် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဆောင်ရွက်မည်ဟုကြွေးကြော်ခဲ့သော်လည်း လက်တွေ့တွင်ငွေလဲနှုန်းကဆင်းခြင်းကြောင့် သီးနှံဈေးကျဆင်းခြင်းနှင့် ရာသီဥတုဖောက်ပြန်ခြင်းကြောင့် တောင်သူများ ဘဝမှာ တစ်နှစ်ထက်တစ်နှစ် ပိုဆိုးလာခဲ့သည်။

ထို့ကြောင့် တောင်သူအများစုမှာ လယ်ယာမြေများကို စွန့်ခွာ၍ ထိုင်းနှင့်မလေးရှားနိုင်ငံသို့ ရွှေ့ပြောင်းလုပ်သားအဖြစ် သွားရောက်လုပ်ကိုင်မှု များပြားလာခဲ့သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက်တွင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက လယ်ယာလုပ်ငန်းဖွံ့ဖြိုးရေးအတွက် အထူးပြုကုမ္ပဏီများ ဖွဲ့စည်း၍ တောင်သူများအား ကူညီရန် ညွှန်ကြားခဲ့သည်။

| စဉ် | နှစ်အလိုက်အထူးပြုကုမ္ပဏီ ပံ့ပိုးမှုများ | တောင်သူဦးရေ | ပံ့ပိုးငွေပမာဏ (ကျပ်) | အထူးပြုကုမ္ပဏီ အရေအတွက် |
|---|---|---|---|---|
| ၁။ | ၂၀၀၉ မိုးစပါး သွင်းအားစုပံ့ပိုးမှု | ၂၉,၀၁၅ | ၅,၁၁၁,၅၁၆,၄၂၀ | ၂၄ |
| ၂။ | ၂၀၀၉-၂၀၁၀ နွေစပါး သွင်းအားစုပံ့ပိုးမှု | ၁၆,၈၄၄ | ၁၂,၄၃၉,၅၂၂,၀၉၀ | ၂၀ |
| ၃။ | ၂၀၁၀-၂၀၁၁ မိုးစပါး သွင်းအားစုပံ့ပိုးမှု | ၄၉,၉၅၉ | ၁၇,၉၃၉,၅၀၂,၉၂၈ | ၃၀ |
| ၄။ | ၂၀၁၀-၂၀၁၁ နွေစပါး သွင်းအားစုပံ့ပိုးမှု | ၃၁,၅၂၅ | ၂၃,၁၀၂,၇၄၃,၆၆၆ | ၂၀ |
| ၅။ | ၂၀၀၉ မိုးစပါး သွင်းအားစုပံ့ပိုးမှု | ၅၄,၆၆၆ | ၃၅,၆၅၉,၁၂၇,၄၆၈ | ၃၈ |
| | စုစုပေါင်းပံ့ပိုးမှုပမာဏ | ၁၈၂,၀၀၉ | ၉၄,၂၅၂,၄၁၂,၅၇၂ | ၁၃၂ |

# ရန်ကုန်မြို့ရှိ အထပ်မြင့် အဆောက်အအုံများတွင် ကင်မရာတပ်ဆင်၍ မီးလောင်မှုများကို ၂၄ နာရီ စောင့်ကြည့်တော့မည်ဟုဆို

**မိုးညို၊ ခိုင်ချို**

**ရန်ကုန်၊ ဇွန် - ၂၃**

ရန်ကုန်မြို့ရှိ အထပ်မြင့်အဆောက်အအုံလေးခု၏ အမြင့်ဆုံးနေရာများတွင်စောင့်ကြည့်ကင်မရာများတပ်ဆင်၍ မီးလောင်မှုဖြစ်ပွားပါက ကြိုတင်သိရှိအချက်ပြနိုင်သည့် စနစ်အား လာမည့်နှစ်အတွင်း စတင်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မီးသတ်ဦးစီးဌာနမှ သတင်းရရှိသည်။

ထိုကင်မရာများမှ မီးတောက်၊ မီးငွေ့၊ မီးရောင်များတွေ့ရှိပါက အနီးစပ်ဆုံး၊ အပြတ်သားဆုံးနေရာအထိ မှတ်တမ်းရယူရိုက်ကူးသွားမည်ဖြစ်ပြီး နီးစပ်ရာမီးသတ်စခန်းမှမီးငြိမ်းသတ်သတ်ယာဉ် အမြန်ဆုံးရောက်ရှိလာရန်အတွက် ဆက်သွယ်ချိတ်ဆက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးရွှေဘက ပြောကြားသည်။

"ဒီကင်မရာက ၂၄ နာရီစောင့်ကြည့်မှုတွေ ပြုလုပ်မှာဖြစ်ပြီး အထပ်မြင့်အဆောက်အအုံတွေရဲ့ အပေါ်ဆုံးကနေ သူနဲ့နီးစပ်ရာဝန်းကျင်က ဖြစ်စဉ်တွေကို ရိုက်ကူးမယ့်သဘောပါ။ ဥပမာ-ကားတစ်စီးရဲ့ ကားနံပါတ်ကအစ ထင်ထင်ရှားရှား မှတ်သားရိုက်ကူးနိုင်တဲ့ စောင့်ကြည့်ကင်မရာအမျိုးအစားပါ" ဟု ဦးရွှေဘက ဆိုသည်။

အဆိုပါစနစ်အား နည်းပညာနှင့်နက်ဝှါခ်ပိုင်းဆိုင်ရာထိန်းချုပ်မှုများအတွက် ပုဂ္ဂလိကကုမ္ပဏီများနှင့်ပူးပေါင်း၍ ၂၀၁၃ ခုနှစ်တွင် ပထမအဆင့်အနေဖြင့် ရန်ကုန်မြို့၏ အထပ်မြင့်စင်တာလေးနေရာ၌ စတင်၍ စမ်းသပ်တင်ဆင်သွားမည်ဖြစ်ကြောင်း ၎င်းကဆိုသည်။

ပထမဆုံး စတင်တပ်ဆင်မည့်လေးနေရာမှာ ဆာကူရာတာဝါ၊ ပြည်ဂါးဒင်းကွန်ဒိုမီနီယံ၊ ရန်ကုန်စီးတီးတာဝါ၊ လှိုင်သာယာမြို့နယ်ရှိ တပင်ရွှေထီးတာဝါတို့ဖြစ်ကြောင်း မီးသတ်ဦးစီးဌာနမှ ထုတ်ပြန်ချက်များတွင်ဖော်ပြထားသည်။

လက်ရှိတွင် ရန်ကုန်မြို့၏ အဆင့်မြင့်ဈေးဝယ်စင်တာများ၊ ရှော့ပင်းမောလ်များ၌ မီးလောင်မှုဖြစ်ပွားပါက အလိုအလျောက် အချက်ပေးစနစ်များ တပ်ဆင်ထားပြီး အပေါ်ဆုံးထပ်များတွင် ရေသိုလှောင်ကန်ကြီးများထားရှိခြင်းကိုပါ ဆောင်ရွက်လာကြပြီဟုဆိုသည်။

# အသစ်တူးဖော်ရရှိသော သဘာဝဓာတ်ငွေ့ သိုက်များကို ပြည်တွင်းအတွက် အသုံးပြုမည်ဟုဆို

**အိဖြူမွန်**

**ရန်ကုန်၊**

**ဇွန် - ၂၂**

ယခုနှစ်အတွင်း အသစ်တူးဖော်တွေ့ရှိသော သဘာဝဓာတ်ငွေ့များကို ပြည်တွင်း၌ အသုံးပြုမည်ဖြစ်ကြောင်း မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ လုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဇွန်လ ၂၀ ရက်ထုတ် မြန်မာ့အလင်းသတင်းစာတွင်လည်း အများပြည်သူသိရှိရန် စွမ်းအင်ဝန်ကြီးဌာနမှ သတင်းထုတ်ပြန်ထားသည်။

"စမ်းသပ်တူးဖော်တွင်းတွေ ရှာဖွေတူးဖော်နေတယ်။ ဒါပေမဲ့ ပမာဏအတိုင်းအတာသိရဖို့၊ ရေရှည်အကျိုးစီးပွားဖြစ်ထွန်းနိုင်တဲ့ သဘာဝဓာတ်ငွေ့သိုက် ဟုတ်သလား၊ မဟုတ်သလား ဆန်းစစ်စရာတွေကများတော့ ခန့်မှန်း ၂၀၁၅ ခုနှစ်လောက်မှာတော့ တိတိကျကျ ပြောနိုင်ပါတယ်" ဟု အထက်ပါပုဂ္ဂိုလ်က ပြောကြားသည်။

သဘာဝဓာတ်ငွေ့သိုက်၏ ပမာဏသိရှိနိုင်ရန် အကဲဖြတ်တွင်းများကို စမ်းသပ်တူးဖော်နေသောကြောင့် မည်မျှအသုံးပြုမည်ကို အတိအကျမပြောနိုင်သေးသော်လည်း တူးဖော်ရရှိလာသော သဘာဝဓာတ်ငွေ့များကို ပြည်တွင်း၌ အသုံးပြုမည်မှာသေချာကြောင်း အထက်ပါပုဂ္ဂိုလ်ကပြောကြားသည်။

၁၉၉၇မှ ၂၀၀၀အတွင်းပြည်ပသို့ရောင်းချထားသောဓာတ်ငွေ့စီမံကိန်းလေးခုရှိပြီး ယင်းတို့မှာ ရတနာဓာတ်ငွေ့ စီမံကိန်း၊ ရဲတံခွန်ဓာတ်ငွေ့စီမံကိန်း၊ ရွှေနှင့်မြ သဘာဝဓာတ်ငွေ့ စီမံကိန်းနှင့် ဇောတိက သဘာဝစီမံကိန်းတို့ဖြစ်သည်။

၂၀၁၁ ခုနှစ်တွင် မုတ္တမ သဘာဝဓာတ်ငွေ့မြေမှ M3 အောင်သခ် သဘာဝဓာတ်ငွေ့သိုက်ကို ထိုင်းနိုင်ငံ PTTEP မှ တူးဖော်တွေ့ရှိခဲ့သည်။

နီလာ
အပြည်ပြည်ဆိုင်ရာခရီးသွားကုမ္ပဏီ
မအေးအေးမော်ဦးစီးသောနီလာဗုဒ္ဓဂယာဘုရားဖူးအဖွဲ့
သီရိလင်္ကာ (စွယ်တော်ပွဲ) + ဘန်ကောက် (မြဘုရား)
(၆)ညအိပ် (၇)ရက်ခရီး (၁၂)သိန်း (စရိတ်ငြိမ်း) (၂၅-၇-၂၀၁၂) ထွက်မည်။
(၁၂)ရက်ခရီး - ဗုဒ္ဓဂယာ (ဖွားပွင့်၊ဟော၊စံ) (အိန္ဒိယ - နီပေါ) → (၈)သိန်း
(၁၅)ရက်ခရီး - သံဝေဇနီယလေးဌာန + အဋ္ဌမဟာဌာန + နယူးဒေလီ၊တဇ်မဟာ → (၉)သိန်း
ကိုလ်းကတ္တား Shopping နှင့် ဗဟုသုတရစရာ နေရာများ
မည်သည့်ခရီးစဉ်မဆို(၁၆)ဦးစုစည်းပြီးလိုက်ပါလျှင်(၁)ဦးအခမဲ့ပို့ဆောင်ပေးမည်ဖြစ်ပါသည်။
ပြည်တွင်း/ပြည်ပတွင်ဝန်ဆောင်မှုများ - နိုင်ငံကူးလက်မှတ် ပြုလုပ်ပေးခြင်း၊ လေယာဉ်လက်မှတ်သွား/ပြန် D-form၊ လေဆိပ် အခွန် (အိန္ဒိယ - နီပေါ) ဗီဇာ၊ တည်းခို၊ စားသောက်၊ သွား/လာ ဝင်ကြေး ပါဝင်ပြီး ဖြစ်ပါသည်။ နိုင်ငံကူးလက်မှတ်လက်ဝယ်ရှိသူများ…
စတ်တင်ထား လ နောက်ဆုံးပတ်မှစ၍ အပတ်စဉ် (တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာ၊ စနေ) နေ့များတွင် ပို့ဆောင်ပေးမည်ဖြစ်ပါသည်။
(ရုံးချုပ်) အမှတ် - ၂၇၆/၂၇၈ (မြေညီထပ်)၊ ပန်းဆိုးတန်းလမ်း (ရုံးတော်အနီး)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
(မန္တလေးရုံးခွဲ) အမှတ် (၆၀၃)၊ မြေညီထပ်၊ (၈၂)လမ်း၊ ၂၆×၂၇လမ်းကြား၊ ချမ်းအေးသာဇံမြို့နယ်၊ မန္တလေးမြို့။
(မော်လမြိုင်ရုံးခွဲ) အမှတ် (၃၅၉)၊ အောက်လမ်းမကြီး၊ မရမ်းကုန်းရပ်ကွက်၊ မော်လမြိုင်မြို့။
(ပုသိမ်ရုံးခွဲ) အခန်း (A) မြေညီထပ်၊ ကိုးနဝင်းဈေးရုံအောက်ထပ်၊ ကုန်စုံလမ်းနှင့် ဗေဒ္ဓာလမ်းထောင့်၊ ပုသိမ်မြို့။
(တောင်ကြီးရုံးခွဲ) အမှတ် (၂၇/၃)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ရေအေးကွင်းရပ်၊ တောင်ကြီးမြို့။
(လားရှိုးရုံးခွဲ) အမှတ် (၈/၁၂/၁၉)၊ သုခလမ်းနှင့်သဇင်လမ်းထောင့်၊ နယ်မြေ(၁၂)၊ (၃)ရပ်ကွက်၊ လားရှိုးမြို့။
☎ ၀၁-၃၇၆၆၁၀၊ ၃၇၂၁၃၅၊ ၃၈၄၃၆၆၊ ၃၈၄၀၆၆၊ ၃၈၅၃၈၄၊ ၀၉-၅၁၂၀၅၂၉

MYANMAR GEMMOLOGICAL INSTITUTE
MGI Learning For Life
ကျောက်မျက်ပညာဖွံ့ဖြိုးဖို့
မြန်မာ့ကျောက်မျက်ပညာသိပ္ပံမှာ တက်ကြစို့
"လက်တွေ့အသုံးချကျောက်မျက်ပညာသင်တန်း"
(စိန်၊ ကျောက်စိမ်း၊ ပတ္တမြားနှင့် နီလာ သီးသန့်)
၂.၇.၂၀၁၂ မှ ၁၁.၇.၂၀၁၂ထိ ညနေ (၄:၀၀) မှ (၇:၀၀)ထိ
"ကျောက်စိမ်းပညာလုပ်ငန်းခွင်သင်တန်း"
ကျောက်စိမ်းပညာရှင် နှင့် ကျောက်စိမ်းလုပ်ငန်းရှင်များ ကိုယ်တိုင် စာ/လက်တွေ့ ပို့ချမည်။
၂.၇.၂၀၁၂ မှ ၁၁.၇.၂၀၁၂ထိ နံနက် (၇:၀၀) မှ (၉:၀၀)ထိ
"စိန်ပညာ မိတ်ဆက် သင်တန်း"
နိုင်ငံတကာအသိအမှတ်ပြု ဘွဲ့လွန်ဒီပလိုမာရ ကျောက်မျက်ပညာရှင်ကိုယ်တိုင် ဆွေးနွေးပို့ချမည်။
၂.၇.၂၀၁၂ မှ ၁၁.၇.၂၀၁၂ထိ နံနက် (၁၀:၀၀) မှ (၁၂:၀၀)ထိ
အမှတ်(၃၄၅)၊ ဒုတိယထပ်၊ ၁၃၉ × မဟာဗန္ဓုလလမ်းထောင့်၊ ရန်ကုန်။ ၀၉-၇၃၀ ၅၀ ၃၇၀
အမှတ်(၁၇၅)၊ ၂၆ဘီလမ်း၊ ၈၀-၈၁လမ်းကြား၊ မန္တလေး။ ၀၉-၉၁၀၀ ၁၈၁၈

# ငါးမွေးမြူရေးလုပ်ငန်းရှင်များ အရှုံးသံသရာလည်နေ


ငါးမွေးကန်မှ ငါးများဖော်စဉ်

**သန်းငွေး**

**ရန်ကုန်၊ဇွန်-၁၈**

ငါးမွေးမြူရေးလုပ်ငန်းရှင်များ ယခုကာလတွင် အရင်းအနှီးများများ စိုက်ထုတ်လေ ပိုရှုံးလေဖြစ်နေကြောင်း မြန်မာနိုင်ငံငါးမွေးမြူရေးလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးသန်းလွင်ကပြောသည်။

“အခုကာလမှာ ကေများများမွေးလေ အရင်းအနှီး ပိုစိုက်ထည့်ရလေ ပိုရှုံးလေဖြစ်နေပြီ။ တချို့ဆို ကျပ်သိန်းပေါင်းသောင်းချီရှုံးနေပြီ” ဟု ၎င်းကပြောသည်။

မြန်မာငွေနှင့် ကန်ဒေါ်လာလဲလှယ်နှုန်းကျဆင်းသောကြောင့် ပြည်ပတင်ပို့သူများက ဈေးနှုန်းချဝယ်ယူသည့်အပြင် သွင်းအားစုဖြစ်သော ငါးစာနှင့် ဒီဇယ်ဈေးနှုန်းများမှာလည်း မကျသောကြောင့် ငါးမွေးသူများ အဖက်ဖက်မှ နစ်နာနေရကြောင်း ၎င်းကပြောသည်။

ငါးမွေးမြူရေးကန်ကေ နှစ်သိန်းကျော်တွင် အဓိကပြည်ပပို့ကုန်ဖြစ်သော ငါးမြစ်ချင်းငါးမျိုးစိတ်ကို ၇၅ ရာခိုင်နှုန်း မွေးမြူကြသည်။ ထွက်ပေါ်လာသောငါးများအား ဘင်္ဂလားဒေ့ရှ်နိုင်ငံသားအများစု အလုပ်သွားရောက်လုပ်ကိုင်ကြသော အရှေ့အလယ်ပိုင်းနိုင်ငံများသို့ တင်ပို့ရသည်။

“ဘင်္ဂါလီတွေ သူတို့နိုင်ငံပြင်ပတွေမှာ ရောက်နေတာ ဆယ့်ငါးသန်းလောက်ရှိတယ်လို့ဇွန်လတစ်ရက်နေ့တုန်းက သူတို့ကုန်သည်တွေနဲ့ တွေ့တော့ပြောတယ်”ဟု မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်အမှုဆောင်ဒုတိယဥက္ကဋ္ဌ ဦးဟန်ထွန်းကပြောသည်။

ထို့ကြောင့် အဆိုပါဈေးကွက်ကြီးကို ရရှိရန် ကြိုးစားနေရာ တစ်နှစ်လျှင် ငါးမြစ်ချင်းတန်ချိန် ကိုးသောင်းနှင့် တစ်သိန်းကြား တင်ပို့နေရကြောင်း ၎င်းကပြောသည်။ သို့ရာတွင် ငါးမြစ်ချင်းတစ်ကီလိုဂရမ်လျှင် အမေရိကန်တစ်ဒေါ်လာနီးပါးဈေးနှုန်းဖြင့်သာ ရောင်းနေရသောကြောင့် မွေးသူများ ရှုံးနေရခြင်းဖြစ်ကြောင်း ၎င်းကပြောသည်။

ငါးရောင်းဈေးနှုန်း မြင့်လာစေရန် လိုအပ်သကဲ့သို့ ငွေလဲနှုန်းမှာ ကန်တစ်ဒေါ်လာလျှင် ကိုးရာကျပ်မှ တစ်ထောင်ကျပ်အကြားရှိမှသာ မွေးသူရောတင်ပို့သူပါအဆင်ပြေနိုင်ကြောင်း ၎င်းတို့က သုံးသပ်ပြောကြားသည်။

# ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံ လည်ပတ်ပါက ပြည်ပမှ ကုန်ကြမ်းအဓိက တင်သွင်းရမည်

**ပြည်သိမ်း**

**ရန်ကုန်၊ဇွန်-၂၁**

ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံများ တည်ဆောက်ပါက လောင်စာကုန်ကြမ်းအတွက် ကျောက်မီးသွေးကို ပြည်ပမှ အဓိကတင်သွင်းအသုံးပြုရမည်ဖြစ်ကြောင်း သတ္တုတွင်းဌာနမှ ညွှန်ကြားရေးမှူး ဦးကျော်သက်ကပြောကြားသည်။

ပြည်တွင်း၌ကျောက်မီးသွေးထုတ်ယူနိုင်မှုသည် တစ်နှစ်လျှင် တန်ချိန် ၆၄၀,၀၀၀ ကျော်သာ ထုတ်ယူနိုင်သည်။ ထို့အပြင် မြန်မာနိုင်ငံမှ ထွက်ရှိသည့်ကျောက်မီးသွေးသည် အရည်အသွေးပိုင်းတွင် မီးလောင်ကျွမ်းမှုအားနည်းသည်။

“ပြည်ပကနေသွင်းရမှာဆိုတော့ သွင်းကုန်အခွန်ကို သုညရာခိုင်နှုန်းဖြစ်အောင် နိုင်ငံတော်ကို တင်ပြထားတယ်”ဟု အထက်ပါပုဂ္ဂိုလ်ကရှင်းပြသည်။

လက်ရှိမြန်မာနိုင်ငံတွင် ကျောက်မီးသွေးလောင်စာဖြင့် လျှပ်စစ်ဓာတ်အား ထုတ်ယူမှုမှာ ၃ ဒသမ ၅ ရာခိုင်နှုန်းသာရှိပြီး ထုတ်ယူနိုင်သော နေရာများမှာ တီကျစ်နှင့် ကလေးဝကျောက်မီးသွေးတွင်းများဖြစ်သည်။ ပြည်တွင်း၌ကျောက်မီးသွေးကို ရှာဖွေတူးဖော်ရာတွင် ပြည်ပနိုင်ငံများကပါ ပြည်တွင်းကုမ္ပဏီများနှင့် ပူးပေါင်းလုပ်ကိုင်နိုင်သော်လည်း ပြည်ပဈေးကွက်သို့ တင်ပို့ခွင့်မပြုပေ။

မြန်မာနိုင်ငံတွင် ကျောက်မီးသွေးသိုက် ၈၂ သိုက်ရှိပြီး ကျောက်မီးသွေးတူးဖော် ထုတ်လုပ်မှုကို နိုင်ငံတော်မှ ၂ ဒသမ ၈ ရာခိုင်နှုန်း၊ ဖက်စပ်လုပ်ငန်းများအဖြစ် ၄၃ ဒသမ ၈၇ ရာခိုင်နှုန်းနှင့် ပြည်တွင်းကုမ္ပဏီများမှာ ၅၃ ဒသမ ၃၂ ရာခိုင်နှုန်းရှိကြောင်း ပအိုင်းလူငယ်အစည်းအရုံးအဖွဲ့ဘလောဂ့်၌ ဖော်ပြထားသည်။

နိုင်ငံတော်သမ္မတ ဂျပန်နိုင်ငံသို့ သွားရောက်စဉ် လျှပ်စစ်ကဏ္ဍရေရှည်ဖွံ့ဖြိုးတိုးတက်ရန် ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံတစ်ရုံကို ဂျပန်နိုင်ငံမှ J Power ကုမ္ပဏီနှင့် ပူးပေါင်း၍ လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၆၀၀ မှ ၁၂၀၀ ထိထုတ်လုပ်ပေးရန်စီစဉ်ထားသည်။ ယင်းမဂ္ဂါဝပ်ပမာဏအရဆိုပါက တစ်နှစ်လျှင် ကျောက်မီးသွေးတန်ချိန်တစ်သန်းကျော်လိုအပ်ကြောင်း ဦးကျော်သက်က ရှင်းပြသည်။

ကျောက်မီးသွေးတစ်တန်၏ ဈေးနှုန်းမှာ ပြည်တွင်းဈေးကွက်တွင် တွင်းဝ၌ ဝယ်ယူပါက ကျပ် ၄၀,၀၀၀ မှ ကျပ် ၅၀,၀၀၀ ကြားရှိသည်။ ထို့ပြင်ကျောက်မီးသွေး၏ သယ်ယူစရိတ်မှာလည်း အခြားကုန်ပစ္စည်းများထက် ဈေးကြီးသည်။

စက်မှုထွန်းကားသောနိုင်ငံကြီးများတွင် လျှပ်စစ်စွမ်းအင်မူဝါဒများကိုလေ့လာရာ၌ ကျောက်မီးသွေးသုံးဓာတ်အားပေးစက်ရုံများမှာ များစွာအရေးပါလျက်ရှိသည်။ ကျောက်မီးသွေးအသုံးပြုပြီး လျှပ်စစ်အားထုတ်ယူမှုမှာ တရုတ်နိုင်ငံတွင် ၇၉ ရာခိုင်နှုန်း၊ အိန္ဒိယနိုင်ငံတွင် ၆၈ ဒသမ ၆ ရာခိုင်နှုန်း၊ အမေရိကန်ပြည်ထောင်စုတွင် ၄၈ ဒသမ ၈ ရာခိုင်နှုန်း၊ ဂျပန်နိုင်ငံတွင် ၂၆ ဒသမ ၆ ရာခိုင်နှုန်း ထုတ်ယူသုံးစွဲကြောင်း နိုင်ငံပိုင်သတင်းစာတွင် မြန်မာနိုင်ငံလျှပ်စစ်စွမ်းအင်ပြုပြင်ပြောင်းလဲရေးမဟာဗျူဟာတစ်ရပ် ပေါ်ထွက်လာရေးဆောင်းပါး၌ ဖော်ပြထားသည်။

# ဇွန်လပထမနှစ်ပတ်အတွင်း မြန်မာသီချင်းနှင့် ဇာတ်ကားများ တရားမဝင် ခိုးကူးခွေချပ်ရေ ၁,၀၀၀ ကျော် ဖမ်းဆီး

**အေးသူစံ**

**ရန်ကုန်၊ဇွန်-၂၁**

တရားမဝင်ကူးယူရောင်းချနေသော မြန်မာသီချင်းဗီစီဒီနှင့် ဇာတ်လမ်းဗီစီဒီချပ်များကို ရန်ကုန်တိုင်း ဗီဒီယိုစိစစ်ကြီးကြပ်ရေးအဖွဲ့က ဖမ်းဆီးခဲ့ရာ ယခုဇွန်လပထမနှစ်ပတ်အတွင်း ချပ်ရေ ၁,၀၀၀ ကျော် ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

“အခုဖမ်းနေတာက ရန်ကုန်တိုင်း ဗီဒီယိုစိစစ်ကြီးကြပ်အဖွဲ့ပါမယ်။ တိုင်းအဖွဲ့အောက်က မြို့နယ်ဗီဒီယိုအခြေခံအဖွဲ့သားတွေကို ဖမ်းခွင့်ပေးလိုက်တာပါ။ သတင်းရရင် စုံစမ်းပြီး သွားဖမ်းတာပဲ။ အရင်လို ဟိုဌာနဒီဌာန ဝင်ထွက်ပြောပြီးမှ သွားမဖမ်းတော့ဘူး။ အဲဒီလို လုပ်နေရင်လည်း မမိဘဲ လွတ်ကုန်တာကများတယ်” ဟု ရန်ကုန်တိုင်း ဗီဒီယိုစိစစ်ကြီးကြပ်ရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

လမ်းဘေးတွင် ခြင်းတောင်းများဖြင့်ရောင်းချသော ဆိုင်အများစုပါဝင်ပြီး ဒေါပုံမြို့နယ်၊ နွယ်အေးရပ်ကွက်တွင် ဖွင့်လှစ်ထားသောဆိုင်တစ်ဆိုင်မှ ‘ကြမ်းတမ်းစွာနူးညံ့သော’ အမည်ရှိ ဆင်ဆာမဲ့မြန်မာဇာတ်ကား ဗီစီဒီတစ်ချပ်ကိုပါ ဖမ်းမိခဲ့ကြောင်း ဖမ်းဆီးရမိစာရင်းထဲတွင် ဖော်ပြထားသည်။ ဖမ်းဆီးရမိသည့် ချပ်ရေများတွင် မြန်မာသီချင်းဗီစီဒီ၊ ဒီဗီဒီချပ်ရေများမှာ အများဆုံးဖြစ်ပြီး နိုင်ငံခြားဇာတ်ကားများ၊ ကိုရီးယားဇာတ်လမ်းတွဲများလည်း ပါဝင်ကြောင်းသိရသည်။ “အဓိကက ဝန်ကြီးက နိုင်ငံခြားဇာတ်လမ်းတွေဆို မဖမ်းနဲ့လို့ ပြောထားပေမယ့် မြန်မာခွေတွေ တွေ့တော့ ဖမ်းတဲ့အထဲ အကုန်ပါသွားတာပေါ့”ဟု အထက်ပါပုဂ္ဂိုလ်က ဆက်လက်ပြောပြသည်။

“အဖမ်းအဆီးရှိတယ်ဆိုပြီး မရောင်းကြတော့ ဒီရက်ပိုင်း အင်္ဂလိပ်ကား ကြည့်ချင်ရင်တောင် ရောင်းမယ့်ဆိုင်မရှိဘူး။ မြန်မာကားမဟုတ်တဲ့ တခြားနိုင်ငံခြားကားတွေဆိုရင်တော့ ရောင်းခွင့်ပေးသင့်ပါတယ်”ဟု အသက် ၂၆ နှစ်အရွယ် ဝန်ထမ်းအမျိုးသမီးတစ်ဦးကပြောသည်။

မြန်မာဗီဒီယိုဇာတ်ကားများ၊ တေးသီချင်းစီးရီးများ၏ လက်ရှိဈေးနှုန်းမှာ ထောင်ဂဏန်းဝန်းကျင်သာရှိပြီး မူရင်း ချပ်ရေများရောင်းချရမှုနှုန်းမှာ ကျဆင်းလာနေသောကြောင့် ဂီတနှင့် ရုပ်ရှင်ထုတ်လုပ်မှုဈေးကွက်တွင် အကျဘက်သို့ ဦးတည်နေကြောင်း အဆိုပါလုပ်ငန်းလုပ်ကိုင်သူများက ပြောဆိုကြသော်လည်း ပရိသတ်များဘက်တွင်မူ မူရင်းချပ်ရေကို ဝယ်ယူရလောက်အောင် အနုပညာအရည်အသွေးနှင့် ၎င်းတို့၏ တစ်ဦးချင်း ဝင်ငွေများအပေါ် ချိန်ထိုးနှိုင်းယှဉ်အားပေးမှုများရှိလာကြသည်။ တစ်ဖက်တွင်လည်းပြည်တွင်းရှိအလုပ်လက်မဲ့များအပေါ် တစ်ဖက်တစ်လမ်းက အထောက်အကူပေးနေသော ဝင်ငွေရလမ်းဖြစ်သည့် ယခုကဲ့သို့ လမ်းဘေးခွေဆိုင်ရောင်းချခြင်းများကို အရေးမယူရန် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက အစည်းအဝေးတစ်ခုတွင် ပြောကြားထားသည်။

“ဒါလေးပဲ လုပ်တတ်လို့ လုပ်စားနေတာ။ အရင်ကလည်း ခေါက်ပြန်ကြေးလေးပေးပြီး ဆွဲထားရတာ။ ခု ဖမ်းနေတယ်ဆိုတော့မရောင်းရဘူး။ တစ်နေ့တစ်နေ့ ကိုးရီးယားကားနဲ့ အင်္ဂလိပ်ကားကပဲ ခုနစ်ထောင်၊ ရှစ်ထောင်ဖိုးလောက် ရောင်းနေရတာ။ ခု အဖမ်းအဆီးရှိတော့ နားထားရတယ်။ တော်တော်လေး ကျပ်တည်းတယ်” ဟု သာကေတမြို့နယ်မှ ခွေရောင်းချသူတစ်ဦးကပြောသည်။

“ကျွန်တော်တို့ကို ဒီနှစ်စပိုင်းမှာ ခိုးကူးခွေတားဆီးနှိမ်နင်းရေးအဖွဲ့ဆိုပြီး ဖွဲ့ပေးထားတယ်။ ဒီအဖွဲ့ကနေ တိုင်းစိစစ်ကြီးကြပ်ကိုအသိပေးပြီးအခုဖမ်းနေတယ်။ ဝန်ကြီးက နိုင်ငံခြားကားတွေတော့ လုပ်စားပါစေ။ မဖမ်းပါနဲ့ ပြောထားပေမယ့် ကျွန်တော်တို့ဆီ တရားဝင်စာနဲ့ညွှန်ကြားထားတာတော့မရှိသေးပါဘူး။ ဆင်ဆာမဲ့ဆိုတဲ့စကားရပ်ထဲမှာတော့ အားလုံးအကျုံးဝင်ပါတယ်”ဟု ရန်ကုန်တိုင်းဗီဒီယိုအခြေခံအဖွဲ့မှ အတွင်းရေးမှူး ဦးငွေအောင်က ပြောသည်။

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၏ အမှုဆောင်သစ်လက်ထက်တွင် ခိုးကူးခွေဖမ်းဆီးမှုသတင်းများ ယခင်ကထက် များပြားခဲ့ပြီး အမြင့်ဆုံးပြစ်ဒဏ်ချမှတ်မှုအဖြစ် ဇွန်လ ၁၁ ရက်နေ့က တရားမဝင် ဗီဒီယိုဖြန့်ချိရေးလုပ်ငန်းလုပ်ကိုင်သူ ဦးမင်းမင်းထွန်းအား ထောင်ဒဏ်သုံးနှစ်ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးအောက်ရှိ ရခိုင်ပြည်နယ်ဗီဒီယိုအခြေခံအဖွဲ့၏ ထုတ်ပြန်ချက်အရသိရသည်။ “ထိရောက်တဲ့ပြစ်ဒဏ် ရှိလာခဲ့ရင်နောက်နောင် အလွယ်တကူကျူးလွန်လာနိုင်မယ့်ဖြစ်ရပ်တွေ နည်းပါးသွားပါလိမ့်မယ်။ ‘မာမီရှိန်း’ တုန်းကလည်း ရှေ့မှာ အရေးယူခဲ့တဲ့ဖြစ်စဉ်ရှိခဲ့ဖူးတယ်လေ”ဟု ဗီဒီယိုထုတ်လုပ်သူတစ်ဦးက ဆိုသည်။

7DAY NEWS JOURNAL
Vol.11, No.16 • JUNE 28 , 2012



# ခေတ်သစ်စိန်ခေါ်သံများကြားက ရောဝတီမြစ်ဝကျွန်းပေါ်ဒေသ

ဒေါက်တာထွန်းဝင်း(စိုက်ပျိုးရေး)

ဘုရားအလောင်း ဇနက္ကမင်းသား ဇာတ်ကို ပြန်တွေးကြည့်မိပါတယ်။ သမုဒ္ဒရာထဲ လှိုင်းလေမိလို့ လှေမမြုပ်မီမှာ သူတစ်ဦးတည်း ထောပတ်ဆီတွေတစ်ကိုယ်လုံးသုတ်လိမ်းကာ ရွက်တိုင်ထိပ်တက်၍ လှေနဲ့ဝေးရာသို့ ခုန်ချပြီး မလျှော့သောဇွဲ၊ လုံ့လဖြင့် ခုနစ်ရက်ခုနစ်လီ ကူးခတ်လေသောအခါ မေခလာနတ်သမီးက ကယ်သမို့ အသက်ချမ်းသာရာ ရခဲ့တယ်။

ငယ်စဉ် စာမကျေသေးတဲ့အတန်းတုန်းကတော့ ဇနက္ကမင်းသား ပင်လယ်ထဲမဆင်းမီ ဘာကြောင့် ထောပတ်သုတ်လိမ်းခဲ့သလဲဆိုတဲ့မေးခွန်းကို ဖြေကြည့်မိတယ်။ သူ ရေကူးရင်း ဆာလာတဲ့အခါ ခွန်အားပြန်ပြည့်အောင် စားဖို့နဲ့ ရေထဲမှာ ကိုယ်ကို ပိုပြီး ဖော့ထားနိုင်ဖို့ဆိုတဲ့ ကိုယ်နားလည်တဲ့အသိလောက်နဲ့ ကျေနပ်ခဲ့တယ်။ အခုထိလည်း သက်ရှိဗေဒ (Biology) ပညာ အခြေခံမရှိတဲ့ အများသူငါတွေကို မေးကြည့်တော့လည်း ရေကူးရင်း ဆာလာရင်စားဖို့ဆိုတဲ့ အဖြေပေးနေကြသေးတယ်။

ဒီလို သာမညကိစ္စလေးမှာ ဘာကြောင့် လုပ်ခဲ့သလဲဆိုတဲ့ အဖြေမှန်ရဖို့အတွက် အခြေခံပညာ မလေ့လာထားရင် ထင်မိယောင်မှား အဖြေများအတွက် စိုးရိမ်ဖွယ်ရာ မရှိပေမယ့် လူသားအားလုံးအကျိုး၊ နိုင်ငံအကျိုးဆောင်ရွက်ရာမှာ ဆိုင်ရာဆိုင်ရာ အသက်မွေးဝမ်းကျောင်းလုပ်ငန်းတွေဖြစ်တဲ့ နိုင်ငံရေး၊ စီးပွားရေး၊ ဥပဒေပြုရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေး၊ စက်မှုအရေး၊ ကျန်းမာရေးတွေမှာ ဦးဆောင်ဦးရွက်ပြုသူတွေဟာ အခုလို ကိုယ်နဲ့ဆိုင်တဲ့လုပ်ငန်းမှာ ကိုယ်ပိုင်အခြေခံပညာ မသင်ယူခဲ့ဘဲ ကိုယ် ထင်ရာမြင်ရာ ကိုယ်စိုင်းပြီး ဦးဆောင်ဆုံးဖြတ်နေကြမယ်ဆိုရင်တော့ အချိန်ကုန်၊ လူပန်း၊ ခရီးမရောက်၊ အလုပ်မဖြစ်တာတွေ များနေမှာသာ ဖြစ်ပါတယ်။

တကယ်တော့ဘုရားလောင်း ဇနက္ကမင်းသားသည် ပင်လယ်ရေမထိခင် ထောပတ်လိမ်းခြင်းဟာ သူဆာရင် စားဖို့ ကိုယ်ဖော့ဖို့အတွက် လုံးဝမဟုတ်ပါဘဲ ပင်လယ်တွင်းမှာ ကူးခတ်နေစဉ် ခန္ဓာကိုယ်ထဲက ခန္ဓာကိုယ်ရဲ့ ရာခိုင်နှုန်း ၉၀ ကျော်မှာ ဖွဲ့စည်းပါဝင်တဲ့ရေတွေ ပင်လယ်ထဲစိမ့်ထွက်မသွားဖို့တစ်နည်းအားဖြင့် ရေခန်းခြောက်ပြီး မသေဖို့၊ ရေငတ်ပြီး မသေဖို့ လိမ်းကျံခြင်းဆိုတာ ဒီဘိုင်အိုလော်ဂျီ ပညာရပ်ကိုစာတွေ့လက်တွေ့သင်ယူပြီးခါမှ နားလည်ရတော့တယ်။

ဒါကို အော့စမော့စစ် (Osmosis) ဖြစ်စဉ်လို့ခေါ်ပါတယ်။ ဒီအော့စမော့စစ်ဖြစ်စဉ်ကို ကျမ်းကျေတဲ့နိုင်ငံကြီးတစ်နိုင်ငံက နာဂစ်မုန်တိုင်းမှာ တစ်ညလုံး လွင့်စဉ်ခံစားခဲ့ကြရပြီး ပင်လယ်ရေအတွင်းမှာ မြုပ်မျောတွယ်ကပ်နေကြတဲ့ ရောဝတီတိုင်းသားများကို ကယ်တင်ဖို့ စစ်သင်္ဘောကြီးအတွင်း ရေပုလင်းများသယ်ဆောင်ပြီး(၃-၄)ရက်လောက်စောင့်ကာ ပင်လယ်ဝမှာ ကူညီခွင့်တောင်းခံခဲ့သော်လည်း သမက်ကို သူခိုးထင်မိခဲ့လို့ကယ်တင်ခွင့်မရခဲ့ကြဘူး။ ဒီမှာလည်း သဘာဝ ဘေးအန္တရာယ်များကို စီမံကူညီဆောင်ရွက်ခြင်းနည်းပညာ (Disaster Management) ဆိုတဲ့ ပညာရပ်ကို ကျွမ်းကျင်ဖို့ လိုပြန်ရော။ အခုလို ပင်လယ်တွင်း မြုပ်မျောလွင့်စဉ်သွားတဲ့ လူသတ္တဝါတွေကို ကယ်ဆယ်ရေးလုပ်ငန်းလုပ်ရာမှာ အချိန်မဆွဲဘဲ ချက်ချင်းလက်ငင်းဆိုသလို ဒေသရဲ့နေရာအနှံ့မှာလိုက်လံရှာဖွေပြီး ပထမဦးဆုံး ရေတိုက်ပေးဖို့လိုတာပါပဲ။ ဒါကြောင့် အခြေခံပညာရေးအထက်တန်းပညာတွေမှာပါ အထူးအားပေး ကြိုးစားဆောင်ရွက်ကြတဲ့ နိုင်ငံကြီးတွေသာ ကမ္ဘာမှာ ထာဝစဉ်အောင်ပွဲဆင်ရှင်သန်နေကြခြင်းဆိုတာတွေ မြင်နိုင်ပါတယ်။

ဒါကြောင့် ဇနက္ကမင်းသားဥပမာပြုလို့ ဒီအော့စမော့စစ်ဘေးအန္တရာယ်ကို ဆက်ပြီးခံစားဖွယ်ရှိနေတဲ့ ကျွန်တော်တို့နိုင်ငံရဲ့ မြေဆီမြေနှစ်များစုဝေးရာမြန်မာနိုင်ငံရဲ့စပါးကျီ၊ ကမ္ဘာနဲ့ အရှေ့တောင်အာရှရဲ့ ရေချိုငါးတို့ရဲ့ အကြီးမားဆုံးစုဝေးရာ၊ဒီဒေသထွက်ဆန်၊ ပဲ၊ အရည်ကျိုငါးပိ၊ ငါးခြောက်၊ လယ်ကန်စွန်းရွက်ကို နေ့စဉ် စားသောက်ရုံလောက်ဖြင့် လူ့ဘဝအရသာစည်းစိမ်ကို တင်းတိမ်နေကြတဲ့ မြန်မာပြည်သူပြည်သားအားလုံးတို့ရဲ့မှီခိုအားထားရာရောဝတီမြစ်ဝကျွန်းပေါ်ရဲ့ ရှေ့အလားအလာအနေအထားကို ဆက်တင်ပြပါရစေ။

လက်ရှိ ကမ္ဘာ့ရာသီဥတုအနေအထားအရ ကမ္ဘာကြီး တစ်နှစ်ထက်တစ်နှစ် ပိုမိုပူနွေးလာလို့ ဝင်ရိုးစွန်းရေခဲတောင်များ အရည်ပျော်ပြီး ကမ္ဘာ့ပင်လယ်ရေက တဖြည်းဖြည်းမြင့်တက်လာတယ်။ တစ်ဖက်ကလည်း စီးပွားရေးလောဘဇောတက်နေကြတဲ့ ရှိုင်းလော့အနွယ်ဖွား ခရိုနီစားဖားများရဲ့ ဒီယုန်မြင်လို့ ဒီချုံထွင် တန်ဖိုးကြီးမားတဲ့သစ်တောကြီးတွေအနီးအနားမှာ စားအုန်းဆီထွက်ပင်လိုလို၊ ဘိုင်အိုဒီဇယ်လိုလို၊ အီသနောထွက်သလိုလို စိုက်ပျိုးပြသကြပြီး မစားရဝခမန်း နိုင်ငံ့စိုက်ပျိုးရေးကုန်ထုတ်လုပ်ငန်းကို အကျိုးပြုသယောင်ဖြင့် အဖိုးတန် သဘာဝသစ်တောတွေသာ ကမ္ဘာ့နေရာအနှံ့အပြားမှာ ဆုံးရှုံးရလေတော့တယ်။ အကျိုးဆက်အားဖြင့် တောတောင်များအတွင်းမြေတွင်း စိမ့်စမ်းရေများ ခန်းခြောက်ပြီး ရေထွက်ကျလာတော့တယ်။

လက်ရှိ အနေအထားအရ ပို့ဆောင်ရေးဝန်ကြီးဌာနက ရေအရင်းအမြစ်နဲ့ မြစ်ချောင်းဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့အဆိုအရ ရောဝတီနဲ့ ချင်းတွင်းမြစ်ရေဝေရေလဲဒေသဖြစ်တဲ့မြစ်ဖျားခံရာ တောတောင်ဒေသတွေမှာ သစ်တောများ ပြုန်းတီးလာခြင်းနဲ့ တွင်းထွက်ဓာတ်သတ္တုပစ္စည်းများ အဆက်မပြတ် တူးဖော်ခြင်းတို့ကြောင့် ရောဝတီမြစ်၊ ချင်းတွင်းမြစ်တို့ရဲ့ မြစ်ကြောင်းများမှ နွေအခါ ရေစီးဆင်းမှုကျဆင်းလာခြင်း၊ မြစ်များ တိမ်ကောလာခြင်းတို့ဖြစ်လာတယ်။ ဒါကြောင့် ဒီနေ့ဆိုရင် ချင်းတွင်းနဲ့ ရောဝတီမှာ နွေအခါ ရှော်တယ်လို့ခေါ်တဲ့ ပွဲထောင်သာသာ ရုပ်ပြေးသင်္ဘောငယ်တွေတောင်သွားဖို့ ရေလမ်းအခက်အခဲဖြစ်နေတယ်။ နောက်ဆိုရင် ကလေးကစားတဲ့ စက္ကူသင်္ဘောငယ်တောင်လွှတ်ဖို့ အခက်အခဲရှိနိုင်တယ်။ ဒီနွေအခါ မြစ်ရေ ရေစီးဆင်းမှု အားနည်းလာတဲ့အကျိုးဆက်တွေကြောင့် ယခင် လွန်ခဲ့သောနှစ်များက ပင်လယ်ဆားငန်ရေ ဝင်ရောက်မှုအနေအထားကလည်း မအူပင်မြို့အနီးမှ အထက်အညာသို့ တိုး၍ ညောင်တုန်းမြို့အနီးသို့ ရောက်ရှိလာတယ်လို့ ဒီရေအရင်းအမြစ်နဲ့ မြစ်ချောင်းဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကတိုင်းတာတွေ့ရှိခဲ့တယ်။

ဒါကလည်း သဘာဝကျတဲ့ ဖြစ်စဉ်ပါပဲ။ မြန်မာနိုင်ငံရဲ့မြောက်မှတောင်သို့ အမြင့်မှ အနိမ့်ပိုင်းသို့ အရှိန်ဖြင့် စီးဆင်းနေတဲ့ ရောဝတီမှာ ရေထုထည် ပမာဏ လက်ရှိပုံမှန်အနေအထားမှာပင် တောတောင်ပြုန်းတီးမှုကြောင့်ရေထွက်နည်းသဖြင့် နွေရာသီ ဆားငန်ရေဝင်ရောက်မှုသည် ရောဝတီတိုင်းဒေသကြီး၏ အထက်ပိုင်းသို့ တိုးတက်လာခြင်းမရှိပါဘဲ ရောဝတီမြစ်ရဲ့ ရေထုထည်ပမာဏနဲ့ ရေစီးဆင်းအားကောင်းပါမှ မြစ်ဝမှာ အရံသင့်စောင့်နေတဲ့ ပင်လယ်ရေထုကို ရှေ့မတိုးအောင် ဖိထားနိုင်မှာဖြစ်တယ်။

ဒီလို လက်ရှိ သဘာဝအနေအထားအရ ရောဝတီနဲ့ ချင်းတွင်းမြစ်ရေများ နွေရာသီကာလ စီးဆင်းနှုန်းကျဆင်းလာပြီး ပင်လယ်ရေငန်ဝင်ရောက်မှု ရှေ့တိုးလာနေတာကို လျစ်လျူရှုလို့ ရောဝတီရဲ့ မြစ်ဆုံဒေသမှာ အခွင့်သာရင် ဆက်ပြီး ဆောက်လုပ်ဖို့ တရွယ်တည်းရွယ်နေတဲ့ မြစ်ပိတ်ဆည်ခုနစ်ခုကိုသာ ဆက်ပြီးဆောက်ခွင့်ပြုမယ်ဆိုရင်တော့ ရောဝတီမြစ်ဝကျွန်းပေါ် မြစ်ချောင်းတွေအားလုံး ပင်လယ်ဆားငန်ရေ ဝင်ဖုံးမှာ သေချာလို့နေတယ်။ ဘာလို့ဆိုတော့ ဒီလိုမြစ်ပိတ်၊ ချောင်းပိတ်ဆည်တွေ ဆောက်တဲ့ အတွက် ဆွေမျိုးပေါက်ဖော်ကြီးရဲ့ ပြည်မကြီးမှာ ထင်ရှားတဲ့ မြစ်ဝါမြစ်ကြီးသေဆုံးသွားရတာ၊ တရုတ်နိုင်ငံမှာ အကြီးမားဆုံးတည်ဆောက်ထားတဲ့ Three Georges ဆည်ကြီးကြောင့် ရှင်းမရတဲ့ လူမှုပတ်ဝန်းကျင်ပြဿနာတွေနဲ့ ဗီယက်နမ်နိုင်ငံမှာ ရေအားလျှပ်စစ်ထုတ်ဖို့ မဲခေါင်မြစ်ကိုဖြတ်ပြီး ဆောက်တဲ့ မြစ်ပိတ်ဆည်များကြောင့် သူတို့ အဓိက စပါးထုတ်လုပ်ရာ မဲခေါင်မြစ်ဝှမ်းမှာ ပင်လယ်ကရေငန်တွေ တိုးဝင်လာတဲ့အတွက် သူတို့နဲ့ အိမ်နီးချင်း ကမ္ဘောဒီးယားနိုင်ငံထဲမှာ မြေငှားပြီး စပါးတွေ ရွှေ့ပြောင်းစိုက်နေရတာတွေဟာ ဒီမြစ်ပိတ်ဆည်တွေရဲ့ ဆိုးကျိုးသင်ခန်းစာတွေပါပဲ။

တကယ်လို့ လက်ရှိ လိပ်ခဲတည်းလည်း သောင်မတင် ရေမကျ ခိုးလိုးခုလု ဖြစ်နေတဲ့ ရောဝတီမြစ်ပိတ်ဆည်ကို အကြောင်းကြောင်းကို ထောက်ထားလို့ အနည်းဆုံး ဆည်တစ်ခုလောက် ဖြစ်ဖြစ် လုပ်ကိုင်ခွင့်ပြုမယ်ဆိုရင်တော့ အစိုးရအထောက်အပံ့မပါဘဲနဲ့ တစ်တိုင်းပြည်လုံး စားရေးကို ဖူလုံဖို့ အထောက်အပံ့ပေးနေတဲ့ ရောဝတီမြစ်ဝကျွန်းပေါ်မှာ ပေါက်ရောက်သမျှသော သီးနှံပင်၊ ရှင်သန်သမျှ ရေနေကုန်းနေသတ္တဝါအားလုံးအော့စမော့စစ်ကြောင့် ရှင်သန်ဖြစ်ထွန်းဖို့အကြောင်းမရှိနိုင်တော့တာ အသေအချာပါ။ ဇနက္ကမင်းသားလို သီးနှံပင်တိုင်း၊ သက်ရှိသတ္တဝါတိုင်းထဲက ရေကို အပြင်မထွက်အောင် ထောပတ်ဆီနဲ့ လိုက်ပိတ်ဆို့ပေးနိုင်ဖို့ရာ မလွယ်ကြောင်းပါ။

လူဦးရေ ခုနစ်သန်းရှိတဲ့ ရောဝတီမြစ်ဝကျွန်းပေါ်က ထွက်သမျှသော မြန်မာနိုင်ငံရဲ့ ၆၉ ရာခိုင်နှုန်း ဆန်စပါးသည် စိုက်ပျိုးရေးယာနည်းပြီး လူဦးရေ ခြောက်သန်းရှိတဲ့ ရန်ကုန်တိုင်းဒေသကြီးကို နေ့စဉ် တစ်ရက်လျှင် ဆန်အိတ် ခုနစ်သောင်းလောက် ပုံမှန်ထောက်ပံ့ ကျွေးမွေးနေတယ်။ ပိုတာကို နိုင်ငံခြားပို့တယ်။ ရောဝတီမှာ နေ့စဉ် အထက်မြန်မာနိုင်ငံက မကွေး၊ ပခုက္ကူမြို့တွေကို အညာဆန်သင်္ဘောတွေနဲ့ ဆန်တွေ အဆက်မပြတ်ပို့နေတယ်။

ကမ္ဘာ့ ရေချိုငါးအင်းများစုဝေးရာ ရောဝတီမြစ်ဝကျွန်းပေါ်ထွက် ငါး၊ ငါးပိ၊ ပုစွန်၊ ငါးခြောက်တွေဟာ ရောဝတီ၊ ရန်ကုန်သားများအတွက်သာမက တစ်ပြည်လုံးနီးပါးကို နေ့စဉ် ကျွေးလို့နေတယ်။ ရောဝတီအတွက် သရက်သီး၊ သင်္ဘောသီး၊ ဟင်းသီးဟင်းရွက်တွေဟာ ရန်ကုန်လူထု နှလုံးစိတ်ဝမ်းကိုအေးစေတယ်။

တကယ်လို့သာ တကယ်လို့သာ မြစ်ဆုံစီမံကိန်းတွေကို ပြန်လုပ်ဆောင်စေမယ်ဆို ရင်တော့ ရောဝတီမြစ်ဝကျွန်းပေါ်ရဲ့နေ့စဉ် ဥပေးနေတဲ့ ရွှေဘဲဥရဲ့ တန်ဖိုးကို ထည့်သွင်းမစဉ်းစားဘဲ လတ်တလော အကျိုးစီးပွားလော ဘဇောနဲ့ဘဲတစ်ကောင်လုံးကို သတ်မိသလို ဖြစ်သွားပါကတိုင်းပြည်ဝမ်းရေးအတွက် ကိုယ်ကျိုးနည်းနိုင်ကြောင်းပါ။

အကျိုးဆက်အားဖြင့် စိုက်ပျိုးသီးနှံတွေ စိုက်ပျိုးထုတ်လုပ်မှုဆုံးရှုံးလို့စားဝတ်နေရေးပြဿနာများ ပိုမိုကြီးထွားလာမည့်အပြင် ဒီရေငန်ဝင်တိုင်းဒေသကြီးရဲ့လူဦးရေခုနစ်သန်းအတွက်သောက်သုံးရေပြဿနာရှိလာမယ်။

ဥပမာအားဖြင့် ရေငန်ဝင်ဒေသတွေဖြစ်တဲ့ ပြင်စလူ၊ ဟိုင်းကြီးကျွန်း ဒေသများမှာ နွေအခါ သောက်သုံးရေကို ရွှေထက် ရှားအောင် ရှာဖွေစားသောက်ရတဲ့ အနေအထားတွေ ဖြစ်လာမယ်။ ဆက်လက်ပြီး လူဦးရေထူထပ်တဲ့ ဒီတိုင်းဒေသကြီးရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး မတည်ငြိမ်မှုတွေကြောင့် နိုင်ငံရဲ့ တည်ငြိမ်အေးချမ်းသာယာရေးအတွက်ပါ ထိခိုက်လာနိုင်ပါတယ်။

ဒီတော့ အတွေးတိမ်တိမ်နဲ့ ကိုယ့်တိုင်းပြည်ရဲ့ ပြည်သူများရဲ့ စားဝတ်နေရေးကိုနေ့စဉ်ထောက်ပံ့ပေးနေတဲ့ ရေမြေအဆီ အနှစ်သဘာဝပေါကြွယ်ဝတဲ့ ရောဝတီမြစ်ဝကျွန်းပေါ်ရဲ့ သဘာဝအလှနဲ့ အရင်းအမြစ်တွေကို အဆုံးရှုံးခံမလား။

ခေတ်သစ်စိန်ခေါ်သံတွေကြားက ကျွန်တော်တို့ရဲ့ ဝမ်းရေး၊ နိုင်ငံတော်နဲ့ ဘဏ္ဍာရေးကိုနေ့စဉ်ဖြည့်ဆည်းပေးနေတဲ့ မဟာကျေးဇူးရှင် ရောဝတီမြစ်ဝကျွန်းပေါ်ရဲ့ ဒေသကြီးနဲ့ ရောဝတီမြစ်ကြီး ထာဝစဉ်ရှင်သန်လှပနိုင်စေဖို့စုပေါင်းကာကွယ်ကြပါစို့။ ။